



ဆဋ္ဌမအကြိမ်




ပိမိုးနှင်း

နေရီရီ

ပိမိုးနှင်း ● နေရီရီ

SEIKKU CHO CHO

စိတ်ကူးချိုချိုအနုပညာ



ပိမိုးနှင်း **နေရီရီ**

ဆဋ္ဌမအကြိမ်

စိတ်ကူးချိုချိုအနုပညာ

၈၅(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၇၂၆၆၂၄

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှ[ က်]
  ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်[ တွ]င်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်[ ပ]
  နိုင်ငံများအား ဆန့်[ ကျ]င်ကြ။
* ပြည်တွင်းပြည်ပ အ[ ဖျက်]သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်[ ရေး]၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေ[ း]
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်
  သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊


စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တို[ း]
  တက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိ[ ုး]
  တိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်
  တိုင်း ရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး
  လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်



# ဗီ–မိုးနှင်း

## နေရီရီ

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

နေရီရီ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၂၃၁၁၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၂၂၁၀၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဆဌမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

# အခန်း (၁)

ပူအိုက်သော နွေဥတု အခါသမယ မွန်းလွဲအချိန် အသက် ကိုးနှစ်ခန့် ရှိသော သူငယ်ကလေး တစ်ယောက်သည် ရန်ကုန်မြို့ လမ်းမတော်ရပ်၊ လမ်းနံ့သာ တိုက်ရိပ်တစ်ခုတွင် ထိုင်ကာ ပျော်ရွှင်မြူးထူးကစား မုန့်ပဲသရေစာများ ဝယ်၍ စားကြသော ကလေးသူငယ်တို့ကို ကြည့်ကာနေလေ၏။

ထိုကလေးသည် အသက်ငယ်ရွယ်သူ ဖြစ်သောကြောင့် မိမိ၏ ဆင်းရဲဒုက္ခများကို ကလေးတို့ဘာဝ များစွာ တွေးတောဟန် မရှိသော်လည်း မိမိ၏ရှေ့၌ ပျော်ရွှင်စွာ ဝယ်ခြမ်း စားသောက်ကစား၍ နေကြသော ကလေးတို့ကို မြင်ရသောအခါ စားချင်သောက်ချင် ကစားချင်သဖြင့် ငါသည်ကား အပေါင်းအဖော် အသိမိတ်ဆွေ မရှိ၊ ကစားချင်သော်လည်း မည်သူကမျှ မခေါ်၊ စားချင်သော်လည်း မည်သူကမျှ မကျွေး၊ ဆင်းရဲလှသော ကလေးပါကလားဟု တွေးတော၍နေဟန် ရှိနေ့လေ၏။

အချို့သော ကျောင်းသားကလေးများသည် မုန့်များစားကာ အပါးကို လာ၍ ပြောင်လှောင်ကြ၏။ သူငယ်ကလေးသည်ကား မိမိ၏ အားကိုးရာမဲ့သော အခြေအနေကို သိရှိ၍ တစ်ခွန်းတစ်ပါဒမျှ ပြန်လှန်၍ စကားမပြောဘဲ သည်းခံ၍သာ နေလေ၏။

ထိုကျောင်းသားကလေးများသည်ကား အနီးအပါးရှိ အစိုးရထောက်ပံ့သော မြန်မာ စာသင်ကျောင်းက ကျောင်းသားကလေးများ ဖြစ်ကြလေ၏။

သူငယ်ကလေးသည် ထိုကဲ့သို့ ထိုင်၍ ငေးမောတွေးတောကာ နေစဉ် ၎င်း၏စိတ်သည် မိဘမဲ့သော မိမိ၏ဘဝကို မှန်းထား၏။ မိမိအပေါ်၌ မကြင်နာသော ကျောင်းသားကလေးများကို မှန်းထား၏။ မိမိမှာ မျက်နှာမရှိသဖြင့် များစွာ ဂရုမစိုက်ဘဲနေသော ကျောင်းဆရာကို မှန်း၏။ အကြောင်းကား နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရသောစိတ်၊ ဆင်းရဲဒုက္ခရောက်သော စိတ်သည် သွေ့ခြောက်သော သစ်ပင်နှင့် တူ၏။ ထို သွေ့ခြောက်သော သစ်ပင်၌ ချစ်ခြင်းတည်းဟူသော အငုံတို့သည် ပွင့်အာခြင်းသို့ မရောက်မီ ကြွေပျောက် ကျဆင်းကြရလေ၏။

စင်စစ်အားဖြင့် ဤလောကကြီးသည် ချမ်းသာသောသူတို့ တစ်ဦးတည်းပိုင်သော လောက မဟုတ်၊ ကောင်းကင်၌ ထွန်းလင်းတောက်ပနေသော နေ လ နက္ခတ်တာရာတို့သည် မိမိတို့၏ အလင်းရောင်ကို မည်သူ့အပေါ်မှာမျှ မျက်နှာမလိုက်ဘဲ သက်ဆင်းစေသဖြင့် မိုးနှင့်လေတို့သည်လည်း မည်သည့်လယ်ယာ၌မဆို ရွာသွန်းတိုက်ဝှေ့လေ၏။ နန်းကြမ်းပြင်၌ ထွန်းတောက်နေသော နေရောင် လရောင်တို့သည် ဆင်းရဲသော တောင်သူမိလက်ခူတို့၏ တဲအိုရှေ့၌ အရောင်မလျော့ချေ။ ဧက တစ်သောင်း ရှိသော သူဌေးတို့၏ လယ်၌ ရွာသွန်းသော မိုးသည် တောင်ယာပဲခင်းလုပ်ကာ အသက်မွေးရသော သူ့အတွက်လည်း လုံလောက်သော ရေကို ပေး၏။

သူတို့သည် ကမ္ဘာလောကကြီး၏ အမျိုး သားသမီးများ ဖြစ်ကြ၏။ ဤကြီးမားကျယ်ပြော မကုန်မခန်းနိုင်သော အမွေအနှစ်တို့သည် မည်သူ တစ်စုံတစ်ယောက်နှင့်မျှ သတ်မှတ်၍ မသက်ဆိုင်၊ အများ ပိုင်ဆိုင်ခွင့်ရှိသော အရာများ ဖြစ်လေ၏။

သို့သော်လည်း လောက၏စည်းစိမ်တို့သည် တိမ်တိုက်မိုးသားတို့



၏အစွမ်းဖြင့် ကျရောက်သော အရိပ်နှင့် အလားတူ၏။ တစ်ခါတစ်ရံ ထိုနေရာ၌ အေး၏။ တစ်ခါတစ်ရံ ထိုနေရာ၌ ရိပ်၏။ နောက်ဆုံး၌ မည်သည့်နေရာမှာမျှ အမြဲမတည်၊ အမြဲတည်သော အရိပ်ဟူ၍ မှတ်ထင်သူတို့သည် မတည်သော နေ့တစ်နေ့၌ ကြီးသော စိတ်ဆင်းရဲခြင်းကို တွေ့ကြရလေ၏။

ဤ ကျယ်ပြောသော လောကကြီး၌ နေ့စဉ်မပြတ် အမြဲတိတ်ဆိတ်စွာ ပြိုကွဲ ပျောက်ပျက်၍နေသော စည်းစိမ်ပဒေသာပင်ကြီးတို့သည် အရိပ်ပမာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းကြ၏။ သူဌေးတို့သည် ကျွန်၏ အလှည့်သို့ ရောက်၏။ ကျွန်တို့သည် သခင် ဘဝသို့ ရောက်၏။ ကုန်းမြင့်ကို တက်ရသော လားသည် ကမ္ဘာလောကကို မိမိ ပိုင်သည် ထင်၏။ နွားကျောင်းသား၏ ကြိမ်လုံးဖြင့် ပေါင်စင်း၍ သေနေသောအခါ သံဝေဂရဖို့ရန် အချိန်မရချေ။ သေခြင်းကို ပြေး၍ မလွတ်သလို ပျက်စီးခြင်းကိုလည်း ရှောင်ရှား၍ မရ၊ ပြောင်းလဲခြင်းသည် ကံကြမ္မာတည်း ဟူသော မျက်လှည့်ဆရာကြီးပေတည်း။

ထိုဆရာကြီးသည် လူသတ္တဝါတို့ကို ရုံ့ရုပ်ပမာ ပြုလိုရာ တတ်နိုင်သဖြင့် သူ့လက်တွင်းဝယ် ကြိတ်နယ်ခြင်းကို ခံကြရလေသတည်း။

အဆိုပါ သူငယ်ကလေးသည် အဘယ်မျှပင် ဆင်းရဲစေကာမူ မိမိ၏ရှေ့၌ ပြောင်းလဲခြင်းတည်း ဟူသော လမ်းသည် ကြီးကျယ် ရှည်လျားစွာ တည်ရှိလေ၏။ ၎င်းသည် စံလွန်သော ဇာဘုရင်မင်းမြတ်ပမာ ကမ္ဘာ၏ စည်းစိမ်ကို အမွေခံနိုင်သူ တစ်ယောက် ဖြစ်၏။ အကြောင်းမူကား ဤမြေမျက်နှာသည် မြေပေါ်၌ ရှိသူအပေါင်းတို့ ပိုင်သော အမွေဆိုင်ပစ္စည်းပေတည်း။

၎င်း သူငယ်ကလေးသည် တစ်ကိုယ်တည်း ထိုင်၍နေစဉ် မိမိနှင့် ရွယ်တူခန့်ရှိသော မိန်းကလေး ဖြူဖြူနုနုကလေး တစ်ယောက်သည် သူငယ်ကလေး၏ မျက်နှာကဲကိုခတ်ကာ အပါးသို့ ကပ်လာလေ၏။ အပါးသို့ ရောက်သောအခါ သူငယ်ကလေးနှင့် မျက်နှာချင်းဆိုင်မိလေ၏။ သို့သော်

လည်း စကားတစ်ခွန်းကိုမျှ မပြောကြချေ။ သူငယ်မလေးမှာ မြင့်မြတ်သော အမူအရာ၊ အထက်ကျသော ကိုယ်ဟန်လက္ခဏာ ရှိသဖြင့် သူငယ်ကလေးသည် သူငယ်မကလေး၏ မျက်နှာကို ကြာကြာ မကြည့်ဝံ့ရှာဘဲ ခေါင်းငုံ့၍ သွားလေ၏။

ထိုအတွင်း သူငယ်မကလေးက "မင်း ဘာပြုလို့ မကစားသလဲ" ဟု နူးညံ့သိမ်မွေ့ သာယာသော အသံနှင့် ခပ်ဝဲဝဲကလေး မေးလေရာ သူငယ်ကလေးသည် ဩဇာရှိသော အသံကို သိသဖြင့် ရုတ်တရက် မော်ကြည့်ပြီး အတန်ကလေးကြာစွာ အကဲခတ်ပြီးမှ "မင်း ဆရာ့သမီးလား" ဟု ခပ်ရွံ့ရွံ့နှင့် မေးလေ၏။

သူငယ်မလေးသည် ခေါင်းခါလျက် "ငါ ယောကျ်ားကလေးဖြစ်ရင် ကစားမှာပဲ၊ မင်း မကစားတတ်ဘူးလား၊ ဘာပြုလို့ မုန့်ဝယ်မစားသလဲ ပိုက်ဆံ မရှိဘူးလား" ဟု မေးလေရာ သူငယ်ကလေးက ခေါင်းခါလျက် ထိုင်ရာမှ ပြုံးကာ ထပြီးလျှင် အကျႌအိတ်နှစ်ဖက်ထဲသို့ လက်နှစ်ဖက်ထည့်ကာ ခေါင်းငုံ့၍ မြေကိုကြည့်ရင်း ယောင်ပေပေလုပ်၍ နေလေ၏။

ထို့နောက် သူငယ်မကလေးက "မင်း ဒီကျောင်းမှာပဲ နေတယ် မဟုတ်လား" ဟု မေးလေရာ၊ သူငယ်ကလေးက ခေါင်းညိတ်ပြီး သူငယ်မကလေး၏ မျက်နှာကို မော်ကြည့်ကာ "မင်းကော ဒီကျောင်းမှာ နေတယ် မဟုတ်လား" ဟု မေးလေ၏။ သူငယ်မကလေးက ခေါင်းညိတ်လေ၏။

ထိုအခါ သူငယ်ကလေးသည် အတော်ကလေး ရဲလာပြီးလျှင် "မင်း ဘယ်မှာ နေသလဲ" ဟု မေးလေရာ သူငယ်မကလေးက "ဟိုဘက်လမ်းမှာပဲ၊ အရင်က ထားဝယ်မှာနေတယ်၊ ဖေဖေက ထားဝယ်မှာ မြို့အုပ်အလုပ် လုပ်တယ် အမေသေလို့ အဘွားများနဲ့ လာနေတယ်" ဟု ပြောလေ၏။

ထိုအခါသူငယ်ကလေးက ကြင်နာစွာ "ဩော် ... မင်းမှာ အမေ မရှိဘူးလား၊ ဒီလိုဖြင့် ငါလိုပေါ့၊ ငါ့မှာတော့ အမေရော အဖေရော မရှိဘူး၊ ငါက အနောက်မှာ ဦးလေးနဲ့ နေရတယ်"



သူငယ်မလေးက သူငယ်လေးမှာ မိမိထက် ဆင်းရဲကြောင်း ရိပ်မိသဖြင့် လွန်စွာ သနားလာပြီးလျှင် "ဩော် ... အဖေ အမေ နှစ်ယောက်စလုံး မရှိဘူးလား၊ မင့်ဦးလေးက မင့်ကို မနှိပ်စက်ဘူးလား"

သူငယ် ... "နှိပ်တော့ မနှိပ်စက်ပါဘူး၊ အရီးကတော့ အင်မတန် စိတ်တိုတယ်၊ ဦးလေးက အလုပ်သွားနေရလို့ အရီး ရိုက်မှာစိုးလို့ ကျောင်းကို ပို့ထားတယ်၊ ဦးလေးက ပိုက်ဆံကလေးများပေးရင် အရီးက စိတ်ဆိုးတယ်" ဟု ညှိုးငယ်စွာ ပြောလေ၏။

ထိုအခါ သူငယ်မလေးသည် သူငယ်လေးကို သာ၍ ကရုဏာသက်သော မျက်နှာဖြင့် ကြည့်၍ နေလေ၏။ စကားဆုံးသောအခါ "လာ ဟိုဘက်လမ်းထိပ် သွားကြည့်ရအောင်၊ ရန်ကုန်မှာ လူတွေ အင်မတန် ရှုပ်တယ်နော်၊ ကြည့်ရတာ ပျော်စရာ မကောင်းဘူးလား သွားကြည့်ရအောင်" ဟု ပြောကာ ကမ်းနားဘက်သို့ သွားလေရာ သူငယ်ကလေးသည် စကားမပြောဘဲ လိုက်သွားလေ၏။

ကမ်းနားသို့ ရောက်သောအခါ နှစ်ယောက်သား တစ်ခုသော သစ်ပင်ရိပ်တွင် ရပ်ကာ အပြင်ဘက်ကို ကြည့်၍ နေကြလေ၏။ ထိုအတွင်း မြစ်ဘက်မှာ ဝှေ့တိုက်လာသော လေသည် သူငယ်ကလေးနှင့် သူငယ်မကလေးတို့ ရှိရာသို့ အေးမြစွာ ဖျန်းပက်၍ လာလေ၏။ သူငယ်ကလေးသည် လေထဲတွင် ပျော်ရွှင်စွာ ပြေးလေရာ သူငယ်မကလေးသည်လည်း ပြေးလိုက်လေ၏။ ထို့နောက် အနီးရှိ ကုလားဆိုင် တစ်ဆိုင်သို့ သူငယ်မကလေးနှင့် ဝင်ကြပြီးလျှင် ပါတာနီများနှင့် သကြားလုံးများကို သူငယ်မကလေးသည် ဝယ်လေရာ သူငယ်ကလေးသည် ပိုက်ဆံပေးလိုသော လက္ခဏာဖြင့် မိမိအိတ်ထဲသို့ နှိုက်ကာနှိုက်ကာ ရှက်ကိုးရှက်ကန်းဖြစ်၍ နေလေ၏။ သို့သော်လည်း သူငယ်မကလေးသည် မိမိ ကိုင်ထားသော လက်ကိုင်ပဝါထဲက ပိုက်ဆံများကို ဖြေ၍ ပေးပြီး ... "လာလာ ဟိုအနား သွားရအောင်" ဆိုပြီး ညောင်ပင်လေးဆိပ် တံတားသို့ ပြေးသွားကြလေ၏။ ရောက်သွားသော

အခါ တစ်ခုသော သစ်ပင်ရိပ်တွင် သူငယ်မကလေးက ထိုင်လေရာ သူငယ်ကလေးသည် ရပ်၍ နေလေ၏။ သူငယ်မကလေးက "လာထိုင်လေ" ဟု ပြောကာ လက်ကိုင်ပဝါကလေးနှင့် သကြားလုံး ပါတာနီတို့ကို ရှေ့၌ဖြန့်ကာ "စားလေ စားပါ" ဟု ပြောကာ မိမိက စ၍ စားလေ၏။

သူငယ်ကလေးသည်လည်း အနည်းငယ်တိုး၍ ရဲလာပြီးလျှင် ထိုင်၍ စားလေ၏။

သူငယ်ကလေးက "မင်းတို့ ထားဝယ် ဆိုတာ ဘယ်မှာလဲ" ဟု မေးလေရာ၊ သူငယ်မကလေးသည် နေရာမှ ထ၍ ပင်လယ်ဝဘက်သို့ လက်ကလေးကို ဆန့်ကာ ခြေဖျားကလေး ထောက်လျက် "ဟော ဟိုဘက်မှာ ဟော ဟိုဘက်မှာ" ဟု စိတ်အားထက်သန်စွာ မျက်လုံးများ ဝင်းထိန်ကာ ပြရှာလေ၏။ ထို့နောက် သူငယ်ကလေးကို ကြည့်ပြီး "တို့ ထားဝယ်မြို့ဟာ အင်မတန် ပျော်စရာကောင်းတယ်၊ ပင်လယ်ကြီးကလည်း အကျယ်ကြီးပဲ၊ ကျွန်းကလေးတွေကလည်း အင်မတန် လှတာ၊ တို့ ထားဝယ်မှာလေ ဒူးရင်းသီးတွေ ပေါတယ်၊ စားစရာ အမျိုးမျိုး ရှိတယ်၊ တို့နေတဲ့ အိမ်ခေါင်းရင်းမှာရှိတဲ့ သစ်ပင်ပေါ်မှာ မနက်မိုးလင်းတိုင်း ငှက်အမျိုးမျိုး လာပြီးနားတယ်၊ ငှက်သံတွေက ညံလို့ အင်မတန် ပျော်စရာကောင်းတာပဲ၊ ပြီးတော့ ပင်လယ်ကမ်းနားမှာလည်း ခရုတွေ အမျိုးမျိုး ရှိတယ်၊ လှက လှနဲ့ ... ခရုကြီးကြီးတွေ ခရုငယ်ငယ်တွေ၊ ခရုပြောင်ပြောင်ချောချောကလေးတွေ ကျောက်ခဲဝိုင်းဝိုင်းကလေးတွေ ရွှေကျောက်ကလေးတွေ၊ ငွေကျောက်ကလေးတွ အင်မတန် ပေါတာပဲ၊ ဖေဖေဖြင့် တစ်ယောက်တည်းနေရတာ မေမေ့ကို အင်မတန် အောက်မေ့မှာပဲ၊ တို့ ထားဝယ်မြို့ဟာ သိပ်ပြီး လွမ်းစရာကောင်းတယ် ... လိုက်မလား" ဟု မျက်ရည်ကလေး တလည်လည်နှင့် ပြောလေရာ သူငယ်ကလေးသည် စကားတစ်လုံးကိုမျှ မပြောနိုင်ဘဲ အလွန် ချစ်ခင် သနားစရာ အမူအရာ မျက်နှာထား အမျိုးမျိုး ပြောင်းလဲကာ ရှိုက်ကာရှိုက်ကာ ခပ်ဝဲဝဲကလေး ပြောတတ်သူ သူငယ်မ



ကလေး၏ ချစ်ဖွယ်သော မျက်နှာကလေးကိုသာ စိုက်ကြည့်ရင်း မိန်းမော၍ နေရှာလေ၏။ သူငယ်မကလေးမှာ ဝိုင်းဝိုင်းပြည့်ပြည့်၊ မဝမပိန်၊ အသားဝါဝါ၊ မျက်နှာသွယ်သွယ်၊ မျက်လုံးမျက်ကွင်း ကျယ်ကျယ်၊ မျက်တောင်ကော့ကော့၊ နှာတံကျော့ကျော့၊ နှုတ်ခမ်းနီနီ၊ သွားညီညီနှင့် အယဉ်အလှ ရောစပ်သူကလေး ဖြစ်လေရကား သူငယ်ကလေးမှာ မိမိ ဆင်းရဲငြိုငြင်သော ဘဝကို ဖြေဖျော်ရန်လာသော နတ်ကညာကလေးကဲ့သို့ မှတ်ထင်နေကာ အလွန်တရာ သာယာရွှမ်း ရှုပါရုံရေကြောဝယ် နစ်မွန်း မျောပါ၍ နေသကဲ့သို့ ဖြစ်လေ၏။

ထိုအတွင်း သူငယ်မကလေးသည် "ဟော ... ခေါင်းလောင်းသံပင် ထင်ပါရဲ့ ကျောင်းတက်တော့မယ်" ဟု ပြောကာ လက်ကိုင်ပဝါကလေးကို ကုန်း၍ ကောက်ကာ ကျောင်းဘက်သို့ ပြန်၍ ပြေးလေ၏။ သူငယ်ကလေးသည်လည်း နောက်က အပြေးလိုက်ရင်း "မင်းနာမည် ဘယ်သူလဲ" မေးလေရာ ပြုံးချိုသော မျက်နှာနှင့် နောက်ကို လှည့်ကြည့်ကာ "ရီရီ ... ရီရီ" ဟု အော်၍ ပြေးလေ၏။

ထိုနေ့ ညနေ ကျောင်းလွှတ်သောအခါ သူငယ်ကလေးသည် ကျောက်သင်ပုန်းကလေးကို ကိုင်ကာ ကျောင်းမှ ဆင်းလာလေ၏။

လမ်းထဲသို့ ရီရီနှင့်အတူ လျှောက်သွားကြလေ၏။ လမ်းထိပ်သို့ ရောက်သောအခါ လမ်းခွဲ၍ သွားကြမည်ပြုရာတွင် ရီရီက "မင်းနာမည် ဘယ့်နှယ်ခေါ်တယ်" ဟု မေးလေရာ သူငယ်ကလေးက "နေဝင်းလို့ ခေါ်တယ်" ဟု ပြောလိုက်လေ၏။

□

## အခန်း (၂)

ထိုနေ့ညဥ့် အိမ်သို့ရောက်သောအခါ မောင်နေဝင်းသည် အခါတစ်ပါးသော နေ့များထက် အနည်းငယ် ပိုမို၍ စိတ်လက်ရွှင်ပျလေ၏။ အကြောင်းမူကား မိမိ ညှိုးငယ်သော ဘဝ၌ စိတ်ကို ဖြေဖျော်သူ ဖြစ်သော ရီရီ ဆိုသူ သူငယ်မကလေးတစ်ယောက်နှင့် အသိမိတ်ဆွေ ဖြစ်ခဲ့လေ၏။ အရီး ဖြစ်သူကား မိမိ ကလေးနှစ်ယောက်ကို လွန်စွာ ချစ်သူ ဖြစ်လေ၏။ မိမိ၏ လင်ယောကျ်ားဘက်က စပ်၍ တူတော်သော မောင်နေဝင်းကိုမူ မိမိ ကလေးများကို ချစ်သလောက် မုန်း၏။ သို့ဖြစ်၍ ကလေးနှစ်ယောက်ကို ချစ်ခြင်းနှင့် မောင်နေဝင်းအပေါ်၌ မုန်းထားခြင်းကို ချိန်စက်၍ ကြည့်လျှင် ချိန်ခွင်လျှာ ဘောင်ကိုက်၍ နေလေ၏။ မောင်နေဝင်း၏ ဦးလေးသည်ကား မိမိ၏ တူကလေးကို ထိုကဲ့သို့ ယုံကြည်သည့်အထဲတွင် ကိုယ်တိုင်က သောက်စား ယစ်မူးခြင်း အလေ့ဝါသနာကို မဖြတ်နိုင်သူ ဖြစ်လေရကား နမော်နမဲ့ ဆိုသလို နေမိလေ၏။ အခါများစွာမှာလည်း မိမိ အပေါ်၌ သောက်စားသုံးစွဲသော အပြစ်ရှိသည်ကို သိလျက် မယား မဆူမပူအောင် ကြံစည်ရသဖြင့် မိမိ ကိုယ်တိုင်၏ အရေးသည် တူသယ်ကလေး မောင်နေဝင်း၏ အရေးထက် မိမိမှာ ပို၍ ကြီးလေ၏။ ဦးလေး၏ အမည်မှာ ကိုမောင်မောင် ဖြစ်လေ၏။

ထိုနေ့၌ စာရေးကြီး ကိုမောင်မောင်သည် သောက်စား ပျော်ပါး၍



နေသဖြင့် အိမ်ကို မပြန်လာသောကြောင့် အရီး မခင်သည် အိမ်တွင်တဆူဆူ တဆောင့်ဆောင့်နှင့် နေလေရာ မောင်နေဝင်းမှာ စိတ်လက်ပျော်ရွှင် သာယာခြင်း ပျောက်ပျက်၍ နတ်ပြည်မှ ငရဲပြည်သို့ ပြန်၍ လာရသကဲ့သို့ ဖြစ်လေ၏။ မောင်နေ့ဝင်းသည် ကျောင်းသားသူငယ်တို့ဘာဝ အိမ်သို့ ရောက်သောအခါ ကြောက်ရွံ့လျက် ထမင်းဆာသည် ဟူ၍ မပြောဝံ့၊ မီးဖို ထဲကိုလည်း ဝင်ရောက်ရှာဖွေ၍ မစားဝံ့ဘဲ လှေကားထစ်တွင် ထိုင်ကာ ရီရီကို တွေးတော၍ နေလေ၏။ ထိုအတွင်း ဝလင်စွာ စားသောက်ပြီးသော ကလေးနှစ်ယောက်မှာ ရေမိုးချိုး၍ အဝတ်သစ် အစားသစ်များကို ဝတ်ကြ လျက် အိမ်ရှေ့တွင် သုံးဘီးစက်ဘီး တစ်ခုစီ စီးနင်းကာ ပျော်ရွှင်ကစား၍ နေကြလေ၏။ ထိုညီအစ်ကိုတော် ကလေးနှစ်ယောက်အနက် တစ်ယောက် မှာ မောင်နေဝင်းနှင့် ရွယ်တူဖြစ်၍ အင်္ဂလိပ်ကျောင်း၌ နေလေ၏။ ၎င်း နာမည်သည်ကား မောင်မောင်ကြီး ဖြစ်လေ၏။ အငယ်ကလေးကို မောင် မောင်ကလေးဟု ခေါ်လေ၏။ မောင်နေဝင်းသည် မောင်မောင်ကြီးနှင့် မောင်မောင်ကလေးတို့၏ ပျော်ရွှင်စွာ ကစားနေကြသည်ကို ကြည့်ရှုကာ နေသည့်အခါ မိမိ၏ ဆင်းရဲဒုက္ခသည် သာ၍ ဝန်လေးခြင်း ဖြစ်လေ၏။

မခင်သည် အသက်သုံးဆယ်နီးနီးခန့်ရှိ၍ ပုပုအိုင့်အိုင့် ခက်ထန် သော မျက်နှာထား ရှိလေ၏။ စူးဝါးသောအသံ ရှိ၏။ လွန်စွာ စိတ်ဆိုး လွယ်၏။ မောင်နေဝင်းကို မိမိ၏သားလေးများ ဝတ်ပြီးသော အစုတ်စုတ် အပြတ်ပြတ် ဖြစ်သော အဝတ်စုတ်များနှင့် ဆင်ယင်ကာ ထမင်းကျန် ဟင်းကျန် မပူမနွေး အအေးများကို ကျွေးရသဖြင့် မိမိမှာ လွန်စွာ ဝန်လေး လျက် မောင်နေဝင်းကို မြင်ရသည့်အခါတိုင်း စက်ဆုပ်ရွံရှာ၏။ သို့သော် လည်း ငါတို့မှာ လူဝင်စားတစ်ယောက်၏ အနှောင့်အယှက်မှ လွတ်မည်ဟု တွေးတောကာနေလေ၏။ (သို့သော်လည်း ပလိပ်နာတို့မည်သည် အမုန်းခံ ရသော လူတို့ကို ဖမ်းစားတတ်သည်ထက် အချစ်ခံရသောသူတို့ကို သာ၍ ဖမ်းစားတတ်ကြ၏။ လူလိုမှ နတ်လို ဟူသော စကားအရ လူမုန်းလျှင်

နတ်ဆိုးနတ်ဝါးများလည်း မုန်းသဖြင့် အမုန်းခံရသူတို့ကို ဆောင်ခြင်း၊ ခေါ်ငင်ခြင်း မပြုလိုကြချေ။ အခါများစွာ မကောင်းသော ကျိန်ဆဲခြင်းသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ဂါထာကဲ့သို့ ဖြစ်သောကြောင့် မောင်နေဝင်းမှာ လွန်စွာ ကျန်းမာလျက် ထမင်းကို များစွာ စားနိုင်သော ကလေးတစ်ယောက် ဖြစ်လေ၏) အကြောင်းမူကား သရေစာကို စားရသောကလေး မဟုတ်ချေ။

သို့သော် သရေစာကို မစားရသဖြင့် ထမင်းစား၍ ကောင်းခြင်းသည် မခင်၏ ထင်မြင်ချက်အရ စော်ကားမော်ကား ပြုခြင်းကဲ့သို့ ဖြစ်လေ၏။ အရှက်နည်းခြင်းကဲ့သို့ ဖြစ်လေ၏။ ယုတ်မာခြင်းကဲ့သို့ ဖြစ်လေ၏။ အမျိုးယုတ်ခြင်းကဲ့သို့ ဖြစ်လေ၏။

သို့ဖြစ်၍ စစ်စီသော မခင်သည် မောင်နေဝင်း မြိန်ရေရှက်ရေ ထမင်းစားသည်ကို မြင်ရသည့်အခါ မျက်လုံးမျက်ဆန်ပြူးကာ အသည်းနှလုံးတုန်လျက် ငါတို့ မွဲတော့မယ်၊ ငါတို့ ငတ်တော့မယ်၊ ငါတို့ ဘေးသင့်တော့မယ်၊ ဒီကောင်ကလေးဟာ ကြာရင် ငါတို့ တစ်အိမ်သားလုံးပါ စားမျိုမယ့် ကောင်ကလေးပါတကားဟု တွေးတောကာ ထိတ်လန့်နေရှာလေ၏။

မောင်နေဝင်းသည် လှေကားမှာထိုင်၍နေစဉ် မခင်က "ဟဲ့ ကောင်လေး … ထမင်းမစားသေးဘူး ခူးဆက်နေရဦးမလား၊ နင့်ဦးလေး ပြန်လာရင် ငါ့ကို ရန်တိုက်ပေးမလို့ ညာဏ်ဆင်နေသလား၊ အိမ်မှာ ကျက်သရေမရှိ ကျက်သရာမရှိ၊ မှိုင်နေတာကို မကြည့်ချင်ဘူး" ဟု ကြိမ်းမောင်းလေရာ မောင်နေဝင်းသည် ကြောက်အားနှင့် ပျာယီးပျာယာ ထကာ စကားတစ်လုံးမျှ မပြောဘဲ မီးဖိုထဲသို့ ဝင်ပြီးလျှင် ရှာဖွေခြစ်ခြုတ်၍ စားလေရာ မိမိဦးလေးအတွက် ထမင်းဟင်းများ ခူးခပ်ထားသဖြင့် အိုးထဲမှာ အကတ်အသတ်မျှသာ ကျန်လျက် ခြစ်ခြုတ်ကာ ဟင်းအိုးများကို နယ်ဖတ်၍ စားရလေ၏။

စားပြီးနောက် အပြင်ကို ထွက်သွားသောအခါ မခင်သည် မီးဖို



ခန်းထဲသို့ ဝင်ကြည့်ပြီးလျှင် အိုးများ ပြောင်၍နေသည်ကို တွေ့ရလျက် "စားလိုက် သောက်လိုက်တာက ခွေးယက်သလို အရမ်းစားတာပဲ။ တစ်သက်လုံး ကောင်းစားမဲ့ အကျင့်ပါပဲ။ အမျိုးက်ုက အင်မတန် ယုတ်မာတဲ့အမျိုးကလား၊ သူ့ဦးလေးလို လာမှာပါပဲ" စသည်ဖြင့် ပြောဆိုလေ၏။ မောင်နေဝင်းသည်ကား ထိုစကားများကို နားထောင်ကာ အိမ်အောက်သို့ ဆင်းသွားပြီးလျှင် လှေကား၌ ကုတ်ကုတ်ကလေးထိုင်၍ နေလေ၏။

မောင်နေဝင်းသည် ပြုပြုပြင်ပြင် ၊နေရသောကြောင့် ရုပ်ရည်မလှသကဲ့သို့ ထင်မှတ်ရ၏။ သို့သော်လည်း ကိုယ်လုံးကိုယ်ထည်မှာ ခံ့ညားလျက် ကြီးလျှင် ယောကျ်ားကောင်း ပီသမည့်သူတစ်ယောက် ဖြစ်လေ၏။

မောင်နေဝင်းသည် မြန်မြန် မိုးချုပ်ပါစေ၊ မြန်မြန် မိုးလင်းပါစေဟူ၍သာ ဆုတောင်း၍နေလေ၏။ အကြောင်းမူကား ကျောင်းကိုသွား၍ ရီရီနှင့် အတူနေရခြင်းသည် နတ်ပြည်သို့ ရောက်သကဲ့သို့ ဖြစ်နေ၍ နေအိမ်၌ နေရခြင်းသည် ငရဲနှင့် တူလေ၏။ သို့ဖြစ်၍ မောင်နေဝင်း၏ ဘဝသည် အသူရကာယ်ပြည်၌ နေရသောဘဝကဲ့သို့ ဖြစ်လေ၏။ မောင်နေဝင်းသည် မိုးမချုပ်နိုင်သောကြောင့် "အရီး၊ ကျွန်တော် ဟိုဘက်ကို လျှောက်ပါရစေ" ဟု ပြောလေရာ အရီးဖြစ်သူက "ကောင်းလှပါပြီတော်၊ ပြန်လို့မလာဘဲနေနေ" ဟု ငေါ့ကာ ပြောလိုက်သဖြင့် မောင်နေဝင်းသည် ရီရီ နေသော အတန်းဘက်သို့ ယောင်ပေ ယောင်ပေ လျှောက်၍သွားကာ ရီရီကို တွေ့များ တွေ့လေမလားဟု ကြည့်ရှုလေ၏။

သို့သော်လည်း ရီရီကို မမြင်ရမီ နေကျသွားသောကြောင့် အိမ်သို့ ပြန်သွားရလေ၏။ နောက်တစ်နေ့ ကျောင်းသို့ ရောက်သောအခါ ရီရီတို့ လမ်းဘက် မနေ့က မိမိ ရောက်လာကြောင်းကို ပြောပြလေရာ ရီရီက မနေ့ညနေက မိမိ အဘွားကြီးနှင့် ဆူးလေဘုရားလမ်းကို သွားနေကြောင်း ပြောပြလေ၏။

မောင်နေဝင်းနှင့် ရီရီသည် ကျောင်း၌ တစ်တန်းတည်း နေကြ

ရလည့်ပြင် ညဏ်ရည်ချင်း တူညီသောကြောင့် အတူတကွ ယှဉ်၍ ထိုင်ရလေ၏။ စာသင်ရာ၌ လည်းကောင်း၊ အတွက် တွက်ရာ၌ လည်း ကောင်း အခက်အခဲတွေ့လျှင် တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ကြရလေ၏။

နှစ်ယောက်သော ကလေးတို့သည်လည်း တစ်နေ့ထက် တစ်နေ့ တိုး၍ ခင်မင်ကြင်နာစွာ နေကြလေ၏။

❑

## အခန်း (၃)

မောင်နေဝင်းနှင့် ရီရီတို့သည် ကျောင်း၌ ခြောက်လခန့် အသိအကျွမ်း ဖြစ်နေကြ၏။ တစ်နေ့သ၌ နေ့လယ်ကျောင်းအဆင်းတွင် ရီရီသည် ညှိုးငယ်သော မျက်နှာကလေးနှင့် မောင်နေဝင်း၏အနီးသို့ လာပြီးလျှင် "မောင်နေဝင်း ကမ်းနားဘက်ကို လျှောက်ကြရအောင်ကွယ်" ဟု ပြောလေ၏။

မောင်နေဝင်းသည် ရီရီ၏မျက်နှာ မသာယာသည်ကို မြင်ရလျက် "ရီရီ ဘာဖြစ်လို့ မျက်နှာအိုရသလဲ၊ အခါတိုင်း မြင်ရတာနဲ့ မတူပါကလား" ဟု မေးလေ၏။

ရီရီက မောင်နေဝင်း၏ မျက်နှာကိုကြည့်လျက် "ဟိုအနားကျမှ ပြောမယ်၊ လိုက်သာလိုက်ခဲ့ပါ မောင်နေဝင်းရယ်" ဟု ပြောသဖြင့် အတူတကွ ထွက်သွားကြလေရာ မြစ်ဆိပ်ကမ်းနားသို့ ရောက်သွားကြလေ၏။

ကမ်းနားသို့ ရောက်သောအခါ ညောင်ပင်ကလေး ဆိပ်ခံတံတား အနီးတွင် ထိုင်ကြလျက် စကားမပြောဘဲ မြစ်ဘက်ကို ငေးမော၍ နေကြလေ၏။ ထိုကဲ့သို့ ငါးမိနစ်လောက်နေပြီးမှ ရီရီက "မောင်နေဝင်း ငါ သွားရတော့မယ်" ဟု ပြောလေ၏။

မောင်နေဝင်းသည်ကား သတင်းထူး တစ်ခုခုကို ကြေနံကြားရတော့မည်ဟု ယုံကြည်နေသဖြင့် လွန်စွာ အံ့အားမသင့်ဘဲ "ဘယ်ကို သွားမလဲ ရီရီ" ဟု ရီရီ၏မျက်နှာကိုကြည့်ကာ မေးလေ၏။

ရီရီသည် မောင်နေဝင်း၏ မျက်နှာသို့ မျက်ရည်လည်လည်နှင့် ကြည့်ပြီး အသံကလေး တုန်တုန်နဲ့ "ရီရီ ထားဝယ်ကို သွားရမယ်၊ ဖေဖေ ကောင်းကောင်း မမာလို့ ရီရီကို သံကြိုးရိုက် မှာလိုက်တယ်၊ ဘွားဘွား လည်း လိုက်ရလိမ့်မယ်"

မောင်နေဝင်းသည် ထိုစကားကို ကြားရသောအခါ မိမိ၏ ပတ်ဝန်းကျင်ရှိ လောကတစ်ခုလုံး၌ မှောင်ကြီးကျသကဲ့သို့ ဖြစ်သွားသည့်ပြင် ရီရီ၏ ချစ်ဖွယ်သော မျက်နှာလေးကို မမြင်ရသောနေ့များသည် သုသာန်သချိုင်း၌ နေရမည်ဖြစ်သော နေ့များကဲ့သို့ ဖြစ်ချေတော့မည်ဟု သိလျှင် နှလုံးကို မီးအုံးသကဲ့သို့ ဖြစ်သွားလေ၏။ "အဟုတ်ပဲလား ရီရီရယ်၊ ဘယ်နေ့ကို သွားရမှာလဲ" ဟု ရီရီ၏ လက်လေးများကိုကိုင်ကာ မေးလေ၏။ ရီရီသည် လက်ကလေးများကို ငြိမ်သက်စွာ အကိုင်ခံလျက် "နက်ဖြန်ခါကိုပဲ သွားရတော့မယ်၊ အင်မတန် အရေးကြီးနေတယ်" ဟု ပြန်ပြောလေ၏။ မောင်နေဝင်းက "ဘယ်လောက်ကြာကြာ ထားဝယ်မှ နေရမှာလဲ၊ ဘယ်တော့ ပြန်လာမှာလဲ" "ရီရီ သေသေချာချာ မသိဘူး၊ ဖေဖေက ရီရီ့ကို ဘယ်လို နေရာချထားမယ်ဆိုတာကို မသိရသေးဘူး၊ ဖေဖေ စီမံသလို ခံရမှာပဲ" ဟု မောင်နေဝင်း၏ မျက်နှာကို မကြည့်ဘဲ မြေကြီးကို ငုံ့၍ ကြည့်ကာ ပြောရှာလေ၏။

မောင်နေဝင်းသည်လည်း စကားမပြောဘဲ ဆိတ်ငြိမ်စွာ တွေဝေငေးမောလျက် စိတ်လက်ညှိုးငယ်သော အမူအရာနှင့် ရီရီ၏ လက်ကလေးများကို လွှတ်လိုက်၏။

ထိုအတွင်းတွင် အနောက်တောင်ထောင့်ဘက်မှ ညိုမှိုင်းကာ တိမ်ညိုကြီးသည်ကောင်းကင်သို့ တက်၍ လာလေ၏။

မိုးသက်လေသည်လည်း တဖျပ်ဖျပ် ဝှေ့တိုက်ကာ လာလေ၏။

ထိုအခါ နေဝင်းသည် ရီရီလက်ကို တစ်ဖန်ဆွဲကိုင်ပြန်လျက် နှစ်ယောက်သား ထိုမည်းမှောင်ညိုမှိုင်းသော တိမ်တိုက်ကြီးကိုသာကြည့်၍



နေလေ၏။ မြစ်ပြင်၌ ငွေအဆင်းပမာ ဖြူဝင်းဖောင်းကားသော ရွက်များကို ဖြန့်ကာ သွားလာနေရသော လှေငယ်တက်စင်း တို့ကင်းကြီးငယ်တို့မှာ ညိုမှိုင်းသော ကောင်းကင်၏ရှေ့၌ အထင်းသားပေါ်၍ နေကြလေ၏။

ထို တိမ်ပုပ် တိမ်ခဲနှင့် မိုးသက်လေတို့သည် မောင်နေဝင်းနှင့် ရီရီတို့၏ တစ်သက်တွင် အပြီးသတ် ကွေကွင်းအောင် ခွဲဝှေ့တိုက်ခိုက်မည်ကို ပြသော နိမိတ်ပေလား။

ကလေးနှစ်ယောက်တို့သည် တစ်ယောက်နှင့် တစ်ယောက် ငယ်ရွယ်သူတို့သဘာဝ ချစ်ခင်ကြင်နာကြ၏။ ထိုချစ်ခင်ကြင်နာခြင်းသည် ငြိမ်သက်သော ရေကြည်ရေအေးပမာ လှုပ်ရှားခြင်း မရှိချေ။ အနှောင့်အယှက်တည်းဟူသော မိုးသက်လေဝင်၍ဆင်သောအခါ ငြိမ်သက်သာကြည်သော ချစ်ခြင်းသည် လှုပ်ရှားထကြွ မငြိမ်မသက်သော ချစ်ခြင်းဘဝသို့ ရောက်လေ၏။ (ရင့်သော ငှက်ပျောသီးတို့သည် အပင်၌ နေသည့်အခါ စိမ်း၍ နေ၏။ ထို့အတူ သူငယ်တို့၏ ချစ်ခြင်းသည် နဂိုအတိုင်းထားလျှင် စိမ်း၍ နေ၏။ အပူသောက ကလေးတွေ တွေ့ကြုံရမည် ဖြစ်သောအခါ ဝင်းမှည့်ကာ ချိုမြိန်သော အချစ်၏ ရသာရနံ့ ထွက်ပေါ်စေ၏) မောင်နေဝင်းသည် ရီရီ၏ လက်ကလေးများကို အထက်ထက်က ကိုင်ဖူးသော်လည်း စိတ်၌ တစ်စုံတစ်ရာမျှ လှုပ်ရှားခြင်း မရှိချေ။ ယခုသည်ကား မောင်နေဝင်းမှာသာမဟုတ်၊ ရီရီမှာလည်း လက်ခြင်း ထိရခြင်း၏ အဖိုးအနဂ္ဃကို စ၍ သိကြလေ၏။ ထိုကလေးနှစ်ယောက်တို့၏ဘဝသည် ဤနေရာ၌ ကြီးစွာသော ပြောင်းလဲခြင်းအဖြစ်သို့ ရောက်လေ၏။ သို့သော် ... ထိုပြောင်းလဲခြင်းသည် အဘယ်မျှလောက် အရေးကြီးသော ပြောင်းလဲခြင်း ဖြစ်သည်ကို မရိပ်မိရှာကြချေ။ အကြောင်းကိုဆိုသော် ... (ချစ်ခြင်းတည်းဟူသော ဂဟေသည် ထိမ်းမြားမင်္ဂလာ စာချုပ်ထက် ခိုင်ခံ့သောအရာ ဖြစ်လေ၏) ထိုအေးမြရိပ်ငြိမ်သော နေရာ၌ နှစ်ယောက်သော ကလေးတို့သည် တစ်ဦးကို တစ်ဦး ကြင်နာစွာ ထွေထွေရာရာကို မပြောတတ်ကြငြားသော်လည်း ၎င်း

တို့၏ စိတ်ဓာတ်သည် လွန်စွာ စကားများလျက်နေ၏။ (နှုတ်ပါးစပ်၏ ဆိတ်ငြိမ်ခြင်းသည် အခါများစွာ စိတ်ရင်းသဘောရင်း မပါသော အသံစကား မြောက်မြားစွာတို့ထက် ပိုမို၍ အဓိပ္ပာယ်ရှိ၏) ၎င်းတို့သည် ပလီပလာ ပြောတတ်သော လူကြီးများကဲ့သို့ စကားမများကြသော်လည်း စိတ်ဖြင့် စကားပြောကြလေ၏။ စိတ်ဖြင့် ခိုင်မာသော ပဋိညာဉ်ကို ပြုကြလေ၏။ ထိုကဲ့သို့ ပြုသည်ကို ပဇ္ဇုန်နတ်သားများသည် ကောင်းစွာမြင်၍ ကောင်းကင်၌ ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ခြယ်လှယ်လျက် သက်သေအထိမ်းအမှတ်ကို ပြုကြလေ၏။ ၎င်းတို့နှစ်ဦး ချုပ်လုပ်သော စာချုပ်သည် လွယ်လင့်တကူ ပျောက်ပျက်သော ကလောင်စက္ကူနှင့် မင်၌ မတည်၊ ကမ္ဘာမကုန်မခြင်း အမြဲတည်မည် ဖြစ်သော ကောင်းကင်၌ စိတ်၏တန်ခိုးဖြင့် ခိုင်မာသော စာချုပ်ကို ရေးချုပ် ပြုလုပ်ကြလေ၏။ ထိုကဲ့သို့ ရေးချုပ် ပြုလုပ်ခြင်းကိုလည်း နတ်များသည် ကောင်းစွာ သက်သေခံကြလေ၏။

ထိုအတွင်း ကလေးနှစ်ယောက်သည် ဆိတ်ငြိမ်စွာ နေကြပြီးမှ နေဝင်းက "ရီရီ မင်းတကယ် နက်ဖြန်ကို သွားတော့မှာဖြစ်ရင် ငါလိုက်ပြီး မပို့ရဘူးလား" ဟု မေးလေရာ ရီရီက "မင်းလိုက်ပို့ရင် ရီရီ အင်မတန် ကျေးဇူးတင်မှာပဲ၊ မင့်အိမ်က အခွင့်ပေးပါ့မလား" ဟု မေးလေရာ မောင်နေဝင်းက "ကိစ္စ မရှိဘူး" ဟု ပြောလေ၏။ သို့ပင် ကိစ္စမရှိဘူးဟု ပြန်၍ ပြောလိုက်ရသော်လည်း များစွာ ကိစ္စရှိလေ၏။ အဘယ်ကြောင့်ဆိုသော် သင်္ဘောသည် မနက်စောစောကြီး ထွက်သောကြောင့် ကျောင်းတက်ချိန်လည်း မဟုတ်သဖြင့် မောင်နေဝင်းမှာ ရီရီကို လိုက်၍ပို့ရန် အတော် ခက်လေ၏။ ထိုအတွင်း ခေါင်းလောင်းသံ ကြားရသဖြင့် ကျောင်းကို ပြန်လေ၏။

□

## အခန်း (၄)

ထိုနေ့ညဥ့် မောင်နေဝင်းသည် အိပ်ရာထဲတွင် ရီရီကို တွေးတောရင်း အိပ်ပျော်၍ သွားပြီးနောက် နံနက်လင်းအားကြီး အချိန်တွင် နိုးလေ၏။ နိုးလျှင်နိုးခြင်း ထ၍ မျက်နှာသစ်ပြီးလျှင် ရီရီတို့အတန်းသို့ သွားမည် အကြံပြုလေ၏။ အကယ်၍ သွားကြောင်းကို အရီးသိလျှင် အဘယ်ပုံ ပြောဆိုမည်နည်း။ ရီရီများ ထွက်သွားနှင့်လေသလား၊ ရီရီကို မီပါ့မလား။ သင်္ဘောဆိပ်ကို ရီရီတို့ မြင်းရထားနဲ့သွားရင် မိမိမှ မြင်းရထားခ မရှိသဖြင့် အဘယ်ပုံ လိုက်၍ ပို့မည်နည်း။ သင်္ဘောဆိပ်ကို လိုက်၍ ပို့ပြီးနောက် ပြန်လာရင် နေမြင့်၍ နေချေက အရီး ပြောဆို ကျိန်ဆဲလေမလား စသည့် အကြံများကို ကြံစည်တွေးတောကာ သူငယ်ကလေး မောင်နေဝင်းမှာ အခက်ကြုံ၍ နေလေ၏။

ယင်းသို့ တွေးတောပြီးနောက် နောင်ခါလာ နောင်ခါချေး ဘယ်အရေးဖြစ်ဖြစ် ရီရီကိုဖြင့် ငါ လိုက်ပြီး ကြည့်ဦးမည်။ ငါသွား၍ မျက်နှာမပြရင် ရီရီ စိတ်နာလိမ့်မည် စသည်ဖြင့် တွေးတောကာ အိမ်ပေါ်မှဆင်းပြီးလျှင် ရီရီတို့လမ်းဘက်သို့ ပြေး၍ သွားလေရာ ရီရီတို့အိမ်ရှေ့၌ မြင်းရထားတစ်စင်း ရပ်၍ နေသည်ကို တွေ့ရလျက် မြင်းရထားနှင့် မနီးမဝေး နေရာတစ်ခုမှ ရပ်ကာ ကြည့်၍နေလေ၏။

အတန်ကလေးကြာသောအခါ မြင်းရထားကုလားသည် သံသေတ္တာကြီးတစ်လုံးနှင့် လက်ဆွဲခြင်းများကို ထမ်းပိုး ဆွဲကိုင်ကာ အိမ်ထဲမှ ထွက်လာပြီးလျှင် မြင်းရထားပေါ်သို့ ထိုပစ္စည်းများကို တင်လေ၏။ ထို့နောက် တစ်ဖန် ပြန်သွားပြီးလျှင် လက်ဆွဲချိုင့်တစ်ခု စားသောက်စရာထည့်သော တောင်းတစ်လုံးနှင့် ရေတကောင်း တစ်ခုကို ယူလာပြီးလျှင် ရထားထဲသို့ တင်လေ၏။ ထိုအတွင်း "ရီရီ ကိုင်း မြန်မြန်လုပ်၊ ရထား စောင့်နေပြီ" ဟု ပြောလိုက်သော အဘွားကြီးတစ်ယောက်၏ အသံကို လည်းကောင်း မောင်နေဝင်းသည် ကြားရ၏။ ရီရီ၏ သာယာသောအသံကို ကြားရသောအခါ နားထဲတွင် ဆိမ့်ချိုအေးမြကာ ရင်ထဲမှာ လှိုက်ဖိုသွားလေ၏။ ထိုအသံသည် မောင်နေဝင်း၏စိတ်၌ အဘယ်အခါမျှ မမေ့မပျောက်နိုင်သော အသံဖြစ်လေ၏။ ထိုအသံသည် မောင်နေဝင်း၏ နား၌ အမြဲကြား၍ နေရမည်ဖြစ်သော အသံ ဖြစ်လေ၏။ ထိုအသံသည် နားဝမှ နှလုံးသားသို့ ရောက်ပြီးလျှင် အသွေးအကြော အားလုံးတို့သို့ ပေါက်ရောက်သော အသံ ဖြစ်လေ၏။ ထိုအသံကို ကြားသောအခါ မောင်နေဝင်းမှာ ရင်ထဲမှာ ဆို့၍သွားပြီးလျှင် ရီရီ ထွက်ပေါ်၍ လာမည်ကို စိတ်အားထက်သန်စွာ ရှုမျှော်၍ နေ၏။

ယင်းကဲ့သို့နေခိုက်တွင် ရွှေခြေချင်းများနှင့် လှပစွာ ဝတ်ဆင်ဖြီးလိမ်း၍လာသော ရီရီသည် အေးချမ်းသော နံနက်၌ နေအရဏ်ကိုမျှော်ကာ ကြည်လင်လတ်ဆက် ဝင်းထိန် တောက်ပစွာနေသော နှင်းဆီပန်းပမာလို ရွှင်ပျသာယာ ချစ်ဖွယ်သော မျက်နှာကလေးနှင့် လက်ကိုင်ပဝါကလေးကို ကိုင်ကာ မြင်းရထား ရှိရာသို့ ပြေးထွက်၍ လာလေ၏။ ရီရီ၏ ကိုယ်မှ ထွက်သော မွှေးကြိုင် သင်းပျံ့သော အနံ့သည် လတ်ဆတ်သော လေညင်းဖြင့် မောင်နေဝင်း၏ နှာဝသို့ ရောက်၍ လာလေ၏။ ထိုအခါ မောင်နေဝင်းသည် ရီရီဟု ခေါ်ကာ အတင်းပြေး၍ လက်ဆွဲကာ နှုတ်ဆက်လိုက်ချင်၏။ သို့သော်လည်း စိတ်ကိုချုပ်တည်းလျက် ငြိမ်သက်စွာ ရီရီကိုသာ ကြည့်ရှု၍သာ နေရှာလေ၏။



ရီရီသည် မောင်နေဝင်းကို မြင်သောအခါ မြူးထူးရွှင်ပျသော မျက်နှာသည် တောက်ထိန်၍လာပြီးလျှင် တစ်ဖန် ဝမ်းနည်းသော လက္ခဏာဖြင့် ညှိုးငယ်၍ သွားရှာလေ၏။ ထိုအတွင်း ရီရီ၏ လက်ကိုင်ပဝါကလေးသည် မြေပေါ်သို့ ကျသွားလေရာ မောင်နေဝင်းသည် လက်ကိုင်ပဝါကလေးကို ပြေး၍ ကောက်ကာ ပြန်၍ မပေးဘဲ မိမိ အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်လေ၏။ ရီရီသည် အနည်းငယ် အံ့အားသင့်၍ နေပြီးမှ ဝမ်းနည်းစွာ ပြုံးပြီးလျှင် အခွင့်ပြုလိုက်ကြောင်းကို သိသာစေ၏။

ထို့နောက် ရီရီက အပါးသို့ကပ်ပြီး "မင်း သဘော်ဆိပ်ကို လိုက်ပို့မလား" ဟု မေးလေရာ မောင်နေဝင်းက "မင်းတို့ မြင်းရထားနဲ့ သွားမှာကိုး" ဟု ပြောကာ မိမိ ဝတ်ထားသော နွမ်းနယ်သော အဝတ်များကို ပြန်၍ ကြည့်လေ၏။ ရီရီသည်ကား စကားပြန်၍ မပြောဘဲ နေလေ၏။ ထို့နောက် အိမ်ဘက်ကိုကြည့်ကာ ဘွားဘွားလာပြီဟု ပြောကာ မြင်းရထားပေါ်သို့ တက်သွားလေ၏။ မောင်နေဝင်းသည် ၎င်းရထား နံဘေးဘက်သို့ ရွှေ့ကာ ရပ်လျက် ရီရီကို တစ်ချက် တစ်ချက် ကြည့်ကာ မြေကြီးကို တစ်ချက် တစ်ချက် ကြည့်ကာ လွန်စွာ ဝမ်းနည်းဟန်နှင့် နေလေ၏။ ရီရီသည်ကား မောင်နေဝင်းကိုသာ သနားကြင်နာသော အမူအရာနှင့် ကြည့်၍နေလေ၏။

အတန်ကလေး ကြာသောအခါ အဘွားကြီး ရောက်လာပြီးလျှင် မြင်းရထားပေါ်သို့ တက်လေရာ မြင်းရထားသမားသည် တံခါးကိုပိတ်ပြီး မိမိ၏နေရာသို့ တက်၍ ထိုင်လေ၏။ ကြာပွတ်ကို ဝှေ့လိုက်လေ၏။ ဇက်ကြိုးကို ကိုင်ကာ နှိုးလေ၏။ မောင်နေဝင်းသည် ရီရီကိုကြည့်ရင်း ရပ်၍ နေလေ၏။ ရီရီသည် မောင်နေဝင်းကို ရထားပေါ်ကနေလျက် မပြတ်အောင် ကြည့်၍သွားလေ၏။ မောင်နေဝင်းသည် လက်ကိုင်ပဝါကလေးကို လှုပ်၍ ပြလေ၏။ ရီရီမှာ မျက်နှာကလေးနီလျက် မျက်ရည်ကလေး လည်လည်နှင့် ပါသွားလေ၏။ အတန်ကြာသောအခါ ရီရီသည် ရထားပြတင်းပေါက်မှ ခေါင်းပြူကာ နောက်ဆုံးသော ကြည့်ခြင်းဖြင့် မောင်နေဝင်းကို မြင်အောင်

ကြည့်လေ၏။ မောင်နေဝင်းသည်ကား လက်ကိုင်ပဝါကလေးကို မျက်နှာသို့ကပ်ကာ နမ်းရှုပ်ပြလေ၏။ ထို့နောက် လမ်းအကွေ့တွင် ပျောက်၍ သွားလေ၏။

မောင်နေဝင်းသည် လက်ကိုင်ပဝါကလေးကို နမ်းလိုက်သောအခါ မွှေးကြိုင်သော ပေါင်ဒါနံ့ကိုရလျက် ရင်ထဲမှာ လှိုက်ခါဖို၍ သွားပြီးလျှင် မိမိ၏ရှေ့၌ ရီရီနှင့် ခြားနား၍ထားသော ကြီးစွာသော ပင်လယ်ကြီးကို ထင်မြင်ကာ ရီရီ ... ရီရီ ရီရီကိုဖြင့် ဤဘဝမှာ တွေ့ရပါတော့မလားဟု တွေး တောမိလေ၏။ ကျောင်းကို သွားသောအခါ အခါတိုင်းကဲ့သို့ ရီရီကို တွေ့ရ တော့မည် မဟုတ်ကြောင်း တွေးမိသောအခါ မိမိ၏ စိတ်နှလုံးတွင် ကြီးလှ စွာသော ပိဿာလေးကြီးကို တက်ချိ၍ ဆွဲထားသလို လွန်စွာမှ လေးလံ ပင်ပန်းပြီးလျှင် အလွန်တရာ ငြီးငြင်ဖွယ် ဖြစ်တော့မည့်နေ့များကို ကြိုတင် တွေးတောကာ စိတ်အားလွန်စွာငယ်လျက် ခေါင်းငုံ့ကာ မြေကို ကြည့်ရင်း အိမ်သို့ တဖြည်းဖြည်း ပြန်လာရှာရလေ၏။

ယင်းသို့ ပြန်လာရာ၌ တစ်ဖန် ပူပင်စရာ အရေးတစ်ခုကို တွေး တောမိပြန်လေ၏။ ထိုအရေးသည်ကား အခြားမဟုတ်၊ မတော်တဆ အရိုး ဖြစ်သူ အိပ်ရာက ထနေလျှင် မိမိမှာ ကြီးစွာသော အပြစ်ဖြစ်တော့မည်ဟူ သော စိုးရိမ်ခြင်း ဖြစ်လေ၏။ အိမ်အနီးသို့ ရောက်သောအခါ တစ်စုံတစ် ယောက် နိုး၍နေသလားဟု ပူပင်ဇောနှင့် အိမ်ကို လှမ်းကြည့်လေရာ ကံအားလျော်စွာ မည်သူမျှ နိုးသေးသည့် လက္ခဏာမရှိကြောင်းကို တွေ့ရှိ ရလျက် အတော်ကလေး စိတ်အေးပြီး ငါ ချမ်းသာရာရပြီဟု တွေးတော ကာ အိမ်ကို အပြေးရောက်အောင် ဝင်သွားလေ၏။

အိမ်သို့ရောက်သောအခါ လှေကားထစ်၌ ထိုင်ကာ ရီရီ၏ လက်ကိုင် ပဝါကလေးကို ဖြန့်ကာကြည့်ရင်း ထွေရာလေးပါးတို့ကို တွေးတောကော နေလေ၏။ ထိုလက်ကိုင်ပဝါ၌ နီသော ချည်မျှင်ကလေးနှင့် "ရီရီ" ဟု ထိုး၍ထားသော ပန်းစာလုံးကလေးနှစ်လုံး ရှိလေ၏။



အတန်ကြာစွာ လက်ကိုင်ပဝါကလေးကို ကြည့်နေပြီးနောက် ထို လက်ကိုင်ပဝါလေးကို ရိုသေစွာ ခေါက်ပြီးလျှင် မိမိ၏အိပ်ရာသို့ ပြန်သွား ပြီးနောက် မိမိ၏ အဝတ်အစား ကစားစရာကလေးများနှင့် တိုလီမိုလီထား သော ဖာကလေးထဲသို့ ထိုလက်ကိုင်ပဝါကလေးကို နမ်းရှုပ်ပြီး သေချာစွာ ထည့်၍ထားလိုက်လေ၏။ မောင်နေဝင်းသည် အထက်က နေ့အချိန်၌ ကျောင်း၌ စံ၍ ညနေအချိန် အိမ်သို့ပြန်ပြီး ဆင်းရဲဒုက္ခ ပူပင်ငြိုငြင်ခြင်းကို ခံရ၏။ ယခုမှာ ပြောင်းလဲခြင်းသို့ ရောက်လေ၏။ ထိုပြောင်းလဲခြင်း ဘဝ သည်ကား နေ့အချိန် ကျောင်း၌ငြီးငွေ့လျက် ညအချိန် အိမ်တွင် ညှိုးငယ်စွာ နေရခြင်း ဖြစ်လေ၏။ ရီရီသည် ချစ်ဖွယ်ကောင်းလှသော ငှက်မလေးပမာ နေ့စဉ်နေ့တိုင်း မောင်နေဝင်း၏ နားထဲသို့ တီတီတာတာ စကားကလေး များကို ပြောသဖြင့် လည်းကောင်း၊ အေးမြသော လရောင်အလင်းပမာ ထွန်းလင်းရွှင်ပျ ကြည်လင်လှသော မျက်နှာဖြင့် လည်းကောင်း ကျောင်း၌ မောင်နေဝင်း၏ စိတ်ကို နှစ်သိမ့်စေ၏။ နေ့လယ်အချိန် ကျောင်းလွှတ် သည့်အခါ ယခုမှာ နေ့ခင်းအချိန် ကျောင်းလွှတ်လျှင် ထိုကဲ့သို့ မပျော်ရသဖြင့် မောင်နေဝင်းသည် တစ်ရံတစ်ခါ ကမ်းနားဘက်သို့ တစ်ကိုယ်တည်း ထွက်ကာ အထက်ထက်က နှစ်ယောက် သွားလာဖူးသည့် နေရာများတွင် ရပ်ကာ ငေးမောလျက် ရီရီတို့၏ ဒေသသည် အဘယ်ဘက်မှာ ရှိပါ သနည်းဟု ပင်လယ်ဘက်သို့ ရော်ရမ်းကာ ကြည့်မိရှာလေ၏။

တစ်ရံတစ်ခါ မိုးတွေ လေတွေ ကျသည့်အခါ ရီရီကို သတိရလေ၏။ ညနေတွင် ကျောင်းဆင်းသောအခါ ရီရီ နေဖူးသော အတန်းဘက်သို့ လှည့်ကာလျှောက်ပြီးမှ အိမ်ကို ပြန်၏။ သို့သော်လည်း စင်စစ် အမှန်မဟုတ် အတွေးနှင့် ဖြေဖျော်ရခြင်းသည် စိတ်လက်မပြေမှု၍ ပူဆွေးခြင်းကိုသာလျှင် တိုးတက်စေ၏။ မရှိသောအရာကို တမ်းတရခြင်းသည် တမ်းတရသူ၏ စိတ်ကို ဟာင်းလင်းဖြစ်၍ မောစေ၏။ မရသော အစာကို မျှော်ရခြင်းသည် ဝမ်းဗိုက်ကိုတိုး၍ ဟာစေလျက် မွတ်သိပ်ခြင်းကို ပြင်းပြစေ၏။

မောင်နေဝင်းသည် ရီရီကို နေ့စဉ် တွေးမိ၏။ ထိုသို့ နေ့စဉ် တွေးမိသည်နှင့်အညီ စိတ်လက်ဆင်းရဲခြင်း ဖြစ်၏။ လွမ်းဆွတ် တမ်းတခြင်းသည် ငရုတ်သီးနှင့် တူ၏။ အကြောင်းမူကား ငရုတ်သီးကို စားလျှင် စပ်၏။ စပ်သော်လည်း စားချင်ကြ၏။ လွမ်းဆွတ်ခြင်းသည် ချဉ်သီးနှင့်လည်း တူ၏။ ချဉ်သီးကို စားလျှင် သွားကျိန်း၏။ သို့ပါလျက် စားချင်ကြ၏။ ထို့အတူ မောင်နေဝင်းသည် လွမ်းဆွတ်ခြင်းတည်း ဟူသော ချဉ်၊ ငံ၊ စပ်၊ ခါး ရသာများ၌ ပျော်မွေ့နေ၏။ ပျော်မွေ့ခြင်းသည်ကား ဆင်းရဲဒုက္ခခံရခြင်းပေတည်း။

ရီရီ ထံက တစ်နေ့နေ့၌ အကြောင်းကြားနိုးနိုး၊ ဓာတ်ပုံကလေးကို ပို့လိမ့်နိုးနိုး၊ ကိုယ်တိုင်ပြန်၍ လာနိုးနိုးနှင့် မောင်နေဝင်းသည် တွေးတောကာ တနိုးနိုးနေလေ၏။ သို့ကဲ့သို့ တနိုးနိုး နေရခြင်းဖြင့် အိပ်ပျက်၍ ကိုယ်လက်ချုံးသကဲ့သို့ ကိုယ်စိတ်နှစ်ပါးမှာ ကြုံလှီခြင်း ဖြစ်လေ၏။ သို့သော်လည်း ရက်လများသာ ကုန်လွန်ခဲ့၍ တစ်စုံတစ်ရာသော သတင်းကိုမျှ မကြားရ၊ စာတိုပေစကိုမျှ မရ၊ ဓာတ်ပုံလေးကိုမျှ မမြင်ရလေသဖြင့် မောင်နေဝင်းမှာ အလွမ်းရှည်ကြီး လွမ်း၍နေလေ၏။ သို့ဖြစ်သောကြောင့် မောင်နေဝင်း၏ ဘဝသည် ငြိုငြင်ဖွယ်ရာသော အိပ်မက်ကို မက်၍ နေရသော ညဥ့်တာရှည်ခြင်းနှင့် တူလေ၏။

ယင်းသို့ တစ်စုံတစ်ရာမျှသော သတင်းကိုမျှ မရသဖြင့် ရီရီသည် ငါ့ကို မေ့လေပြီလား၊ ရီရီသည် ငါ့ကို သတိမရဘဲ ပျော်ရွှင်စွာနေလေပြီလား၊ တစ်နေ့ မပြတ်မလပ် အမြဲ တွေးတောနေရသူ ဖြစ်သော ငါ့အား တစ်ရံတစ်ခါမှ သတိမရလေရှာသလား၊ ရီရီသည် ထားဝယ်မြို့မှာမှ ရှိပါဦးမလား၊ ရီရီ ကျန်းမာရဲ့လား၊ ရီရီသည် ငါ့ကို အခါခါ ကျေးဇူးပြု၍ ငါ့အား အခါခါ စားစရာတို့ကို ပေး၏။ ငါ၏စိတ်ကို အမြဲချမ်းသာအောင် ပြု၏။ ထိုကဲ့သို့ ပြုပြီးနောက် မေ့၍ နေ၏။ ကျေးဇူးအပြုခံရသူက မမေ့နိုင်၊ ဘယ်အခါကျမှ တွေ့ရပါမည်နည်း ... စသည်ဖြင့် အဖန်ဖန် အခါခါ



တွေးတောရှာလေ၏။ ရီရီသည်ကား ဝေးသောအရပ်၌ ဆိတ်ငြိမ်စွာ နေလေသတည်း။

ယင်းကဲ့သို့ ခြောက်လလောက် ဆိတ်ငြိမ်စွာ နေပြီးနောက် တစ်နေ့သ၌ စာသင်နေရာတွင် စာပို့ကုလားတစ်ယောက် ရောက်လာ၍ အထုပ်တစ်ခုကို ဆရာအား ပေးလေ၏။ ဆရာသည် ထိုအထုပ်ကိုကြည့်ပြီး မောင်နေဝင်းကို ခေါ်၍ပေးလေ၏။ မောင်နေဝင်းသည် ရီရီထံက ပို့လိုက်တဲ့ အထုပ်ပဲဟု သိလျက် ရင်ထဲတွင် ဆွေ့ဆွေ့ခုန်ကာ ပြော၍ မဆုံးအောင် ဝမ်းသာလုံးဆို့ပြီးလျှင် အနီး၌ရှိသော ကလေးသူငယ်တို့၏ မေးမြန်းခြင်းများကိုမှ ပြန်လှန်၍ မပြောနိုင်ဘဲ မျက်နှာများ ဝင်းထိန်ကာ၊ လက်များတုန်လှုပ်ကာ နှလုံးထဲက တဒိတ်ဒိတ်မြည်ကာ ထိုအထုပ်ကို ဖြေရှာလေ၏။ အကြောင်းမူကား ရီရီ၏ ဓာတ်ပုံကလေးကို တွေ့ရမည်လား၊ စာကလေး တစ်စောင်တလေကို ရလိမ့်မည်လားဟု တထိတ်ထိတ် နေလေ၏။

အထုပ်ကို ဖြေလိုက်သောအခါ ချောကလက်များ သကြားလုံးများကိုသာ တွေ့ရ၍ စာကို လည်းကောင်း၊ ဓာတ်ပုံကို လည်းကောင်း မတွေ့ရ ‚ သောအခါ ရင်ထဲ၌ ဆို့၍သွားပြီးလျှင် ထိုချောကလက်များနှင့် သကြားလုံးများကို မစားနိုင်ဘဲ အနီးအပါးရှိ ကလေးများအား နည်းနည်းစီ ဝေ၍ ပေးပြီး ကျန်သမျှကို ထိုအထုပ်နှင့်ပင် ပြန်၍ ထုပ်ထားပြီးလျှင် အိမ်ကို ပြန်သောအခါ မိမိ၏ ဖာကလေးထဲ၌ရှိသော လက်ကိုင်ပဝါကလေးနှင့် ထုပ်ကာ ဖာထဲတွင် ထည့်ထားလိုက်လေ၏။ ထိုနေ့မှစ၍ ထိုဖာကလေးသည် အဘယ်အခါမှ မောင်နေဝင်းနှင့် မကွဲဘဲ နေလေသတည်း။

ထို့နောက် အထက်နည်းအတိုင်း သတင်း တစ်စုံတစ်ရာကိုမျှ မကြားရဘဲ ရက်လများသည် တဖြည်းဖြည်း ကုန်လွန်၍ သွားပြန်လေ၏။ နောက်တစ်နှစ်လောက် ကြာသောအခါ မောင်နေဝင်းမှာ ဦးလေးဖြစ်သူ ကွယ်လွန် အနိစ္စရောက်သဖြင့် အရီး ဖြစ်သူက ကျောင်းမှာ ဆက်လက်၍ မထားဘဲ အိမ်မှာ လုံးလုံးကြီး အစေခံဖြစ်လျက် ညီအစ်ကိုတော်ကလေး

များကို ကျောင်းသို့ ပို့လိုက်ခြင်း၊ ကျောင်းက ပြန်၍ ခေါ်ခြင်း၊ ကျောင်းသို့ နေ့လယ်အချိန် လက်ဖက်ရည်များ ပို့ခြင်း၊ အိမ်၌ ချက်ပြုတ် လုပ်ကိုင်ရခြင်း၊ အကျိန်အဆဲ ခံရခြင်း၊ ထမင်း အကြွင်းအကျန်ကို စားရခြင်း၊ အဝတ်အစုတ်အပြတ်ကို ဝတ်ရခြင်း၊ ညဥ့်နက်မှ အိပ်ရခြင်း၊ မိုးမလင်းမီ အိပ်ရာမှ ထရခြင်း၊ ဈေးကိုသွားရခြင်း၊ ဈေးဖိုးပိုက်ဆံ တိတ်တဆိတ် သုံးစွဲသည် ဆို၍ အရိုက်ခံရခြင်း၊ လူမိုက်၊ လူအ၊ လူနုံ၊ လူဆိုး၊ အုံ့ပုန်းမျိုး ဟူ၍ အပြောခံရခြင်းတို့ဖြင့် ရက်လများကို ကုန်လွန်စေပြီးနောက် မောင်နေဝင်းသည် တဖြည်းဖြည်း လူပျိုကလေးတစ်ယောက် ဖြစ်လာလေ၏။

လူပျိုကလေး ဖြစ်၍လာသော်လည်း အခြား လူပျိုကလေးများကဲ့သို့ မဝတ်ရ၊ အသက်မွေးမှုပညာ ဟူ၍လည်း တစ်စုံတစ်ရာမျှ မတတ်မြောက်သဖြင့် လူလားမြောက်သင့်သော အရွယ်၌ လူလား မမြောက်ဘဲ စိတ်မကျေမနပ်သော မျက်နှာထား၊ အမြဲ စိတ်ဆိုး၍နေသော အမူအရာနှင့်သာ နေရသောကြောင့် အမှန်စင်စစ် ဆိုးသွမ်းမည်ဖြစ်သော လူကလေး တစ်ယောက်ကဲ့သို့ မှတ်ထင်ရ၏။ စင်စစ်အားဖြင့်လည်း ဆိုးသွမ်းစွာ ပြုမူခြင်းကို ခံရသူတို့သည် စိတ်လက် မကျေမချမ်းခြင်းကြောင့် ကမ္ဘာလောကကြီး တစ်ခုလုံးကို မုန်းထားကာ ကလဲ့စားချေချင်လျက် တစ်စတစ်စ အဆိုး စိတ်တွေ ပေါ်၍ လာရလေ၏။

မောင်နေဝင်းသည်လည်း အရွယ်ရောက်သဖြင့် မိမိ အရီးအိမ်မှ လွတ်မြောက်ပြီးလျှင် ရောက်မိရောက်ရာ ကိုယ့်ထူးကိုယ်ချွန် ရှာကြံကာ အသက်မွေးမှုပညာလည်း မရှိရှာ၊ စိတ်သဘောမှာလည်း အရီး၏ မုန်းထားစွာ ပြုမူခြင်းကြောင့် အဆိပ်ခတ် စွန်းငြိသောသူ၏ စိတ်ကဲ့သို့ ဖြစ်လျက် အဘယ်သို့သောအဖြစ်သို့ ရောက်ရှာသည်ကို နောင်အခါ မောင်နေဝင်းနှင့် ကျွန်ုပ်တို့ တစ်ဖန်ပြန်၍ တွေ့ကြရသည့်အခါ သိကြရဖို့ ရှိလေ၏။

□

## အခန်း (၆)

ရန်ကုန်မြို့ လူထူထပ်သော လမ်းတစ်လမ်း၌ သုံးထပ်တိုက် တစ်တိုက်ပေါ်ရှိ ကျဉ်းမြောင်းသော အခန်းတစ်ခုထဲတွင် အခင်းမရှိသော စားပွဲထက်ပေါ်၌ လက်ဆွဲမီးအိမ်တစ်ခုသည် မလင်းသော အရောင်ဖြင့် အမှောင်ကို ဖယ်ရှားရန် အားထုတ်၍ နေရှာလေ၏။ ထိုအခန်း၌ လှပစွာ ဆင်ယင်သော ခန်းဆီးများ မရှိသည်ကို လည်းကောင်း၊ ကျပ်ခိုးများနှင့် ပင့်ကူအိမ်များ စွဲကပ်၍နေသော မိန်းမ ရုပ်ပုံကား အနည်းငယ်တို့ကို လည်းကောင်း၊ ကုလားထိုင် အစုတ်အပြတ်များကို လည်းကောင်း ထောက်၍ ကြည့်လိုက်သော် အိမ်၏ ကျက်သရေဟု ဆိုအပ်သော အိမ်ရှင် မိန်းမ မရှိ၊ ယောကျ်ားများသာ ရှိကြောင်းကို သိရှိရလေ၏။

ထိုအခန်းထဲ၌ အိမ်ရှေ့ခန်းဘက်သို့ ကြည့်လိုက်သောအခါ ဖယောင်းတိုင်ကို ထွန်းကာ ကိုးမီးရိုက်၍ နေကြသော လူသုံးယောက်ကို တွေ့ရှိနိုင်လေသည်။ ထိုလူသုံးယောက်တို့သည် အသက်နှစ်ဆယ်၊ နှစ်ဆယ် ကျော်ခန့် ရှိကြ၍ စွပ်ကျယ်အင်္ကျီ၊ ရှပ်အင်္ကျီများကို ဝတ်ကာ ဆံပင်များကို ကော့နေအောင် ခွဲ၍ ထားလေ၏။ အခန်းတစ်ခုလုံး၌ နံသော အနံ့သည်ကား စီးကရက်နံ့ ဖြစ်သောကြောင့် နေချင်သလိုနေ၊ သုံးချင်သလို သုံးရနိုင်သော နည်းနှင့် ရှာဖွေကာ အသက်မွေး၍ နေကြကြောင်း သိရလေ၏။

ငင်း လူသုံးယောက်မှာ အလုပ်အကိုင် ဟူ၍ သေချာစွာ မရှိ။ မရှိလျှင် လမ်းလျှောက်၊ ရှိလျှင် ဆိုင်ဝင်၊ ပျင်းလျှင် ဖဲရိုက်၊ အလိုက်သင့်နေကြသော လူပျို သုံးယောက် ဖြစ်လေ၏။ ငင်းတို့၏ အနေအစားမှာ လွန်စွာကြမ်းတမ်းလျက် ထိုအိမ်ခန်းကို အိပ်ဖို့ရန်မျှသာ အသုံးပြုကြ၍ အခန်းကိုမည်သူကမျှ ဂရုပြုကာ သုတ်သင်ရှင်းလင်းရန် သတိမရကြသော်လည်း မိမိတို့ကိုယ်ကိုမူ များစွာပြုစုလျက် အိမ်ပေါ်မှဆင်း၍ သွားလာလည်ပတ်သည့်အခါ စာရေးကြီးတွေ မှတ်ထင်ရလေ၏။ အင်္ဂလိပ်စကားကို အတော်အတန် နားလည်ကြ၏။ ပါးရေနပ်ရေ များစွာရှိသည့်ပြင် ထက်မြက်သော ဉာဏ်စွမ်းဉာဏ်စ တစ်နည်းစီ ရှိကြ၏။

သတင်းစာကို နေ့စဉ် ဝယ်၍ ဖတ်ကြသောကြောင့် ရန်ကုန်မြို့၌ ဖြစ်ပျက်သမျှကို သိကြ၏။ စီးပွားဥစ္စာကို တရားသဖြင့် လုပ်ကိုင်ရှာကြံလိုကြလျှင် ရှာကြံနိုင်သော စွမ်းရည်သတ္တိ မကင်းကြချေ။ စင်စစ်အားဖြင့် ရန်ကုန်မြို့သည် လွန်စွာကြီးသော မြို့ကြီး မဟုတ်သဖြင့် ငင်းမြို့ရှိ အရပ်ရပ်သော လုပ်ငန်းများကို အတော်ပင် နားလည်ကြလေသည်။ စင်စစ်အားဖြင့်လည်း တစ်ယောက်မှာ ကားမောင်းအတတ်ကို တတ်၏။ တစ်ယောက်က စာရေးစာချီ လုပ်ဖူး၏။ တစ်ယောက်မှာ ပွဲစားအလုပ်များကို နားလည်၏။ ငင်းပွဲစားအလုပ်ကို နားလည်သူမှာ ခိုကိုးရာမဲ့သောသူ ဖြစ်သောကြောင့် စပါးပွဲစား ကုန်သည်များထံ ကပ်ရပ်လုပ်ကိုင်ခဲ့ရာ အမျိုးသားအချင်းချင်း ကြီးပွားသင့်သလောက် ကြီးပွားအောင် ထောက်မလိုသူ ဆရာသခင်တို့နှင့် မတွေ့ရသောကြောင့် လူသတ္တဝါတို့နှင့် လူ့ပြည်ကို စိတ်နာကာ ဤသုံးထပ်တိုက်ပေါ်တွင် မြင့်မြတ်သော အဆိုပါ အဖော်နှစ်ယောက်တို့နှင့် အသက်ကို ကြံစည်၍ မွေးနေလေ၏။ ပုလိပ်များမေးသည့်အခါ သုံးယောက်စလုံး ပွဲစားများ ဖြစ်ကြလေ၏။ အမှန်အားဖြင့်လည်း တစ်ယောက်မှာ အခန့်သင့်သည့်အခါ ပွဲများ ပြတ်တတ်လေသည်။ အဖော်နှစ်ယောက်မှာ ပွဲစားဟူ၍ မပြောလျှင် စာရေးဟူ၍ ပြောပြရန် အခြေအနေ



မရှိသောကြောင့် ပွဲစားဟု ပြောကြရခြင်း ဖြစ်လေသည်။ ပုလိပ်များ မမေးသည့်အခါ သုံးယောက်စလုံ ဓားမြှောင်တစ်စင်းစီနှင့် လူရှုပ်သောလမ်းများတွင် ညဉ့်အခါ လမ်းလျှောက်တတ်ကြလေ၏။

မြန်မာလူမျိုး ယောကျ်ား မိန်းမတို့သည် ရွှေငွေစိန်ကျောက် ဝတ်ဆင်ခြင်းကို လွန်စွာ မက်မောကြသဖြင့် ငင်း လူသုံးယောက်တို့မှာ အသက်မွေးချောင်၍ နေလေ၏။ တစ်ရံတစ်ခါ ရွှေနာရီနှင့်လာသော ဒိစတြိတ်နယ်သား တစ်ယောက်ကို ညဉ့်အခါ လမ်းခရီးတွင် တစ်ဖက်တစ်ချက်စီ ညှပ်ကာ ဆေးလိပ်မီးကပ်၍ ညှိတတ်၏။ တစ်ရံတစ်ခါ လက်ဝတ်လက်စားနှင့် လံခြားစီးလာသူတို့ကို ရပ်စေပြီးလျှင် ညဉ့်အခါ လက်ဝတ်လက်စားနှင့် လာရသလားဟု အပြစ်တင်ဆိုကာ ပစ္စည်းများကိုယူ၍ သိမ်းဆည်းတတ်ကြ၏။ ထိုကဲ့သို့ ပြုလုပ်သည့်အခါ စကားကို နားမထောင်ဘဲ ကလန်ကဆန်ပြုသူ တစ်စုံတစ်ယောက်နှင့် တွေ့လျှင် ဓားမြှောင်သည် လွန်စွာအသုံးကျ၏။ ပုလိပ်များသည်ကား ထို ဂုဏ်သရေရှိ ပွဲစားကြီးသုံးယောက်အပေါ်၌ စိတ်လက်များစွာ မချသဖြင့် သားသမီးကို ဖခင်များ စောင့်ရှောက်သလို မျက်စိအောက်မှ မပျောက်ကြရအောင် စောင့်ရှောက်လျက် နေကြရလေ၏။ သို့သော် ငင်းသားများသည် အတော်ပင် လိမ္မာသူများ ဖြစ်ကြသဖြင့် ဆုံးမပဲ့ပြင်ရန် အခွင့်ကို မရကြချေ။

ထိုလူသုံးယောက်အနက် တစ်ယောက်သောသူသည် အလှည့်တိုင်း အပွင့်ဆုတ်၍ ဟာ ... ဒီနေ့ညဉ့် ဟန်မကျပါဘူး၊ ဖေ့သားက ညှံ့နေတယ်ထင်ပါရဲ့၊ ကစားလို့ တယ်ပြီးမပျော်ပါဘူးဟုပြောကာ ဖဲများကို ပစ်ချလေ၏။ အဖော်နှစ်ယောက်သည်လည်း ဖဲများကို ပစ်ချကာ စီးကရက်များကို ထုတ်ညှိကြလေ၏။

ထိုအတွင်း တစ်ယောက်က "ဘယ့်နှယ်လဲ ကိုရင်တို့ရဲ့၊ အခုတလော အလုပ်အကိုင်ကလေးများ တယ်ပြီး အခွင့်အလမ်း မတည့်ချင်ပါလား။ ဘယ်မှာမှ လမ်းစလမ်းန မတွေ့ကြဘူးလား" (အလုပ်ဟု ဆိုသည်မှာ

လုယက်ခြင်းကို ဆိုလိုသည်) တစ်ယောက်က “အခါမကောင်းဘူး။ တောကလူတွေ အရောက်အပေါက်နည်းတယ်၊ ဆင်းရဲသားများလည်း အတော်ကြပ်တည်းရှာကြလေတော့ တို့များကိုလာပြီး များများကြီး မမျှနိုင်ကြရှာဘူး။ ကိုနေဝင်းက ဘယ်လိုသဘောရသလဲ” ထိုအခါ ကိုနေဝင်းက “ငါတော့ အစကတည်းက ဒီအလုပ်မျိုးကို ဝါသနာမပါဘူး၊ အရင်ကလို ပွဲကလေးဘာကလေး ပြတ်နေတာ ကောင်းတယ်ထင်ပါရဲ့၊ မင်းလည်း တိုက်တစ်ခုခုမှာ အလုပ်အကိုင်ကလေးများရှာပြီး စာရေးပဲ ဝင်လုပ်ပါတော့ သူငယ်ချင်းရယ်” ဟု ပြောပြီး အခြားတစ်ယောက်ဘက်သို့လှည့်ကာ “မင်းလည်း မော်တော်ကားပြင်တဲ့ တိုက်တစ်ခုခုကို ပြန်ဝင်ရင် အခုထက်နေရာကျမယ်။ ငါ့မှာတော့ အသက်မွေးမှုပညာ တစ်ခုမှမရှိလို့ ဒီလို လုပ်နေရတာ၊ အရောင်းအဝယ်များကလည်း တယ်ကြီး မကောင်းလေတော့ ဖြတ်စားလျှပ်စား အလုပ်ကလည်း မဟန်ဘူး သူငယ်ချင်းတို့ရဲ့။ ငါတော့ တောသွားပြီး စာရင်းငှားသာလုပ်နေချင်တော့တာပဲ”

ထိုအခါ တစ်ယောက်က “မင်းပြောတာ ကောင်းတော့ ကောင်းပါရဲ့၊ လောကမှာ တရားသဖြင့် ရှာကြံပြီးစားလို့ အင်မတန် ကျပ်တည်းတယ်။ အလုပ်ကောင်းတဲ့လူကို အခကောင်းပေးချင်ကြတဲ့ ကာလ မဟုတ်ဘူး။ ငွေကြေးရှိတဲ့သူတွေက ငါစားချည်း ကြံကြတာနဲ့ မင်းတို့ ငါတို့လို ပညာနဲ့ လုပ်စားကြတဲ့လူများမှာ ဝမ်းခါးလှဖို့ရန် အင်မတန်ပဲခက်တယ်။ သည်တော့ တရားသဖြင့် လုပ်ကိုင်ရှာဖွေတဲ့လူများကို မပေးချင် မကမ်းချင်တဲ့ လူများထံက ပစ္စည်းများကို လုစားရတော့တာပဲ”

နေဝင်းက “လောကမှာ ရိုးရိုးတန်းတန်း ဝီရိယနဲ့ လုပ်ကိုင်စားရင် တစ်ဝမ်းတစ်ခါးတော့ ရတာပါပဲ။ မင်းတို့ ငါတို့လို တထိတ်ထိတ် တလန့်လန့်နဲ့တော့ မနေရပေဘူး သူငယ်ချင်းရဲ့ ... အခုမှာ အလုပ် မလုပ်ချင်ကြသည့်အတွက် စိတ်လက်မအေးသည့်ပြင် မတော်တဆ မင်းဘေးဒဏ်သင့်ပြီဆိုမှဖြင့် အလုပ်မလုပ်ချင်တဲ့ လူစုမှာ ကျွန်လို လုပ်ကြရလိမ့်မယ်။



နံပါတ်တုတ်နဲ့ အရိုက်ခံပြီး အလုပ်ကို နှားလိုရုန်းကာ လုပ်ရတာထက် စိတ်လက်အေးချမ်းစွာ ကိုယ်ရဖို့ကို အေးအေးလုပ်ကိုင်ရတာက ပို၍မြတ်တယ် မဟုတ်လား သူငယ်ချင်းရဲ့၊ ဒါထက် ၃၆ လမ်းမှာ တစ်နေ့ညက လုယက်မှုဖြစ်တာနဲ့ ပတ်သက်လို့ မင်းတို့ ငါတို့ ဘာဖြစ်မယ်ဆိုတာ သိကြရဲ့လား။ ပုလိပ်က တို့ကို မသင်္ကာဘူး၊ နောင် ထစ်ခနဲရှိရင် အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်နေကြလိမ့်မယ်၊ ဒီတော့ မင်းတို့ ငါတို့မှာ မတတ်သာ ခပ်ခွာခွာနေကြဦးစို့ရဲ့ဆိုတာလို စခန်းသိမ်းပြီး အလုပ်ကလေး အကိုင်ကလေးများရအောင် ရှာကြမှတော်မယ်၊ အခုလိုချည်းနေကြရင် ဘေးတွေ့ကြလိမ့်မယ်၊ အထက်ထက်ကလို ကာလများလည်း မကောင်းဘူး၊ သာသာယာယာလည်း မရှိဘူး၊ ပုလိပ်များကလည်း ခုတစ်လော အင်မတန် ပူနေတယ် ဆိုတာကို မင်းတို့အသိသားကပဲ”

ထိုအခါ တစ်ယောက်က “ဟုတ်တယ် သူငယ်ချင်းရဲ့ ... နေဝင်း ပြောတာမှန်တယ်၊ စခန်းသိမ်းပြီး ကိုယ်ရှိန်သတ်နေကြဦးမှတော်မယ်” ဟု ပြောလေရာ တစ်ယောက်က “ဒါတော့ ကိုရင်တို့ သဘောပေါ့လေ။ ငါ့မှာတော့ တယ်ပြီး ဝန်မလေးပါဘူး၊ ထောင်ဆိုတာကိုလည်း အရောက်ဖူး အပေါက်ဖူးသားကပဲ၊ ကိုယ့်ဘာသာကိုယ် ရှာစားရတာထက်တော့ မပူရ မပင်ရ၊ ဘုရင်မင်းမြတ်ကျွေးတဲ့ ထမင်းကို စားရတာ ပိုပြီး အေးတယ်လို့ အောက်မေ့တာပဲ။ မင်းတို့သဘောရှိရာသွား၊ သဘောရှိရာကြံ၊ သဘောရှိရာလုပ်။ ငါ့မှာတော့ ငါ့ကောင်မကြီးဆီ ပြန်ကပ်ပြီး ညဇာတ်ကို ခင်းနေတော့မှာပဲ၊ သို့သော် အကြောင်းရှိရင် တစ်ယောက်ကို တစ်ယောက် ကူညီကြဖို့ မမေ့ကောင်းဘူး သူငယ်ချင်းတို့ရဲ့” ဟု ပြောလေ၏။

ထို့နောက် ဂုဏ်သရေရှိ လူကြီးလူကောင်း သုံးယောက်တို့သည် နေရာမှထ၍ “ကိုင်း ... ညဈေး သွားကြရအောင်” ဟု ပြောပြီး ကောင်းစွာ ဝတ်စားကြပြီးလျှင် အခန်းကို သော့ခတ်၍ ထွက်သွားကြလေ၏။

❑

## အခန်း (၇)

လောက၌ ကျန်းမာခြင်း၊ ဖြောင့်မှန်ခြင်း၊ ဝီရိယရှိခြင်း၊ ချွေတာခြင်းဟု ခေါ်ဆိုအပ်သော လက်နက် နည်းလမ်းသုံးပါး ရှိကြသော သူတို့သည် ကံကြမ္မာကို အစိုးရကြသော သူတို့ ဖြစ်ကြလေသည်။ ၎င်းတို့၌ ကြီးပွားချမ်းသာ ဖြစ်ဖို့ရန်အတွက် အသက်မွေးရန် နည်းလမ်းပညာ တစ်ခုကိုသာ လို၏။ ထိုပညာကို လုံလောက်စွာ မရသေးမီ အနည်းငယ် ဆင်းရဲငြိုငြင်ခြင်းများသည် အမြဲ မလွတ်နိုင်အောင် ချည်နှောင်သော ထိတ်သံကြိုးများ မဟုတ်သဖြင့် မကြာမီ လွတ်မြောက်ရမည် မလွဲဧကန် ဖြစ်လေ၏။ အသက်မွေးရာမွေးကြောင်း ပညာများမှာလည်း မည်သည့် ပညာမဆို သုံးနှစ် ငါးနှစ်မျှ သင်ကြားလျှင် ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းနိုင်လေသည်။

မောင်နေဝင်းသည် ထိုအကြောင်းကို ကောင်းစွာသိသူ ဖြစ်သောကြောင့် လူပျိုလူရွယ်ပင် ဖြစ်စေကာမူ ခြိုးခြံစွာ ဝတ်စားလျက် အလုပ်ကို ကြိုးကုတ်စွာ လုပ်စပြုလေ၏။ ဆိုးသွမ်းသော အဖော်များသည်ကား အဘယ်ကို ရောက်ကြမည် မသိရချေ။ ပျက်လျှင်အစဉ် ပြင်လျှင် ခဏ ဆိုသော စကားအရ မကောင်းသော မိတ်ဆွေများနှင့် ပေါင်းသင်းလျက် ပျက်စီးသော ဘဝသို့ ရောက်ခဲ့သော်လည်း ခရီးလမ်းမလွန် အရွယ်လည်း မကုန်သေးသူ ဖြစ်ရကား မိမိ၏ အခြေအနေကို ကောင်းစွာ သတိရလျက်



မကောင်းသော အဖော်တို့ကို နောက်ထပ်၍ မတွေ့ရအောင် ရှောင်ရှားကာ တစ်ခုသော ပန်းထိမ်ဖိုတွင် အလုပ်သင်ရင်း အခိုင်းအစေကို ခံ၍နေလေ၏။

ထိုကဲ့သို့ နေရာတွင် အဝတ်အစားများမှာ လဲလှယ်ရုံမျှသာရှိရာ လုံချည်အဝတ်တို့မှာ "ဟောဒီတစ်ထည်၊ ဒီတစ်ထည်၊ ဖာထဲတစ်ထည်၊ ဒင်းတစ်ထည်" ဆိုသော စကားအတိုင်း တစ်ထည်ကိုလျှော်၊ တစ်ထည်ကို ဝတ်၊ တစ်ထည်ကိုခေါက်၍ ထားရလေ၏။ သို့ပင် ဆင်းရဲငြားသော်လည်း မောင်နေဝင်းကိုယ်၌ အဘယ်အခါမျှ မသန့်မရှင်းသော အဝတ်ကို မတွေ့ရသည်မှာ ဆင်းရဲခြင်းနှင့် သန့်ရှင်းခြင်းသည် ဝိရောဓိ မဟုတ်ကြောင်းကို သိရလေသတည်း။

ရန်ကုန်မြို့ အနောက်ပိုင်း ထင်ပေါ်ကျော်စောသော ပန်းထိမ်ဆရာကြီး ဦးကင်းသည် တပည့်လက်သား အမြောက်အမြားတို့နှင့် ရွှေထည်၊ ငွေထည်၊ ကျောက်ထည် မကျန်အောင် တွင်ကျယ်စွာ လုပ်ကိုင်ရောင်းချ၊ ထင်ပေါ်ကျော်စောသူ တစ်ယောက် ဖြစ်လေ၏။ ၎င်းဆရာကြီး ဦးကင်းသည် လွန်စွာ ဖြောင့်မတ်ဖြူစင်သော စိတ်သဘောရှိလျက် အများလူတို့၏ ယုံကြည်ခြင်း ခံရသည့်ပြင် များစွာသော တပည့်တို့၏ ကြည်ညိုလေးမြတ်ခြင်းကို ခံရသူတစ်ယောက် ဖြစ်လေ၏။ မောင်နေဝင်းသည် ထိုဆရာကြီး၏ထံတွင် တပည့်ခံကာ ခိုင်းစေသမျှ ခိုင်းသမျှကို လုပ်၍ နေလေ၏။

ဆရာကြီး ဦးကင်းသည်ကား မောင်နေဝင်း၏ အကြောင်းကို ကောင်းစွာ မသိမီက ခပ်ချာချာကလေး စေခိုင်း၏။ နောက် တဖြည်းဖြည်း ရိုးသားဖြောင့်မတ်သော စိတ်ရှိကြောင်းကို သိသောအခါ ရွှေငွေရတနာတို့ကို ကိုင်စေလျက် ပညာကို ကြိုးစား၍ တတ်မြောက်အောင် လုပ်ကိုင် သင်ကြားနိုင်ရန် အချိန်ကိုပေးလေ၏။

မောင်နေဝင်းသည် လူဆိုးများနှင့် နေခဲ့စဉ်က အနည်းငယ် ဆိုးသွမ်းသော အမှုများကို ပြုခဲ့မိပေလိမ့်မည်။

သို့သော်လည်း နောင်အရှည်ကို မျှော်၍ သံဝေဂရသည့်အခါ မူလ စိတ်ရင်း လွန်စွာညံ့ဖျင်းသူ မဟုတ်သောကြောင့် မိမိ၏စိတ်ကို ကောင်းစွာ နိုင်လျက် လူကောင်းတစ်ယောက် ဖြစ်၍ နေလေ၏။

ယင်းကဲ့သို့နေလေရာ တစ်နှစ်ကျော်ခန့် ကြာသောအခါ အလုပ် အတော်အတန် နားလည်လျက် အတော်အတန် သုံးစွဲဖို့ရန် ဆရာက ချီးမြှောက် သဖြင့် အသွေးအမွေး အတောင်အလက် အတော်ကလေး တောက်ပြောင်၍ လာလေ၏။

သို့ပင် တောက်ပြောင်၍ လာသော်လည်း စိတ်လက် ပြောင်းလဲခြင်း မရှိ၊ ဆရာသမားကို မိဘသဖွယ် ရိုသေလျက် ဝတ်ကြေအောင် အမြဲပြုလုပ် လေ့ ရှိလေ၏။

လူပုံလူသွေးမှာလည်း တိုး၍ ခံ့ညားလျက် အရုပ်အမောင်း ကောင်း၍ လူလုံး လူထယ် ဖြောင့်စင်းပြီးလျှင် ယဉ်ကျေးလှပသူတစ်ယောက် ဖြစ်၍ လာလေ၏။ ဆရာကောင်း၏ တပည့် ဖြစ်သောကြောင့် အပြောအဆို အမူ အရာမှ စ၍ အစစအရာရာ၌ လွန်စွာ ဖော်ရွေလျက် ဂုဏ်သရေနှင့် ပြည့်စုံ သော ယောကျ်ားတစ်ယောက် မားမားကြီး ဖြစ်၍ လာလေ၏။ သို့သော် လည်း မောင်နေဝင်းမှာ အခြား အလုပ်သားကလေးများကဲ့သို့ မိမိ၏ ကိုယ်ကို အခါခပ်သိမ်း လှပအောင် ပြုပြင်၍နေသူ မဟုတ်။ သစ်လွင်သော အဝတ်များကို အရေးရှိမှ ဝတ်တတ်သော သူတစ်ယောက် ဖြစ်လေရကား မိမိမှာ လှသလောက် မထင်ရှားချေ။ သို့သော်လည်း ၎င်း၏ ကြည်လင် တောက်ပသော မျက်လုံး၊ ဖြူစင်သော မျက်နှာ၊ ညီညာသော သွား၊ ထင်ပေါ် သော နှာတံ၊ ရှည်လျားသော ဆံပင်တို့မှာ အသေအချာ ကြည့်ပြီးလျှင် ပန်းချီ၊ ပန်းပုတို့ နမူနာယူလောက်သော ရုပ်ဆင်းကြန်အင် ဖြစ်လေ၏။ ၎င်း၏ အဖော်ဖြစ်သော လူဆိုး ဘသော်နှင့် ဘကျော်တို့ အပေါ်၌ အထက် ထက်က အခါခါ သြဇာရှိခဲ့သည်မှာလည်း ယောကျ်ား ပီသသော အသံနှင့် ကိုယ်ဟန်ကြောင့်ပင် ဖြစ်လေ၏။



ဆရာကြီးဦးကင်းသည်လည်း မောင်နေဝင်း၏ ရုပ်ရည်ဟန်ပန် စိတ်ဉာဏ်အစွမ်းတို့ကို လည်းကောင်း၊ ဆရာ၏ အလိုကို သိတတ်သူ ဖြစ်သောကြောင့် တစ်ကြောင်း၊ များစွာ အလေးဂရုပြုလျက် မညှိုးငယ်ရအောင် ထားလေ၏။ အခါများစွာသော ရတနာ စိန်ကျောက်တို့ကို အခြားကုန်သည် များထံသို့ လည်းကောင်း၊ အပ်ထားသူ အထည်ရှင်ထံသို့ လည်းကောင်း သွားရောက် ပို့ရ၏။ အခါများစွာမှာလည်း စိန်ထည် ကျောက်ထည်တို့ကို ပြောဆို ရောင်းချသဖြင့် ပွဲခ ရသည့်အခါ မိမိ မသုံးစွဲဘဲ ဆရာကိုသော် လည်းကောင်း၊ ဆရာကတော် မရွှေ၏လက်သို့ လည်းကောင်း ပေးသဖြင့် ၎င်းကို တူရင်း သားရင်းပမာ ခင်မင်လျက် (တစ်ဦးမေတ္တာ တစ်ဦးမှာ) ဆိုသော စကားအရ အပြန်အလှန် ချစ်ခင်ကြလေ၏။ ဆရာကတော် မရွှေ သည်လည်း မောင်နေဝင်း အဝတ်အစား မညှိုးနွမ်းရအောင် ထားလေ၏။ ထို့ပြင် မောင်နေဝင်း၏ စိတ်နေသဘောထား ကောင်းမြတ်သည်ကို ယုံကြည် ကြလျက် မောင်နေဝင်း လည်ပတ်သွားလာသည့်အခါ အဘယ်ကို သွားနေ သနည်း။ အဘယ်ကြောင့် သွားသနည်း။ အဘယ်ကြောင့် အလုပ်ကို ကောင်းကောင်း မလုပ်သနည်း။ သည်မေးခွန်းမျိုးကို မမေးဘဲ စိတ်ငြိုငြင် ဆင်းရဲခြင်းဖြင့် မိမိ ရှေ့ဘဝက မိဟောင်းဘဟောင်းနှင့် တွေ့ရသကဲ့သို့ လွတ်ကင်းချောင်ချိစွာ ကိုယ့်အိမ်ရာကဲ့သို့ ပိုင်စိုးပိုင်နင်း နေရလေ၏။

မောင်နေဝင်းသည် မထင်ရှားသူ တစ်ယောက် ဖြစ်သော်လည်း လူ့ဘဝတွင် ထင်ရှားသော အခြေအနေသို့ ရောက်လိုသော ဆန္ဒသည် လွန်စွာ ကြီးလျက် ငယ်စဉ်ကပင် ပညာကို ကောင်းစွာ မသင်ခဲ့ရခြားသည် လည်း ကုန်တွက် စည်တွက် ရွှေတွက် ကျောက်တွက် စသည်တို့ကို မိမိ ဘာသာ စာအုပ်များကို ဝယ်ယူဖတ်ရှု သင်ကြားသဖြင့် ကောင်းစွာ တတ် မြောက်သူတစ်ယောက် ဖြစ်လေ၏။ ၎င်းအပြင် ခေတ်ကာလ ပညာတို့ သည် အဘယ်မျှလောက် အသုံးဝင်သည်ကိုသိလျက် အင်္ဂလိပ်စာအုပ်များ ဝယ်ယူသင်ကြားတတ်သူတို့ကို ရံဖန်ရံခါ အားထားမေးမြန်းခြင်းဖြင့်

ယခုအခါ အင်္ဂလိပ်စာ အပြောအဆို အရေးအသားမှာ ခုနစ်တန်း ရှစ်တန်း သာသာကလေးမျှ တတ်မြောက်လေ၏။ မိမိ၏အဖော် လူဆိုးများနှင့် ကွဲ၍ နေသည်မှာ သုံးနှစ်ခန့် ကြာလေသတည်း။

ထိုသုံးနှစ်အချိန်သည် မိမိကို လူလားမြောက်စေသောအချိန် ဖြစ်၍ ဆရာသမားကို လွန်စွာ ကျေးဇူးတင်၏။ မိမိ၏စိတ်သည်လည်း ရှေးအထက်ထက်ကနှင့်မတူ ပြောင်းလဲခြင်းကြီးစွာ ဖြစ်လေ၏။ ရှေးအထက်ကျော်ကာလက ငယ်ရွယ်စဉ်အခါမှစ၍ မိမိအပေါ်၌ ချစ်ခင်ကြင်နာသူနည်းပါး၍ ကမ္ဘာလောက တစ်ခုလုံးကို မုန်းထား၏။ ယခုမှာ ဆရာကင်းနှင့် ဆရာကတော် မရွှေတို့၏ ကြင်နာခြင်း ကျေးဇူးဖြင့် လူပြည်၌ လူကောင်းတစ်ယောက် ဖြစ်မြောက်နိုင်ပေပြီ ဟူသော ကျေးဇူးကို တွေးတောကာ လူအပေါင်းတို့အပေါ်၌ ချစ်ခင်သောစိတ် ရှိလေ၏။ သို့ လူမြင်လျှင် ချစ်တတ်သောကြောင့် အများမိတ်ဆွေ သူငယ်ချင်းတို့၏ ချစ်ခြင်းကိုလည်း များစွာခံရသူတစ်ယောက် ဖြစ်လေ၏။

တစ်နေ့သ၌ ဆရာကင်းသည် စိန်ဝယ်လိုသူ မင်းကတော် တစ်ယောက်ထံသို့ မောင်နေဝင်းကို စိန်များနှင့် လွှတ်လိုက်သဖြင့် သုံးထောင်ဖိုးသာသာခန့်ရှိသော စိန်များကို ဆောင်ယူကာ မောင်နေဝင်းသည် မွန်းလွဲအချိန်တွင် ထွက်သွားလေ၏။ သို့သွားရာတွင် ရီရီထံမှရရှိသော လက်ဆောင် စားစရာကလေးများ ထည့်သော ဖာကလေး ကတ္တီပါနားကွပ်ရန်ကြံစည်ရင်းရှိသဖြင့် ထိုဖာကလေးကိုလည်း ယူ၍သွားလေ၏။

မောင်နေဝင်း ထွက်သွားသောအခါ ဆရာကင်း ဆရာကတော်တို့သည် ကျောက်ကုန်သည် ကိုကြံ ဆိုသူနှင့် လက်ဖက်ရည်သောက်ရင်း စကားပြောနေကြလေ၏။

ကိုကြံသည် ကျောက်ကုန်သည် လုပ်သော်လည်း ယုံကြည်သင့်သူ မယုံကြည်သင့်သူတို့ကို ဝေဖန်သိရှိတတ်သူ မဟုတ်။ စင်စစ်အားဖြင့် ကိုယ်ကကျိုး ကိုယ့်ဒူးတောင် မယုံရ ဟူသော စကားကို တစ်ထစ်ချမှတ်



ထားသူတစ်ယောက် ဖြစ်လေရကား ၎င်း၏အလုပ်သည် ကြီးပွားသင့်သလောက် မကြီးပွားဘဲ နေလေ၏။ ၎င်းသုံးဦးသားတို့ စကားပြောကြရာတွင် တစ်စတစ်စ မောင်နေဝင်းအကြောင်း ရောက်သွားကြလေ၏။

ဆရာကင်းက "ဘယ့်နှယ်လဲ ကိုကြံရဲ့၊ ကျုပ်တို့မှာ သားသမီးအထောက်အခံ မရှိတာနှင့် နတ်များမလို့ရတဲ့ သားပါပဲ" ဟု ပြော၏။

ဆရာကတော် "မှန်ပါတယ်ရှင်၊ သူကလေးတစ်ယောက် ရှိပေလို့ အရာရာမှာ မျက်နှာလွှဲရတာပဲ၊ ကျေးဇူးလည်း တင်ပါရဲ့၊ အရင် ရောက်ခါစကတော့ ကျွန်မ တော်ရုံသဘောထားတာပါပဲ၊ အခုတော့ သူ့သဘောကလေးက ဖြူဖြောင့်ပြီး ကိုယ့်ကိုပဲ မိဘလို အားထားရှာလေတော့ သားရင်းလို သဘောထားရတာပါပဲ။ သဘောထားရုံမက အခုတော့ သားရင်းဖြစ်နေပါပြီ"

ကိုကြံက စဉ်းစဉ်းစားစား ခေါင်းညိတ်လျက် "အင်း ... သူငယ်ကလေးက အပြောအဆို အကြံအစည် စိတ်နေသဘောထားကလေး ကောင်းပါရဲ့၊ သို့သော်လည်း ဝမ်းကမလွယ်သားမမယ်တဲ့။ ငယ်ငယ်က နို့တိုက်ပြီး မွေးတာတောင် ကြီးလို့ သားအရင်း မဟုတ်ကြောင်းကိုသိရင် စိတ်ပြောင်းတတ်တယ်၊ ကိတ္တိမသား နို့ပုန်းစားတဲ့။ မောင်နေဝင်းတို့လို ကြီးမှမွေးရတာကိုတော့ ဘာပြောစရာရှိမလဲ။ ခြေနှစ်ချောင်းနဲ့လူဟူးတောင် မကယ်ကောင်းဘူးဆိုတဲ့စကား ရှိတယ်။ သူ့အကြောင်းကို မကောင်းပြောတာ မဟုတ်ပါဘူး။ အယုံအကြည် တယ်ပြီး မလွန်ရအောင် မိတ်ဆွေကောင်းသဘောအတိုင်း သတိပေးလိုက်တာပါပဲ"

ဆရာကတော် ... "သည်လိုပြောတာ ကျေးဇူးတင်ပါရဲ့ရှင်၊ တကယ်ဆိုတော့ သူ့စိတ်ကို သိနိုင်တာ မဟုတ်ဘဲကိုး။ အခုအနေမှာဖြင့် အင်မတန်ကြီး တော်တာပါပဲ" ဆရာကင်း – "တော်ပါတယ်။ ကိုကြံပြောတာလည်း ဟုတ်ပါရဲ့၊ သို့သော်လည်း ကျုပ်သားကတော့ စိတ်ချလောက်တဲ့ သားတစ်ယောက်ပါပဲ" ဟု ပြောလေ၏။

ဆရာကင်းသည်ကား မည်သူ့၌မဆို အကောင်းကို ရှာ၍မရမှ အဆိုးကို မြင်တတ်သူ ဖြစ်လေ၏။ ကမ္ဘာပေါ်၌ ရှိသမျှသော လူတို့ကို မိမိကဲ့သို့ ယုံကြည်သဘောထားတတ်သူ တစ်ယောက် ဖြစ်သောကြောင့် တစ်ကြိမ် နှစ်ကြိမ် အလိမ်အကောက် ခံရဖူးသော်လည်း သတိမရသေး ဖြင့် ကိုကြံ ပြောသောစကားများကို နားမဝင်နိုင်အောင် ရှိလေ၏။

ကိုကြံ– "သည်လို စိတ်ချရတဲ့ သားတစ်ယောက်ကို ရခြင်းဟာ လည်း ကံကောင်းခြင်း၏ အရိပ်နိမိတ်ပါပဲ။ ကျုပ်လည်း ဝမ်းသာပါတယ်။ သို့သော် ... သတိဆိုတာ လွန်တယ်လို့ မရှိနိုင်ဘူး။ ဆရာကင်းကတော့ အကြီးအကျယ် ပျက်စီးလောက်အောင် အလိမ်အကောက် မခံရသေးလို့၊ အခုလည်း ငွေနှစ်သိန်း သုံးသိန်းရှင် ဖြစ်နေလေတော့ တယ်ကြီး ဂရုထား ဟန်မရှိဘူး။ ကိုင်း ... စကားလည်း ပြောကောင်းရဲ့၊ သွားစရာလမ်းကလေး လည်း ရှိပါသေးတယ်။ အရောင်းအဝယ်များလည်း တယ်ပြီး ဟန်မကျ ပါဘူး" ဟု ညည်းညူကာ ထသွားလေ၏။

ကိုကြံ ထသွားသောအခါ မရွှေက မေးငေါ့လျက် "ကမ္ဘာပေါ်မှာ သူ ယုံကြည်တဲ့လူ တစ်ယောက်မှ မရှိဘူး" ဟု ပြောလေ၏။

ဆရာကင်း– "စိတ်ကောင်း သဘောကောင်းနဲ့ ပြောရှာတာပါပဲ"

မရွှေ– "ပြောပေတဲ့တော် လူကြည့်ပြီး ပြောပါလား။ မောင်နေဝင်း ကို မယုံကြည်ရဘူးလို့ ကျွန်မရှေ့မှာ လာပြောတာ မခံနိုင်ပါဘူး။ ဒါကြောင့် သူ့မှာ ကောင်းစားနေတာ။ သူနဲ့ ဘယ်လူဆက်တဲ့လူ ရှိသလဲ" ဟု ပြော လေ၏။

□

## အခန်း (၈)

မောင်နေဝင်းသည် အဖိုးထိုက်တန်သော အထည်ပစ္စည်းများကို ဆောင်ယူ ကာ လမ်းမတော်ဘက်သို့ ရောက်ရှိလာရင်း ခပ်ဆာဆာ ရှိသည့်အတွက် တစ်ခုသော လက်ဖက်ရည်ဆိုင်သို့ဝင်၍ လက်ဖက်ရည်ကို မှာပြီး သောက် နေလေ၏။ ယင်းကဲ့သို့ သောက်၍ နေသည်အတွင်း မိမိ၏ ပခုံးကို အကိုင် ခံရသဖြင့် နောက်သို့လှည့်ကာ ကြည့်ပြီး လွန်စွာမှ အံ့အားသင့်လျက် "အလို ... မင်းတို့ နှစ်ယောက်စလုံး မကွဲမကွာ အဘယ်ကများ ပေါ်၍ လာတော်မူကြပါသလဲ" ဟု ပြောလေရာ၊ ဘသော်က "မင်းက ခွဲပြီး သွား ပေမဲ့ ငါတို့နှစ်ယောက်တော့ မကွဲမပြား ရှိကြပါသေးတယ်" ဟု ပြောကာ မောင်နေဝင်း၏ နံဘေးရှိ ကုလားထိုင်တစ်ခုပေါ်မှာ ထိုင်လေ၏။ မောင်နေဝင်းက ဝမ်းမြောက်ဝမ်းသာနှင့် လက်ဖက်ရည်များကို မှာပြီးလျှင် ရှေး ဖြစ်နောက်ဖြစ်တို့ကို ပြောလေ၏။ မိမိ အခု ဘယ်ပုံ နေထိုင်ရသည့် အကြောင်းများကို အားရဝမ်းသာ ပြောပြလေရာ၊ သူငယ်ချင်း နှစ်ယောက် သည် ဝမ်းမြောက်ဝမ်းသာ နားထောင်ကြလေ၏။

ငင်း ဘသော်နှင့် ဘကျော်တို့သည်ကား ... မောင်နေဝင်း မရှိ သည့်နောက် ခေတ္တမျှ တစ်ယောက်နှစ်တစ်ယောက် ကွဲ၍နေကြပြီးလျှင်

ပြန်၍ တွေ့ကြုံကြလျက် အထက်က နည်းအတိုင်း အထင်မရှားသောနည်းလမ်းဖြင့် ဆက်လက်၍ အသက်မွေးကာ အတူတကွ နေထိုင်ကြလေ၏။ ဘသော်သည် မိမိတို့ စီးပွားရှာကြံရေး၌ ကပ္ပတိန် ဗိုလ်မှူး ဖြစ်၍၊ ဘကျော်မှာ မိမိ၏လက်အောက် လက်ဖတင်နင်သဖွယ် ဖြစ်လေ၏။ ဘကျော်သည် မိမိ၏လုပ်ငန်း၌ ဘသော်လောက် မထက်မြက်။ ဘသော်လောက်လည်း ရက်စက်ရဲရင့်သူ မဟုတ်ချေ။ ဘသော်မှာမူ မိမိ၌ရှိသမျှသော ထက်မြက်သောဉာဏ်တို့ကို ရာဇဝတ်မှုများအတွက် တစ်ဖက်သတ် အသုံးပြုလျက် မြွေပွေးကဲ့သို့ အဆိပ်ပြင်းထန်ပြီးလျှင် သိန်းငှက်ကဲ့သို့ လျင်မြန်ထက်မြက်သူတစ်ယောက် ဖြစ်လေရကား ... ရလမ်းရလျှင် မည်သူကိုမျှ ချမ်းသာပေးလေ့မရှိ၊ ကမ္ဘာပေါ်၌ ငွေကြေးရှိသူ ဟူသမျှကို မိမိနှင့် ကမ္ဘာရန်ကဲ့သို့ သဘောထားကာ လောဘနှင့် ဒေါသသည် မကွဲမကွာ ပေါင်းစပ်၍ နေလေ၏။ တစ်ရံတစ်ခါ လုယက်ရာ၌ ၎င်း၏ ကြမ်းတမ်းရက်စက်ခြင်းများကို ဘကျော် တွေ့မြင်ရသောအခါ "မင်း ဒီလူနဲ့ ဘယ်တုံးက ရန်ငြိုးရှိသလဲ" ဟု မေးမိလေ၏။

ဘကျော်သည် မောင်နေဝင်းနှင့် တွေ့သောအခါ မိတ်ဆွေဟောင်းကို ပြန်တွေ့ရသဖြင့် ဝမ်းသာ၏။ ဘသော်သည်ကား မောင်နေဝင်းသည် သားသားနားနား တွေ့မြင်ရသောကြောင့် ဝမ်းသာ၏။ အကြောင်းမူကား ... ထို သားနားခြင်းများအပေါ်၌ မကင်းသော တပ်မက်ခြင်းသည် သူငယ်ချင်းဟောင်းကိုပင် အဘယ်ပုံ ရန်ရှာမည်ဟု ကြံစည်ကာနေသကဲ့သို့ ဖြစ်သောကြောင့် မောင်နေဝင်း၏အပါးတွင် စ၍ ထိုင်သည်နှင့် တစ်ပြိုင်တည်း မောင်နေဝင်း၏ အဝတ်အစားများကို စ၍ ကြည့်ကာ သည်လုံချည်ဟာ အပေါင်ဆိုင်ပို့ရလျှင် ငါးကျပ်တော့ ရမှာပဲ၊ သည်အင်္ကျီဟာ သုံးကျပ်တော့ ရရဲ့၊ သူ့နာရီကြီးက သားရေကြိုး၊ အဖိုးမတန်တဲ့ နာရီနဲ့ပဲ တူတယ်၊ လက်စွပ်ကလေးက တော်တော် အဖိုးတန်လိမ့်မယ်၊ အစစ်တော့ မဟုတ်တန်ဘူး စသည်ဖြင့် မောင်နေဝင်း၏ကိုယ်၌ ဝတ်ဆင်ထားသမျှကို အဖိုး



ဖြတ်၍ နေလေ၏။ ဘကျော်သည်ကား ရိုးရိုးတန်းတန်း စကားပြောနေလေ၏။ မောင်နေဝင်းမှာ မိမိဘေး၌ကပ်ကာ မိမိကို ကိုက်ရန် ကြံစည်၍နေသောမြွေကို မသိရှာသဖြင့် မိမိ၏ အခြေအနေ၊ မိမိ၏ အလုပ်အကိုင်၊ ဟန်ကျပုံ၊ မိမိမှာ အဖိုးတန် ပစ္စည်းများနှင့် သွားလာလုပ်ကိုင်ရပုံများကို ပြောပြမိရှာလေ၏။

အတန်ကြာ စကားပြောမိကြသောအခါ ဘသော်က "သူငယ်ချင်းနဲ့ မတွေ့တာလည်း အတော်ကြာပြီ၊ အခုလို သားသားနားနား တွေ့ရပြန်တော့ အင်မတန် ဝမ်းသာတာပဲ၊ ငါတို့မှာတော့ အရင် မင်းနဲ့နေတုန်းကလို ရရစားစား သွားသွားလာလာ နေကြရတာပဲ၊ အခုတလော အလုပ်အကိုင် အပေါက်မတည့်တာနဲ့ ငါတို့နှစ်ယောက်တော့ ဘိုင်ရိုက်နေတာပဲ၊ လက်ဖက်ရည်တောင် အခု မင်းတိုက်လို့ သောက်ရတာ သူငယ်ချင်းရဲ့။ ကျေးဇူးလည်းတင်ပါရဲ့၊ တင်ထက် ဗျစ်ဖိုးကလေးများ အနည်းငယ် မ စမ်းပါဦး" ဟု ပြောလေရာ၊ မောင်နေဝင်းက "မင်းတို့ဖြင့် တစ်သက်လုံး ဒီလိုနေကြတော့မှာ ထင်ပါရဲ့၊ အတော်လည်းခက်တဲ့လူတွေပါပဲ" ဟု ပြောကာ အင်္ကျီအိတ်ထဲက သားရေအိတ်ကိုထုတ်ပြီး ဖွင့်လိုက်လေရာ ဝင်းခနဲ အရောင်တောက်၍သွားသဖြင့် သားရေအိတ် မှားကြောင်းကို သိလျက် မောင်နေဝင်းသည် ၎င်းသားရေအိတ်ကို ပြန်ပိတ်ရင်း "လမ်းမတော် သွားပြမလို့ ယူလာခဲ့တဲ့ အထည်များပါ" ဟု ပြောကာ အခြား သားရေအိတ်တစ်အိတ်ကိုထုတ်ပြီး ငွေသုံးကျပ် စားပွဲပေါ်မှာ ချပေးရင်း "ငါ့မှာလည်း ငါးကျပ်ထဲပါတယ် သူငယ်ချင်းရဲ့၊ မင်းတို့နှစ်ယောက် သုံးကျပ်နဲ့ လောက်ကောင်းပါရဲ့" ဟု ပြောလေရာ ဘသော်သည် ငွေသုံးကျပ်ကို ကောက်ယူကာ လင်းပြောင်တောက်ပသော မျက်လုံးများနှင့် မောင်နေဝင်း၏ အိတ်များကို ကြည့်ရင်း "တော်ပါပြီ သူငယ်ချင်းရဲ့၊ ဒါထက် သူငယ်ချင်း မင်း နည်းနည်းပါးပါး လုပ်ဦးမှပေါ့၊ လာ ... ကိုင်း ... ဘားလမ်းနားက တောအရက်ဆိုင်ကို သွားရအောင်" ဟု ပြောကာ ထိုင်ရာမှ ထလေ၏။

မောင်နေဝင်းက "သည်းခံပါ သူငယ်ချင်းရဲ့၊ ငါ့မှာ ကိစ္စရှိပါသေးတယ်၊ နောက်တစ်ခါ တွေ့ကြသေးတာပေါ့" ဟု ပြောလေရာ ဘသော်က "အို … စကားမများပါနဲ့ သူငယ်ချင်းရဲ့၊ တစ်ခါတလေမှ ကြုံကြိုက်လို့ တွေ့ရတာပဲ၊ မင်းက ငါတို့နဲ့ အပေါင်းမလုပ်ချင်ဘူးလား" ဟု ပြောနေလေ၏။

ဘကျော်သည်ကား ဘသော်၏ စိတ်အကြံကို မသိဘဲ ရိုးရိုးပင် ခေါ်သည်ထင်၍ မောင်နေဝင်းကို အရက်သောက်လိုက်ရအောင် ဘသော်နှင့် အလားတူစွာ ခေါ်ရှာလေ၏။ နေဝင်းသည်ကား မလိုက်လိုဘဲ အတန်တန် ငြင်းဆန်လေရာ သူငယ်ချင်းနှစ်ယောက်သည် အတင်းတွဲကြပြီးလျှင် ဆိုင်အပြင်သို့ ခေါ်သွားကြလေ၏။ ဆိုင်အပြင်သို့ ရောက်သောအခါ ဘသော်သည် မြင်းရထားတစ်စီးကို ခေါ်ပြီးလျှင် မောင်နေဝင်းကို မြင်းရထားပေါ်သို့ တင်လေရာ မောင်နေဝင်းမှာ ငြင်းဆန်၍ မရဘဲ မြင်းရထားပေါ်သို့ တက်ရရှာလေ၏။ မြင်းရထားပေါ်သို့ ရောက်သောအခါ မြင်းရထားသမားကို အမြန်မောင်းခိုင်းလေ၏။ ထိုအခါ မောင်နေဝင်းသည် အတော်ကလေး ထိတ်လန့်ကာ သူငယ်ချင်းနှစ်ယောက်ကို အပြန်အလှန် ကြည့်လေ၏။ ဘကျော်သည်ကား ဝမ်းနည်းသော အမူအရာနှင့် ဘသော်၏ မျက်နှာကိုသာ ကြည့်၍နေလေ၏။ ဘသော်သည်ကား မျက်နှာများ နီလျက် စကားမပြောဘဲ နှုတ်ခမ်းများ လက်များ တုန်လှုပ်ကာ စီးကရက်ကို အိတ်ထဲကထုတ်၍ မီးညှိသောက်လေ၏။

အတန်ကလေး ကြာသောအခါ ဘသော်က "သူငယ်ချင်း မင်းကို တွေ့ရတာ အင်မတန်ပဲ ဝမ်းသာပါတယ်၊ မင်းနဲ့ ကွဲကွာသွားသည့်နေ့က စပြီး ငါတို့ မင့်ကို တွေ့ချင်လွန်းလို့ ဟိုမှာမေး သည်မှာမေးနဲ့ အခုမှ ပြန်ပြီးတွေ့ရတော့တာပဲ။ အင်မတန် ချစ်တဲ့ သူငယ်ချင်း ဖြစ်လေတော့ တွေ့မိပြန်တော့ ပြန်ပြီး မခွဲစေချင်ဘူး သူငယ်ချင်းရဲ့။ ဒီအတွက် အရင်ကလို ငါတို့သုံးယောက် ပျော်ပျော်ပါးပါး ပြန်ပြီးနေရအောင် ပြောမလို့



မင်းကို ခေါ်လာတာပါ။ ကဲ … တိုတိုပြောရမယ်ဆိုရင် မင်းကို အခု ငါတို့နေတဲ့အိမ်အရောက် ခေါ်တော့မယ်၊ မင်းကို ပြန်ပြီးမလွှတ်နိုင်ဘူး" ဟု ပြောလေရာ၊ မောင်နေဝင်းသည် အံ့အားသင့်ကာ ထိတ်လန့်သော မျက်နှာနှင့် ဘသော်ကိုကြည့်လျက် စကားမပြောနိုင်ဘဲ နေလေ၏။

ဘကျော်သည်ကား ဘသော်အကြံကို စ၍ ရိပ်မိလျက်

"လွှတ်လိုက်ပါ သူငယ်ချင်းရယ် … မလုပ်ပါနဲ့၊ သူ့မှာ ကိစ္စကြီးနဲ့ လာတာပါ" ဟု ပြောလေ၏။

ထိုအခါ ဘသော်သည် ရန်လိုသော ဝံပုလွေကဲ့သို့ မျက်နှာကို တင်းစွာထားလျက် ဘကျော်အား "မင်းအသာနေ၊ မင်းနဲ့မဆိုင်ဘူး၊ ဒီဟာ ငါ့အလုပ်" ဟု ပြောလေ၏။

နေဝင်းသည်ကား မိမိကို ကစားလေသလား … အတည်ပြောလေသလား ဝေခွဲမရသလို ဖြစ်ပြီးလျှင် မျက်နှာကို ချိုသာစွာထားလျက် "သူငယ်ချင်းရဲ့၊ ငါ့ကို မကစားပါနဲ့၊ ငါ့ကိစ္စနဲ့ လာတာပါ။ ငွေ ၃ ကျပ် မလောက်ရင် ဟောဒီ ၂ ကျပ် ယူပါ။ ငါ သွားပါရစေ" ဟု ပြောလေ၏။ ထိုအခါ ဘသော်က မိမိဦးခေါင်းကို မော့ကာ နောက်ပစ်လျက် "သည်လောက် အဖိုးထိုက်တဲ့ သူငယ်ချင်းကို သည်လို လွယ်လွယ်နှင့် လွှတ်နိုင်ပါ့မလား၊ မှန်းစမ်း မင်းအိတ်ထဲက သားရေအိတ်တစ်ခုကို ငါ မျက်မှန်းတန်းမိတယ်၊ သူငယ်ချင်းဆိုတာ အခုလို မထိမ်ဝှက်ကောင်းဘူး။ ဆင်းရဲအတူ၊ ချမ်းသာအတူ၊ မစားရအတူ၊ စားရအတူပေါ့။ မင်းမှာရှိရင် ငါတို့ဟာ၊ ငါတို့မှာရှိရင် မင်းဟာ၊ အခု ကွဲနေတာလည်း အတန်ကြာပြီ။ ကိုင်း … မင်းမှာ ဘာပါသလဲ၊ ပြစမ်းပါ သူငယ်ချင်းရဲ့၊ ငါ မင်းကို ကစားပြောတာ မဟုတ်ပါဘူး၊ ဟိုအရင်တစ်ခါတုန်းက စပယ်လမ်းမှာ မင်းနဲ့ငါနဲ့ ဒီနည်းမျိုးလိုလို နက်တာ မဟုတ်လားကွယ့်" ဟု ရယ်ကာ ပြောလေ၏။

မောင်နေဝင်းက "မလုပ်ပါနဲ့ သူငယ်ချင်းရဲ့၊ ငါ့ဟာ မဟုတ်ပါဘူး" ဟု ပြောကာ အိတ်ထဲသို့ လက်ထိုး၍ ထားလေ၏။

ထိုအခါ ဘသော်က "အို ... ဘယ်သူ့ဟာဖြစ်ဖြစ် မင်းအိတ်ထဲမှာ ရှိရင် မင်းဟာပေါ့ သူငယ်ချင်းရဲ့၊ ကမ္ဘာပေါ်မှာ အဖိုးထိုက်ပစ္စည်းဆိုတာ ဘယ်သူ့ဟာမှ မဟုတ်ပါဘူး၊ ဦးရာလူ ပိုင်တာပါပဲ။ ဘယ်လောက်များ တန်ပါ့မလဲ" ဟု ပြောကာ မောင်နေဝင်း အိတ်ထဲသို့ မိမိလက် ထိုး၍ သွင်းလေရာ မောင်နေဝင်းသည် မပေးဘဲ အတင်းခံ၍ နေလေ၏။ ဘသော်က ဘကျော်အား မျက်စပစ်၍ ပြလိုက်လေရာ၊ ဘကျော်သည် ငြိမ်သက်စွာ ထိုင်၍မနေနိုင်ဘဲ မောင်နေဝင်း၏ လက်များကို ဆွဲနုတ်၍ ချုပ်ပေးလေ၏။ ထိုအတွင်းတွင် ဘသော်လည်း မိမိ၏ အင်္ကျီအိတ်ထဲမှ ပုလင်းတစ်ခုကို ကိုင်ကာ လက်ကိုင်ပဝါကို ထိုပုလင်းထဲကအရည်နှင့် ဆွတ်ပြီး မောင်နေဝင်း နှာခေါင်းကို ၎င်းလက်ကိုင်ပဝါနှင့် ပိတ်လေ၏။ မောင်နေဝင်းသည်လည်း ခေတ္တမျှ ရုန်းပြန်ပြီးလျှင် ငြိမ်၍သွားလေ၏။ နောက် သတိရ၍ မျက်နှာကို ဖွင့်ကြည့်လိုက်သောအခါ "ဆပ် ဆပ် ဗိုင်ဆပ်" ဟု မိမိ၏ နံဘေးက ခေါ်သံကို ကြား၍ ကြည့်လိုက်သောအခါ မြင်းရထား ကုလား ဖြစ်၍ နေလေ၏။ မြင်းရထားသည်လည်း မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်း စပ်ကြား တစ်ခုသော လမ်းကြားတွင် ရပ်၍နေလေ၏။

မိမိ၏ သူငယ်ချင်းနှစ်ယောက်ကို မတွေ့ရသဖြင့် မိမိ၏ အိတ်များကို ပျာယီးပျာယာ စမ်းသပ်ကြည့်ရာ စိန်ထည့်သော သားရေအိတ် ပျောက်ပြီး ဖာကလေးသာ ကျန်ရှိသည်ကို တွေ့ရလေ၏။

ထိုအခါ လွန်စွာ အံ့သားသင့်လျက် မြင်းရထား ကုလားအား "လူနှစ်ယောက် ဘယ်ကိုသွားသလဲ" ဟု မေးရာ၊ မြင်းရထား ကုလားက "အရပ်ခိုင်းပြီး တော်တော်ကြာ လာမယ်၊ ခဏစောင့်နေပါ" ဟု ပြောသွားကြောင်း၊ ပြန်မလာနိုင်လို့ ဆင်းကြည့်ရာ မောင်နေဝင်း အိပ်နေသည်ကို တွေ့ရကြောင်းနှင့် ကုလားစကားဖြင့် ပြောပြလေ၏။

ထိုအခါ မောင်နေဝင်းသည် မိမိ၏ သားရေအိတ်ထဲမှ ပိုက်ဆံ ရှစ်ပဲကိုထုတ်၍ မြင်းရထား ကုလားအား ပေးပြီးလျှင် မေ့ဆေးအရှိန်ကြောင့်



မူးဝေဝေနှင့် လမ်းနံဘေးတွင် ထိုင်ကာ မကြံတတ် မစည်တတ်ဘဲ မှိုင်တွေ ချကာ နေရှာလေ၏။

ထိုကဲ့သို့ နေသည့်အတွင်း "ငါသည် အိမ်ကိုပြန်လျှင် တော်ချေမည်လား၊ ငါ့အား နေ့ခင်းကြီးကြောင်တောင် ပစ္စည်းကို လုယူလိုက်ကြောင်းနှင့် ပြောပြရလျှင် ယုံကြည်ပါ့မလား၊ ငါ့မှာဖြင့် ကိုယ်ကျိုးကြီးနည်းပြီ။ ငါ၌ ကောင်းသမျှ နာမည်ပျက်တော့မည်။ ဆရာနှင့် ဆရာကတော်သည် ငါ့ကို သားအရင်းလို ယုံကြည်ကြ၏။ အခုမှာ ငါ့အပေါ်၌ အဘယ်ပုံ ထင်ကြတော့မည်နည်း။ အလုပ်သားတွေက ငါ့အကြောင်းကို အဘယ်ပုံ ပြောကြတော့မည်နည်း။ ငါ၏မျက်နှာကို ပြန်၍ ပြဝံ့ဖို့ မရှိပါတော့သည်တကား။ ပစ္စည်းတွေကလည်း သုံးထောင်ကျော်ကျော်ဖိုးမို့ ငါ့ကိုဖြင့် ဧကန်မသင်္ကာ ဖြစ်ကြတော့မယ်။ ငါ အိမ်ကိုပြန်ရင် ဧကန် လူလိမ်လို့ စွပ်စွဲကြတော့မယ်။ မသင်္ကာသူတို့၏ ရှေ့၌ ငါ ဘယ်ပုံနေ၊ ဘယ်ပုံစား၍ နေနိုင်ပါအံ့နည်း။ ဩော် နေဝင်း ... နေဝင်း ကံဆိုးမသား သွားရာမှာ မိုးလိုက်ပြီး ရွာတာပါပဲ။ ငါ အိမ်ကို ပြန်လို့ဖြင့် မတော်ချေ။ တော်ရာကို ပြေးပြီး ဝေးရာမှာ ရှောင်ရှားကာ ငါ၏နာမည် မပေါ်အောင် တိမ်မြုပ်၍ နေရတော့မှာပဲ။ သည်လိုနေပြန်ရင်လည်း ပစ္စည်းများကို လိမ်ကောက် ပြေးတယ်ဆိုပြီး ဝရမ်းထုတ်ထားမှဖြင့် ဝရမ်းပြေးကြီး ဖြစ်၍ နေတော့မယ်။ ငါ၏ရုပ်ပုံသည် ပုလိပ်လက်ထဲ ရောက်လျက် လူဆိုးဓားပြပမာ အရပ်လေးမျက်နှာမှာ ကြော်ငြာကြတော့မယ်။ ငါ အိမ်ပြန်ပြီး အသနား ခံရလျှင် တော်လေမလား" စသည်ဖြင့် အလီလီ အလာလာ တွေးတောကာ စိတ်ထဲတွင် လေတွေဆင်သလို မကြံနိုင်အောင် ဖြစ်၍နေလေ၏။

ထိုနောက် "ဟယ် ဘယ်လိုပဲဖြစ်ဖြစ် ဘယ်လိုပဲထင်ထင် မတတ်နိုင်ပါဘူး၊ အိမ်ကိုပဲပြန်ပြီး ဆရာ့ခြေကို ဖက်ကာ အသနားခံလျှင် ဆရာ ဧကန် ချမ်းသာပေးမှာပါပဲ" ဟု တွေးတော အားယူကာ အိမ်ဘက်သို့ ပြန်လာရှာလေရာ အိမ်အနီးသို့ ရောက်သောအခါ အိမ်ကိုဝင်ရန် မိမိ၏

စိတ်ကို အတန်တန် တင်းရှာလေ၏။ သို့ပင် တင်းရှာသော်လည်း ငါ၏ မျက်နှာကို လက်ညှိုးထိုးကာ ကေန်စွပ်စွဲခြင်း ခံရတော့မည်။ ငါ့အပေါ်၌ မကောင်းထင်ကာ မည်သူမျှ စကားမပြောဘဲ နေကြတော့မည်။ ငါ့ကို လူလိမ်လူကောက်ဟု မှတ်ထင်ကာ မကြင်မနာ ပြောကြ ဆိုကြတော့မည်။ ငါ့ကို အရှက်ကွဲ အကျိုးနည်းဖြစ်အောင် အိမ်ကနှင်၍ ပစ်ကြတော့မည်။ ငါသည် တူရင်းသားရင်း ဆွေမျိုးအရင်းအချာ မဟုတ်သဖြင့် ငါ့အပေါ်၌ မည်သူ ညှာတာမည်နည်း။ ငါ၏စကားကို မည်သူ ယုံကြည်မည်နည်း။ ငါ၌ လူဆိုး သူဆိုးတို့၏ လက်ချက်ဖြင့် တစ်စုံတစ်ရာမျှ အနာတရ မရှိပါတကား" စသည်ဖြင့် အတန်တန် တွေးတောလက် အိမ်ကိုဝင်ဖို့ရန် စိတ်ကို တင်း၍ မရနိုင်ဘဲ မျက်နှာကို အောက်သို့ချကာ နေဝင်ရီသရော အချိန်တွင် အနောက်ဘက်သို့ကြည့်ပြီး ငါ၏ ဆိုးဝါးသောကံကြမ္မာသည် ငါ့အား အဘယ်အရပ်သို့ ရောက်အောင် ပို့ဆောင်လိမ့်ဦးမည်နည်း။ ငါ၏စိတ်သည် ဤဝင်လုလတ္တံ့သော နေမင်းပမာ ဤနေရာတွင် ချုပ်ငြိမ်းပပျောက်လျှင် ကောင်းလေစွတကား။ ဪ မိုးလည်းချုပ်တော့မယ်၊ ငါ ဘယ်ကိုသွားရမည်၊ ငါ အဘယ်မှာ ခိုကိုးရပါမည်နည်း။ ဤဓာတ်ရထား မြင်းရထား လံချား မော်တော်ကား ရထားပိုင်တို့ အပေါ်၌ သွားလာကြသူတို့သည် အသီးအသီး ပျော်ရွှင်ကြ၏။ ချစ်သူ ခင်သူတို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ သွားလာဝယ်ခြမ်း စားသောက်သူတို့သည် ငါ၏ ဆင်းရဲဒုက္ခကို တိုး၍ ပြင်းပြစေ၏။ ၎င်းတို့သည် ငါ့အား ဝန်လေးအောင် ပြုကြပေ၏တကား။ ငါ၏ လွှင့်ပါးခြင်းသည် ဤဆိုးသွမ်းသော အပေါင်းအသင်းများ၏လက်မှ လွတ်မြောက်၍ လူထဲတွင် လူကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားခဲ့ရာ ငါ၏ ဆိုးလှသော ကံကြမ္မာသည် ထိုလူဆိုးတို့နှင့် ငါ ပြန်၍တွေ့စေ၏။ ဤဘဝသည် ကောင်းအောင်နေ၍မရသော ဘဝပေတကား။ ငါ၏ ကံကြမ္မာသည် ငါ့အား မကောင်းသော အသက်မွေးရခြင်းဖြင့် ပျော်ပိုက်စေရန် အလိုရှိလေသလား။ ငါ အခု ဘယ်ကိုသွားမလဲ။



ငါသည် ကမ္ဘာပေါ်၌ လူလေလူလွင့် ဖြစ်ရဦးတော့မည်။ ငါ၌ ဂုဏ်အသရေ အရောင်အဝါ ကင်းတော့မည်။ ငါ၌ ယခု ဝတ်၍ထားသော အဝတ်များသည် တဖြည်းဖြည်း ဟောင်းနွမ်းလျက် အလုပ်အကိုင်မရှိ၊ လူညစ်လူပေ လူတေလူပွေ တစ်ယောက်ကဲ့သို့ ဖြစ်ရချေတော့မည်။ ငါ၏နာမည်သည် မသေခင်ချင်း ဆိုးသွမ်းလျက် ယုတ်မာသော နာမည်ဖြစ်၍ ကြားသမျှသော သူတို့သည် ကေန် ရှုတ်ချခြင်း ပြုကြပေတော့မည် စသည်ဖြင့် တွေးတောကာ စိတ်ကိုတင်း၍ မရဘဲ တောင်နှစ်လုံးညှပ်၍ အသတ်ခံရတော့မည့်အလား အတိုင်းမသိ ဝန်လေး၍ နေရှာ၏။

နေမင်းသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်၍ သွားလေ၏။ ဓာတ်မီးများသည် ဝင်းထိန်၍ လာလေ၏။ မဟာဗန္ဓုလလမ်းပိုင်း၌ ညဥ့်ကို နေ့ပြုကာ သွားလာ၍ နေကြသော လူအပေါင်းတို့သည် မောင်နေဝင်းနှင့် တကွ မောင်နေဝင်း၏ ပူဆွေးခြင်းကို မည်သူမျှ သတိမထားကြချေ။ ၎င်းတို့၏နေ့သည် ယခုမှ အစပြု၏။ မောင်နေဝင်းမှာမူ ထိုညဥ့်သည် မိမိ၏ ဘဝ၌ တွေးတောလေသမျှ ကြောက်မက်ဖွယ် ကောင်းလှသော ညဥ့် ဖြစ်လေ၏။ ထိုကဲ့သို့ တွေးတောပြီးနောက် သွားလာသော လူစုလူဝေးများကို မြင်ရသဖြင့် စိတ်လက်မကောင်းဘဲ အိမ်ကိုလည်း မပြန်ဝံ့သည့်အတွက် ကမ်းနားဘက်သို့ တစ်ကိုယ်တည်း မိမိ၏ ကံကြမ္မာမကောင်းခြင်းကို ကျိန်ဆဲကာ လေးလံသော အလေးကို ထမ်းဆောင်၍ နေရသူကဲ့သို့ ကြီးစွာသော စိတ်လက်ပင်ပန်းခြင်းဖြင့် ချည့်နဲ့ယိမ်းယိုင်ကာ တဖြည်းဖြည်း ထွက်သွားရှာလေ၏။

ကမ်းနားဘက်သို့ ရောက်သောအခါ အနောက်ဘက်သို့ ကြည့်လိုက်လေရာ နေရောင်လုံးလုံးကြီး မပျောက်သေးသဖြင့် ရေပြင်မှ ပြန်၍ တက်နေသော နေစွယ်အရောင်ကို ကမ်းနားမှ တစ်ကိုယ်လုံး ရပ်တန့်ကာ ရှု၍ နေလေ၏။ လေထဲ၌ ငြိမ်သက်စွာ ရွေ့လျားနေကြသော ဖြူစင်ကာ ရွှက်လင်းရင်များသည် အေးချမ်းငြိမ်သက်ခြင်း၏ လက္ခဏာကို မိမိ၏

ရှေ့တွင် ထင်ရှားစေ၏။ ဤ တံကင်း ဤသမ္မန်တို့နှင့် ငါသည် ရောက်ရာပေါက်ရာသို့ လိုက်သွားရလျှင် ကောင်းလေစွတကား။ ဤတောက်ပသော ရေအရောင်သည် ငါ၏ ပူဆွေးခြင်းကို လှောင်ပြောင်၍ ကစားသည်နှင့် တူ၏။ ထိုရေ၌ ငါ၏အသက်ကို အဆုံးစီရင်ရလျှင် အခုကဲ့သို့သော ဘဝထက် ပိုမို မြတ်ချေသေး၏တကား စသည်ဖြင့် တွေးတောကာနေစဉ် အနောက်ဘက်သို့ ကြည့်လိုက်ရာ ငယ်ငယ်က ရီရီနှင့် အတူရပ်ကာ စကားပြောဖူးသော နေရာကို မှတ်မိလျက် စိတ်ငယ်၍ သွားပြီးလျှင် ငါ၏ ယုတ်ညံ့သော ဘဝသည် ရီရီ၏ မြင့်မြတ်သော ဘဝနှင့်စာသော် အဝီစိနှင့် တုသိတာကဲ့သို့ ခြားနား၏။ ငါတို့နှစ်ယောက် စပ်ကြား၌ ပင်လယ်ကြီးမျှမက ကြီးစွာသော သမုဒ္ဒရာကြီး ခြားလျက် ရှိ၏။ (ငါသည် သူတို့၏ ရှုတ်ချ ကဲ့ရဲ့ခြင်းကို ခံရဖို့ မွေး၍လာ၏။ ရီရီမှာ အများလူတို့၏ ပူဇော်ခြင်းကို ခံရဖို့ မွေး၍လာ၏။ ငါ၌ ယခုဖြစ်ရခြင်းသည် ရီရီနှင့် ဘယ်အခါမျှ မတွေ့ရအောင် ဖန်တီးသောအရာနှင့် တူ၏။ ငါသည် ဤမျှလောက်သော ဆင်းရဲဒုက္ခတို့တွင် ကပြောင်းကဆန် နေရ၏။ ရီရီမှာ အဘယ်အရပ်၌ မင်းကတော်ကလေး ဖြစ်၍ နေရှာပါသနည်း) စသည်ဖြင့် တွေးတောကာ ပြင်းပြသော ပူလောင်ခြင်းကြောင့် မျက်ရည်များ သွေ့ခြောက်လျက် ဖာကလေးကို ပိုက်ကာ အနောက်ဘက်လှည့်၍ ခေါင်းငုံ့လျက် ရှိနေ၏။ ထိုအတွင်း နေရောင်သည် လုံးလုံးကြီး ကွယ်ပျောက်ပြီးလျှင် မောင်နေဝင်းသည်ကား နေကိုလည်း သတိမထား၊ မှောင်လည်း သတိမထား တစ်ကိုယ်တည်း ဆက်လက်၍ ဖာကလေးပိုက်ကာသာ မိမိ၏ ပူဆွေးခြင်းဖြင့် မိမိ၏ အသည်းနှလုံးတို့ကို အရည်ပျော်အောင် ကျိုချက်၍ နေရှာလေသတည်း။

နောက်တစ်နေ့နံနက် ဆရာကင်း မရွှေတို့သည် ဦးကြံနှင့် စကားပြောကြရာတွင် "ဘယ့်နှယ့်လဲ ဆရာကင်းရဲ့ ... သည်လို အရေးတွေမြင်လို့ ကျုပ်အတန်တန် သတိပေးပါကောလား" ဟု ပြောလေရာ မရွှေက "ပစ္စည်း သုံးထောင်ဖိုး လေးထောင်ဖိုးလောက်ကို မနမြောပါဘူးရှင်၊ ကိုယ်က



သားလို တူလို ချစ်ခင်ယုံကြည်ပါလျက် ဒင်း ... ဒီလို လုပ်ရက်တယ် ဆိုတာ တွေးတွေးပြီ အသည်းနာတာပါပဲ" ဟု ရင်ဘက်ကိုထုကာ မျက်ရည်စက်လက်နှင့် ပြောရှာလေ၏။ ဆရာကင်းက "ဖြစ်ပြီးတာကို ပြန်ပြီး မပြောပါနဲ့တော့ဟယ် ... ဒင်းကလေးကလည်း ဒီလောက်တောင်တော့ မရိုင်းပါဘူး။ ဘယ်လိုဖြစ်တယ် ဆိုတာ ဘုရားမှ သိမှာပဲ" ဟု ပြောကာ ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်လျက် ပုတီးစိပ်၍ နေလေ၏။ ဦးကြံက "ဘယ်လို ဖြစ်သလဲ ဆိုတာ ပုလိပ်ကိုတိုင်ရင် သိမှာပေါ့" ဟု ပြောလေရာ ... မရွှေက "ပုလိပ်ကိုလည်း မတိုင်ချင်ပါဘူးရှင် ... ဒင်းမှာ သည်ပစ္စည်းများနဲ့ ချမ်းချမ်းသာသာ နေနိုင်ပါစေလို့သာ ဆုတောင်းရတော့မှာပဲ ... မောင်မင်းကြီးသား တော်ပါပေရဲ့ ... ကျေးဇူးသိပါပေရဲ့ ... ရက်စက်ပါပေရဲ့တော် ... ဘုရားပြပါလိမ့်မယ်၊ ဘုရားမနေပါဘူး၊ မကြာမီ ပြပါလိမ့်မည်" ဟု ပြောကာ လက်ကိုင်ပဝါနှင့် နှာခေါင်းကို ညှစ်ရှာလေ၏။ ဆရာကင်းသည်ကား စကားတစ်လုံးမှ မပြောဘဲ ဆိတ်ငြိမ်စွာ ပုတီးကိုသာ စိပ်၍ နေလေ၏။

□

## အခန်း (၉)

အထက်၌ ဖော်ပြခဲ့သော အခန်း၌ ဖြစ်ပွားခဲ့သော အရေးများ ကြုံကြိုက်ပြီးသည့်နောက် နှစ်ပေါင်းများမကြာမီ မိုးဥတု အခါသမယတွင် ထန်းတပင်ကွေ့၌ နှစ်ထပ်သင်္ဘောကလေး တစ်စင်းသည် မိုးသက်လေထဲတွင် မချိမဆံ့ လှုပ်ရှား၍ နေလေ၏။ ထိုအခါ မွန်းလွဲချိန်ခန့် ရှိလေ၏။ သင်္ဘောပေါ်ရှိ လူပေါင်း နှစ်ရာခန့်တို့မှာ ပထမ လေကျစဉ်၌ သင်္ဘောအနည်းငယ် လှုပ်ရှားသောအခါ ခရီးသည်တို့ဘဝ ပျော်ရွှင်စွာ ရယ်မောပြောဆိုခြင်း မပျက်ကြဘဲ ထူးခြားသော တွေ့ကြုံခြင်းဖြင့် ပျော်ပွဲကို တွေ့ကြုံသကဲ့သို့ မှတ်ထင်ကြ၏။

မိုးသက်လေထကာစ၌ ခရီးသည်တို့မှာ လွန်စွာငြိမ့်၍ ညိုမှိုင်းသော ကောင်းကင်နှင့် ရေပြင်မှာ စိတ်လက်ကြည်နူးစရာ တစ်ခန်းကြီး ဖြစ်လေ၏။ ချစ်သူ ခင်သူတို့နှင့် ကွဲကွာ၍ လာသူတို့မှာ လွမ်းတလှိုက်ဖိုကာ မျက်ရည်များလည်ကြ၏။ သားသမီး ရင်သွေးတို့နှင့် ဝေးကွာသူတို့မှာ စိတ်ကိုဖြေ၍ မရနိုင်ကြချေ။ ချစ်သူနှင့် နှစ်ကိုယ်တူ ချိုမြူကာ ပြောဆို၍ လာကြသူတို့မှာ ကြီးစွာသော ကြည်နူးခြင်းကို ခံစားကြရလေ၏။ သို့သော်လည်း ထိုကြည်နူးရွှင်ပျ လွမ်းတရခြင်းသည် အဘယ်သို့သော ငြိုငြင်ခြင်း အဖြစ်သို့ ရောက်မည်ကို ရုတ်တရက် မသိရှာကြချေ။



အကြောင်းမူကား မကောင်းသော ကံကြမ္မာတို့သည် အခါများစွာ မက်မောဖွယ်သော ပြင်ပ လက္ခဏာဖြင့် ချဉ်းကပ်၍ လာတတ်ကြ၍ လှပသော မီးပွားသည် ကြောက်မက်ဖွယ်သော မီးတောက်၏ အဖြစ်သို့ ရောက်သည့်အလား ကစား၍ လာတတ်ပေသည်။

မိုးသက်လေသည် မရပ်မနားဘဲ အတန်ကြာ ဆက်၍ ထလေရာ ဆက်လက်၍ ပျော်စရာကြီး ဖြစ်လေ၏။ အနည်းငယ် သတိတရား ရသူတို့သည်ကား အတန်ကလေး သတိထားကြလေသည်။ ထိုမိုးသက်လေသည် တစ်ချက်တစ်ချက် ရေများကို မြောက်မြားစွာ ထကြွစေသည့်အခါ ပျော်သောသူတို့သည် တစ်ချက်တစ်ချက် ထိတ်လန့်၍ သွားကြလေ၏။ ထိုကြီးစွာ ထကြွသော လှိုင်းတို့သည် ဖွေးဖွေးလှုပ်ကာ ခုန်ကြ ကြွကြလျက် မရပ်ဘဲ ဆက်လက်ရှိသောအခါ သင်္ဘောသည် ဝဲယာသို့ ယိမ်းလေ၏။ ထိုအခါ ခရီးသည်တို့သည် အနည်းငယ် ပိုမို ကြောက်ကြလျက် သင်္ဘောတစ်ဖက်မှ တစ်ဖက်သို့ အပြန်အလှန် ရွှေ့ပြောင်းကြလေ၏။

သင်္ဘောသား၊ ခရီးသည်တို့နှင့် ဆလင် စသည်တို့က လူများအား ငြိမ်ငြိမ်နေကြရန် သတိပေးသောအခါ ၎င်းတို့၏ မျက်နှာ၌ ကြောက်မက်ဖွယ်သော လက္ခဏာ အမူအရာကို ခရီးသည်တို့သည် မြင်ကြသဖြင့် အပျော်အလွမ်း ကြည်နူးခြင်းတို့သည် လုံးလုံးကြီး ပျောက်သွားလေ၏။ ကြောက်ရွံ့ခြင်းသည် အစိမ်းသရဲပူးသလို လူအားလုံးတို့၏ကိုယ်၌ ပူးကပ်ကာ မျက်နှာများ အထင်အရှားပြကြ၏။ မိုးသက်လေသည်ကား ကြီးစွာသော ပျော်ရွှင်ခြင်းဖြင့် တအုန်းအုန်း ရယ်မောကာ ခရီးသည်တို့နှင့် သင်္ဘောကို အနိုင်ကျင့်လာလေသတည်း။

မိခင်တို့သည် ရင်သွေးသားငယ်ကို ပွေ့ပိုက်ကာ သင်္ဘောဦးမှ သင်္ဘောပဲ့တိုင်အောင် ပြေးလွှားကြ၏။ ချစ်သူခင်သူ လင်မယား မောင်နှမ သားအမိ သားအဖ သမီးရင်းချာတို့သည် တစ်ယောက်ကိုတစ်ယောက် ကြောက်အားနှင့် တွယ်ကာ အော်ဟစ်ကြ၏။

မည်သူသည် မည်သူ့ကို ကယ်နိုင်ပါအံ့နည်း။ လှိုင်းတံပိုးတွင် လုံးပန်း၍နေသော သင်္ဘောသည် မိမိ၏အပေါ်၌ တုန်လှုပ်ကာနေကြသော သူတို့ကို သတိမရနိုင်။ မိုးနတ်သား၊ လေနတ်သားတို့သည် အဘယ် အပြစ်ဒဏ်ကြောင့် ဤသင်္ဘောနှင့် ဤလူတစ်စုကို လာ၍ အနိုင်ကျင့်ကြပါသနည်း။

ကမ်းခြေ၌ရှိသော လူမြောက်မြားစွာတို့သည် ထိုကဲ့သို့ ဒုက္ခတွေ့နေရရှာသော သင်္ဘောကလေးနှင့် ခရီးသည်တို့ကို ကယ်ဆယ်လိုသည်ဖြင့် အော်ဟစ်ကာ နေကြလေ၏။ ဤမျှလောက် ထကြွသော လေမိုးလှိုင်းတံပိုးထဲတွင် မည်သူ စွန့်၍ ကယ်နိုင်ပါသနည်း။

ထိုကဲ့သို့ ကြည့်ရှုနေကြသူတို့တွင် အိမ်ခြေ မတည်၊ ညှော်သည် အလား ကပ်ပါးလူပိုပမာ အရပ်ကိုလှည့်ကာ အခြေမကျ အနေမကျရှာ၊ ခြေသလုံးကို တိုင်ပြု၍ နေရရှာသော ယောကျ်ားတစ်ယောက်သည် ပါရှိလေ၏။ ထိုယောကျ်ားပျိုသည် ဤသို့ အရေးကြုံကြိုက်သော အခါသမယ၌ ဤဆိပ်ကမ်းတွင်ရှိသော တံငါအိမ်တစ်အိမ်တွင် ကပ်ရပ်ကာ တံငါများ အလားတူ လှေငယ်တစ်စင်းနှင့် လိုက်ပါလုပ်ကိုင်ကာ ငါးသားပုစွန်တို့ကို ရှာလျက် မိမိကို ထမင်းကျွေးမွေးထားသော တံငါသည်များ၏ အလိုက်ကို သိစွာ လုပ်ကိုင်၍ နေရရှာသူတစ်ယောက် ဖြစ်လေရကား မိုးသက်လေသက်များ ကျသဖြင့် လှေငယ်ကို ကမ်းပါး၌ ချိကပ်ကာ မိမိ၏ အဖော် တံငါသည်နှင့် ကမ်းပေါ်မှ သင်္ဘောကလေးကို ရပ်၍ ကြည့်နေလေ၏။

ၡင်းကြည့်၍ နေကြသူတို့အနက် များစွာသော မိန်းမယောကျ်ားတို့မှာ လှုပ်ရှားကာ ရေလှိုင်းအကြားဝယ် အလောသုံးဆယ် ဖြစ်၍ရှာသော သင်္ဘောကလေး၌ ပါလာသည်ဟု သတင်းရရှိသော မိမိတို့၏ အသိမိတ်ဆွေ ဉာတိ သင်္ဂဟတို့အတွက် လွန်စွာ ပူပန်လျက် ရင်ကိုမကာ "ဘုရား ကယ်ပါ သိကြားကယ်ပါ" ဟု အော်ဟစ်ညည်းညူရှာကြလေ၏။ အဆိုပါ ယောကျ်ားပျိုကလေးမှာမူ ထိုကဲ့သို့ ပူပန်ရန် အကြောင်းမရှိ၊ ထိုသင်္ဘော၌ အသိ



လည်း မပါ၊ ဉာတိလည်း မရှိ၊ မိမိမှာ ဤကမ္ဘာမြေမျက်နှာပြင်တွင် တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်သောကြောင့် မိမိအတွက်လည်း မည်သူမျှ မပူ။ သို့အတွက် မည်သူ့အတွက်မှလည်း မိမိမှာ ပူပင်သောကဖြစ်ဖို့ မရှိချေ။ သို့သော်လည်း ဤသင်္ဘောငယ်ကလေးနှင့်အတူ နစ်မွန်းပျက်စီး သေဆုံးကြရတော့မည်ဖြစ်သော ယောကျ်ား မိန်းမ ကလေးသူငယ်တို့၏ အကြောင်းကို တွေးလိုက်သောအခါ လူသတ္တဝါ အချင်းချင်းတို့၌ မကင်းနိုင်သောအခါ စိတ်၏ဆက်ဆံခြင်း ကြင်နာရင်း ဓမ္မတာ သဘာဝဓာတ် သဘော၏ နှိုးဆော်ခြင်း ကရုဏာဖြင့် အလွန်တရာ သနားလျက် ကယ်ဆယ်လိုသောစိတ်သည် မိမိ၌ အလိုအလျောက် များစွာ ပေါ်ပေါက်၍ လာလေ၏။ သို့သော်လည်း ဤမျှလောက် သောင်းကျန်း ထကြွသော ရေအပြင်၌ မိမိအသက်ကို အသို့လျှင် စွန့်ဝံ့ရှာပါမည်နည်း။ ၎င်းသူငယ်သည် ထိုကဲ့သို့ စွန့်စားသွားရောက် ကယ်ဆယ်ရန် စိတ်ကူးလိုက်သော အခါ ကြီးစွာသော ထိတ်လန့်ခြင်းသည် မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ဖမ်းစားလျက် မည်သူမျှ မတတ်နိုင်သော အရာကို ငါသည် အဘယ်နည်းနှင့် တတ်နိုင်ပါအံ့နည်း။ ဤအရေး၌ ငါ စွန့်စားလျှင် ငါ့အား မည်သူသည် အရူးဟူ၍ မဆိုဘဲ နေပါအံ့နည်း။ အများကြည့်ရှုသူတို့မှာ ကောင်းစွာ နေစိမ့်ပါလျက် ငါ ဘယ်အတွက် အေးအေးမနေသင့်ပါသနည်းဟု ခတွေးတောကာ နေလေ၏။

သို့ပင် တွေးတောငြားသော်လည်း မိမိ၏စိတ်၌ ကယ်ဆယ်ရန် နှိုးဆော်၍နေသော အရာတစ်ခုမှာ ခုခံခြင်းငှာ မစွမ်းနိုင်အောင် ရှိလေ၏။ မိမိ၏စိတ်ကို နေစိမ့်အောင် ထားလိုက်သော်လည်း နှင်သွား၍ ကယ်ရမည် ဟူသော မိမိ၏နား၌ ထပ်ခါထပ်ခါ ကြား၍ နေရသကဲ့သို့ ဖြစ်လေ၏။

ထိုစကားသည် မည်သူ၏ စကားပေနည်း။

ယင်းကဲ့သို့ စိတ်ထဲ၌ နှိုးဆော်ခြင်းကို အတန်တန်ခံ၍ နေရသော အခါ ငါ၏ဘဝသည် အသုံးမကျသောဘဝ ဖြစ်၏။ အကျိုးမရှိသော ဘဝ

ဖြစ်၏။ နောင် အရှည်သဖြင့် အသက်ရှင်၍နေလျှင် ဒုက္ခဆင်းရဲခြင်းသာလျှင် ပိုမို၍ များဖွယ်ရာ ရှိ၏။ ငါ သွား၍ စွန့်စားကယ်ဆယ်နိုင်သော သူ၏အဖြစ်သို့ ရောက်နိုင်ပေလိမ့်မည်။ ဤမြင့်မြတ်သော အမှုကို ပြုခြင်းကြောင့် ငါ၏အသက် ဆုံးရှုံးလျှင် ဤဘဝသာလျှင် ဆုံးရှုံးဖို့ရှိ၏။ နောက်ဘဝအဆက်ဆက်၌ သူတစ်ပါး ကယ်ဆယ်နိုင်သော သူ၏ အဖြစ်သို့ ရောက်နိုင်ပေလိမ့်မည်။ လောက၌ တစ်ပါးသူကို အသက်ဘေးမှ သော်လည်းကောင်း၊ ဆင်းရဲဒုက္ခမှသော် လည်းကောင်း ကယ်ဆယ်ခြင်းသည် ဘုရားကိုယ်တော်မြတ်တို့ ဖြည့်ကျင့်ဆည်းပူးသော ပါရမီဖြစ်၍ ကယ်ဆယ်နိုင်သောဘဝကို ရခြင်းသည် လွန်စွာမြင့်မြတ်သော အရာ ဖြစ်လေသည် စသည်ဖြင့် တွေးတောကာ စွန့်ခြင်းပြုပါတော့မည်ဟု အားခဲလိုက်ပြန်ရာ မိမိ၏ရှေ့ရှိသော ကြောက်မက်ဖွယ်ကောင်းလှသော သဏ္ဌာန်ကို မြင်ရသောအခါ တစ်ကျောလုံး စိမ့်လောက်အောင် အေးပြီး ကြောက်သွေးတွေဖြန်း၍လာလေ၏။

သို့သော်လည်း စိတ်၌ နှိုးဆော်ခြင်းသည် မရပ်မနား ... သွား .. သွား သမ္ဗန်ပေါ်ကိုဆင်း၊ ခုချက်ချင်း ကယ်ရမည် ဟူသော မိမိ၏ အသက်ကို အဆုံးစီရင်ရန် ဖန်တီးသော မကောင်းသော ကံကြမ္မာ၏ နှိုးဆော်ခြင်းပင် ဖြစ်လေသလား။

ထိုကဲ့သို့ အကြောင်းနှင့် စွန့်စားခြင်းသည် စိတ်ထဲ၌ အပြန်အလှန်နပန်းလုံးသလို ဖြစ်၍နေစဉ် လှိုင်းလုံးများသည် မဆုတ်မယုတ် တိုးတက်ကြီးမား၍ လာလေ၏။ လေဖြင့်ပါလာသော သင်္ဘောသူ သင်္ဘောသားခရီးသည်တို့၏ ငိုသံ အော်သံ၊ ကယ်ပါ ယူပါ ဟူသော အသံများသည် ငရဲပြည်မှ ထွက်ပေါ်သော အသံကဲ့သို့ နားထဲသို့ လုံး၍ ဝင်လာလေ၏။ သင်္ဘောကလေးမှာ လှိုင်းထဲတွင် ငုံ့ချည်ပေါ်ချည် ယိမ်းချည်ယိုင်ချည်နေလေ၏။ သင်္ဘောပေါ်ရှိ လူအပေါင်းတို့သည် စုတ်ပြတ်ပျက်စီး အက်ကွဲနေသော အမိုးအောက်၌ ခိုကိုးရာမဲ့သော လုက္ခဏာနှင့် ပြေးကာလွှားကာနေကြရှာသည်ကို တွေ့မြင်ရလေ၏။



ထိုအခါ ကမ်းပါး၌ ရပ်ကာ ကြည့်ရှု၍ နေကြသော မိန်းမ အချို့တွေကား ရင်ကိုထုကာ အမယ်လေးကယ်ကြပါ၊ ကယ်နိုင်သူ မရှိကြဘူးလား၊ သင်္ဘော နစ်တော့မယ် ... သေကြရှာတော့မယ် ... ပျက်စီးကြရှာတော့မယ် ... ကယ်နိုင်သူ ကယ်ကြပါ၊ ကယ်နိုင်သူ တစ်ယောက်မှ မရှိကြဘူးလားဟု အော်ဟစ် ဆူညံကာ ကမ်းပါးတစ်လျှောက်တွင် ပြေးလွှားကာနေကြလေ၏။

အဆိုပါ လူပျိုသည် ထိုအသံများကို ကြားရသောအခါ ရင်ထဲ၌ဆို့၍ လာပြီးလျှင် သင်္ဘောပေါ်ရှိ လူသတ္တဝါ အပေါင်းတို့အတွက် ကြီးစွာသော သနားခြင်းစိတ်သည် ဖိစီး၍လာသောကြောင့် ကြောက်စိတ်တွေ အကုန်ပျောက်ပြီး အနီး၌ရှိသော သမ္ဗန်တစ်ခုထဲသို့ အတင်း ပြေးဆင်းလေ၏။

ကြည့်ရှုအော်ဟစ်သော ယောကျ်ားတို့သည်ကား ... ကယ်ဆယ်ရန်စွန့်စားကာ နုနယ်ပျိုမြစ်သူ ယောကျ်ားကလေးကို မြင်ကြရပြန်သောအခါ "မင်း မကယ်နိုင်ဘူး၊ မောင်ရင်ကလေး ဒုက္ခတွေ့တော့မယ်၊ မောင်အသက်ငယ်ငယ်လေး ရှိပါသေးတယ်။ မစွန့်စားပါနဲ့ မောင်ရင်ရဲ့၊ ဆိုင်းပါဦး" ဟု အချို့သော မိန်းမများက အော်ကြ၏။

ယောကျ်ားပျိုသည်ကား ၎င်းတို့၏ စကားကို နားမကြားဘဲ သမ္ဗန်ထဲသို့ ရောက်လျှင် ရောက်ခြင်း ကြိုးကိုဖြတ်ကာ သင်္ဘောရှိရာသို့ အားကုန်ခတ်၍ သွားလေ၏။ လှိုင်းလုံးကြီးများသည်ကား သမ္ဗန်ကလေးကို စီး၍ မျိုရန် ပြင်ဆင်သော မြွေနဂါးကြီးများကဲ့သို့ ဖွေးခနဲ ဖွေးခနဲ၊ မည်းခနဲ ရိပ်ခနဲ ထကာ ကြွကာ ဟပ်ကြ၊ တမ်းကြ အုပ်ကြသကဲ့သို့ မှတ်ထင်ရလေ၏။ ရဲရင့်သော ယောကျ်ားပျိုသည်ကား ထိုလှိုင်းလုံးများကို ခွင်းနှံကာ အပြင်းအထန် ခတ်၍ သွားလေရာ လှိုင်းများအကြားတွင် သမ္ဗန်သည် မြုပ်ချည်၊ ပေါ်ချည်၊ ငုံ့ချည်၊ ကြွချည်ဖြစ်လျက်၊ တစ်ချက်တစ်ချက် သမ္ဗန်မှာ လှိုင်းပေါ်သို့ မြောက်၍တက်ကာ ရေနှင့် အတန်ကလေး လွတ်သွားပြီးမှ ရေပေါ်သို့ ပြန်ကြလေ၏။ ထိုကဲ့သို့ ကျသည့်အခါ ရေပန်း ရေမြှုပ်တို့သည် ဖွေးဖွေးလှုပ်လျက် သမ္ဗန်ကို မမြင်ရအောင် ဖြစ်သွားလေ၏။

ကမ်းပေါ်၌ရှိသော မိန်းမ ယောကျ်ားတို့သည်ကား ရင်ကို မ ကာ လက်ခုပ်လက်ဝါးတီးကာ အသက်ကိုမှ မရှူနိုင်ကြရှာဘဲ သင်္ဘောပေါ်ရှိ လူများအတွက် စိုးရိမ်ပူပန်သော စိတ်တို့သည် ထိုသမ္ဗန်နှင့် သမ္ဗန်သမားၡ၏ အပေါ်သို့ ကျရောက်လျက် တော်ပါပေရဲ့၊ ယောကျ်ား ပီပါပေရဲ့၊ အာဇာနည် မှန်ပါပေရဲ့၊ နတ်များ သိကြားများ ကူညီစောင့်ရှောက်ကြပါစေ။ ချမ်းသာစွာ ရောက်ပါစေ စသည်ဖြင့် မေတ္တာစာတ် လွှတ်ကြလေ၏။

ထိုသမ္ဗန်လေးသည်လည်း ၎င်းမေတ္တာ စိတ်ဓာတ်တို့၏ အစွမ်းကြောင့် မနစ်မြုပ်ဘဲ သွားလေရာ လမ်းခုလတ်အရောက်တွင် သင်္ဘောသည် ဆတ်ဆတ်ခါ၍ တုန်ပြီးလျှင် မချိသော ဝေဒနာကို ခံစားရသော တိရစ္ဆာန်ကဲ့သို့ မတ်တတ်တစောင်းလဲ၍ သွားလေရာ၊ စီခနဲ ညံခနဲ မြည်သောအသံများ မိုးတိမ်အဖျားသို့တိုင်အောင် ဖောက်ထွင်း၍ သွားလေ၏။ မကြာမီက လေနှင့် နပန်းလုံးကာ ရုန်းရင်းဆန်ခတ် ဖြစ်၍နေသော သင်္ဘော၏နေရာ၌ လှိုင်းလုံးများကိုသာ တွေ့ရှိရလေတော့သတည်း။

ထိုအခါ သမ္ဗန်သမားသည် အားမလျှော့ဘဲ ပြင်းပြင်းကြီးခတ်၍ သွားလေရာ လှိုင်းများပေါ်တွင် မည်းခနဲ မည်းခနဲ ပေါ်သော ဦးခေါင်းများ သည် လည်းကောင်း၊ အထက်သို့ မြောက်၍ တက်လာသော လက်များကို လည်းကောင်း စ၍ မြင်ရလေ၏။ မကြာမီ ၎င်းတို့ ရှိရာသို့ ရောက်သွားလေရာ ရေပေါ်၌ တစ်ပိုင်းမြုပ် တစ်ပိုင်းပေါ် ကူးယက်နေကြသော ယောကျ်ား မိန်းမအချို့တို့သည် သမ္ဗန်ကို ဆွဲမိကြလေ၏။ သမ္ဗန်သည် ၎င်းတို့ဆွဲ၍ တင်လေရာ သမ္ဗန်လေးမှာ နှစ်ကြိမ် သုံးကြိမ် မှောက်တော့မည် ဖြစ်သောကြောင့် ကမ်းပေါ်မှ ကြည့်ရှုသူတို့မှာ အသက်ကို မရှူနိုင်ဘဲ ပါးစပ်ဟကာ ငေးပြီး အမယ်လေး ... အမယ်လေး ဟူ၍ ညည်းညူမှန်းမသိ ညည်းညူကာ ရင်ထဲတွင် ထိတ်ကာဖိုကာ အလိုလို မော၍ နေကြလေ၏။

သမ္ဗန်သမားသည်ကား တစ်ယောက်ပြီး တစ်ယောက် ဆွဲ၍တင်ရာ သမ္ဗန်ပေါ်သို့ ၆ ယောက် ၇ ယောက် ရောက်ပြီးနောက် ဆက်လက်၍



ဆိုင်းငံ့လျှင် ရှိသမျှတွေ အကုန်အစင် ဝိုင်း၍ တွယ်ကြချေက အားလုံး သေကြေ ပျက်စီးကြရပေလိမ့်မည်ဟု တွေးကာ ကြွင်းကျန်သော လူများကို သနားသော်လည်း ကြည့်မိလျှင် ဆိုင်းငံ့၍ နေမိမှာ စိုးသောကြောင့် မကြည့်ဘဲ ပြန်၍ ခတ်မည်အပြုတွင် သမ္ဗန်အနီး၌ လက်ကောက်တွေ လက်စွပ်တွေနှင့် ပြောင်လက်ဖြူစင်သော လက်တစ်ဖက်သည် ရေထဲမှ ပေါ်ထွက်၍ လာသည် ကို တွေ့ရသဖြင့် ထိုလက်ကို လှမ်း၍အဆွဲတွင် သမ္ဗန်သမားသည် သမ္ဗန်၏ လှုပ်ရှားခြင်းကြောင့် မိမိ၏ကိုယ်ကို ဟန်၍ မရဘဲ ရေထဲကို ထိုး၍ ကျသွားလေရာ ကမ်းနားရှိ လူအပေါင်းတို့မှာ စီခနဲ ညံခနဲ ဖြစ်သွားကြလေ၏။ အကြောင်းမူအား ပေါ်လာသော လက်နှင့်အတူ သမ္ဗန်သမားသည် ရေထဲတွင် ပျောက်၍ သွားလေ၏။

နောက်စက္ကန့် အနည်းငယ်ကြာသောအခါ ဆံပင်တွေ ဖိုးရိုးဖားရားနှင့် မိန်းမတစ်ယောက်ကို လက်တစ်ဖက်နှင့် ပွေ့ကာပေါ်၍ လာလေ၏။ ကြည့်ရှုသူတို့သည် တစ်ဖန်အားတတ်၍ အော်ကြ ဟစ်ကြပြန်လေ၏။ သို့သော်လည်း သမ္ဗန်မှာ လွင့်၍ ပါသွားသောကြောင့် ဝါးတစ်ရပ်နီးနီး သမ္ဗန်နှင့် ဝေး၍ နေလေရာ သမ္ဗန်သမားသည် ထိုမိန်းမကို ပွေ့ပိုက်ကာ သမ္ဗန် ရှိရာသို့ တစောင်းထိုး၍ သွားလေ၏။

အတန်ကလေးကြာသောအခါ သမ္ဗန်ရှိရာသို့ ရောက်၍ သမ္ဗန်ကို ကိုင်မိလျက် မိမိ လက်တစ်ဖက်နှင့် ထို မိန်းမ၏ ခါးကိုပွေ့ကာ သမ္ဗန်ကို ကိုင်ထားလေ၏။ သို့သော်လည်း သမ္ဗန်ပေါ်သို့ မတက်နိုင်ချေ။ အကယ်၍ သမ္ဗန်ပေါ်ကို အတင်းတက်လျှင် သမ္ဗန်လွတ်လျက် အားလုံး သေဖွယ်ရာ ရှိလေ၏။

ထိုအတွင်း သမ္ဗန်ပေါ်၌ လဲ၍နေကြသော ယောကျ်ား မိန်းမများ အနက် တစ်ယောက်သော ယောကျ်ားသည် သတိရပြီးလျှင် သမ္ဗန်ပေါ်၌ ထိုင်ကာ လက်လှမ်း၍ ယူသဖြင့် အတော်ပင် ခက်ခဲစွာ သမ္ဗန်ပေါ်သို့ ရောက်အောင် တက်ရပြီးနောက် မိန်းမကို ဆွဲ၍ တင်လေ၏။ ထို့နောက်

အသေကဲ့သို့ ငြိမ်သက်စွာနေသော မိန်းမကို မိမိ၏ ရှေ့တွင်ချကာ တက်များကိုကိုင် အမြန်ခတ်သွားလေ၏။

မိမိ၏ရှေ့၌ ဆံပင်များကို ဖြန့်ကာနေသော မိန်းမပျိုသည် အလွန်တရာ ဖြူစင်သန့်ရှင်းလှပသော အဆင်းရှိလေ၏။ ၎င်း၏ ငြိမ်သက်သော ကိုယ်လက်အင်္ဂါတို့မှာ လွန်စွာ နူးညံ့ပျော့ပျောင်းလျက် သွယ်ပြောင်ဖြောင့်စင်း၍ သေးသွယ်သော ခါး၊ ကားသောတင်၊ ကြွားသောရင်တို့မှာ အလွန်တရာ အကျအဆင်း ညီညွတ်လျက် မပိန်လွန်း၊ မဝလွန်း၊ မရှည်လွန်း၊ မပုလွန်းသောသဏ္ဌာန်ရှိ၏။ ခပ်သွယ်သွယ်ရှိသော မျက်နှာ၊ ထင်ပေါ်သော နှာခေါင်း၊ ဖောင်းလျက် မှိတ်၍နေသော မျက်လုံးများ၊ ရှည်လျားသော မျက်တောင်၊ ဆေးမင်ဆွဲထားသလို ဖြောင့်တန်းရိပ်လွင်သော မျက်ခုံးမွေး၊ ဆံပင်ကလေး တစ်ခြမ်းအုပ်၍ လှပသော နဖူး၊ ရှည်လျားနက်ပြောင်သော ဆံပင်၊ ယဉ်ကျေးသော မျက်နှာတို့မှာ နှင်းဆီပွင့်ပမာ နီမြန်းလျက် ဝင်းလက်ညီညွတ်သော သွားလေးများနှင့် စပ်ဟပ်လိုက်သောအခါ ပန်းချီဆရာတို့ ရှုံးလောက်သော ပုံသဏ္ဌာန် ဖြစ်လေ၏။ ဖြူစင်ပါးလွှာသော ပဒုမ္မာအင်္ကျီ၏အောက်၌ အထင်းသား ပေါ်ရှိနေသော အသားဆိုင်ကလေးများမှာ ဖြူဝင်းပပ တိမ်အကြားမှ ထွက်ပေါ်စဖြစ်သော လမင်း၏ အဆင်းနှင့်တူလေ၏။ ရေစွတ်သော ဖဲထဘီမှာ ဖြောင့်စင်း ပြည့်ဖြိုးသော အသားတွင် ကပ်လျက်နေလေရာ နီမြန်းသော ဒူးခေါင်းကလေးနှင့် ခြေသလုံးသားတွင် စိမ်းလန်းသော အကြောကလေးများ ပေါ်၍နေသဖြင့် သမ္ဗန်သမားသည် ထဘီစကလေးကို လက်ဖျားကလေးကိုင်ကာ ခြေသလုံးကို ကောင်းစွာ အုပ်မိအောင် ဆွဲချလိုက်လေ၏။

သမ္ဗန်ပေါ်ကနေ၍ ဆွဲသောသူသည် မိမိနေရာတွင် ပြန်လှဲကာ နေလေ၏။ သမ္ဗန်သမားကလေးသည်ကား သမ္ဗန်ခတ်ရင်း ဤမျှလောက်လှသော ယမင်းရုပ်ကလေးကို ကယ်ဆယ်ရခြင်းသည် ငါ၏ မွန်မြတ်သော အလုပ်၌ ကြီးစွာသော အကျိုးပေးတည်းဟု အောက်မေ့ကာ အကြောက်



စိတ် ဟူသမျှ ပြေပျောက်ပြီးလျှင် ထိုမှလောက်လှသော မျက်နှာကလေးပေါ်သို့ စိတ်ဉာဏ်၊ သက်ဉာဏ် အကုန်အစင်ရောက်လျက် တက်ကြွကာ နေရှာလေ၏။ သို့သော် ၎င်းမိန်းမပျိုသည် ငြိမ်သက်လျက် တစ်ချက်မျှ မလှုပ်ရှားဘဲ အသက်ရှူဟန် လက္ခဏာမျှ မရှိသည်ကို မြင်မိသောအခါ အသက်များ ရှိပါသေးရဲ့လားဟု တွေးတောကာ ပူပင်လျက် တက်ပြိုင်ခတ်ကာ တအားကြိုး၍ နွဲရှာလေသတည်း။

ယင်းသို့လာလေရာ အတန်ကြာသောအခါ ကမ်းခြေသို့ ချမ်းသာစွာ ရောက်လေ၏။ ရောက်လျှင်ရောက်ချင်း တက်နှစ်စင်းကို လွှတ်ကာ မိန်းမပျို၏ ပျော့ပျောင်းသော ကိုယ်ကို ပွေ့ယူကာ သမ္ဗန်ပေါ်မှ ကမ်းသို့ လွှားခနဲ ခုန်၍ကူးပြီး ကမ်းပေါ်သို့တက်ကာ မိမိနေသော တဲငါအိမ်သို့ ထိုမိန်းမပျိုကို ပွေ့ကာ ပြေးရှာလေ၏။

များစွာသော လူပရိသတ်သည်လည်း နောက်က ပြေး၍လိုက်ကြလေ၏။ ထိုကဲ့သို့ ပြေး၍ လိုက်လာကြသော လူစုအထဲတွင် မိမိအရွယ်ခန့်ရှိ သားနားစွာ ဝတ်စားလာသော ယောက်ျားပျိုတစ်ယောက်သည် ပါရှိလေ၏။ ထိုယောက်ျားသည် အပါးသို့ ရောက်သောအခါ မိန်းမပျို၏ မျက်နှာကို မြင်လျှင်မြင်ချင်း ဟိုက်ခနဲ အော်ပြီးလျှင် သမ္ဗန်သမား၏လက်မှ ဆွဲယူကာ ပွေ့မည်ပြုလေရာ သမ္ဗန်သမားသည် ၎င်းကို တွန်းဖယ်လျက် အနားကို မကပ်စေဘဲ တဲအတွင်းသို့ရောက်အောင် ယူဆောင်သွားလေ၏။ ယောက်ျားပျိုသည်ကား သမ္ဗန်သမားကို စောင်းစောင်းမဲ့မဲ့ကြည့်ကာ ခပ်ခွာခွာ လိုက်သွားရလေ၏။ အချို့သော ကာလသားများက စောင်းစောင်းမဲ့မဲ့ ကြည့်သည်ကို မခံချင်ကြ၍ မင်းက ဘာလဲ၊ မြို့အုပ်မို့လား၊ သူကယ်လို့ရခဲ့တာ၊ မင်းက ဘာမနာလိုသလဲ စသည်ဖြင့် မကြားတကြား ပြောကြလေ၏။

တဲထဲသို့ ရောက်သောအခါ သမ္ဗန်သမားကလေးသည် အိမ်ရှင်မိန်းမကြီးအား “အဒေါ် အဒေါ် အိပ်ရာပြင်ပါ” ဟု ပြောလေ၏။ အိပ်ရာများ

ပြင်ပြီးနောက် မိန်းမပျိုကို အိပ်ရာတွင် ကောင်းစွာ သိပ်ထားပြီးလျှင် "အဒေါ်ကြီး အဝတ်သွေ့သွေ့များရှိရင် မြန်မြန်လဲပေးပါ၊ ကျွန်တော် ရေနွေးအိုး တည်ပါဦးမည်" ဟု ပြောပြီး ရေနွေးအိုးကို တည်လေ၏။

အတန်ကြာသောအခါ မိန်းမပျိုမှာ သွေ့ခြောက်သော အဝတ်များနှင့် အိပ်ရာတွင် ထွေးနွေးစွာ မလှုပ်မရှားဘဲ နေလေ၏။ ရေနွေးကျို၍ ပြီးသောအခါ သမ္ဗန်သမားသည် ရေနွေးများကို ပုလင်းတစ်ခုထဲသို့ ထည့်ကာ ဖော့များ လုံခြုံစွာပိတ်၍ အိမ်ရှင် အဒေါ်ကြီးအား တစ်ကိုယ်လုံးကို ပုလင်းပူကျုပ်ထုပ်ထိုးဖို့ရန်ပြောရာ အိမ်ရှင်အဒေါ်ကြီးသည် ကြင်နာသော စိတ်နှင့် ကြိုးစား၍ ပြုစုလေ၏။ ထိုအတွင်း အိမ်ရှင် တံငါသည်ယောကျ်ား ကြီး ရောက်လာပြီးလျှင် တတ်သမျှနည်းတို့ဖြင့် မိန်းမပျိုကလေး ယောကျ်ား မိန်းမတို့သည်လည်း တတ်သမျှ မှတ်သမျှ ပြောဆို ကူညီကြလေရာ မြို့အုပ်မှာ မိန်းမပျို၏ အပါး၌ကပ်ကာ ပျာယီးပျာယာဖြစ်လျက် အိမ်ကို ယူဆောင်သွားဖို့ရန် ဟန်ပြင်၍နေလေ၏။ မိမိ သိသော သူမိန်းမအချို့ အားလည်း အဝတ်သစ် အစားသစ်များနှင့် မိမိအိမ်က ဘရန်ဒီပုလင်းကို ယူခဲ့ကြရန် မှာလေ၏။ သမ္ဗန်သမားကလေးသည်ကား မြို့အုပ်မင်းကလေး သဘောမကျမှန်း သိသဖြင့် မိန်းမပျို၏အပါးသို့ လွန်စွာ မကပ်ရှာဘဲ ခပ်လှမ်းလှမ်းကသာ ရပ်၍ အကဲကိုကြည့်ကာ နေလေ၏။

ထိုအတွင်း မြို့အုပ်မင်းက မိန်းမပျို၏အပါးတွင် ထိုင်ကာ အလွန် တရာ ပူပန်သော လက္ခဏာနှင့် နေလေ၏။ ထိုအတွင်း မိန်းမပျိုလေး၏ မျက်နှာ၌ သွေးရောင်များသမ်း၍ လာပြီးလျှင် အနည်းငယ် လှုပ်ရှား၍ လာလေရာ မြို့အုပ်မင်းက "ရီရီ … ရီရီ … မရီ" ဟု ခေါ်လေ၏။

ထိုအခါ သမ္ဗန်သမားကလေးမှာ အကြောင်သားငေးပြီး အပါးသို့ ပြေးလာပြီးလျှင် လွန်စွာ အံ့အားသင့်သော အမူအရာနှင့် အပါးတွင် ထိုင် တော့မလို၊ ဝင်၍ ပွေ့တော့မလို၊ ရီရီဟု ခေါ်တော့မလို ဖြစ်၍နေပြီးမှ မိမိ အခြေအနေကိုသိသော အမူအရာနှင့် နောက်သို့ ဆုတ်ခွာနေပြီးလျှင်



ရီရီဆိုသူ မိန်းမပျို၏ မျက်နှာကို မျက်တောင်မခတ်ဘဲကြည့်လျက် ဘယ်က ရီရီ ပါလိမ့်မလဲ၊ နာမည်တူလို့များလား၊ ပုံပန်းအသားအရေကဖြင့် ငါ သိတဲ့ ရီရီနဲ့အတူ အတော်ပင် ခြားနား၏။ အရွယ်ကလည်း၏ လွန်စွာ ခြားနား သည့်အတွက် ငယ်ရုပ်များ ပျောက်လေသလား၊ ရီရီ ရှိသေးလျှင် အခု လောက်ကြာရင် သူ့အရွယ်ပဲ ရှိမှာပဲ၊ ဒီမြို့အုပ်များနဲ့ ဘာများ တော်ပါလိမ့် မလဲ၊ သမီးရည်းစားလား၊ လင်မယားလား၊ မောင်နှမလား။ သို့သော် ဘာပဲ တော်တော် ဘယ်လူပဲဖြစ်ဖြစ် ငယ်ငယ်က ငါသိတဲ့ ရီရီပင် ဖြစ်စေကာမူ ငါနဲ့ အဘယ်သို့ သက်ဆိုင်ပါမည်နည်း။ ငါ၏အခြေအနေသည် လွန်စွာ သိမ်ငယ်နေ၏။ ထိုမြို့အုပ်၏ အခြေအနေသည် ရီရီနှင့်သာ ထိုက်တန်၏။ ငါ၌ ဘယ်မျှော်လင့်ဖွယ် ရှိပါအံ့နည်း။ မမှီသည့်ပန်း တုံးခုတ်၍ လှမ်းဖို့ရန် စိတ်ကူးလျှင် ပွဲထဲက ရနီးလို ဖြစ်ဖို့ရှိပေသည်။ ငါ၏ဘဝနှင့် သူ၏ဘဝ သည် ဆီနှင့်ရေကို စပ်ဟပ်၍ မရသကဲ့သို့ ဖြစ်လေသည်။ သို့သော် ရီရီ အမှန်ဖြစ်လျှင် ငါ အသက်စွန့်ရခြင်း၌ အကျိုးနပ်လေ၏ဟု စိတ်၌ဖြေကာ မိမိ၏ နိမ့်ကျသိမ်ငယ်သော အခြေဖြင့် မိမိကိုယ်ကို ဆုံးမကာ တော်ရာမှ ခနေလေ၏။

နောက် အတန်ကြာသောအခါ မိန်းမပျိုသည် မျက်လုံးများကို ဖွင့်လျက် မိမိ၏နာမည်ကို ခေါ်၍နေသော အသံကို ကြားသဖြင့် ဟီးခနဲ ညည်းကာ အပါးရှိ မြို့အုပ်၏မျက်နှာ မြင်လျှင်မြင်ချင်း မျက်နှာများ ကြည်လင်လျက် သွေးတို့သည် မျက်နှာသို့ မရှိပြင်းစွာ တက်လာသကဲ့သို့ သေရာမှ ရှင်၍လာသည့်ပမာ အားတက်၍လာရာ ပူနွေးသော နို့ရည်များကို ပါးစပ်ထဲ ထည့်၍ပေးကြလေ၏။ အချို့ကလည်း ကြက်ဥများကို ယူလာ ကြပြီးလျှင် တိုက်ရန် ပေးကြလေ၏။ မြို့အုပ်မင်းသည် ၎င်းအာဟာရ များနှင့် ဘရန်ဒီကို ရောစပ်ကာ မိန်းမပျို၏ ခံတွင်းသို့ ဇွန်းနှင့်ထည့်လေရာ အတန်ကလေး ကြာသောအခါ လတ်ဆတ်၍လာလျက် "ကိုဖုန်းကျော် ကိုဖုန်းကျော် … ရီရီကို ကြည့်ပါနော် … ရီရီကို ကယ်ပါ" ဟု သာယာ

ဖြည်းညင်းသောအသံနှင့် ပြောရှာလေ၏။ မြို့အုပ်မင်းက "အားတင်းထားပါ မရီ၊ ကျုပ် ကြည့်ရှုလျက်ပါပဲ၊ ကျုပ် မင့်အသက်ကို ပြန်ပြီးရှင်လာအောင် အားထုတ်နေပါတယ်၊ အခု တော်တော်အားရှိပလား" ဟု မေးလေရာ မိန်းမပျိုက "ဟုတ်ကဲ့ အားရှိပါပြီ၊ ကျွန်မကို ထူစမ်းပါ" ဟု ပြောရာ မြို့အုပ်မင်းသည် မတ်တတ်ရပ်ကာ ပုဆိုးရှည်ကို မင်းသားကျိုက် ကျိုက်လေ၏။ ထိုအခါ မိန်းမပျိုက အနည်းငယ်ကလေး ပြုံးပြလေရာ ဖြူဖွေးသော သွားကလေးများ ဝင်းထိန်ကာ ပေါ်လာလေ၏။

ထိုပြုံးရယ်ခြင်းသည် သမ္မန်သမား မောင်နေဝင်း အသည်းနှလုံးကို ဖောက်ထွင်း၍ ငယ်ရုပ်သည် လုံးလုံးကြီး ပြန်၍ ပေါ်လာလေ၏။ ထိုအတွင်း မြို့အုပ်မင်းက ပွေ့ထူလိုက်သောအခါ မောင်နေဝင်း၏ အသည်းထဲတွင် ရှိုးရှိုးရှရှ ဖြစ်လျက် တစ်ချက်တစ်ချက်မှာ အပ်နှင့် ဆွသလို မခံချိမခံသာ ဖြစ်၍နေလေ၏။

ရီရီသည် ဖိုးရိုးဖားရား ကျလျက်ရှိသော ဆံပင်များကို ဖြူစင်လှပသော လက်ကလေးများနှင့် နောက်သို့ ဖယ်လိုက်လေရာ လှပသော နဖူးကလေးသည် အထင်းသား ပေါ်၍လာလေ၏။ ထိုင်၍နေပြီးနောက် မိမိကို လာရောက် ကြည့်ရှုကြသော ယောကျ်ား မိန်းမများကို ကြည့်ကာ "ကျွန်မကို ဘယ်သူ ကယ်လာပါသလဲရှင်" ဟု မေးလေရာ ရီရီ၏နံဘေး နောက်နားကျကျမှ ရပ်၍နေသော မောင်နေဝင်း ရှိရာသို့ ကြည့်ရှုသူ အများတို့က လက်ညှိုးထိုးကာ "ဟောဒီ မောင်ရင်ပါပဲ" ဟု ပြောကြလေ၏။ မောင်နေဝင်းကလည်း "ကျွန်တော်ပါပဲ" ဟု ပြောလေ၏။ မြို့အုပ်မင်းသည်ကား မောင်နေဝင်းကို ဣန္ဒြေနှင့် ကြည့်ကာနေလေ၏။

မောင်နေဝင်းသည်ကား ကျွန်ုပ်တို့ တွေ့ရှိခဲ့ကြသည်နှင့်အညီ အလွန်တရာ ယဉ်ကျေးလှပသော ယောကျ်ားပျိုကလေးတစ်ယောက် ဖြစ်သောကြောင့် မြို့အုပ်မင်းစိတ်၌ တစ်မျိုးတစ်မည် ဖြစ်ဖွယ်ရာ အကြောင်းရှိလေ၏။ အကြောင်းမူကား အချို့သောသူများ မောင်နေဝင်းကိုကြည့်ကာ



"ဩော် ... သူငယ်ကလေးနှင့် သူငယ်မလေး အရွယ်ချင်းကလည်းတူ၊ အလှချင်းကလည်းတူ၊ ဖူးစာဖက်များဖြစ်ဖို့ ကယ်ဆယ်ဖို့ ကြုံလေသလား" ဟု ပြောမိကြလေရာ မြို့အုပ်မင်းသည် ထိုစကားများကို ကြားမိလေ၏။ သို့သော်လည်း ရီရီသည် မောင်နေဝင်းဘက်သို့ လှည့်၍မကြည့်ဘဲ စိန်လက်စွပ် သုံးကွင်း ဝတ်ထားသော လက်တစ်ဖက်ကို ဆန့်တန်းကာ ပေးလေ၏။

ကြည့်ရှုနေသော မိန်းမအချို့တို့က "ဟော့ မောင်ရင်ကလေး မင်းကို ပေးနေတယ်၊ ယူယူ ... အို လက်ကိုကိုင်ပြီး ချွတ်ရမှာ ရှက်နေသလား" ဟု ပြောလေရာ မောင်နေဝင်းက "ကျွန်တော် ဆုလာဘ်ကို အလိုရှိလို့ ကယ်တာ မဟုတ်ပါဘူး၊ မည်သူမဆို အသက်ကို ကယ်ဆယ်ဖို့ ကြုံရင် ကယ်ဆယ်ရမည့် ဝတ္တရား ရှိပါတယ်၊ ကျေးဇူးများတင်ပါရဲ့ ခင်ဗျား ...၊ ဆုလာဘ်ကိုဖြင့် မယူပါရစေနှင့်" ဟု ပြောလေရာ မြို့အုပ်မင်းသည် မောင်နေဝင်း၌ရှိသော ကြီးရင့်သော စိတ်သဘောကို သိရသည့်အတွက် (မျောက်ပါးစပ်က နတ်စကားထွက်သည် ဆိုပြီးလျှင် ချဉ်တင်တင် ကြည့်လေ၏) ရီရီသည်ကား ထိုအသံသည် ယောကျ်ားပီသသော အသံ ဖြစ်၏။ ပြောသော စကားများသည်လည်း လွန်စွာ မြင့်မြတ်သောစိတ်ကို သက်သေပြ၏။ အဘယ်သို့သော ယောကျ်ားပါလိမ့်မလဲဟု အံ့ဩကာ မောင်နေဝင်း၏ဘက်သို့ အသာကလေး ခေါင်းငဲ့ကာ ကြည့်လေရာ၊ မောင်နေဝင်း၏ မျက်နှာနှင့် ဆိုင်၍နေလျက် ရုတ်တရက် ပြန်၍ မျက်နှာကို မထိန်းနိုင်ဘဲ ရှုပါရုံစိတ်ချင်း ချိတ်ကာဆွဲသလို မျက်တောင်မခတ်ဘဲကြည့်ကာ မျက်နှာမှာ နီမြန်း၍လာပြီးလျှင် ငေး၍နေပြီးမှ ပြန်၍လှည့်သွားပြီးလျှင် ခြေဆင်း၍ထိုင်နေသော ပေါင်ပေါ်သို့ မျက်နှာကိုချကာ စိုက်ကြည့်လျက် တွေးတောနေသည်မှာ ... ဩော် ငါ့ကို တံငါသည်ကြီး တစ်ယောက်ယောက် ကယ်သလားလို့ မှတ်ပါတယ်၊ ကယ်တဲ့သူဟာ တံငါသည် မဟုတ်ပါလား၊ လူရည်လူသွေးက သားနားပါဘိသနဲ့၊ သူ့အသက်ကို ရေထဲမှာစွန့်ပြီး ငါ့

အသက်ကို အရကယ်ရှာတဲ့ လူစွမ်းကောင်းပါလား၊ ငါ့ကို ဘယ်လိုများ ကယ်ပါလိမ့်မလဲ၊ ရေထဲက အဘယ်ပုံ ငါ့ကို ဆွဲယူလိမ့်မလဲ၊ ငါ့ကို ရေထဲမှာ ပွေ့ကာဖက်ကာ ယူလာလေသလား၊ အမယ်လေး ငါ့အင်္ကျီကလည်း ပါးဘိသနဲ့၊ ဘယ်ပုံများ ပွေ့ပြီး ယူခဲ့ပါလိမ့်မလဲ (တကတည်း သိများသိရင် အင်မတန် ရှက်စရာကောင်းမှာပါတကား) စသည်ဖြင့် တွေးတောကာ သွေးသားတွေလှုပ်ရှား၊ အသည်းထဲ ရင်ထဲမှာ ယားကျိကျိနှင့် နွေးတစ်ခါ အေးတစ်လှည့် မီးယပ်ချမ်းထသလို မောင်နေဝင်း၏မျက်နှာကို မကြည့်ဝံ့အောင် ဖြစ်သွားပြီးလျှင် ငါ့ သူ့ကို ဘယ်ပုံပြန်၍ ကျေးဇူးဆပ်ရပါ့မလဲ၊ ငါပေးတဲ့ လက်စွပ်ကိုတောင် ယူတဲ့လူ မဟုတ်တော့ ကျေးဇူးဆပ်ဖို့ရန် အင်မတန် ခက်မှာပဲ၊ ဘယ်လို လူစားပါလဲ၊ ဘယ်သူ၏ သားမြေးပါလိမ့်မလဲ၊ သူ ဝတ်ပုံကတော့ ဆင်းဆင်းရဲရဲ၊ ဒါထက် ငါ့ကိုယ်မှာလည်း ငါ့အဝတ် မဟုတ်ပါတကား (အမယ်မင်း ငါ့ကို သူ ပွေ့လာတုန်းက ရှက်စရာကြီးများ ဖြစ်နေမလား၊ ရှက်စရာကြီး ဖြစ်နေရင် သူ မကယ်တာက မြတ်ပါသေးရဲ့) စသည်ဖြင့် တွေးတောကာ "ကျွန်မကိုယ်မှာ ဘယ်သူ့အဝတ်တွေပါလဲရှင်" ဟု မေးလေရာ၊ အိမ်ရှင်မိန်းမကြီးက "တူမကြီးအဝတ်တွေ ရေစိုနေလို့ အဒေါ်ကြီး လဲပေးထားပါတယ်၊ အဒေါ်ကြီး အဝတ်တွေပါ" ဟု ပြောသောအခါကျမှ ရီရီမှာ မျက်နှာကို အနည်းငယ် မော်၍ ကြည့်ဝံ့ရှာလေ၏။ ထိုအတွင်းတွင် မြို့အုပ်မင်း မှာလိုက်သော အဝတ်များရောက်လာ၍ တဲဘုံ အခန်းကျဉ်းကလေးထဲသို့ ဝင်ကာ အဝတ်များကို လဲပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။

ထိုအခါ မြို့အုပ်မင်း မောင်ဖုန်းကျော်က

"ကိုင်း ရီရီ ... ကျုပ်အိမ်ကို လိုက်ခဲ့ပေရော့၊ ကျုပ်အိမ်ကျမှ မင်းဘကြီးအိမ်ကို လိုက်ပို့ပါမယ်၊ အိမ်မှာ အုံမေနဲ့ အစ်မကြီး ရှိပါတယ်" ဟု ပြောကာ ခေါ်လေ၏။

ရီရီသည် စကားပြန်၍ မပြောဘဲ မောင်နေဝင်းကို အတန်ကလေး



ကြာစွာကြည့်ပြီး "ရှင် ကျွန်မအသက်ကို ကယ်တဲ့လူပါ၊ ကျွန်မ ဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတာ ကြံစည်လို့မရအောင် ရှိပါတယ်၊ ကျွန်မ တစ်နည်းနည်းနဲ့ ကျေးဇူးမဆပ်ရရင် စိတ်ထဲမှာ အေးတော့မှာ မဟုတ်ပါဘူး၊ အခု သွားဖို့ရန် အခွင့်ပြုပါရှင်၊ အိမ်သားအားလုံးကိုလည်း ကျွန်မ ကျေးဇူးမမေ့ပါဘူး၊ ကျွန်မ မကြာခဏလာပြီး လည်ပါ့မယ်၊ အခု သွားပါရစေတော့ရှင်" ဟု နှုတ်ဆက်ပြီး မြို့အုပ်နှင့်အတူ လိုက်ပါသွားလေ၏။ မောင်နေဝင်းသည်ကား စကားပြန်မပြောဘဲ မျက်နှာကိုချကာ တွေဝေမိန်းမော၍ နေရစ်ရှာလေ၏။

ထိုကဲ့သို့ နေရစ်သောအခါ အိမ်ရှင် လင်မယားနှစ်ယောက်နှင့် တကွ အပေါင်းသော လူစုတို့က မောင်နေဝင်း အနားသို့ ဝိုင်းအုံ၍ လာကြပြီးလျှင် "မောင်ရင်လေးက တယ်အားနာတတ်တာကိုး၊ ဘာဖြစ်လို့ မယူလိုက်တာလဲ၊ ငွေနှစ်ထောင်ကျော်ကျော်လောက် တန်တယ်၊ အကောင်းသားနဲ့၊ ဘာကိုများ မျှော်လင့်ပြီး ငြင်းပယ်လိုက်ပါသလဲ၊ (မောင်ရင်ကလေးက ဒါထက်ကောင်းတာကိုမြင်လို့) မယူဘဲ နေတယ်ထင်ပါရဲ့" စသည်ဖြင့် သူတစ်ခွန်း ငါတစ်ခွန်း ပြောကြလေ၏။ (ကာလသား တစ်ယောက်က ဒါထက်ကောင်းမှာက နောက်ဗျ၊ အခု ဟိုမြို့အုပ်ငနဲက တွဲထုတ်သွားပြီ၊ အဲဒါ ခက်တာပဲ၊ အခုတော့ ကိစ္စချောတာပေါ့၊ ကိုရင်ခုတင်က သူ လဲထားခဲ့တဲ့ အဝတ်တွေကိုသာ ဝတ်ပြီး အေးအေးအိပ်နေပေတော့ဟု ပြောပြီး (ရှေ့ဦးပေါက်လို့ ထင်းတွေလာ၊ အထက်ရွာက ဆီးလို့ဆယ်လိုက်) ဟု လက်ခုပ်တီးကာ ဆိုလေ၏။ အခြား ကာလသားအချို့တို့က (အောက်ရွာက တစ်ချောင်းမှမရဘူး) ဟု ပျော်အိပျော်အိနဲ့ အသံတွေနှင့် ဆိုကြပြီးလျှင် ထွက်သွားကြလေ၏။ တံငါသည် လင်မယားတို့သည်ကား မောင်နေဝင်း ပြုမူပုံအတွက် မချင့်မရဲဖြစ်ကာ နေကြသော်လည်း တံငါသည် ယောကျ်ားက မိမိ၏ မိန်းမအား "ငါတို့တော့ ကော်တာပဲ၊ ဒီသူငယ်မက မျိုးကြီးဆွေကြီး ငွေအိုးကြီးမို့ ငါတို့ကို တော်တော်များများ

ကျေးဇူးဆပ်မှာပဲ၊ တရင်းတနှီး ရရင် မကြာမီ အင်းသူကြီး ဖြစ်အောင် သွားပြီး ကြံမယ်၊ မသေခင် တစ်ပွဲနှစ်ပွဲ စားရရင် နည်းသလား မိန်းမရဲ့" ဟု ရယ်မောကာ ပြောလေ၏။ မောင်နေဝင်းသည်ကား တစ်ကိုယ်တည်း တဲမှထွက်ပြီးလျှင် မြစ်ကမ်းနားသို့ သွားကာ မှိုင်တွေချ၍ နေရှာလေ၏။

ထိုကဲ့သို့ နေခိုက်တွင် ရီရီကို ငါ ကယ်ရ၏။ ရီရီ၏ အသက်သည် ငါ၏အသက် ဖြစ်၏။ ရီရီသည်ကား ငါ့ကို မသိရှာပါတကား၊ ရီရီကို မြို့အုပ် ခေါ်၍သွားပြီ၊ ငါ ကယ်ဆယ်ရသည်မှာ အဘယ်အကျိုး ခံစားရပါ သနည်း၊ ရီရီကို ငါ ကယ်ရသည်မှာ သူတို့နှစ်ယောက် ပျော်ရွှင်ချမ်းသာဖို့ ဖြစ်၏။ ယခုမှာ အဘယ်ပုံ ပျော်ရွှင်၍ နေကြပါသလဲ၊ ရီရီသည် ငါ့ကို သေသေချာချာမျှ မကြည့်ဘဲ သူ့လက်ကို ဆန့်၍ပေး၏။ ရီရီ မင်းလက်စွပ်ဟာ ကျုပ် ဘယ်လိုအသုံးချရပါမလဲ၊ ငါ သွားလေရာမှ အမြဲယူဆောင်ခဲ့တဲ့ ဖာအိုဖာစုတ်ထဲ၌ရှိသော ရီရီ၏ လက်ကိုင်ပဝါနှင့် ရီရီ ငယ်ငယ်က ထားဝယ်မှ ပို့လိုက်သော ပစ္စည်းအစအနတို့သည် ငါ့အား အဘယ်အကျိုးကိုမျှ ပေးတော့မည် မဟုတ်ချေ။ ရီရီသည် ငါ့ကို ယခု မသိ (သိလျှင် ငါ့ကို သာ၍ ရှောင်လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ငါ၏ဘဝသည် ညံ့ဖျင်းသောဘဝ ဖြစ်သဖြင့် မိမိနှင့် အဘယ်မျှလောက် ကွာခြားလျက် မတန်မရာ ဖြစ်သည်ကို သိပေလိမ့်မည်။ ရီရီကို ငါသည် ငယ်စဉ်အခါကမှ စ၍ ယခုထက်တိုင် အဘယ်အခါမျှ မမေ့မလျော့ခဲ့သော်လည်း ယခု ငါ ပြန်၍ တွေ့ရခြင်း၌ ဝမ်းမြောက်ဖို့မရှိ၊ ငါ၏ ဆင်းရဲဒုက္ခကိုသာလျှင် ဆထက်လွန်ကဲ ပိုမိုတိုးတက် ဝန်လေးခြင်းကို ဖြစ်စေ၏) ရီရီသည် ငါ့ကို ကြည့်ပြီးနောက် မျက်နှာကို ငုံ့၍ထား၏။ ငါ့ကို မှတ်မိသောကြောင့်ပေလား။

သူ၏ပုံပန်းသည် ငယ်ငယ်ကနှင့် မတူ။ လုံးလုံးခြားနားလျက် ပြုံးရယ်ခြင်း၌သာ ငယ်ရုပ်ကို ငါ ပြန်၍ မြင်ရ၏။

သို့သော်လည်း ခြားနားသော သဏ္ဌာန်သည် အရင်ကထက် ပိုမို ထူးကဲ၍ လှပသောသဏ္ဌာန် ဖြစ်ပေသည်။



လောက၌ မတန်မရာ မအပ်စပ်သော အရာတို့နှင့် ဆက်ဆံခြင်းသည် အဘယ်မျှလောက် ဝန်လေးခြင်း ဖြစ်စေနိုင်သည်ကို ငါသည် အခုမှ သိရ၏။ ဤ ရီရီ ဆိုတဲ့ မိန်းမကို ငါ ငယ်ငယ်က ဘယ်အတွက် သိရသနည်း။ ငါသည် ငယ်စဉ်အခါက စ၍ ယခုထက်တိုင် တစ်မျိုးပြီးတစ်မျိုး အမျိုးမျိုးသော ဆင်းရဲခြင်းတို့ကို ကြုံခဲ့ရ၏။ (ထို ဆင်းရဲခြင်းတို့၏ အထဲတွင် ရီရီ ဟူသော နာမည်သည် အကြီးဆုံးသော ဝန်လေးခြင်းကို ဖြစ်စေ၏) ယခုသည်ကား ရီရီကို တွေ့ရ၏။ တွေ့ရသောနေ့၌ ထိုဝန်လေးခြင်းသည် မခံမရပ်နိုင်အောင် ရှိ၏။ ထိုဝန်ကို ယနေ့ပင်ကျအောင် လုံးလုံးကြီး ဖျောက်ဖျက်လေမှ တော်ချေမည် စသည်ဖြင့် တွေးတောကာ ရေပြင်ကို ရှုကာနေလေ၏။

ထိုအခါ လေသည် အတော်ငြိမ်၍ သွားပြီး ဖြစ်သောကြောင့် လှေငယ်တက်စင်း သမ္ဗန်တို့ သွားလာကူးခတ်ကာ ကယ်ဆယ်ခြင်း ရှာဖွေခြင်း အလုပ်များကို လုပ်၍နေကြ၏။ သို့သော်လည်း ကောင်းကင်၌ နေရောင်သည် ကောင်းစွာမပေါ်သေးဘဲ ညိုမှိုင်းရှိနေသေးသဖြင့် ထိုညိုမှိုင်းသော ကောင်းကင်နှင့် ရေရောင်သည် မောင်နေဝင်း၏စိတ်ကို ညှပ်ဖိကာ အဆုံးစီရင်တော့မည်ကဲ့သို့ မှတ်ထင်ရလေ၏။

ယင်းသို့တွေးတောကာ လွန်စွာ စိတ်ပျက်လျက် ဤရေဤလေထဲတွင် အသက်ကို အဆုံးစီရင်တော့မည်အလား ကြီးမားသော လောင်ကျွမ်းခြင်းဖြင့် အသည်းနှလုံးမှာ အရည်ပျော်တော့မလို ရှိသော်လည်း ဤထူးဆန်းသော တွေ့ကြုံကယ်ဆယ်ရပုံကို ထောက်လိုက်သော် အဘယ်သို့သော နိမိတ်ပေနည်း။ ငါ့အား တစ်စုံတစ်ရာမျှသော မျှော်လင့်ခြင်းသည် ကျန်ရှိသေးရဲ့လားဟု အနည်းငယ် တွေးတောမိလေ၏။ ထိုသို့ တွေးတောမိငြားသော်လည်း မိမိ၏ ဆင်းရဲသောဘဝ၊ မိမိ၏ နာမည်ပျက်ခြင်း၊ မိမိ လူထဲသို့ အထင်အရှား မဝင်ဝံ့ခြင်း၊ မိမိ၌ ရာထူးဌာနန္တရ ဂုဏ်သရေ မရှိခြင်း၊ မိမိနှင့် ရီရီ စပ်ကြား၌ မြို့အုပ်ဟု ခေါ်ဆိုအပ်သော တောင်ကြီး

တစ်လုံး ခြား၍နေခြင်း စသည့် အခြင်းအရာတို့ကို တွေးတောလိုက်သောအခါ အနည်းငယ်မျှသော မှောင်လင့်ခြင်း စမ်းရည်တစ်စက်သည် များစွာသော ပြာပူများအထဲတွင် ကျဆင်းသွေ့ခြောက် ပျောက်ပျက်ရသလို ဖြစ်လေ၏။

သို့ပင် ဖြစ်သော်ငြားလည်း မောင်နေဝင်းသည် ရီရီကို မတွေ့ဘဲ မနေနိုင်ချေ။ ရီရီ၏ ဝင်းထိန်တောက်ပသော မျက်နှာကို မိမိ၏ မျက်လုံးများအတွင်းမှ ထုတ်နုတ်၍မရပေ။ ရီရီ၏ နီမြန်းသော နှုတ်ခမ်းကလေးများသည် မိမိ၏ မျက်နှာအပေါ်တွင် အမြဲမြူလာသကဲ့သို့ မှတ်ထင်ရလေ၏။ ရီရီကို စာစ်ပွေ့တစ်ပိုက်ကြီး ပွေ့၍ရလာသောအခါ ရီရီမှန်း မသိရလေခြင်း၊ ရီရီမှန်း သိရလျှင် ငါ၌ အဘယ်မျှသော သုခကို ခံစားရပေမည်နည်း။ သူ့ကိုယ်သည် လွန်စွာမှ ပျော့ပျောင်းလှပါတကား။ သူ၏အသားသည် လွန်စွာမှ နူးညံ့လှပါတကား။ ထိုနူးညံ့ချောမွတ်ပြေပြစ်ခြင်းတို့သည် ငါ့အတွက် မဟုတ်၊ မြို့အုပ်မင်း စက်ပျော်ရာ လဲဝါကတ္တီပါ မွှေ့ရာအလားသူ့လက်တွင်းသို့ အပြီးအပိုင် ရောက်သွားလေပြီတကားဟု တွေးတောကာ ပင်ပန်းမောဟိုက် သည်းအူလှိုက်လျက် အဆိပ်သောက်သောသူ၏ အလားအသိဉာဏ်နည်းပါးလျက် လက်ပစ်ခြေပစ် ဖြစ်ကာ ကမ်းနားတွင် ပက်လက်လှဲကာ မိုးသားတွေကြည့်၍ နေရှာလေ၏။ တဖြည်းဖြည်း လေများများငြိမ်လျက်၊ ဝင်လုဆဲဖြစ်သော နေသည် နောက်ဆုံးသော ရောင်ခြည်တို့ကို ရေပြင်နှင့် မောင်နေဝင်း မျက်နှာပေါ်သို့ ဖျန်းပက်ကာ နှုတ်ခွန်းဆက်သကဲ့သို့ နေလေ၏။

ထိုကဲ့သို့ ဖျန်းပက်လိုက်သောအခါ မောင်နေဝင်းက နေမင်းကိုကြည့်၍ တွေးတောသည်မှာ အသင်နေမင်းသည် ကျွန်ုပ်အား နောက်ဆုံးနေ၏အလင်းဖြင့် နှုတ်ဆက်၏။ အသင် အလင်းရောင်သည် အဘယ်မျှပင် ထက်မြက်စေကာမူ ကျွန်ုပ်၏နှလုံး၌ ပိတ်ဖုံးကာဆီးလျက်ရှိသော သောကအမှောင်ကိုပင် ပျောက်ခြင်းငှာ မတတ်နိုင်ချေ။ အသင်၏ ကြည်လင်



သော အလင်းရောင်ဖြင့် ကျွန်ုပ်၏ သောကအမှောင်သည် သာ၍ ထင်ရှားခြင်းသို့ ရောက်၏။ အသင်၏ အလင်းရောင်သည် ချစ်ဖွယ်ကောင်းလှ၏။ သို့သော်လည်း ရီရီ၏ ချစ်ဖွယ်ကောင်းသော မျက်နှာသည် ကျွန်ုပ်ဘဝ၌ ကွေကွင်းခြင်းသို့ ရောက်တော့မည် ဖြစ်သောကြောင့် အသင်၌ ကျွန်ုပ်၏ စိတ်သည် မကြာမီ ကွယ်ပျောက်၍ သွားတော့မည်။ အလားတူစွာ ရီရီ၏ ချစ်ဖွယ်သော မျက်နှာသည် ကွယ်ပျောက်ခြင်းသို့ ရောက်ရှိရပါတော့မည်။

ဤ ငါနှင့် မသက်ဆိုင်သော မျက်နှာကို အထပ်ထပ် မြင်ရပါသော်လည်း ငါ၌ အဘယ် အကျိုးရှိပါမည်နည်း ဟူ၍ တစ်ကိုယ်တည်း အရှေ့ပမာ မိုးပြင်ကို ကြောင်တောင်ကြည့်ကာ ထင်မိထင်ရာတွေကို တွေးတောပြောဆိုလျက် မေခလာ လှုယောကျ်ား သမ္ဘန်နှင့် ရေကိုလာပြီး မင်းသမီးဇနက္ကကို ရင်ခွင်မှာ ပိုက်ရှာရ၍ မေခလာနတ်သားမှာ ဇနက္က ရောဂါရင်ငွေ့နာ အကြောဆိုက်လျက် မောဟိုက်ကာ နေရှာလေသတည်း။

❑

## အခန်း (၁၀)

ရီရီသည် အဘယ်နည်းနှင့် ဤသဘော်၌ ပါရှိလာသည်ကို အကျဉ်းမျှ ဖော်ပြရမည်ဆိုသော် ... ဖခင် မြို့အုပ်မင်းသည် ထားဝယ်မြို့မှ ဝန်ထောက် အဖြစ်နှင့် သထုံသို့ ရွှေ့ပြောင်းရပြီးနောက် အရပ်ရပ် အနယ်နယ်သို့ တစ်ဆင့်ကတစ်ဆင့် ပြောင်းရွှေ့ရင်း ရာထူးတိုးတက်ခဲ့ရာ နောက်ဆုံး ပဲခူးမြို့၌ အရေးပိုင်အဖြစ်နှင့် ၂ နှစ်ကျော်ခန့် ထမ်းဆောင်ပြီးလျှင် ပဲခူးမြို့မှာပင် ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့အနက် ကျောက်ကပ်ဝေဒနာ စွဲကပ်ပြီးလျှင် အနိစ္စရောက်ခဲ့လေ၏။ ရီရီ၏မိခင် ကွယ်လွန်အနိစ္စ ရောက်ပြီး၁၆ညှ့်နေ့မှစ၍ သမီးကလေး ရီရီ စိတ်လက်မချမ်းသာမည်ကို စိုးသောကြောင့် ဖခင်သည် နောက်ဆက်လက်၍ အိမ်ထောင်မပြုဘဲ နေခဲ့သဖြင့် ရီရီမှာ အဘွားကြီးလည်း မျက်နှာလွှဲ၍ အမြဲအစဉ် ကွဲကွာခြင်းတည်းဟူသော လမ်းရိုးသို့ ကူးပြောင်းခဲ့ရာ ရီရီမှာ ဥစ္စာပစ္စည်း လယ်ခြေယာခြေ မြောက်မြားစွာတို့နှင့် ကျန်ရစ်လေ၏။

ရီရီသည် ဖခင်ဖြစ်သူ အရေးပိုင်မင်း ဘဝတစ်ပါးသို့ ကွယ်လွန်ရောင်ရှား မျက်နှာလွှဲ၍ သွားသောအခါ ပဲခူးမြို့၌ရှိသော တိုက်တစ်လုံးနှင့် ခြံထဲတွင် အစေခံ မိန်းမအဖော်များနှင့်နေရာမှ ၎င်းခြံနှင့်မြေကို ငွေသုံးသောင်းနှင့် အိန္ဒိယတိုင်းသား တစ်ယောက်အား ရောင်းချခဲ့ပြီးလျှင် ရန်ကုန်



သို့ ဆင်းလာ၍၊ ဖခင် လုပ်ထားခဲ့သော အသက်အာမခံက ရရှိသည့် ငွေနှစ်သောင်းကို ထည့်၍ထားသော ဘဏ်တိုက်ကြီးတစ်ခုတွင် ထိုငွေသုံးသောင်းကို ထပ်မံထည့်သွင်းပြီးနောက် များမကြာမီ ဝယ်၍ထားသော ကံတိုမင်နယ်ရှိ တိုက်တစ်လုံးကို ရောင်းချရန် စကားပြောဆိုရာ အထမမြောက်သည်နှင့် ထန်းတပင်နယ်မှာရှိသော လယ်များကိုလည်းကြည့်ရင်း၊ ဖခင်၏ အစ်ကိုဖြစ်သူ အငြိမ်းစားတိုက်သူကြီး ဦးရန်ကျော်နှင့်တကွ အစ်မတော် မမကြီးနှင့် မမလေးတို့ကိုလည်း တွေ့ရင်းဆိုသလို အထက်က ဖော်ပြခဲ့သော သဘော်ကလေးနှင့် ထန်းတပင်မြို့သို့ လိုက်ပါလာခြင်း ဖြစ်လေသည်။

ယခုအခါ ရီရီသည် ဘကြီးဖြစ်သူ ဦးရန်ကျော်အိမ်၌ အစ်မတော် မမကြီး၊ မမလေးတို့နှင့် နေရလေ၏။ ဦးရန်ကျော်မှာ ဇနီးသည် တိုက်သူကြီးကတော် ကွယ်လွန်အနိစ္စရောက်ပြီးနောက် သမီးနှစ်ယောက်နှင့်သာ အမြဲနေခဲ့ရှာလေ၏။ သားယောကျ်ားများမှာ ငယ်စဉ်က သေဆုံးကြသဖြင့် အစိုးရအမှုထမ်း ရာထူးရာခံ အလုပ်၌ မျိုးဆက်မကျန်သောကြောင့် စိတ်လက်မကောင်းဘဲ ထန်းတပင်၌ ယခုရှိနေသော ဘီအေမြို့အုပ်မင်းလေး မောင်ဖုန်းကျော်ကို သားအရင်းလို အောက်မေ့လျက် သမီးအငယ် မမလေးနှင့် ဖူးစာနှုတ်ရေးခြယ်လျှင် အင်မတန် သင့်မြတ်မည်ဟု အားကိုးပြုကာ ပါးစပ်ကပင် ဖွင့်၍ အတိအလင်း အားမပေးဝံ့ရှာသော်လည်း များစွာ မျှော်လင့်လျက် အကွက်ဆိုက်ကြပါစေဟု နေ့စဉ်မပြတ် ကျိတ်ကာ ဆုတောင်း၍နေရလေ၏။

မြို့အုပ် မောင်ဖုန်းကျော်မှာ ၎င်းတိုက်သူကြီးမင်း၏ အိမ်ဆီသို့ အခါခါလာလေ့ရှိသော်လည်း ပဲခူးမြို့၌နေခဲ့စဉ်က အသိအကျွမ်း ဖြစ်ခဲ့ရဖူးသော ရီရီကိုသာ သတိရလျက် အလွန်ပင်လှသော မမလေးကိုပင် များစွာ မတပ်မက်ဘဲ နေလေ၏။ (သို့ပင်. မတပ်မက်သော်လည်း ၎င်းမြို့အုပ် မောင်ဖုန်းကျော်၏ ဝါသနာမှာ မိန်းမဆိုလျှင် ပါတာတာမို့ ဘာ

လိုလို ညာလိုလို ဖြစ်၍နေလျက် မယူချင်သော်လည်း မကြိုက်ဘဲ မနေနိုင်ဘဲ သွားမြဲလာမြဲနေရ၏) ယခုမှာ ထိုအိမ်၌ ရီရီ ရောက်၍နေသောကြောင့် အထက်ကထက် စည်စည်ကားကား ရှိနေသဖြင့် တိုက်သူကြီး၏ အိမ်သည် အထူးပင် သာယာ၍နေသောကြောင့် မောင်ဖုန်းကျော်မှာ ရှေ့ကထက် အကြိမ်ပေါင်းများစွာ ပိုမို၍ သွားလေ၏။

ရီရီသည်ကား မောင်ဖုန်းကျော်နှင့် အကျွမ်းဝင်ဖူးသဖြင့် မောင်ဖုန်းကျော်ကို မောင်ကဲ့သို့ သဘောထားလေ၏။ သို့ မောင်ကဲ့သို့ သဘောထားသော်လည်း မောင်ဖုန်းကျော်၏ စိတ်၌ နှမကဲ့သို့ သဘောမထား၊ များစွာဖောက်ပြား ကြံစည်လိုကြောင်းကို ရိပ်မိရုံမျှမက ကောင်းကောင်းကြီး သိရလေ၏။ အကြောင်းမူကား မောင်ဖုန်းကျော်သည် ပဲခူးမြို့မှ ထွက်လာစဉ်က ရီရီအပေါ်၌ အဘယ်ပုံ စိတ်ထားကြောင်းကို အတိအလင်းလိုလိုပင် ပြောပြခဲ့၏။

ရီရီသည်ကား မကြိုက်ပါဘူး၊ မချစ်ပါဘူးဟု ပစ်ပစ်ခါခါ ပြောလိုက်ရမည်ကို အားနာသောကြောင့် စကားတစ်လုံးကိုမျှ ပြန်၍ မပြောလိုက်ချေ။

ယခုမှာမူ ဖခင် ကွယ်လွန်အနိစ္စရောက်ပြီး ဖြစ်သောကြောင့် အားကိုးရန် မရှိသည့်အတွက် မိမိအပေါ်၌ အဟုတ် စုံမက်ချစ်ခင်သော မောင်ဖုန်းကျော်ကိုပင် ယူရလျှင် ကောင်းချေမည်လား၊ မောင်ဖုန်းကျော်သည် မိမိအပေါ်၌ ဤမျှလောက် စွဲစွဲမြဲမြဲ စုံမက်သူ ဖြစ်သောကြောင့် ဆက်လက်၍ ငြင်းပယ်ရလျှင် အင်မတန် ရက်စက်ရာ ရောက်မည်လား၊ မောင်ဖုန်းကျော်မှာ စင်စစ်အားဖြင့် ရုပ်ရည်ညံ့သူ မဟုတ်၊ ပညာနည်းသူ မဟုတ်၊ ပျို့ရွယ်သော မြို့အုပ် ဖြစ်၍ နောင် ကြီးပွား တိုးတက်ဖို့ရန် အလားအလာများစွာရှိသောသူတစ်ယောက် ဖြစ်သောကြောင့် သူ့ကိုပင် ယူရလျှင် တော်ချေမည်လား စသည်ဖြင့် တွေးတောကာ မိမိ၏စိတ်ကို ဝေခွဲ၍မရအောင် ရှိနေလေ၏။



သို့သော်လည်း မောင်ဖုန်းကျော်အပေါ်၌ မေတ္တာသက်ဝင် ချစ်ခင်စုံမက်သောစိတ်ထက် မိမိအတွက် များစွာ စိတ်ဆင်းရဲ၍ နေလေဟန်ရှိသောကြောင့် သနားကရုဏာစိတ်က ပိုမိုများပြားလေ၏။

သို့သော် ယောကျ်ားနှင့် မိန်းမတို့မှာ အားနာရာ၊ သနားရာက ကရုဏာ မုဒိတာပွားပြီး ထိုသို့သော အချစ်မျိုးသို့ ရောက်တတ်ကြောင်းကို ရီရီ မသိရှာချေ။ တစ်စ တစ်စ မောင်ဖုန်းကျော် ဆက်၍ နှျူးလျှင် ရီရီမှာ ယခု စိတ်အနေအထား သဘောအရ ကြာမြင့်စွာ ခုခံငြင်းဆန်နိုင်ဖို့မရှိ။ အနည်းဆုံးအားဖြင့် အားနာကြိုက် ဆိုသလို ကြိုမိဖို့ ရှိလေ၏။

ထိုကဲ့သို့ ဖြစ်သည့်အထဲတွင် မိမိ၏အသက်ကို ကယ်ဆယ်ရှာသော ဆင်းရဲသား တံငါသည် ယောကျ်ားပျို လူရည်ချောကလေး၏ မျက်နှာသည်ကား မိမိ၏ရှေ့၌ မကြာခဏ ပေါ်လာလျက် အပျက်အပျက်နှင့် သွေးထွက်အောင် ကြံစည်၍ နေသကဲ့သို့ ဖြစ်လေ၏။ အကြောင်းမူကား ထိုလှပသော မျက်နှာသည် အဘယ်သို့သော တန်ခိုးသတ္တိရှိသည်ကို ပြောမပြနိုင်အောင် ရှိလေ၏။ သူသည် ငါ၏လက်ဆွပ်ကို အဘယ်အတွက် ငြင်းပယ်ပါသလဲ။ သူ၏စိတ် သူ၏မာနသည် ကြီးလှပါပေသည်တကား။ သူသည် ဆင်းရဲသော တံငါသည် ဖြစ်ပါလျက် ငါကဲ့သို့သော မိန်းမကို ကယ်ဆယ်ပြီး ငါ၏ ချီးမြှောက်မစခြင်းကို မခံလိုသည်မှာ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားတို့၏ မြင့်မြတ်သော စိတ်ကြောင့်ပေလား။ ငါ့ကိုမှ ကောင်းစွာ စကားမပြော၊ ငါ့ကို ကယ်ဆယ်သူရယ်လို့ အရောတဝင်လည်း လာ၍မလုပ်၊ သာမည ယောကျ်ားမှ ဟုတ်ပါ့မလား၊ လောကကြီးဟာ လွန်စွာ ထူးဆန်းလှပေသည်။ (ရွှံ့နွံမှ ကျောက်ကောင်း ကျောက်မြတ် ရတနာတို့ကို ရနိုင်၏) မသန့်ရှင်းသောမြေမှ သန့်ရှင်းသော ပဒုမ္မာကြာပန်းတို့ ပေါက်ရောက်နိုင်၏။ ဇနပုဒ် ကျေးလက်မှ ပညာရှိသူများ ထွန်းကားနိုင်၏။ သူသည်ကား ငါ့အပေါ်၌ ဤမျှလောက် ထည်ထည်ဝါဝါ ရှိသည်မှာ အဘယ်လို လူစားပါပေနည်း။

ကိုဖုန်းကျော်နဲ့ စကားပြောရ၍ နေသည့်အထဲမှာ သူ၏မျက်နှာသည် အခါခါ ဝင်လာ၍ ငါ့အား ကိုယ်ယောင်ပြသကဲ့သို့ သတိပေး၏။ ငါ၏ အသက်သခင် ကျေးဇူးရှင် ဖြစ်သောကြောင့် ငါ သတိရခြင်းပေလား။

သူ၏မျက်နှာသည် လှ၏။ သူ၏ ကိုယ်ဟန်သည် ကြော့ရှင်း၏။ သူ၏ အမူအရာသည် မြင့်၏။ သူ၏အသံသည် ယောကျ်ားပီသ၏။ သူ၏ စိတ်သည် ခြင်္သေ့မင်း၏ စိတ်ကဲ့သို့ ရဲရင့်တန်ရာ၏။ သူ၏ ဖြောင့်စင်းတောင့်တင်း သန်မာချောမွတ်သော ကိုယ်သည် မိန်းမတို့၏ စိတ်ကို နှိုးဆွနိုင်၏။

ငါသည် သူ၏ တင်းမာသောလက်ဖြင့် သူ၏ နွေးသောရင်ခွင်၌ မွေ့ပိုက်ကာ ယူဆောင်ခြင်းကို ခံခဲ့ရ၏။ သည်လို ယူဆောင်စဉ်က ငါ သတိရလျှင် ငါ၏စိတ်သည် အဘယ်လိုနေမည်လဲ။ သို့သော် ... ရီရီသည်ယောကျ်ားဟာ တံငါသည်မျှ ဖြစ်၏။ ဘယ်အတွက် သူ့အကြောင်းကို ထပ်လောင်းကာ တွေးတော၍ နေပါသနည်း။ သူ့အား တစ်နည်းနည်းနှင့် ကျေးဇူးဆပ်လျှင် ဆင်းရဲသားတို့ဘဝ စိတ်ကျေနပ်ဖို့ ရှိ၏။ ကိုဖုန်းကျော်လည်းယူပြီး သူ့ကို မြူနီစီပယ်မှာ ဖြစ်စေ၊ ဈေးခေါင်းအလုပ်ကို ဖြစ်စေ၊ တခြားအလုပ်တစ်ခုနဲ့ဖြစ်စေ ချီးမြှောက်လိုက်လျှင် ငါ၏ အသက်သခင် တံငါသည်မှာ တစ်သက်လုံး လူလားမြောက်ဖို့ ရှိပေသည်။ တစ်သက်လုံးအသက်မွေးလောက်ဖို့ ရှိလေသည်။ ကိုဖုန်းကျော်ကို ငါ ယူရတော့မလား၊ ကိုဖုန်းကျော်လည်း ငါ့အတွက် သနားစရာ ဖြစ်နေရှာတာပဲ၊ သို့သော်လည်း လောကမှာ သေသေချာချာ မချစ်မနှစ်သက်ဘဲနဲ့ သနားလို့ယူရလျှင် နောင်အစဉ် စိတ်ချမ်းသာပါ့မလား။ မမလေးနဲ့များ တစ်ဖက်တစ်လမ်း ကြိုက်နေသလား။ ညီအစ်မအချင်းချင်း မြို့အုပ်မင်းအတွက် စစ်ခင်း၍ နေရလျှင်လည်း တော်လှမယ် မဟုတ်ပါတကား။ မမလေးကဖြင့် ကြိုက်တဲ့လက္ခဏာပဲ။ ငါ့ကိုလည်း အင်မတန် အကဲခတ်ရှာတယ်။ ငါ့ဦးကြီးကလည်း ဘယ်လိုအကြံနဲ့ ကိုဖုန်းကျော်ကို သမီးနဲ့များ လွှတ်ပေး



ထားသလဲ မသိဘူး။ ဩော် ... ရီရီ ... ရီရီ ... နင့်ဘဝလည်း ကျပ်တည်းတဲ့ ဘဝပါလား ... စသည်ဖြင့် အခါခါ တွေးတောမိရှာလေ၏။

ရီရီသည် တံငါသည်ကလေးကို အခါခါ တွေးမိသော်လည်း အရေးမယူလောက်ဟု တွေးတောကာ ဖြေဖျောက်၏။ သို့ဖြေဖျောက်ငြားသော်လည်း မိမိ၏ အသက်ကို ကယ်ဆယ်သောသူ နေထိုင်သည့် တဲကလေးရှိရာသို့ များစွာ သွားချင်ရှာ၏။ ထိုသွားချင်သောစိတ်သည် ကျေးဇူးတင်သောစိတ်ကြောင့်လား၊ အဘယ်သို့သော စိတ်ကြောင့်နည်းဟု မသိရချေ။

တစ်ခါတစ်ခါ မမကြီး မမလေးတို့နဲ့အတူ ထိုကဲ့သို့ သွားပြီးလျှင် တံငါသည် ယောကျ်ားနှင့် မိန်းမကြီးအား ငွေတစ်ဆယ်၊ ဆယ့်ငါးကျပ်မျှ သွားတိုင်းလိုပင် ပေးကမ်း မစလေ့ရှိ၏။ မောင်နေဝင်းကိုမူ သွားတိုင်းလည်း မတွေ့ရ၊ တွေ့ရပြန်လျှင်လည်း စကားမပြောရသဖြင့် အဘယ်ပုံ ကျေးဇူးဆပ်ရမည်ကို ကြံစည်လျက်သာ နေရလေ၏။

❑

## အခန်း (၁၁)

ညတစ်ညှ၌ မောင်နေဝင်းသည် တိုက်သူကြီး နေအိမ်ရှေ့ ရောက်သွားလေရာ ညရှစ်နာရီခန့်အချိန် ရှိလေ၏။ ၎င်းအိမ်၌ ခမ်းနားစွာ ပြင်ဆင်သော အိမ်ရှေ့ဧည့်ခန်းတွင် ဝင်းထိန်သော လသာမှန်အိမ်ကို ကြည့်လိုက်လေသောအခါ မိမိအသည်းကို ထက်လှစွာသော ဓားဖြင့် ခွဲသကဲ့သို့ နာကျင်စေသော အရာတစ်ခုကို တွေ့ရလေ၏။ ထိုတွေ့ရသော အရာသည်ကား အခြားမဟုတ်၊ ရီရီသည် မှန်အိမ်အနီးတွင် ထိုင်ကာ တက်တင်းဇာထိုး၍နေလေ၏။ ၎င်း၏နောက်နား၌ လူတစ်ယောက် မတ်တတ်ရပ်ကာနေလေ၏။ ၎င်း မတ်တတ်ရပ်သူသည်ကား မောင်ဖုန်းကျော် ဖြစ်သည်ကို တွေ့ရှိလေသတည်း။

မောင်ဖုန်းကျော်သည်ကား ထိုအခါ၌ ရီရီ ထိုင်သော ကုလားထိုင်ကို နောက်ဘက်က ကိုင်ကာ မှီလျက်၊ ရီရီ၏ ခေါင်း၌စိုက်ထားသော ပန်းကလေးကို အသာကလေး ဆွဲ၍နုတ်ပြီးလျှင် ရီရီအား စကားပြောရင်း ပန်းကလေးကို ပြလေရာ ရီရီသည် မောင်ဖုန်းကျော်၏ မျက်နှာကို ပြုံးရယ်ကာ မော်ကြည့်ပြီးလျှင် လက်၌ လုပ်လျက်ရှိသော အလုပ်ကို အနီးရှိ စားပွဲပေါ်သို့တင်ကာ လက်ပိုက်လျက် ရှေ့သို့စိုက်ကာကြည့်ပြီး ငေးမောတွေးတောဟန်နှင့် နေလေ၏။

ရီရီ၏ မျက်နှာသည်ကား မောင်ရိပ်ကနေ ကွယ်၍ ကြည့်နေသူ မောင်နေဝင်း၏ မျက်နှာနှင့် တည့်၍နေလေ၏။



ထိုအခါ ရီရီ၏ ဖြူစင်သော မျက်နှာသည် ဝင်းထိန်သော မီးရောင်ဖြင့် အတိုင်းမသိ လှပလျက် မောင်နေဝင်း၏ ရင်၌ အသက်သည် ဆို့၍လာပြီးလျှင် မြို့အုပ်မင်း၏ ပြုမူပုံကြောင့် မခံရပ်နိုင်ဘဲ မှောင်ထဲတွင် လဲကျလုမတတ် မူးမိုက်၍ သွားရှလေ၏။ မောင်ဖုန်းကျော်သည် ပန်းကလေးကို နမ်းလေ၏။ ရီရီသည် ပြုံးချိုသော မျက်နှာနှင့် မောင်ဖုန်းကျော်ကို မော့၍ကြည့်နေလေ၏။ ထိုအတွင်း မောင်ဖုန်းကျော်သည် ပန်းကလေးကို ရီရီ၏ဆံထုံး၌ အသာတရ ပြန်၍ထိုးစိုက်လေရာ ရီရီသည် ငြိမ်သက်စွာနေလေ၏။ ထိုအတွင်းတွင် မမလေးနှင့် မမကြီးသည် အိမ်ရှေ့ခန်းသို့ ထွက်လာသဖြင့် မောင်ဖုန်းကျော်သည် ရီရီအပါးမှ ခွာပြီးလျှင် မမလေးနှင့် မမကြီးတို့ အပါးသို့ သွား၍ ထိုင်လေ၏။

မောင်နေဝင်းသည်လည်း မှောင်ထဲတွင် ဆုတ်ခွာ၍ ဦးခေါင်းကို ငိုက်စိုက်ချကာ မိမိ၏ တဲရှိရာသို့ စိတ်လက်ညှိုးငယ်စွာနှင့် ပြန်၍လာရှာလေ၏။

အိမ်သို့ရောက်သောအခါ တံငါသည် လင်မယားက "သြော် မောင်ရင် ပြန်လာပြီလား" ဟု မေးကြလေ၏။ မောင်နေဝင်းသည် စကားကိုမျှ ကောင်းစွာကြားဟန်မရှိဘဲ မိမိ၏ အခန်းကလေးထဲသို့ဝင်၍ ခုတင်ပေါ်တွင် ထိုးလှဲကာ ရီရီအကြောင်းကို တွေးတောရင်း အိပ်ရာတွင် တပြောင်းပြန်ပြန်နေပြီးမှ လင်းအားကြီး အချိန်လောက်တွင် အနည်းငယ်မျှ အိပ်ပျော်၍သွားလေ၏။

အိပ်ရာမှ နိုးသောအခါ ညက အိပ်ပျက်သည့်အတွက်ကြောင့် တစ်ကြောင်း၊ မြင်ခဲ့ရသည့်အကြောင်းကို တွေးမိ၍ စိတ်မကောင်းသောကြောင့် တစ်သွယ်၊ စိတ်လက် မသာမယာဖြစ်လျက် ခုတင်ထက်မှ မဆင်းဘဲ ထွေထွေရာရာ တွေးတောကာ ရီရီအပေါ်၌ မျှော်လင့်ခြင်းရှိသမျှ ပျောက်ပျက်သောကြောင့် ရေနစ်သောသူပမာ တွယ်တာရာမရဘဲ အားနည်းချည့်ယိုင် လက်မှိုင်ကျ၍သာ နေရှာလေ၏။

ထိုသို့နေရင်း တွေးတောသည်မှာ ရီရီသည် ငါနှင့် ဝေးသည်ထက် ဝေး၏။ ငါသည် အရှူး ဖြစ်၏။ ငါ၏အခြေသည် လွန်စွာ နိမ့်ကျ၏။ သူ၏အခြေသည် လွန်စွာ ကြီးမြင့်၏။ ငါသည် ခွေးဝင်စားပမာ သူတစ်ပါး အိမ်မှာ ခိုဝင်၍နေရ၏။ ဤမျှလောက် ကွာခြားတဲ့ ရီရီကို ဘယ်အတွက် တွေးတော၍ နေပါသလဲ။ သူ့မှာ ဂုဏ်ရည်တူချင်းဖြစ်သော မြို့အုပ်မင်း နှင့် နေရာကျ၍နေပြီ။ ငါ၌ အခုလို စိတ်ဆင်းရဲရခြင်းမှာ ရီရီ၏ အပြစ် မဟုတ်၊ မရာမတန် တွေးတောကြံစည်မိသော ငါ၏ အရူးစိတ်ကြောင့်သာ ဖြစ်၏။ စိတ်မနှံ့သောသူတို့သည် မိမိနှင့် ကန်သည်ရာသည်ကိုမျှ မသိဘဲ ငါကဲ့သို့ တဏှာရူး ထတတ်ကြလေသည်။ ရီရီ၌ အပြစ်ဆိုဖွယ်ရာ မရှိ၊ ငါ၌သာ အပြစ်ဆိုဖွယ်ရာ ရှိ၏။ ရီရီ ထံမှ ရရှိတဲ့အရာများကို ငါသည် မကြာခဏ ကြည့်၍နေလျှင် ငါ၏ သွေးသားသည် တဖြည်းဖြည်း ကုန်ခန်း၍ ဆွေးနွမ်းရိဖျော့လျက် အသက်သာသေဖွယ်ရာ ရှိတော့သည်။ ရီရီကိုလည်း ငါရမှာ မဟုတ်၊ ဤပစ္စည်း အစအနအတွက်ကိုလည်း စွန့်ပစ်လေမှ ငါသည် သူ့ကို လုံးလုံးကြီး မေ့လျော့ပြီး အေးချမ်းဖို့ ရှိလေသည်။ လောကမှာ မရာမတန်တာကို မက်မောရခြင်းသည် အကြီးဆုံးသော ဆင်းရဲခြင်း ဖြစ်စေ သည်တကား။

လမင်းကို တသောသူသည် ဘယ်အခါမှ လမင်းကို မရနိုင်ဘဲ ဘဝပြောင်း၍ မြေပုံအောက်သို့ ရောက်သည့်အခါ သာယာသောလသည် ထိုမြေပုံပေါ်၌ သာသော်လည်း ၎င်း၏ အသက်ဝိညာဉ်သည် ထိုလရောင်ကို ခံစားနိုင်တော့မည် မဟုတ်ချေ။ ငါသည် လမင်းကို တသောသူကဲ့သို့ ရူးသွပ်လှပေ၏တကားဟု တွေးတောကာ မိမိနှင့် အမြဲပါသော ဖာကလေးကို စွန့်ပစ်ပါတော့မည်ဟု ကြံစည်ကာ ဖာကလေးကို တုန်လှုပ်သော လက်များနှင့် ဖွင့်လေ၏။

ယင်းကဲ့သို့ ဖွင့်လိုက်သောအခါ ဖြူစင်သော လက်ကိုင်ပဝါကလေး စွဲလျက်ရှိသော အမွှေးနံ့ကလေးသည် လည်းကောင်း၊ ထားဝယ်မြို့မှ



ငယ်စဉ်က ပို့လိုက်သော စက္ကူအထုပ် အစအနများနှင့် ချောကလက်မုန့် အကြွင်းအကျန်များမှ ထွက်သော ပေါင်းနွမ်းသင်းပျံ့သော အနံ့အသက် တို့သည် လည်းကောင်း နှာခေါင်းကိုလာ၍ ရိုက်လေရာ ရင်ထဲတွင်ဆို့၍ သွားပြီးလျှင် မူးမေ့၍ သွားတော့မလို ဖြစ်သောကြောင့် မျက်လုံးများကို မှိတ်ကာ ထိုပစ္စည်းများပေါ်၌ မျက်နှာကို ချပြီးလျှင် နှံးခွေကာ နေရှာ လေ၏။ ထိုကဲ့သို့ နေသည်အတွင်း ငယ်စဉ်က တွေ့ကြုံခဲ့ရသည့် အကြောင်း အရာများသည် မြူခိုးတိမ်လွှာအကြားမှ ထွက်ပေါ်၍ ပြသလို မိမိ၏ မျက်လုံး များထဲတွင် အကွင်းသား ထင်ရှားပေါ်ပေါက်လေ၏။ ထိုအကြောင်းအရာ များကို အဘယ်အခါ မေ့နိုင်အံ့နည်း။

ရီရီသည် မြစ်ကမ်းနား၌ ခြေဖျားကလေးကို ထောက်ကာ ထားဝယ် မြို့ကိုပြသော ပုံသဏ္ဌာန်ကို လည်းကောင်း၊ ရီရီ၏ လျှင်မြန် ချိုအေးသော စကားသံများကို လည်းကောင်း ရုပ်ရှင်ပြသလို ထင်ရှားစွာ မြင်ရလျက် မျက်ရည်များကို ချုပ်တည်း၍ မရနိုင်အောင် ရှိလေ၏။

ထို့နောက် ဆက်လက်၍ တွေးတောသည်မှာ ရီရီကို ငါအခု ပြန်၍ တွေ့ရသော်လည်း ငယ်ငယ်က ငါနှင့်သိခဲ့ရသော ရီရီ မဟုတ်ပါတကား၊ ယခုတွေ့ရသော ရီရီသည် ငယ်ငယ်က ရီရီနှင့် လွန်စွာ ခြားနားပါပေ၏ တကား။ ငယ်ငယ်က ရီရီသည် ကလေးတို့ဘာဝ ချစ်ခင်တတ်၍ ငါနှင့် ပေါင်းသင်း၏။ ယခု ရီရီသည် လူကြီးတို့ဘာဝ၌ အသိလိမ္မာ ဆင်ခြင် သဘော တရားဖြင့် ငါနှင့် ခြားနား ဝေးကွာစွာနေ၏။ ငယ်ငယ်က ရီရီသည် ဖြူစင် သော ခိုကလေးကဲ့သို့ ငါ့အပါးသို့ကပ်၏။ ငါ၏ ပခုံးထက်၌နား၏။ ယခု တွေ့ရှိရသော ရီရီသည်ကား အလွန်တရာ လှပသော ရွှေဟင်္သာ ရွှေငန်းပမာ မိမိနှင့် သက်ဆိုင်ရာအဖော်နှင့် မြူးပျော်ကာ အေးမြသော ရေအိုင် ကြာတော၌ ကျက်စား၏။ ငါ့ကို သတိမရ၊ ငါ့ကို တွေ့ချင်တော့မှာ မဟုတ်၊ ငါနှင့် သိရလျှင် ယုတ်သည်ဟု ထင်လိမ့်မယ်။ ရီရီ ငယ်က သိရသမျှကို မင်း မေ့လေပြီ။ မေ့လေတော့ မေ့လေတော့ (ငါသည် မင်း

သတိရလောက်သော လူမျိုး မဟုတ်) ငါသည် စုတ်နုတ်သိမ်ဖျင်းသော ဘဝတွင် တစ်ကိုယ်တည်းနေကာ တော်ရာကို သွားတော့မည်။ ချစ်သူနှင့် ပျော်ပျော်ကြီး မောက်မောက်ကာ နေပေတော့ စသည်ဖြင့် ပြောဆိုကာ ဤများမကြာမီ ရက်များအတွင်း လွတ်ရာကွယ်ရာ ရီရီ့ကို မမြင်ရသော နေရာသို့ သွားတော့မည်ဟု စိတ်အကြံပြုကာ ဖာနှင့်တကွ ပစ္စည်းများကို နောက်မှ ဖယ်ရှားပစ်ရန် အိပ်ရာထက်တွင် ထားခဲ့၍ အခန်းမှ ထွက်ပြီးလျှင် မြစ်ဆိပ်ကမ်းသို့ ရေချိုးရန် ဆင်းသွားလေ၏။

မောင်နေဝင်း ရေဆိပ်ဆင်းသွားပြီးနောက် မကြာမီ ရီရီသည် တဲထဲသို့ ရောက်၍လာလေ၏။ တဲထဲသို့ရောက်သောအခါ တံငါသည် မိန်းမကြီးသည် ရီရီ့ကို ခရီးဦးကြို ပြုရှာလေ၏။ ရီရီသည် တံငါသည် မိန်းမကြီးနှင့် အတန်ကလေးကြာစွာ စကားပြောပြီးသောအခါ "ဘယ်သူမှ မရှိကြဘူးနော်၊ ကျွန်မကို ကယ်တဲ့လူဟာကော ဘယ်မှာလဲ" ဟု မေးလေရာ တံငါသည် မကြီးက "အခုပဲ ရေဆိပ်ကို ဆင်းသွားတယ်" ဟု ပြောလေ၏။ ထိုအခါ ရီရီသည် ၎င်းအဘယ်နေရှ စားရသည်ကို သိလိုသဖြင့် တဲကလေးအတွင်းကို လှည့်ကာကြည့်ပြီး "သူ ဘယ်မှာ အိပ်ရသလဲ" ဟု မေးလေ၏။

တံငါသည်မကြီးက မောင်နေဝင်း အိပ်သောအခန်းကို လက်ငုံ့ညွှန်ကာ "သူ ဒီနေရာမှာ အိပ်ပါတယ်။ သူ နေပုံထိုင်ပုံ အင်မတန် သပ်ရပ်ပါတယ်ရှင်၊ အဘယ်လို လူစားရယ်လို့ ကျွန်မတို့ မပြောတတ်အောင် ရှိတာပါပဲ၊ သူ့အိပ်ရာကို ကိုင်ဖို့မဆိုထားနဲ့ အပါးသွားတာတောင် မကြိုက်ပါဘူး၊ နို့ပေတဲ့ အခု သူ မရှိလို့ ခဏဝင်ကြည့်ချင်ရင် ကြည့်နိုင်ပါတယ်၊ ကြွပါ ကြွပါ" ဟု ပြောကာ အခန်းထဲသို့ ခေါ်သွားလေရာ လွန်စွာ သစ်လွင်သော အိပ်ရာကို မတွေ့သော်လည်း သန့်ရှင်းသပ်ရပ်စွာ ခင်း၍ ထားသော အိပ်ရာကို တွေ့ရသဖြင့် ရီရီသည် ရပ်ကာကြည့်ရင်း ဆင်းရဲသော အခြေအနေကို မြင်လျက် များစွာ ကရုဏာသက်ရှာလေ၏။ မောင်နေဝင်း အုံးသော ခေါင်းအုံး၊ ခြေရင်း၌ ခေါက်ထားသော ဖျင်စောင်၊



ခင်းထားသော မြန်မာစောင်၊ ခေါင်းရင်း၌ ချထားသော မျက်နှာသုတ်ပဝါတို့ကို ကြည့်ကာ အလွန် သပ်ရပ်သောသူ ဖြစ်ကြောင်းကို တွေးတော၍ နေလေ၏။

ထို့နောက် အိပ်ရာ၏ပေး၌ ပွင့်လျက်ရှိသော ဖာကလေးကို မြင်သောအခါ ရီရီသည် အိပ်ရာနံဘေးတွင် ပုဆစ်တုပ်ကာ ဖာကလေးအတွင်းကို ငုံ့၍ ကြည့်လေရာ မွှေးကြိုင်သင်းပျံ့သော အနံ့များကို ရရှိသဖြင့် လက်ကိုင်ပဝါကလေးကို ယူ၍ ကြည့်လေရာ လက်ကိုင်ပဝါလေးမှာ ဟောင်း၍ မထင်ရှားသော ရေမွှေးနံ့ကိုရလျက် အသာကလေး နှာခေါင်းနားသို့ကပ်၍ နမ်းကြည့်လေ၏။ ထိုကဲ့သို့ နမ်းကြည့်သည့် အခိုက်တွင် ရီရီ၏ မျက်နှာမှာ နီမြန်း၍လာပြီးလျှင် မောင်နေဝင်းများ မတော်တဆ ဝင်၍ လာလေမလားဟု စိုးရိမ်လျက် အပြင်ဘက်သို့ ခေါင်းငုံ့၍ ကြည့်လေရာ တံငါသည် မိန်းမကလည်း အပြင်ဘက်ကို လှမ်းကြည့်ပြီး "မလာသေးပါဘူး၊ လာရင် ကျွန်မ ပြောပါမယ်" ဟု ပြောလေ၏။ ထိုအခါ ရီရီက "ရှင့်လူက လူထူးမို့ရှင် သူ့အိပ်ရာကို မွှေနှောက်ရမလားလို့ ဆူများနေမှဖြင့် ကျွန်မမှာ ရှက်စရာကြီး ဖြစ်နေပါတော့မယ်" ဟု ပြောလေ၏။

တံငါသည်မကြီးက "အို ဒါလောက်တောင်လည်း မဟုတ်ပါဘူးရှင်၊ ဒီလောက် မရိုင်းပါဘူး၊ စိတ်ချသာ ကြည့်ပါ" ဟု ပြောလေရာ၊ ရီရီက "ကြည့်သာကြည့်ရတယ် အကြောက်သားပဲ" ဟု ပြောကာ လက်ကိုင်ပဝါလေးသည် မိန်းမကိုင်တဲ့ လက်ကိုင်ပဝါလေးနဲ့တူတယ်၊ ရေမွှေးကလေးက ဟောင်းပေမယ့် မြို့ဆန်တဲ့ အနံ့ပါပဲ၊ လက်ကိုင်ပဝါကလေး ဟောင်းနွမ်းပုံ ထောက်ကြည့်တော့ သည်ရည်းစားနှင့် သေကွဲကွဲသလား၊ ရှင်ကွဲကွဲသလား မသိရဘူး၊ အခုရှိတဲ့ ရည်းစားဆီက ရရင် သစ်သစ်လွင်လွင် ရှိဖို့သင့်တယ် စသည်ဖြင့် တွေးတောကာ ပြုံးရယ်လျက် တံငါသည်မကြီးဘက်ကို ကြည့်ပြီး "ဒီပဝါကလေးဟာ ချစ်သူပေးတဲ့ လက်ဆောင်နဲ့ တူရှာပါတယ်၊ ကျွန်မကိုင်တာကို သိရင် စိတ်များ ဆိုးမလားရှင်" ဟု မေးလေရာ တံငါသည်မကြီးက "အို မဆိုးပါဘူး၊ စိတ်ဆိုးစရာလည်း မရှိပါဘူး၊ သည်

ဖာကလေးကို ရောက်ကတည်းက တစ်ခါမှ ဖွင့်တာ မတွေ့ရဘူး။ ကျွန်မလည်း အခုမှ ဖာထဲကဟာမျိုးကို မြင်ရတာပဲ" ဟု ပြောကာ မိန်းမတို့ မမ္မတာ သိချင်မြင်ချင်သည့် ဝါသနာအတိုင်း အပါးသို့ ကပ်ကာကြည့်ရင်း မွှေးကြိုင်သော အနံ့များကို ရသဖြင့် တံငါသည်မကြီးက ဖာထဲသို့ နှာခေါင်းကို ထိုး၍ ထည့်လေ၏။

ထိုအတွင်း ရီရီသည် ပဝါကလေးကို ဖြန့်၍ ကြည့်လေရာ ပဝါထောင့်၌ "ရီရီ" ဟူသော စာလုံးများကို တွေ့ရသဖြင့် လွန်စွာ အံ့အားသင့်ပြီးလျှင် ပဝါကလေးကို ကိုင်ကာ တွေးတော မိန်းမောကာ နေလေ၏။ ထို့နောက် ရီရီ၏ ကြည်လင်တောက်ပ ဝင်းထိန်ရွှင့်လန်း ပွင့်စ ပန်းလို နေသော မျက်နှာသည် ဣန္ဒြေမှေးမှိန်၍ သွားပြီးလျှင် ဖာထဲသို့ ပြန်ထည့်ကာ စက္ကူအစအနများကို ကြည့်လေရာ မောင်နေဝင်းထံသို့ မိမိ၏ လက်နှင့် ရေးသော လိပ်စာကို တွေ့ရလေ၏။ ထိုအခါ ရင်ထဲ၌ တခုန်ခုန် တက်ကြွ၍လာသဖြင့် များစွာ သိုသိပ် ဖိနှိပ်၍ ထားရသလို နှုတ်ခမ်းများကို ကိုက်ကာ ဣန္ဒြေသာ၍ ကြီးလာပြီးလျှင် အသက်ရှူ အတော် မြန်၍ သွားသောကြောင့် တံငါသည်မကြီးသည် ရီရီ၏ မျက်နှာကို မော်၍ ကြည့်လေ၏။

၎င်းနောက် ဖာထဲတွင် ဆက်လက်၍ ကြည့်လေရာ အဆိုပါ လိပ်စာနှင့် စပ်ဟပ်၍ရသော စက္ကူထုတ် အစုတ်အပြတ်များကို လည်းကောင်း၊ ချောကလက် မုန့်ဟောင်း အစအနများကို လည်းကောင်း တွေ့ရလျက် မျက်နှာမှာ သွေးရောင်ဖြင့် လျှမ်းလျှမ်းတက်ပြီးလျှင် စကားမပြောဘဲ ထ၍ အခန်းအပြင်ဘက်သို့ ထွက်သွားလေ၏။ အပြင်ဘက်သို့ ရောက်သောအခါ တံငါသည်မကြီးအား တစ်ဆယ်တန် ငွေစက္ကူတစ်ချပ်ကို ထုတ်ပေးလေရာ တံငါသည်မကြီးသည် အလွန်တရာ ကျေးဇူးတင်သော အမူအရာနှင့် လက်ခံလေ၏။ ရီရီလည်း နှုတ်ဆက်၍ ထွက်သွား လေ၏။

❑

## အခန်း (၁၂)

ရီရီသည် နံနက်ထွက်စ နေမင်း၏ ဝင်းထိန်သော ရောင်ခြည်များအထဲတွင် အဖော်ကွဲသော ဆင်ဖို ကိုရှာသော တောဆင်မကဲ့သို့ ပြေပြစ်နှေးငုံ့သော ခြေလှမ်းများဖြင့် တဖြည်းဖြည်းလှမ်းကာ အိမ်ဘက်သို့ လျှောက်သွားလေ၏။ တစ်ချက် တစ်ချက် တဲကလေးရှိရာသို့ ပြန်၍ကြည့်ကာ သူ့ကို တွေ့ရအောင် စောင့်ရလျှင် တော်လေမလား ဟူ၍ တွေးတောရင်း အနီးအပါး၌ရှိသော သစ်ပင်တောအုပ်ကလေးများကို ငေးမောကာကြည့်ရင်း ရပ်ဆိုင်းနေလေ၏။

တက်သစ်စဖြစ်သော နေရောင်သည်ကား အလွန်တရာ လှပပြီး ပြိုးပြိုးပြက်ပြက် လင်းထိန်လှသော ရောင်ခြည်ရွှေကြိုးများကို လျှော့ချည် တင်းချည်ပြုသကဲ့သို့ တိမ်အကြားမှ ဝင်းခနဲ မှေးခနဲ ထင်းခနဲ နေလေ၏။ ညဉ့်အခါကရွာသော မိုးဖွဲကလေးဖြင့် စွတ်စို၍နေသော သစ်ရွက်သစ်ခက်တို့မှာ မိုးဖွဲကလေး တစ်ချက်တစ်ချက် တွေ့သောအခါ မှိုင်းတစ်ခါ ပြာတစ်လှည့် စိမ်းတစ်လှည့် ဝါတစ်လှည့်၊ ဝင်းမှည့်ကာ ရောင်စုံခြယ်သလို ရီရီ၏ ဝဲယာ တစ်ဖက်တစ်ချက် ပြိုးပြိုးပြက်ကာနေလေ၏။ နောက် အတန်ကလေး ကြာသောအခါ ကြီးမားသော တိမ်တိုက်ကြီးသည် နေကို အုပ်မိသဖြင့် နံနက်ခင်း အချိန်သည် နေမပေါ်သော ညနေချမ်း အချိန်ကဲ့သို့ ဖြစ်ကာ မှိုင်းညိုလာသောကြောင့် ရီရီ၏ စိတ်ထဲမှာ ငယ်စဉ်က အတ္ထုပ္ပတ္တိများသည်

တိမ်ကြား၌ ခြယ်၍ ပြသလို ပေါ်ပေါက်၍ လာလေ၏။ ညိုမှိုင်းသော မိုးအောက်၌ ပြာညို စိမ်းစိုသော သစ်ပင်တို့၏အကြား၌ နေးငုံစွာသွားသော ရီရီ၏ ပုံသဏ္ဍာန်မှာ ကျက်သရေအပေါင်းတို့နှင့် ပြည့်လျက် မိုးနတ်သားလေနတ်သားတို့သည် ထို လှပသော မိန်းမကို လာရောက် ကျီစယ်ကာ ကစားကြသကဲ့သို့ မှတ်ထင်ရလေ၏။ မှိုင်းပြာညိုညစ်သော မိုးအောက်၌ ဝါဝင်းဖြူစင် ထင်းထင်းကြီး ထင်ပေါ်သော ရီရီ၏ ရုပ်သဏ္ဍာန်သည် လွန်စွာ ထူးခြားသော သဏ္ဍာန်ဖြစ်လျက် မြင်ရသူ အပေါင်းတို့သည် ငေးမောကာ ရှုမျှော် အံ့သြကြရလေ၏။

ရီရီသည် ထိုကဲ့သို့ လျှောက်သွားရင်း တွေးတောမိသည်မှာ ငါသည် လွန်စွာ ထူးဆန်းသောအရာကို တွေ့ခဲ့ရ၏။ သူသည် ငါ့အား ဘာအကြောင်းကိုမျှ မပြော၊ ငါ့ကို မသိသောကြောင့် ဤမျှလောက်ထယ်၍ နေလေသလား။ (ငါ့ကို သိလျက်နှင့် သူ ဘယ်သူဖြစ်သည်ကို ပြောမပြလျှင် အင်မတန် စိမ်းကားတဲ့လူ ဖြစ်ပေမှာပဲ၊ ငါ့ကို သည်လောက်တောင် ဖွဲဖွဲမြဲမြဲ အမှတ်ရပြီး ငါ့ထံကရတဲ့ အဖိုးမထိုက်သည့် အရာများကို နှစ်ပေါင်းများစွာ သိမ်းဆည်းထားသည်မှာ ဘယ်လိုစိတ်ကြောင့်ပါလဲ။ ယနေ့နံနက် သူ့အိပ်ရာထက်မှာ ဖာကလေး ပွင့်၍နေသည်ကို တွေ့ရသည်မှာ ငါ့ကို အခါတိုင်းထက် ပိုမိုသတိရသောကြောင့် ဖြစ်ဟန်တူပေသည်။ ငါ့ကိုသိသောကြောင့် ထူး၍ သတိရလေသလား။ ဟိုမိန်းမကြီးက သည်ဖာကို တစ်ခါမှ ပွင့်လျက်မတွေ့ရ၊ အခုတစ်ခါမှသာ တွေ့ရသည်ဟု ပြော၏။ ငါ့ကို သိသည့်အတွက် ယခု ပွင့်ကြည့်တာနဲ့ တူတယ်။ ဩော် ... တကယ်ဆိုတော့ ဘယ်သူ ဘယ်ဝါဆိုတာ သူ့နာမည်ကိုဖော်ပြီး ပြောဖို့ကောင်းပါလျက် မပြောဘဲ နေစိမ့်ပါပေရဲ့။ ငါ သူ့အကြောင်းကို မကြာခဏတွေး သူ့မျက်နှာကို တရေးရေး မြင်ရသည်မှာ သူ့စိတ်ဟာ ငါ့ဆီကို ရောက်လွန်းလို့နဲ့ တူတာပဲ) သူ ဘယ်လို ဖြစ်နေပါလိမ့်မလဲ။ ငယ်ငယ်ကဖြင့် အတော်ဆင်းရဲရှာတာပဲ။ သူ့မှာ မိဘ မရှိဘူးလို့ ပြောရှာတယ်။ အခု သူ့ခမျာ ဘယ်လို အခြေအနေနဲ့ သည်ကို ရောက်ပြီး နေပါလိမ့်မလဲ။ ပညာများမှ



လုံလောက်စွာ သင်ခဲ့ရရှာပါ့မလား၊ အခုပုံဖြင့် သူသည် ငါ့ကို အမြဲ တွေးတော အောက်မေ့ဟန်ရှိတာပဲ။ ငယ်ငယ်က ကလေးတို့ဘာဝ တစ်ယောက်ကိုတစ်ယောက် အတော်ပင် ချစ်ခဲ့ကြပြီးနောက် ငါ့မှာ တစ်ခါတစ်ခါသာ သူ့ကို သတိရပြီး တစ်ကြိမ်မှ မတွေ့ဘဲ နေခဲ့ရတယ်။ သူ့စိတ်မှာမူ အင်မတန် ချစ်တတ် ခင်တတ်တဲ့စိတ် ရှိလို့သာပဲ။ အခု ငါ့အသက်ကို သူလာပြီး ကယ်ရတာများ အလွန်တရာ အံ့သြစရာ ကောင်းလှပေသည်။ သူနဲ့ ငါနဲ့ ဘယ်လိုအကြောင်းများ ဖြစ်ချင်ပါလိမ့်မလဲ စသည်ဖြင့် တွေးတောရင်း ငယ်ငယ်က ချစ်ဖူးသော စိတ်ရင်းသည် အညွန့်အခက်တွေ တလူလူပေါက်ကာ တအားမြောက်ကာ တိုးတက်ဝေဆာ၍ လာလေ၏။ ငယ်စဉ်ကစ၍ တအုံနွေးနွေး နေခဲ့ရသော ချစ်ခြင်း၏ မီးခဲသည် ရဲရဲကြီးတောက်၍ လာလေ၏။ ငယ်ငယ်က မောင်နေဝင်းသည် ရုပ်ဆင်းမလှချေ။ ယခုမြင်သော မောင်နေဝင်းမှာမူ ငယ်ငယ်ကထက် အဆပေါင်းများစွာ ပိုမို၍ လှသဖြင့် ရီရီ၏စိတ်ထဲ၌ ထိုမျှလောက်သော နိုးကြားတုန်လှုပ်ခြင်းများ ဖြစ်၍ လာလေ၏။ သို့သော်လည်း မောင်နေဝင်းနှင့် မိမိ တစ်ယောက်နှင့် တစ်ယောက် အဘယ်မျှလောက် အဆင့်အတန်းချင်း ကွာခြားသည်ကို တွေးလိုက်သောအခါ လောက၌ လွန်စွာ မဆီမဆိုင်သော အခြေအနေကဲ့သို့ မှတ်ထင်ရ၏။

ထိုကဲ့သို့ အလည်လည် အလာလာ တွေးရင်းတောရင်း အိမ်သို့ ပြန်သွားလေရာ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် အိမ်၌ မြို့အုပ်မင်းနှင့် တွေ့လေ၏။ မြို့အုပ်မင်းက ရီရီကို မြင်သောအခါ ပျာယီးပျာယာနှင့် "ရီရီ တစ်ယောက်တည်း ဘယ်သွားသလဲ၊ နောက်တစ်ခါ သည်လိုမသွားပါနဲ့၊ ဟိုအနားက တံငါတွေဟာ ရီရီကို ပိုက်ကွန်နဲ့ အုပ်ကာဖမ်းပြီး ရီရီမှာရှိတဲ့ လက်ဝတ်လက်စားများကို ချွတ်ယူကာ ရီရီကို မြစ်ထဲသို့ ပစ်ချလိမ့်မယ်၊ မကြောက်ဘူးလား၊ ရီရီ ရေနစ်လို့ မသေ၊ တံငါသတ်လို့ လည်ပြတ်ကာ သေမှာကို မကြောက်ဘူးလား။ ဩော်–သိပြီ သိပြီ၊ ကျေးဇူးရှင်

အသက်သခင် တံငါကလေးကို သွားပြီး ကြည့်ရှာတယ် ထင်ပါရဲ့" ဟု ခပ်ငေါ့ငေါ့ ပြောလေ၏။

ထိုအခါ ရီရီက "ရီရီ မနက်ခင်းကလေး သာသာယာယာ ရှိတာနဲ့ လျှောက်သွားတာပါပဲ၊ ဟိုတံငါတဲကိုလည်း ရောက်ခဲ့တယ်၊ ဘယ်သူ့ကိုမှ မတွေ့ခဲ့ပါဘူး၊ တံငါမိန်းမကြီးနဲ့ စကားပြောပြီး ပြန်လာခဲ့တာပါပဲ" ဟု ပြောကာ အိမ်ပေါ်သို့ တက်သွားပြီးလျှင် မိမိ၏ အခန်းတွင်းသို့ ဝင်လျက် မိမိ၏ ထူးဆန်းသော အဖြစ်အပျက်ကို တွေးတောကာ နေလေ၏။

ထိုကဲ့သို့ နာရီဝက်နီးနီး တစ်ကိုယ်တည်းနေပြီးနောက် မြို့အုပ် စောင့်နေသည်ကို သတိရပြန်လျက်၊ သြော် မြို့အုပ်ကလည်း ဒုက္ခပါပဲ၊ ဘယ်လိုများ ဖြစ်မယ်ကို မကြံတတ်အောင် ရှိတော့တာပဲ။ သူကလည်း နေ့ရောညရော လာပြီး တကပ်ကပ်နေရှာတာပဲ။ စိတ်များလည်း ညစ်လှပါပြီ အောက်မေ့ကာ အိမ်ပေါ်မှ ဆင်းလာလေ၏။ သို့သော် ဂုဏ်ဒြပ်ကို ထောက်လိုက်သော် မြို့အုပ်က သာသော်လည်း ယခုမှာ မောင်နေဝင်း အပေါ်၌ ချစ်ခဲ့ဖူးသော ငယ်ချစ်သည် ပြန်၍ပေါ်လာလေ၏။ မြို့အုပ်ကို သနား၏။ မောင်နေဝင်း အပေါ်၌မူ သနားခြင်းနှင့် ချစ်ခြင်း ရောစပ်၍ နေလေ၏။ သို့သော် ဂုဏ်ဒြပ်ကို ထောက်လိုက်သော် မြို့အုပ်မင်းသာလျှင် အားကိုးဖွယ်ရာဖြစ်၍ နေလေ၏။ အကြောင်းမူကား မောင်နေဝင်းမှာ မထင်ရှားသော အခြေအနေရှိ၍ ဂုဏ်အရည်အချင်း နည်းပါးလျက်၊ မြို့အုပ်မင်းမှာ ထင်ရှားသော ဂုဏ်အရောင်အဝါနှင့် ပြည့်စုံသူ ဖြစ်လေ၏။ ထို့အပြင် မြို့အုပ်ကို ပယ်ရှား၍ မောင်နေဝင်းကဲ့သို့ တဲကုပ်ကလူနှင့် ညားရလျှင် အလွန်တရာ ပေါ်လွင်သော မိန်းမဟူ၍ အများလူသူလေးပါး ကဲ့ရဲ့ခြင်းကို ဧကန်ခံရပေမည်မလွဲ ဖြစ်လေ၏။

သို့ဖြစ်၍ ရီရီသည် မောင်နေဝင်းနှင့် စပ်လျဉ်းသော တွေးတောခြင်းတို့အတွက် တိတ်တဆိတ် ကိုယ်မှာရှက်ပြီး နောက်ဆက်၍ မတွေးဝံ့အောင် ရှိလေ၏။



နောက်တစ်နေ့၌ ညနေချမ်းအချိန် မောင်နေဝင်းသည် မြစ်ကမ်းခြေတွင် တစ်ကိုယ်တည်းထိုင်ကာ သဲသောင်ပြင်တွင် ခြစ်မိခြစ်ရာ ရေးမိရေးရာ အရုပ်များကို လည်းကောင်း၊ စာများကို လည်းကောင်း၊ တီကောင်မြွေကောင်၊ အချိတ်အကောက်၊ အပြောက်အကျား၊ အတက်အခက်၊ အညွန့်များကိုပါ ကင်းခြေများရုပ်၊ နယားရုပ်နှင့် ပုတ်သင်ညိုတစ်မျိုး၊ ရေအိုးရေမှုတ်၊ ဖားပြုတ်သင်္ဘောက်၊ ပိုးဖလံ၊ တက်တူလူရုပ်၊ နတ်ရုပ်၊ ဘီလူးရုပ်တို့ကို သံရုပ်တူအောင် အကောင်နှင့် ကျေး၊ ဝက်၊ ခွေးမကျန် ဟန်ပန်ကျနထင်မြင်ရာတို့ကို စီစဉ်ကာ ရေးခြယ်၍နေရာမှ စိတ်လက်ဖောက်ပြား ရီရီကို ပွေ့ပိုက်ကာ ကမ်းပေါ်သို့ တင်လာရသောပုံများနှင့် ရီရီ၏ နာမည်များကို အကြိမ်ပေါင်းများစွာ ရေးသား၍ နေလေ၏။

ထိုကဲ့သို့ ရေးသားပြီးနောက် ရီရီ၏အမည်နှင့် မောင်ဖုန်းကျော်၏ နာမည်၊ နေဝင်းဟူသော မိမိ၏ နာမည်တို့ကိုလည်း တစ်တန်းပြီး တစ်တန်း ရေး၍နေလေ၏။ ယင်းသို့ရေးပြီးနောက် ဆက်လက်ကာ စိတ်ကူးပေါက်လျက် ကတောက်ကတက် ယောက်ယက်ခတ်ကာ အောက်ပါစာများကို ရေးသားမိလေ၏။

ရေးသားသော စာများမှာ ...

ဤလောကကြီး၏ အသက်သည် အချစ် ဖြစ်၏။ အချစ်သည် ဤလောကကြီး တစ်ခုလုံးကို တည်ထောင်ပြုပြင်၏။ လောက၌ အချစ်ကုန်လျှင် လောကကြီး ကုန်ဆုံးခြင်းသို့ ရောက်ရာ၏။

အချစ်ကြောင့် သံသရာရှည်၏။ အချစ်ကြောင့် ပူပန်၏။ အချစ်ကြောင့် အလုပ်များ၏။ အချစ်ကြောင့် ဒုက္ခများ၏။ အချစ်ကြောင့် အသက်သေရ၏။ အချစ်တည်းဟူသော ရောဂါသည် ရောဂါအပေါင်းတို့တွင် အကြီးဆုံးဖြစ်၏။ အချစ်သည် မီးနှင့်တူ၏။ ထိုမီးသည် အသည်းနှလုံးကို မြိုက်သောမီး ဖြစ်၏။ (ထိုမီး ငယ်စဉ်က စ၍ခလျှင် လူစဉ်မီခဲ၏) အချစ်ကြောင့် မအိပ်နိုင်၊ အချစ်ကြောင့် မစားနိုင်၊ အချစ်ကြောင့် မှိုင်ရ၏။

အချစ်ကြောင့် ဤသဲကို တုတ်နှင့်ခြစ်ရ၏။ အချစ်ကြောင့် သဲကို တုတ်နှင့်ခြစ်ရသောအခါ အသည်းကို သွား၍ထိ၏။ ရီရီသည် ရယ်၍နေ၏။ နေဝင်း၏ နှလုံးမှာ နေဝင်၍ လှောင်၏။ မြို့အုပ်သည် အုပ်တော့မည်။ ငါ ဘယ်ဆီကို ပြေးရမှ အချစ်ဘေးရောဂါ ပျောက်နိုင်ပါမည်နည်း။

၎င်းများကို ရေးပြီးသောအခါ ရေးခြစ်သော တုတ်တိုကို အနီးချပြီးလျှင် စာများကို ဖျက်ရန်သတိမရဘဲ ရေစပ်နားသို့ လျှောက်သွားပြီးလျှင် ရေများကို ရှုကြည့်ကာ အဘယ်ပုံကြံရမည်၊ အဘယ်ကို သွားရမည်၊ ဘယ်အရာကို လုပ်ရမည်နည်း။ ဤရေထဲသို့ ဆင်း၍သေရလျှင် ကောင်းမည် မကောင်းမည် စသည်တို့ကို အလည်လည် တွေးတောကာ နေရှာလေ၏။

ထိုကဲ့သို့နေ့ခိုက်တွက် ရီရီသည် တစ်ကိုယ်တည်း ကမ်းခြေသို့ လျှောက်လာလေရာ ရေစပ်၌ထိုင်၍နေသော မောင်နေဝင်းကို မြင်ရလေ၏။ အတန်ကလေးကြာစွာ ကြည့်ပြီးနောက် အနီးအပါး သောင်ပြင်၌ ရှိသော ခရုများကို ကြည့်ကာ တဖြည်းဖြည်း လှည့်လည်၍လျှောက်၏။ ထိုကဲ့သို့ လျှောက်နေခိုက်တွင် မောင်နေဝင်းကို ကြည့်ကာ ပင့်သက်ရှူလျက် သက်မကြီးကို ချ၏။ မောင်နေဝင်းသည်ကား ရီရီကို မမြင်ဘဲ ရေထဲကို သာ စိုက်ကာကြည့်ရင်း မိမိ၏ စိတ်သည် ကမ္ဘာအစွန်အဖျားသို့ ရောက်သည့်တိုင်အောင် လွင့်ပါး၍နေလေ၏။

ရီရီသည် လှည့်လည်ကာလျှောက်၍နေရင်း ငါ့ကို သူ မြင်ရအောင် ဘယ်လို ကြံရပါမည်လဲ၊ သူ ဘယ်တော့မှ ငါ့ကို လှည့်ပြီး ကြည့်မှာလဲ၊ သူ ဘာတွေကို တွေးပြီးနေပါလိမ့်မလဲ၊ သူ့စိတ်ထဲမှာ အင်မတန်ကြီးတဲ့ အပူလုံးကြီး ရှိသောကြောင့် အခုလို တစ်ယောက်တည်း ငေးမိငေးရာ၊ တွေးမိတွေးရာ တွေးပြီးနေတာနေမှာ၊ သြော် သနားစရာ ကောင်းပါရဲ့၊ ငါ ဘယ်နှယ့်များ ကြံပြီး သူ ဆင်းရဲဒုက္ခတွေကို အေးအောင် ပြုနိုင်ပါမည်လဲ။ သူ ဘယ်သူ့အတွက် ဆင်းရဲဒုက္ခ ဖြစ်နေသည်ကို သိဖို့ရန် လွန်စွာခက်သဖြင့် ကူညီထောက်ပံ့ရန် အင်မတန် ခက်လှပါသည်တကား စသည်ဖြင့် တွေး



တောကာ နှလုံးသားများသည် တစ်စပြီးတစ်စ ကြေမွ၍ကျကာ အရည်ပျော်မတတ် သနားကြင်နာ ကရုဏာသက်သော်လည်း မကြံတတ် မစည်တတ်ဘဲ သောင်ပြင်မှာသာ တဝဲလည်လည် နေရှာလေ၏။ ရီရီသည် ထိုနေ့ ညနေ မောင်နေဝင်းနှင့် စကားအနည်းငယ် ပြောရလျှင် သူ၌ ရှိသော အပူသောကမီးကို ကောင်းစွာ သိရမှာပဲဟု အောက်မေ့ကာ စကားပြောရန် အချက်ကို ရှာကြံ၍ နေလေ၏။ သို့ပင် ရှာကြံ၍ နေငြားသော်လည်း မောင်နေဝင်းသည် နောက်သို့ လှည့်၍မကြည့်ဘဲ မိမိ၏ရှေ့တွင် အကွင်းသားထင်၍နေသော ရောင်ခြည်ထဲကို စိုက်ကြည့်ကာ မိမိ၏ ဘဝ၊ မိမိ၏ ကံကြမ္မာကို တွေးဆမြော်မြင် ဆင်ခြင်သကဲ့သို့ နေလေ၏။

ရီရီသည် မောင်နေဝင်း လှည့်၍ ကြည့်မည်ကို စောင့်စားရင်း တစ်ချက်တစ်ချက် ကြည့်ကာ လှည့်လည်၍ နေလေရာ မောင်နေဝင်း ရေးထားသော အရုပ်များကို မြင်ရလျက် ထူးထွေဆန်းပြား ရယ်မောစရာ ကောင်းလှသော အရုပ်များ၌ စိတ်ဝင်စားပြီးလျှင် ထိုအမျိုးမျိုးသော သင်္ကေတများသည် အမျိုးမျိုး စိတ်ဖောက်ပြားကာ လေလွင့်၍ နေရှာသူတစ်ယောက် ရေးခြစ်ထားသော အရုပ်များ ဖြစ်တန်ရာ၏ဟု တွေးတော ယူဆကာ ဆက်လက်၍ ကြည့်လေရာ အစမှ အဆုံးတိုင်အောင် ဖတ်လေလျှင် ရင်ထဲ၌ တစ်မျိုးဖြစ်ပြီး ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို၊ ငိုရမလိုလို၊ ရယ်ရမလိုလို ဖြစ်လေ၏။ ထိုစာများသည်ကား ရေးသူ၏စိတ်ကို ထင်ရှားစွာ ဖော်ပြသော ဓာတ်ပုံနှင့် တူလေ၏။

၎င်းစာများကို ဖတ်ပြီးနောက် မောင်နေဝင်း၏ စိတ်ထဲ၌ စွဲကပ်တောက်လောင်သော အပူသည် အခြားသော အပူ မဟုတ်၊ မိမိနှင့် ပတ်သက်သော အပူ ဖြစ်ကြောင်းကို သေချာစွာ သိရသောအခါ ကိုနေဝင်းသည် ငါ့ကို ဤမျှလောက် စွဲလမ်းပေသည်တကားဟု တွေးတောကာ ရင်ဝမှာ ဖိုပြီးလျှင် ဝမ်းသာလုံးဆို့၍ လာပြီးမှ ငါ၏ ဝမ်းသာခြင်းသည် မဖြစ်နိုင်သော အရာကိုမှ တွေးတောကာ ပေါ်ပေါက်သော ဝမ်းသာခြင်း

ဖြစ်ပေသည် တကားဟု သတိရလျက် ကြီးစွာသော ဝမ်းနည်းခြင်းသည် ပေါ်ပေါက်၍ လာလေ၏။

ရီရီသည် ထိုစာကို ထပ်ကာထပ်ကာ အကြိမ်ကြိမ် ဖတ်ရှုသော်လည်း ဖတ်၍ မဝသကဲ့သို့ ထပ်၍သာ ဖတ်ချင်သဖြင့် စာထဲတွင် စိတ်ဝင်သျက်နေသည့်အထဲတွင် မိမိ၏ နောက်ပါးမှ ရီရီ ဟု ကပ်ခေါ်လိုက်သော အသံကို ကြားရလျက် ထိတ်ခနဲဖြစ်ကာ လှည့်၍ ကြည့်လိုက်လေရာ မြို့အုပ်မင်းကို တွေ့မြင်ရသဖြင့် ရီရီသည် စာများအနီး၌ ထိုင်ကာ သဲများကို လက်ဝါးဖြင့် ပွတ်၍ စာများပျက်အောင် ခြေဖျက်ရင်း မြို့အုပ်မင်း၏ မျက်နှာကို ကြည့်ကာ ...

"ကိုဖုန်းကျော် ... ကျွန်မ လန့်သွားတာပဲ၊ ရှင် တစ်ယောက်တည်းလား၊ ဘယ်က လာသလဲ၊ ကျွန်မကို သည်နေရာမှာ တွေ့မယ်ဆိုတာ ရှင် မမျှော်လင့်ဘဲ အခုလာပြီး တွေ့ရတာပါပဲ မဟုတ်လား" ဟု မေးလေ၏။

မြို့အုပ်မင်းက "ရီရီ ကျုပ် မမျှော်လင့်ဘဲ လာတာ မဟုတ်၊ မျှော်လင့်တဲ့စိတ်နဲ့ လာပါတယ်၊ ရီရီ သည်ကိုလာတာကိုသိလို့ တမင်လိုက်လာတာပါပဲ၊ ရီရီ အတွက် စိတ်မချလို့ ဟောဒီ ခြောက်လုံးပြူးသေနတ်ကို ခါးမှာ သွပ်ပြီး အဆောတလျင် လိုက်လာရပါတယ်၊ မတော်တဆ တံငါတွေက ဘစ်မျိုးတစ်မည် ကြံရင် ရီရီ ဘယ်နှယ့်လုပ်မလဲ" ဟု ပြောကာ (ရီရီအတွက် အသက်ကို စွန့်ဖို့ရန် လိုက်၍လာသော ဟန်ပန်မျိုးနှင့် ကြီးကြီးကျယ်ကျယ် ပြောလေ၏)

ရီရီက "ကျေးဇူးတင်ပါတယ် ကိုဖုန်းကျော်ရယ်၊ ကျွန်မအတွက် ဒီလောက်တောင် စိုးရိမ်ပြီး အသက်တဖျား စွန့်စားကာ၊ သေနတ်ကြီးများကို ကိုင်ပြီး လိုက်လာတာကို မြင်ရတာ အားလည်းတက်ပါရဲ့ အင်မတန်သည်း ဝမ်းသာပါရဲ့၊ ကျေးဇူးလည်း လွန်စွာတင်ပါရဲ့။ ဒါပေမဲ့ ကျွန်မကို တံငါသည်များ ရန်ရှာမယ် မထင်ပါဘူး၊ နောင် သည်လောက်တောင် ကျွန်မ အတွက် ဒုက္ခမရှာနဲ့ ကိုဖုန်းကျော်ရဲ့၊ ကျွန်မအတွက် လူတစ်ယောက်မှာ



ဒုက္ခများရလျှင် ကျွန်မ အင်မတန် စိတ်လက်မချမ်းမသာ ဖြစ်တတ်လွန်းလို့ ပြောရပါတယ်" ဟု ပြောလေ၏။

မြို့အုပ်မင်းက "အို ... ရီရီ အတွက် ကျုပ်မှာ ဘာမှ ဒုက္ခမများပါဘူး၊ ရီရီ အတွက် ဟောဒီ တံငါရွာ တစ်ရွာလုံးနဲ့ပင် ခိုက်ရန်ကြီးစွာ ဖြစ်ရစေတော့ ဝန်လေးသည် မထင်၊ အင်မတန် ပျော်ရွှင်ဖွယ်ကောင်းတဲ့ အရာကို ပြုရသလို သဘောထားပါတယ်" ဟု ချိုနိုင်သမျှ ချိုသာလှစွာသော မျက်နှာထား အမူအရာ အသံစကားဖြင့် ပြောပြရင်း ရီရီ၏အပါးတွင် ထိုင်လေ၏။

ထို့နောက် ဆက်လက်၍ ပြောသည်မှာ "ရီရီ အခု မင်းမှာ ဖခင်မိခင်လည်း မရှိ၊ အဘွားလည်း မရှိ၊ တစ်ကိုယ်တည်း နေရပါတယ်၊ သည်အတွက် ကျုပ်စိတ်ထဲမှာ ဘယ်အခါမှ မအေးဘဲ ရီရီကို ကာကွယ်စောင့်ရှောက်ချင်တဲ့စိတ်ဟာ တစ်နေ့တခြား ကြီးမားပြီး လာပါတယ်။ သည်အကြောင်းကို ရီရီလည်း သိပါလျက် စကားတစ်ခွန်းကိုမျှ မင်းပါးစပ်က အသေအချာ မကြားရသေးပါ၊ အခုဖြင့် အသေအချာ အတိအကျဆိုသလို မိမိရရ သိရအောင် စွန့်စားကာ မေးရတော့မယ်ဟဲ့လို့ စိတ်ကိုတင်းပြီး ရုံးက အပြန်မှာ ချက်ချင်း ထွက်လာခဲ့တာပါပဲ၊ ရီရီကို ကျုပ်ဘယ်လောက်ချစ်တယ် ဆိုတာ အသည်းကို ခွဲပြီး ပြချင်ပါတယ်၊ ကျုပ်အချစ်ဟာ အပြစ်ဖြင့် မဖြစ်တန်ပါဘူး ဆိုတာ အားကိုးရင်း ရှိသည်အတိုင်း ကျုပ် စိတ်မှာ အပူအေးရအောင် မင်း ပါးစပ်က စကားလေးတစ်လုံးမျှ ကြားပါရစေ" ဟု ပြောလေ၏။

ရီရီက "ကိုဖုန်းကျော် ရှင့်ကို ကျွန်မ အစကပဲ သနားပြီး ဖြစ်ပါတယ်၊ သို့အတွက် သည်အကြောင်းကို ထပ်ကာထပ်ကာ မေးနေဖို့ မရှိပါ။ ရှင်ကျွန်မကို ချစ်တာကိုလည်း ကျွန်မ ကောင်းကောင်းကြီး သိတာပါပဲ။ ရှင့်ကို ရီရီက မုန်းရင် အခုလိုတောင် အတွေ့မခံပါဘူး" ဟု ပြောလေ၏။

ထိုအခါ မြို့အုပ်မင်းက လွန်စွာ အားတက်၍ လာပြီးလျှင် "ရီရီ တကယ်ပဲလား ရီရီရဲ့၊ ကျုပ် တကယ် စိတ်ချရတော့မှာလား၊ ကျုပ် ရင်ထဲမှာ ဆို့နေတဲ့ အပူခဲကြီးကို တစ်ခါတည်း ငြိမ်းရတော့မှာလား" ဟု ပြောကာ

ရီရီ၏ လက်ကလေးများကို ကိုင်ဆွဲလိုက်လေရာ ရီရီသည် ရှန်းဖယ်ကာ ငြင်းလေ၏။ ထိုကဲ့သို့ ရုန်းပြန်ခိုက်တွင် မောင်နေဝင်းသည် နောက်သို့ လှည့်၍ ကြည့်လိုက်သဖြင့် မြို့အုပ်မင်း၏ ပြုမူပုံ၊ ရီရီ၏ ငြင်းပယ် ရုန်းပြန်ပုံကို ကောင်းစွာ မြင်လိုက်ရလေ၏။ သို့သော်လည်း မမြင်ဟန် ပြုကာ ထိုင်မြဲတိုင်း ထိုင်၍ နေလေ၏။

ထိုအတွင်း မြို့အုပ်မင်းက "ရီရီ နေလည်းနည်းပြီ ... မပြန်သေးဘူး လား" ဟု ပြောလေရာ ရီရီက "ဟုတ်ကဲ့ ကျွန်မ ပြန်မလို့ပါပဲ၊ ကျွန်မ ဟိုတဲကို ဝင်စရာ ရှိပါသေးတယ်" ဟု ပြောလေရာ မြို့အုပ်မင်းက "အို ... ဘယ်တဲကို ဝင်ဦးမှာလဲ နေနည်းပြီ၊ မင်းကို ဘယ်သူ လိုက်ပို့မလဲ၊ ကိုင်း ပြန်ကြပါစို့ရဲ့" ဟု ပြောလေရာ ရီရီသည် စကားပြန်၍ မပြောဘဲ တံငါသည်တဲ ရှိရာသို့ လျှောက်သွားလေ၏။

မြို့အုပ်မင်းသည်လည်း ရီရီ၏ နောက်က လိုက်သွားလေ၏။

တဲသို့ ရောက်သောအခါ အတော်ကလေး မှောင်စပြုသဖြင့် ရီရီက "ကိုဖုန်းကျော် ကျွန်မ မပြန်ဝံ့ဘူး" ဟု ပြောလေရာ၊ မြို့အုပ်မင်းက "အို ... ဘာကိုမှ ကြောက်စရာ မရှိပါဘူး၊ ကျုပ်အပါသားပဲ ဟောဒီမှာ ခြောက်လုံးပြူး သေနတ်လည်း ပါပါသေးတယ်" ဟု ပြောလေ၏။ သို့သော် လည်း ရီရီသည် ၎င်းပြောသောစကားများကို အလေးမပြုဘဲ တံငါသည် လင်မယားအား လိုက်၍ပို့ကြရန် ပြောလေ၏။ တံငါသည် လင်မယား သည် အားရဝမ်းသာစွာ လိုက်၍ပို့ရန် ပြင်ဆင်ကြလေ၏။ ထိုအခိုက်တွင် မောင်နေဝင်း ရောက်လာသဖြင့် မောင်နေဝင်းကို အိမ်စောင့် ထားကြပြီး လျှင် ရီရီနှင့် မြို့အုပ်မင်းကို အိမ်သို့လိုက်၍ ပို့ကြလေ၏။

နောက်တစ်နေ့ညနေ ရီရီသည် လက်ဖက်ရည်များ သောက်ပြီးသော အခါ စိတ်ထဲတွင် ပထမ ပေါ်ပေါက်၍လာသော အရာသည်ကား တံငါ တဲကလေးရှိရာသို့ သွားရန် စိတ်ဖြစ်လေ၏။ သို့သော် မိမိ၏ စိတ်ကို များစွာ ခုခံငြင်းဆန်လျက် မသွားပါဘူးဟု အတန်တန် စိတ်ကို တင်းကာ



ငါသည် ဘယ်အတွက် ဤမျှလောက် သိမ်ဖျင်းသေးနုတ်သော နေရာသို့ မကြာခဏ သွားချင်ရပါသနည်း။ ဤနေရာသို့ ငါ မကြာခဏ သွားသည် မှာ အခြားသူများက တစ်မျိုးတစ်မည် တွေးထင်ကြလျှင် လွန်စွာ ရှက်စရာ ကောင်းပေလိမ့်မည် စသည်ဖြင့် တွေးတောလေ၏။

သို့ပင် တွေးတောငြားသော်လည်း ငယ်ငယ်က သိခဲ့ရသူ၊ ငယ်ငယ်က ချစ်ခဲ့ရသူ၊ မိမိ၏ အသက်ကို သက်စွန့်ကြိုးပမ်း ကယ်ဆယ်ရှာသူ ဖြစ်သော မောင်နေဝင်းနှင့် စကားတစ်ကြိမ်မျှ မပြောရသေးသည်ကို လည်းကောင်း၊ မောင်နေဝင်း၏ သနားဖွယ်သော အခြေအနေကို တွေးမိသောအခါ လည်း ကောင်း၊ မောင်နေဝင်း အဘယ်ပုံ ဖြစ်ပျက်နေသည်၊ အဘယ်သို့သော အခြေအနေနှင့် နေသည်ကို သိလိုသော စိတ်ဆန္ဒ ရှိသဖြင့် လည်းကောင်း၊ မောင်နေဝင်းအား တစ်နည်းနည်းနှင့် စကားပြောရအောင် ကြံစည်မည် ဟူသော စိတ်သည် ထက်သန်စွာ ပေါ်ပေါက်၍ သွားလေ၏။

သို့အတွက် တဲရှိရာသို့ မသွားရအောင် မိမိ၏ စိတ်ကို များစွာ ချုပ်သော်လည်း မရ၊ သွားချင်သော စိတ်ကလည်း တရွရွ၊ မောင်နေဝင်းကို မြင်ချင်သည့် အရေးက နွေးခနဲ နွေးနဲ့ ထသောကြောင့် ငေါက်ခနဲ ကုလားထိုင်မှထ၊ မိမိကိုယ်ကို လှလှကလေးပြင်၊ နှဖူးပြင်အထက်၌ နှင်းဆီ ပန်းကိုစိုက်၊ တိုက်စောင်ကလေးကို ဆွဲကာတင်ပြီး တစ်ကိုယ်တည်း ထွက် သွားရှာလေ၏။

ယင်းသို့ ထွက်သွားလေရာ တဲရှိရာသို့ ရောက်သောအခါ မောင် နေဝင်း သောင်ပြင်မှာ ရှိသည် ဟူသော သတင်းစကားကြောင့် ရီရီသည် သောင်ပြင်ဘက်သို့ ယောင်ပေယောင်ပေနှင့် ထွက်ကာ ကြည့်လေ၏။ ထိုအခါ တံငါသည် မိန်းမကြီးသည် ရီရီ၏ အမူအရာကို ထူးရှာသူ မဟုတ် သောကြောင့် အနည်းငယ် ရိပ်မိလေ၏။ တံငါသည်မကြီး ရိပ်မိသည်ကို ရီရီသည် သိသော်လည်း ဂရုစိုက်ဟန် မရှိဘဲ တံငါသည်မကြီးအား "လာပါရှင် သောင်ပြင်ကို ဆင်းကြည့်ရအောင်၊ ရှင်တို့ နေတဲ့ နေရာဟာ

ပျော်စရာ အတော်ကောင်းတာပဲ" ဟု ပြော၍ ခေါ်လျှင် တံငါသည်မကြီးသည် ရီရီနှင့်အတူ သောင်ပြင်သို့ ဆင်း၍ လိုက်သွားရလေ၏။

သောင်ပြင်သို့ ရောက်သောအခါ မောင်နေဝင်းသည် ရေချိုး၍ပြီးစ ဖြစ်လေ၏။ ရီရီကို မြင်သဖြင့် လက်ပိုက်ကာ ရပ်ပြီး မကြည့်တစ်ချက် ကြည့်တစ်ချက် နေလေ၏။ ရီရီသည်ကား သောင်ပြင်၌ သဲထဲတွင် မောင်နေဝင်း မနေ့တစ်နေ့က လုပ်သလို အရုပ်များကို ရေးဆွဲကာ အောက်၌ ပါရှိသော စာကိုလည်း ရေးခြစ်လေ၏။

ကြိုက်လျက်နှင့် မြှုပ်၍နေရင် မြို့အုပ်ကို ကြောက်တဲ့သူပဲ၊ သနားသော်လည်း သူ မလာ၊ မြို့အုပ်ခမျာ ကောင်းဖို့ပေလား။

ကိုနေဝင်း ဆိုတဲ့ လူဟာ ဘယ့်နှယ့် လူပါလိမ့်မလဲ၊ ရီရီကို မမှတ်မိလို့လား၊ ကိုဖုန်းကျော် ဟူသော စာကို ရေးထားလေ၏။

ထိုစာကို ရေး၍ နေခိုက်တွင် မောင်နေဝင်းသည် ကြည့်၍ နေလေ၏။ ရီရီသည် စာများကို ရေးပြီးနောက် တဲရှိရာသို့ တံငါသည် မိန်းမကြီးနှင့်အတူ တက်သွားလေ၏။

၎င်းတို့ တက်သွားပြီးနောက် မောင်နေဝင်းသည် ရီရီ ရေးခြစ်သော အရာများကို လာ၍ ကြည့်လေရာ စာများကို ဖတ်ကြည့်ရသဖြင့် အားများ တက်လျက် စိတ်လက် ပေါ့ပေါ့ပါးပါး မျက်နှာများ ပြန့်လင်း၍ လာသော်ငြားလည်း မြို့အုပ် မောင်ဖုန်းကျော်၏ နာမည် ကြားညှပ်၍ ပါနေသည်ကို တွေ့ရသောအခါ စိတ်ထဲတွင် ဝေခွဲ၍ မရအောင် ရှိလေ၏။ ထို စာကို ဖတ်ပြီးနောက် မောင်နေဝင်းသည် တဲရှိရာသို့ လိုက်သွားလေ၏။

မောင်နေဝင်း၏ စိတ်၌မူကား ရီရီ မိမိကို အနည်းငယ် ဂရုပြုကြောင်း သိရလျက် အတော်ကလေး အားတက်၍ နေပြီးလျှင် ရီရီ၏ ထံမှ ရရှိသော အရာများကို စွန့်ပစ်ရန် အကြံသည် ပျောက်ပျက်၍ သွားလေ၏။ အခြားသို့ ရှောင်ရှားသွားရန် စိတ်အကြံသည်လည်း နည်းပါး၍ သွားလေ၏။

မောင်နေဝင်းသည် တဲထဲသို့ ဝင်သွားသောအခါ ရီရီသည် တံငါ



သည် မိန်းမကြီးနှင့်အတူ စကားပြော၍ နေလေ၏။ မောင်နေဝင်းနှင့် ရီရီသည် မျက်နှာချင်း ဆိုင်မိကြလေ၏။

ရီရီသည် မောင်နေဝင်း နှုတ်များ ဆက်လေမလားဟု ဝမ်းနည်းသော မျက်လုံးများဖြင့် စိုက်ကြည့်၍ နေလေ၏။ မောင်နေဝင်းမှာ ပို၍ ဝမ်းနည်းသော လက္ခဏာဖြင့် မျက်လွှာကို ချပြီးလျှင် အခန်းအတွင်းသို့ ဝင်သွားလေ၏။

အတန်ကလေးကြာသောအခါ တံငါသည်မကြီးက "မောင်ရင် ထွက်ပြီး နှုတ်ဆက်ပါဦးလား" ဟု ပြောလေရာ မောင်နေဝင်းသည် အဝတ်များ လဲပြီးလျှင် အခန်းထဲမှ ထွက်၍ လာလေ၏။ ရီရီသည်ကား သွားတော့မည်ဟန်နှင့် နေရာမှ ထ၍ ယောင်လည်လည်ပြုကာ နေလေရာ တံငါသည် မကြီးက "သွားတော့မလို့လား တူမရယ် နေပါဦး၊ မိုးဖွဲကလေးတွေ ကျနေတယ် ထင်ပါရဲ့" ဟု ပြောကာ အပြင်သို့ ထွက်ကြည့်ပြီး "ဟုတ်တယ်၊ မိုးဖွဲကလေးတွေ ကျနေပါသေးတယ်၊ ထိုင်ပါဦးလေ" ဟု ပြောလေရာ ရီရီမှာ မြို့အုပ်များ လိုက်လာဦးမည်လား တထိတ်ထိတ်နှင့် စိတ်ထဲမှ လေးကာ ထိုင်၍ နေရရှာလေ၏။

မောင်နေဝင်းသည် ရီရီနှင့် မျက်စောင်းထိုး အခန်းဝမှာ ရှိသော ခွေးခြေ တစ်ခုပေါ်တွင် ထိုင်လျက် အနီးတွင် တံငါသည်မကြီး ကြော်ချက် နေသော ဟင်းအိုးမှ ထွက်သော အနံ့ကို မွှတ်သိပ်ဆာလောင်စွာ ရှူရှိုက်၍ နေလေ၏။

အတန်ကြာစွာ တစ်ယောက်ကို တစ်ယောက် စကားမပြောဘဲ နေကြပြီးနောက် ရီရီက "ရှင် ကျွန်မကို မှတ်မိရဲ့လား" ဟု မောင်နေဝင်း၏ မျက်နှာကို ကြည့်၍ မေးလေရာ ချက်ပြုတ်၍နေသော မိန်းမကြီးသည် ယောက်မကို ကိုင်လျက် ချာကနဲ လှည့်ကာ ရီရီနှင့် မောင်နေဝင်းကို တစ်ပြန် တစ်လှည့်စီ အံ့အားသင့်သော လက္ခဏာနှင့် ကြည့်၍ နေလေ၏။

မောင်နေဝင်းသည် ခေါင်းငုံ့ကာ "ကျုပ် ခင်ဗျားကို ကယ်လာသည့်

နေ့က စပြီး မှတ်မိတာပါပဲ"ဟု ပြောလေရာ ရီရီက "ခင်ဗျားလို့ မပြောပါနဲ့ ကိုနေဝင်းရယ်၊ ငယ်ငယ်က ခေါ်သလို ရီရီ လို့သာ ခေါ်ပါ။ ရီရီ စိတ်မဆိုးပါဘူး"ဟု ပြောလေလျှင် မောင်နေဝင်း၏ စိတ်သည် နတ်ပြည်ခြောက်ထပ်ကို လွန်မြောက်၍ သွားသကဲ့သို့ ဖြစ်လေ၏။ တံငါသည်မကြီးသည်ကား သာ၍ အံ့ဩလျက် "အလို မောင်နေဝင်း ဆိုပါကလား၊ သူ့နာမည်ကို ဘာပြုလို့ ပြောင်းထားပါလိမ့်မလဲ" ဟု တွေးတော၍ နေလေ၏။

ရီရီက " ကိုနေဝင်းက ဘာပြုလို့ သိရက်သားနဲ့ ရီရီကို စကားမပြောဘဲ ရှောင်နေပါသလဲ"ဟု မေးလေရာ မောင်နေဝင်းက စကားမပြောနိုင်ဘဲ အတန်ကလေး ကြာစွာနေပြီးမှ "ကျုပ်မှာ အပြစ်ရှိလို့ နှုတ်မဆက်ဘဲ နေရပါတယ်" ဟု ပြောလေလျှင် ရီရီသည် အံ့အားသင့်လျက် "အလို ဘယ်လိုအပြစ်များရှိလို့ပါလိမ့်မလဲရှင်၊ ရီရီကို ပြောမပြနိုင်ဘူးလား" ဟု မေးလေရာ၊ မောင်နေဝင်းက "ပြောပြရန် အင်မတန်ခက်တဲ့ အပြစ်ပါ၊ ကျုပ်အပြစ်နဲ့ ကျုပ် နေပါရစေ၊ ပြောလို့ဖြင့် မပြပါရစေနဲ့တော့" ဟု ပြောလေ၏။ ရီရီသည် အတန်ကြာစွာ ဆိတ်ဆိတ်နေလျက် မောင်နေဝင်းကို မကြည့်တစ်ချက် ကြည့်တစ်ချက် နေပြီးမှ "ရှင့် ဖာကလေးထဲမှာ ဘာတွေ ထည့်ထားသလဲ" ဟု မေးလေရာ၊ မောင်နေဝင်းမှာ အံ့အားသင့်၍နေပြီးမှ ရှက်ကိုးရှက်ကန်းနဲ့ ပြုံးရယ်ကာ မျက်နှာများ နီပြီးလျှင် "ရီရီ ဘယ်တုန်းက တွေ့ရသလဲ" ဟု မေးလေရာ၊ ရီရီက "ရီရီ မနေ့က တွေ့ပါတယ်၊ ရီရီ မသိဘူး မထင်ပါနဲ့၊ ကောင်းကောင်းကြီး မှတ်မိပါတယ် ကိုနေဝင်းရဲ့၊ အခု ကိုနေဝင်း ဘယ်လိုနေရပုံမျိုးလဲ၊ ဒီကအဒေါ်နဲ့ ဘာမှမတော်ဘူးရှင်၊ တခြားကလာတဲ့လူလို့ပြောတာ ရီရီ ကြားဖူးပါတယ်" ဟု မေးလေရာ မောင်နေဝင်းက "ရီရီ ကျုပ်ကို ဘယ်လိုဖြစ်ပျက်ပြီး သည်အရပ်မှာ လာရောက် ခိုကိုးနေရတယ်ကို သိရလျှင် ကျုပ်ကို အဖက်တောင်လုပ်ပြီး စကားပြောမှာ မဟုတ်ပါဘူး" ဟု ပြောလေရာ ရီရီသည် တွေဝေငေးမောလျက် ကိုနေဝင်းဟာ ဝရမ်းပြေး ဖြစ်နေသလား၊ နာမည်လည်း ပြောင်းထားတယ်



ဆိုတော့ တယ်ပြီး နေရာကျတဲ့ လက္ခဏာမရှိ၊ သို့သော်လည်း သူဟာ တကယ်လို့ လူဆိုးသူဆိုး ဖြစ်နေရင် ငါပေးတဲ့ လက်စွပ်ကို ယူဖို့ရှိတယ်၊ အခုလိုလည်း စကားပြောမှာ မဟုတ်ဘူး၊ လူဆိုးများဟာ မိမိတို့ကိုယ်ကို ဂုဏ်တင်၍ ပြောတတ်ကြတယ်၊ ကိုနေဝင်းမှာမူ မိမိမှာ အပြစ်ရှိကြောင်းကို ပြောပြရှာတယ်၊ တကယ်ပဲ အပြစ်ရှိလေသလား၊ အပွေးမြင် အပင်သိရသတဲ့၊ အသွေးမြင် အသွင်သိရတဲ့၊ သူ၏ အသွင်အပြင်သည် အင်မတန် မြင့်မြတ်ပါပေသည်။ အကယ်၍ပင် အပြစ်ရှိစေကာမူ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းတဲ့ လှိုင်းတံပိုးထဲမှာ မိမိအသက်ကိုစွန့်ပြီး သူများအသက်ကို ကယ်ဖို့ ကြိုးစားတာများဟာ အပြစ်ရှိသမျှ ဖြေဖျောက်လောက်တဲ့ စွန့်စားခြင်းပဲ၊ သို့သော်လည်း လူ့ဘဝမှာ ဆင်းရဲရင် ဘာကိုမဆို လုပ်တတ်သောကြောင့် ခိုးဝှက်တိုက်ခိုက်တဲ့ ပြစ်မှုကြောင့် ပုန်းရှောင်၍များ နေသလား၊ သည်လိုနေရလျှင် သူနဲ့ ဆက်ဆံဖို့ရာ အင်မတန်ခက်မှာပဲ စသည်ဖြင့် တွေးတောပြီးလျှင် နေလည်း အတော်နည်းသွားသဖြင့် မိုးဖွဲကလေးများလည်း အတော်ရပ်သွားသောကြောင့် ရီရီသည် နေရာမှထလျက် အိမ်ကို ပြန်ရန် ဟန်ပြင်လေရာ တံငါသည်မိန်းမကြီးက 'သြော် ပြန်တော့မလား၊ အေးအေး မိုးကလေးလည်း စဲသွားပြီ၊ ပြန်ဝံ့ရဲ့လား တူမကြီးရဲ့၊ မောင်ရင် လိုက်ပို့လိုက်ရင် ကောင်းလိမ့်မယ်ထင်တယ်" ဟု ပြောလေရာ ရီရီက ဘာကိုမှ မပြောသဖြင့် သဘောတူကြောင်း သိရလျက် မောင်နေဝင်းသည် လိုက်၍ပို့ရန် နေရာမှ ထလေသည်။

ရီရီသည် မိမိမှာ ပိုင်စိုးပိုင်နင်း ထိန်းသိမ်း ဂရုစိုက်သူ မရှိသောကြောင့် ကစ်ကြောင်း၊ ဂုဏ်အသရေကြီးသူ ဖြစ်သည်နှင့် ထိုအရပ်ရှိ ဆင်းရဲသူ/ သားများ ကဲ့ရဲ့ပြောဆိုမည်ကို အနည်းငယ်မျှသာ ဂရုစိုက်သောကြောင့် တစ်ကြောင်း၊ မောင်နေဝင်းကို တွေ့ချင်သည့်စိတ် လွန်စွာ ကြီးမားသောကြောင့် တစ်ကြောင်း၊ အထက်ထက်က အရေးပိုင်သမီး ဟူသောဂုဏ်နှင့် မည်သူကိုမျှ မကြောက်မရွံ့ လွတ်လပ်စွာ ဘိလပ်သူများလို နေထိုင်သွား

လာတတ်သောကြောင့် တစ်ကြောင်း ယခုလို တစ်ယောက်တည်း သွားလာ၍ နေသည်မှာ ရီရီအပေါ်၌ ပေါ့လျော့သောအပြစ် ရှိသည်ဟု ဆိုရန်မသင့်ချေ။ မမလေးနှင့် မမကြီးတို့သည်ကား ၎င်းအပေါ်၌ မိန်းမ မပီကြောင်းနှင့် အချင်းချင်း အနည်းငယ် မေးထိုးကာ ပြောဆိုကြလျက်၊ ရီရီကို ထိုကဲ့သို့ မသွားလာရအောင် သတိပေးကြသော်လည်း ရီရီသည် မိမိစိတ်နှင့် မိမိကိုယ် မည်သူ ပြောဆို ကဲ့ရဲ့သည်ကိုမျှ ဂရုမစိုက်ဘဲ နေတတ်သူ တစ်ယောက် ဖြစ်သောကြောင့် နောက်ဆက်လက်၍ မပြောမဆိုကြဘဲ လွှတ်၍သာ ထားကြရလေ၏။

ရီရီသည် မောင်နေဝင်းနှင့်အတူ စကားပြောရင်း လမ်းလျှောက်သွားကြရာ အတန်ကလေး သွားမိလေသော မိုးများ ပြန်၍ ညို့လာကြလေ၏။ မိုးဖွဲကလေးမို့ ကိစ္စမရှိတန်ရာဟု သဘောရလျက် ဆက်လက်၍ သွားကြရာ ၎င်းမိုးဖွဲကလေးသည် တိုး၍ကဲလာပြီးလျှင် ပျောက်ပျက်ရန် လက္ခဏာမရှိ။ မိုးရေပေါက်များမှာ တိုး၍ တစ်စတစ်စ ကြီးလာလေရာ နှစ်ယောက်သား ရပ်ကြလျက် ရှေ့ကိုတိုး၍ သွားရမလား၊ နောက်ကိုပြန်၍ ဆုတ်ရမလား ဟူ၍ ကြံဆကာ နေကြလေ၏။ ထိုအတွင်း မိုးသည် အတော်ကြီးစွာ အတိအလင်း ရွာချလေရာ မောင်နေဝင်းက မိမိ ဝတ်ထားသော သက္ကလပ်အင်္ကျီအနက်ကို ချွတ်ကာ ရီရီ၏ခေါင်းကို အုပ်ပေးပြီးလျှင် အနီးရှိ သစ်ပင်အောက်သို့ "လာ ... လာ" ဟု ခေါ်သွားပြီး မိုးရေလုံသော နေရာတစ်ခု၌ နှစ်ယောက်သားယှဉ်ကာ ရပ်၍နေလေ၏။

မိုးသည် မရပ်မနား ဆက်လက်၍သာ ရွာလေရာ၊ ရပ်တည်ခိုကိုးရန် နေရာမှာ ကျဉ်းမြောင်း နည်းပါးလေရာ မိုးများသည် များစွာပက်သောကြောင့် ရီရီနှင့် မောင်နေဝင်းသည် အတော်နီးကပ်စွာ ပူး၍ ရပ်ကြရလေ၏။ ထိုကဲ့သို့ ပူးကပ်စွာ ရပ်ကြလေရာ တစ်ခါတစ်ခါ ကိုယ်ချင်း အသားချင်း ထိကြသော်လည်း ရီရီသည် ဖယ်ရှားရွှေ့ပြောင်းခြင်းကို မပြုဘဲ ငြိမ်သက်စွာ မိမိ၏လက်များကို သာ၍ သိသာစွာ တိုးထိမိစေ၏။ ရီရီသည် ငြိမ်သက်စွာ



မိမိ၏ရှေ့ကိုသာ တည့်တည့်ကြီး ကြည့်ကာနေလေ၏။ ထို့နောက် မောင်နေဝင်းသည် စိတ်ကို မချုပ်တည်းနိုင်ဘဲ ရီရီ၏ သေးငယ်နူးညံ့ချောမွတ်သော လက်ကလေးများကို မိမိ၏ တင်းရင်းခိုင်မာသော လက်များနှင့် အုပ်ကာ ကိုင်မိလေ၏။

ထိုအခါ ရီရီသည် စကားမပြော ပင့်သက်ကို ရှူလေ၍ ပြည့်ဖြိုးသောရင်သည် ဖောင်းကာမြောက်ကာ တက်ကြွ၍လာပြီးလျှင် အပါး၌ ရပ်၍နေသော မျက်နှာကို မော့၍ကြည့်လေ၏။ မောင်နေဝင်း၏ ထက်သန်သော မျက်လုံးများသည်ကား ရီရီ၏မျက်နှာကို စိုက်၍ ကြည့်နေလေ၏။

ထို့နောက် ရင်ထဲ၌ တင်းကျပ်၍ သူ့အရင်ထွက်မည် ငါအရင်ထွက်မည်ဟု တိုးဝှေ့ကာ နေကြသော စကားများသည် မောင်နေဝင်း သတိမရမိ နှုတ်လျှာအဖျားမှ အမှုလုံ၍ ထွက်လာကြပြီးလျှင် ရီရီဟု ခေါ်မိလေရာ ရီရီသည် ခေါင်းငုံ့၍သွားလေ၏။

ထိုနောက် မောင်နေဝင်းက "ရီရီ ကျုပ်ခေါ်တာကို ကြားရဲ့ မဟုတ်လား" ဟု မေးလေရာ ရီရီသည် စကားမပြောဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ခေါင်းညိတ်လိုက်ရှာလေ၏။

ထိုအခါ မောင်နေဝင်းက ဆက်လက်၍ ပြောပြသည်မှာ "ရီရီကို ပြောရန် ရှည်လျားသော အတ္ထုပ္ပတ္တိတစ်ခု ရှိပါသည်၊ ရီရီ အခွင့်ပေးလျှင် ကျုပ် ပြော၍ပြချင်လှပါသည်" ဟု လက်ကိုမလွှတ်ဘဲ ပြောလေ၏။ ရီရီသည် မောင်နေဝင်း၏ မျက်နှာကို အသာကလေး မော်ကြည့်လျက် "ပြောပါ ရီရီ နားထောင်လျက်ပါမဲ့" ဟု အခွင့်ပေးလိုက်မိလေ၏။

ရီရီသည် ဘယ်အတွက် မောင်နေဝင်း၏ ထိတို့ခြင်းကို ခံမိသည်၊ ဘယ်အတွက် မောင်နေဝင်း၏ အင်္ကျီနှင့် ခေါင်းကို အခောင်းခံမိသည်၊ ဘယ်အတွက် ဤသစ်ပင်အောက်၌ အတူတကွ ပူးကပ်၍ ရပ်မိသည်၊ ဘယ်အတွက် သူ့လက်နှင့် အကိုင်ခံမိသည်၊ ဘယ်အတွက် စကားလက်သင့်ခံမိသည်ဟု မိမိကိုယ်တိုင် သေချာစွာ မသိရှာချေ။ သို့သော်လည်း ဤကဲ့သို့

လိုက်လျောခြင်း ဟူသမျှတို့၌ မငြင်းနိုင် မပယ်နိုင်အောင် မွတ်သိပ်သော အရာတစ်ခုသည်ကား မိမိ၌ ခုံညှဉ်းဆဲခြင်းအားကို ချိုးနှိမ်၍ ထားလေ၏။ ထိုအားသည်ကား မောင်နေဝင်း၏ ခမ်းနားသော ငြိမ်သက်ခြင်းပေလား၊ မောင်နေဝင်း၏ ပူဆွေးသော မျက်နှာပေလား၊ မောင်နေဝင်း၏ ရဲရင့်သော အမူအရာပေလား၊ မောင်နေဝင်း၏ ယောကျ်ားပီသ တန်ခိုးကြီးလှသော ဆိတ်ငြိမ်သော အစွမ်းသတ္တိထူးပေလား မသိရချေ။ မောင်နေဝင်းကို ငါ ကြိုက်တော့မည်၊ ချစ်တော့မည်၊ ယူတော့မည် ဟူသော စိတ်မျိုးသည်ကား မပေါ်ပေါက်သေးချေ။ သို့မပေါ်ပေါက်ဘဲလျက် ဤကဲ့သို့ အခွင့်လွှတ်မိသည့်အတွက် မိမိ အတွင်းစိတ်၌ တစ်ကိုယ်တည်း ကျိတ်ကာသာ ကြောက်ရွံ့၍နေလေ၏။

မောင်နေဝင်းသည် စိတ်ကိုတင်းလျက် ထက်သန်သော အသံနှင့် ရဲရင့်စွာ ပြောပြသည်မှာ "ရီရီ လောကမှာ မကောင်းသော ကံကြမ္မာ၏ နှိပ်စက်ခြင်းကို တမင်သက်သက် ခံရဖို့ရာ လူဖြစ်၍လာသူ တစ်ယောက် ရှိပါတယ်။ ဒီလူဟာ မိမိနဲ့ မရာမတန် မိမိကို အရိုးခံ ကလေးသဘော အတိုင်း အရောတဝင်ပြုတဲ့ သူငယ်မကလေးတစ်ယောက်ကို ငယ်စဉ်က ချစ်မိပါတယ်။ ဒီလို ချစ်မိခြင်းဟာလည်း ချစ်သူ၏အပြစ် မဟုတ်ပါ။ အဘယ့်ကြောင့်လဲဆိုရင် အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်သည် မိမိကို အမြဲ ကြင်ကြင်နာနာ အရောတဝင်ပြုသည်မှာ အချစ်ကို တိုးတက်စေရန် လွန်စွာ အားသန်ပါသည်။ ညှဉ်းဆဲလို့ရဖို့ရန်လည်း အင်မတန် ခက်ပါသည်။ မိန်းကလေးသည် သဘောရိုးအတိုင်း ကျောင်းသားတို့ သဘာဝ ချစ်ရှာသူ ဖြစ်လေရာ တစ်နေ့သ၌ ကွဲကွာ၍သွားသောအခါ ကံဆိုးသူ ယောကျ်ားကလေးကို များစွာ သတိရဟန် မရှိပါ" ဟု ပြောပြီး ခေတ္တမျှ ဆိုင်းရပ်ကာ နေလေ၏။ ထိုအတွင်း ရီရီမှာ ခရီးပန်းသောသူကဲ့သို့ ရင်ပေါ်တွင် လှိုင်းထအောင် အသက်ကို ပြင်းစွာရှူလျက် မိမိ၏ရှေ့ကိုသာ ငေး၍နေလေ၏။



ထို့နောက် ဆက်လက်၍ ပြောပြသည်မှာ "သူငယ်မကလေး ထွက်သွားသောအခါ သူငယ်မကလေး၏ စိတ်ထဲမှာ ကလေးလိုချစ်တဲ့စိတ်ဟာ ဘဝင်ကို လောင်၍လာပြီးလျှင် တစ်ကိုယ်လုံး ကျွမ်းလုမတတ် ဖြစ်သွားပါတယ်၊ မသွားမီ ရလိုက်တဲ့ လက်ကိုင်ပဝါကလေးကို ဒီလူကလေးဟာ ရိုရိုသေသေ ကိုးကွယ်၍ ထားပါသည်။ ကြင်နာသူ နတ်သမီးကလေး ပျောက်ကွယ်ပြီးသွားတဲ့အခါ သည်လက်ကိုင်ပဝါကလေးကိုပဲ ကြည့်ကာ ကြည့်ကာ မိန်းကလေးနှင့် တွေ့ကြုံ စကားပြောလေ့ရှိတဲ့ မြစ်ကမ်းနားကို မကြာခဏသွားပြီး သူတို့ အရပ်ဒေသ အဘယ်မှာ ရှိပါသလဲ ဆိုတာကို ရော်ရမ်းကာ မျှော်ပြီး ပင်လက်ဘက်ကို လှမ်းပြီး ကြည့်ရပါသည်"

ထို့နောက် ခဏကလေး ဆိုင်းရပ်ကာ ရီရီ၏ပခုံးပေါ်သို့ မိုးရေပေါက်များ ကျလာသဖြင့် သက္ကလပ်အင်္ကျီလက်နှင့် ဖုံးပြီး မိုးလွတ်ရာ နောက်နားသို့ ရီရီကို ဆွဲ၍ ယူလေ၏။ ထိုအတွင်း အသက်ပြင်းစွာရှူသော ရီရီ၏ ငြိမ်သက်သော မျက်နှာပေါ်၌ မျက်လုံးထောင့်တွင် မိုးရေပေါက်ပမာ တွဲ၍နေသော မျက်ရည်ပေါက်ကြီး နှစ်လုံးကို မြင်ရလေ၏။

ထို့နောက် ဆက်လက်ကာ ပြောသည်မှာ "အဲဒီလိုနေပြီး တစ်နေ့လာလည်း စာရနိုးနိုး၊ တစ်နေ့လာလည်း ဓာတ်ပုံကလေးကို ရနိုးနိုး၊ ရှေ့လကျရင် ပြန်လာနိုးနိုး၊ သူ၏ မျက်နှာကလေးကို မြင်ရနိုးနိုးနဲ့ အမြဲ မျှော်လင့်အောက်မေ့ကာ စားရာမှာ သူ့စိတ်၊ ညဉ့်အိပ်ရာဝင်ရာမှာ သူ့ကိုတွေး၊ အိပ်ပျော်ရာမှာ သူ့ကို အိပ်မက်၍သာ အမြဲနေရသည်အတွင်း အထုပ်ကလေး တစ်ထုပ်ကို စာတိုက်က ရသဖြင့် အားရဝမ်းသာ ကြည့်သောအခါ စာကိုလည်း မရ၊ ရုပ်ပုံလည်း မပါသဖြင့် အင်မတန် မချိအောင် ဝမ်းနည်းပြီး မုန့်ကလေးများနှင့် ထုပ်ပတ်တဲ့ စက္ကူများကို အရင်က ရထားတဲ့ လက်ကိုင်ပဝါကလေးနှင့် ထုပ်ထားပြီး ဖာထဲမှာ ထားတာ ဘယ်နေရာမျှ မစွန့်ခဲ့ဘဲ ရောက်သမျှအရပ်ကို ဆောင်ယူကာ အသက်မွေးမှုပညာကို ရှာဖွေရင်း အရပ်လေးမျက်နှာကို ရောက်ခဲ့ရပါတယ်။

သည်အတွင်း ကုသိုလ်ကံ မကောင်းသည့်အတွက် အနှောင့်အယှက်များ ပေါ်ပေါက်ပြီး သည်အရပ်ကို ရောက်နေရာ၊ မိုးသက်လေ ဆောင်ယူလာလို့ ဘွားခနဲ ပေါ်ပေါက်လာတဲ့ ချစ်သူအဟောင်းကလေးကို လှိုင်းတွေလေတွေထဲမှ ကယ်ဆယ်လို့ ရခဲ့ပါသည်။ သည်လိုကယ်ဆယ်ရလို့ တစ်ဖန်ပြန်ပြီး တွေ့ရပြန်တော့ ဟိုအရင်က မျှော်လင့်သလို မဟုတ်၊ ဟိုအရင်က သိရင်းစွဲ သူငယ်မကလေး မဟုတ်၊ အလွန်တရာ ခြားနားတဲ့ မိန်းမပျိုကလေးတစ်ယောက် ဖြစ်နေသည့်အတွက် မျှော်လင့်သလောက် အားတက်စရာ မရှိတော့ပါ။ အမျိုးလည်းကြီး၊ ဥစ္စာလည်း ရှိရှာသူမို့ ထိုက်တန်ရာနေရာမှာသာ နားရမယ့် ရွှေဟင်္သာငှက်မကလေးပမာ ဂုဏ်ရည်ချင်းတူရာမှာ ပျော်ပိုက်ပြီး နေရှာသည့်အတွက် သိရင်းစွဲဖြစ်တဲ့သူမှာ အချစ်မီးအသည်းကို မြိုက်ပြီး မိမိ၏ ကုသိုလ်ကံ မကောင်းခြင်းကိုသာ အပြစ်တင်၍ နောင်ဘယ်အခါမှ မတွေ့နိုင်တဲ့အရာကို သွားရပါတော့မယ်၊ သို့ သွားရသော်လည်း မိမိ ချစ်ရင်းစွဲဖြစ်တဲ့ မိန်းကလေးမှာ ချစ်သူနဲ့ ပျော်စေနိုင်ပါစေ၊ စိတ်ချမ်းသာနိုင်ပါစေ ဆိုတဲ့ဆုကို အမြဲ မသေမချင်း တောင်း၍သာ နေရတော့မှာပါပဲ၊ ကိုင်း ရီရီ... မိုးများလည်း စဲပြီ၊ နေလည်း နည်းပြီ၊ ရီရီအိမ်ကို လိုက်၍ပို့ပါရစေတော့" ဟု ပြောကာ ရီရီ၏ခေါင်းပေါ်၌ ဆောင်းထားသော အင်္ကျီကို ယူကာ ဝတ်လေ၏။ ရီရီသည်ကား မျက်နှာကိုမော့ကာ ပင့်သက်ရှူကာ မျက်လုံးများမှေးကာ ညှိုးငယ်သောမျက်နှာနှင့် ရပ်၍နေလေရာ၊ မောင်နေဝင်း စကားဆုံးသည်ကိုမျှ သတိမရ၊ မောင်နေဝင်း အင်္ကျီကို ပြန်ယူလိုက်သည်ကိုမျှ မသိ၊ မိုးများ ရပ်စဲသည်ကိုလည်း သတိမထားဘဲ နေရှာသဖြင့် မောင်နေဝင်းက "ရီရီ မိုးစဲပြီ" ဟု ထပ်မံ၍ ပြောရလေ၏။

ထိုအခိုက်တွင် လမ်းပေါ်၌ လူတစ်ယောက်သည်ရပ်ကာ မြွေငန်း၏ မျက်လုံးပမာ လက်ပြောင်တောက်လောင်သော မျက်လုံးများမှ တောက်သည့် မီးတောက်မီးလျှံကဲ့သို့ ပေါ်ထွက်ကာ ၎င်းတို့ကို ရပ်ကာကြည့်နေသဖြင့် မောင်နေဝင်းသည် ရီရီ၏လက်ကို လွှတ်လိုက်လေ၏။ လမ်းပေါ်က



သူသည် လက်သီးများကိုဆုတ်ကာ "ရီရီ" ဟု တုန်လှုပ်သောအသံနှင့် ခေါ်လေရာ ရီရီသည် ထိတ်ခနဲဖြစ်ကာ လမ်းပေါ်သို့ကြည့်လေရာ မျက်နှာ၌ သွေးများမရှိအောင် ကြောက်လန့်၍သွားပြီး လမ်းပေါ်သို့ တက်သွားလေ၏။ မောင်နေဝင်းက "ကိုင်း မြို့အုပ်မင်း ကြွ၍လာလို့ရှိမှ ကျုပ် ခရီးအဆုံးလိုက်ပို့ရန် လိုတော့မယ် မဟုတ်ပါဘူး" ဟု ပြောကာ ပြန်၍သွားလေရာ၊ မြို့အုပ်မင်းသည် ခက်ထန်သော ကြည့်ခြင်းဖြင့် မောင်နေဝင်းကို ကြည့်၍ နေလေ၏။

ရီရီသည်ကား မြို့အုပ်ကို စကားမပြောဘဲ ဆိတ်ငြိမ်စွာ လျှောက်သွားလေ၏။ မြို့အုပ်မင်းသည်လည်း ရီရီ၏အပါးတွင် ကပ်ကာ "ရီရီ တစ်ယောက်တည်း လာရမလား၊ တံငါတွေနဲ့ အရောဝင်ရမလား၊ နောင် တံငါတွေ သတ်ပစ်လိမ့်မယ်၊ ရီရီအတွက် ကျုပ် ဘယ်လောက် စိတ်မကောင်း ဖြစ်ရသလဲ၊ တွေ့မှတွေ့ပါမလားလို့ တထိတ်ထိတ်နဲ့ ကျုပ်လိုက်ပြီး လာရပါတယ်၊ ရီရီ နောက်ကို သည်လို လည်ပတ်ဖို့ မသင့်ပါဘူး၊ မမလေးနဲ့ မမကြီးကလည်း စိတ်ပူရှာကြလို့ လိုက်ပါဦး ဆိုတာနဲ့ လိုက်လာရတယ်၊ ရီရီ တယ်ရဲတင်းပါကလား" ဟု ပြောလေ၏။

ရီရီက "ကိုဖုန်းကျော်က ဘာပြုလို့ ရီရီအတွက် သည်လောက်တောင် ဒုက္ခရှာရသလဲ၊ ရီရီ ကျေးဇူးရှင်များကို မမေ့နိုင်ပါ၊ ရီရီတို့ မိုးရွာလို့ မိုးခိုနေရပါတယ်" ဟု ဣန္ဒြေနှင့် ပြော၍ လျှောက်သွားလေ၏။

ထိုနေ့ညဉ့် ရီရီသည် အိပ်ရာထက်တွင် တစ်ကိုယ်တည်း လျောင်း၍နေလေရာ မောင်နေဝင်း ပြောသော စကားများသည် ရီရီ၏ နားထဲသို့ တစ်လုံးပြီးတစ်လုံး ပြန်၍ဝင်လာလျက် ရီရီ၏ နှလုံးတည်းဟူသော စိတ်၏ တံခါးဝသို့ တဒုန်းဒုန်း လာရောက် တီးခေါက်ကာ ခေါ်ဘိသကဲ့သို့နေသဖြင့် အိပ်စက်၍ မပျော်နိုင်ဘဲ အိပ်ရာထဲတွင် လူးချည်လှိမ့်ချည်၊ ထချည်ထိုင်ချည်နေရလေ၏။ သို့ပင် နေရငြားသော်လည်း ရီရီသည် မောင်နေဝင်းနှင့် အကြောင်းလမ်းညီညွတ်နိုင်ဖို့ရန် အချက်ကို ရှာကြံ၍မရချေ။

မောင်နေဝင်းနှင့် အကြောင်းမသင့်ပြန်လျှင်လည်း မိမိ၏တစ်သက်၌ အဘယ်အခါမျှ အေးကွက်ကို တွေ့ရတော့မည် မဟုတ်ကြောင်းကို သိရလေ၏။ မိမိအတွက် အသက်ကိုစွန့်သူတစ်ယောက်မှာ မသေမချင်း ပူပန်ဆင်းရဲခြင်း ဖြစ်ရမည်ကို တွေးလိုက်သောအခါ တင်းမာ၍ထားသော စိတ်တို့သည် အကုန်အစင် ပျော့ပျောင်းခြင်းသို့ ရောက်လေ၏။

ထို့နောက် မိမိ၏စိတ်ကို တင်းလျက် ငါသည် သူ့ကို ဘယ်အတွက် ဤမျှလောက် အပါးသို့ ချဉ်းကပ်ရန် အခွင့်ပြုပါသနည်း၊ ငါ၏ လက်ကို သူ ကိုင်သောအခါ ဘယ်အတွက် ငြိမ်၍ခံနေသနည်း၊ ငါသည် ဘယ်အတွက် သူနှင့် နှစ်ယောက်တည်း မိုးရေထဲမှာ ရောက်၍ လာပါသနည်း စသည်ဖြင့် တွေးတောကာ မောင်နေဝင်း အကြောင်းကို တွေးတောခြင်း မပြုပါဘူး ဟူ၍ စိတ်ကို အခိုင်အမာ ထားလေ၏။

သို့ပင် ခိုင်မာအောင် ထားသော်ငြားလည်း မရချေ။ မောင်နေဝင်း၏မျက်နှာသည် မိမိ၏ မျက်နှာထက်တွင် သာ၍ ထင်ရှားစွာ ပေါ်၍ လာလေ၏။

ထိုညဉ့်၌ မောင်နေဝင်းသည် ရီရီ၏ခေါင်းကို ဆောင်း၍ပေးရသော မိမိ၏အကျီကို မိမိ၏ ခေါင်းအောက်တွင် ထားကာ မိမိ၏မျက်နှာပေါ်တွင်အုပ်ကာ အိပ်ရာပေါ်တွင် လက်ပစ်ခြေပစ်ဖြစ်၍ နေလေ၏။ အကြောင်းမူကား ရီရီ၏ခေါင်းမှ မွှေးကြိုင်သော ဆီမွှေးနံ့တို့နှင့် ရီရီ၏ကိုယ်ပေါ်က ပေါင်ဒါနံ့တို့သည် မိန်းမတို့၏ ကိုယ်မှ ထွက်ပေါ်မြဲဖြစ်သော အနံ့မျိုးစုံတို့နှင့် ရောစပ်ကာ အကျီတွင် စွဲကပ်လျက် နေလေ၏။

မောင်နေဝင်းသည် မိမိနှင့် ကိုယ်ချင်းထိအောင် နီးကပ်စွာ ရပ်ခဲ့ရသည့် အခြင်းအရာကို လည်းကောင်း၊ ရီရီ၏ နူးညံ့သော လက်ကလေးကို ဆုပ်ကိုင်ခဲ့ရသည်ကို လည်းကောင်း၊ ရီရီ၏ခေါင်းပေါ်သို့ မိမိ၏အကျီကို တင်လိုက်သောအခါ ငြိမ်သက်စွာ ခံ၍နေသည်ကို လည်းကောင်း၊ မိမိပြောသော စကားများကို အစမှ အဆုံးတိုင်အောင် ကုန်စင်အောင် နားထောင်ကာ ငေးရပ်၍ နေသည်များကို လည်းကောင်း တွေးတောကာ ပီတိသောမနဿ အဟုန်ဖြင့် ဖမ်းစားခြင်းကို ခံ၍နေရ၏။



ထို့နောက် ဆက်လက်၍ တွေးတောသည်မှာ မိမိ၌ ထိုကဲ့သို့ ကြုံတွေ့ခဲ့ရသည်မှာ မိမိ၏ ဆင်းရဲဒုက္ခ တောင့်တပူပန်ခြင်းကို တိုး၍ ပြင်းပြအောင် ဖန်တီးသော အရာပေလား၊ ငါ ထိုကဲ့သို့ ရီရီ၏နှုတ်ပါးစပ်မှ တစ်စုံတစ်ရာကို ပြန်၍မပြောသဖြင့် ငါ၌ ယခု အားတက်ဖွယ်ရာ အကြောင်းသည် အနည်းငယ်မျှ မရှိပါသည်တကား၊ ရီရီသည် ငါ၏စိတ်ကို ငယ်စဉ်အခါကစ၍ ဖမ်းစား တစ်သက်လုံး လှည့်စားကာ ငါ့အား ရူးသွပ်သော ဝေဒနာစွဲ၍ သေအောင် ကြံစည် ဖန်တီးမည့်ဖြစ်သော မိန်းမပေလား စသည်ဖြင့် တွေးတောကာ တစ်ဖန် စိတ်လက် မသာမယာ ဖြစ်ရပြန်လေ၏။ အကြောင်းမူကား ရီရီနှင့် အဘယ်သို့ပင် နီးကပ်စွာ စကားပြောခဲ့ရစေမူ၊ ရီရီနှင့် မိမိ၏ စပ်ကြား ကွာခြား၍နေသော သတ္တရာဘန်တောင်စဉ်ခုနစ်ထပ်တို့သည် လွန်စွာ ကြီးမားသဖြင့် ကူးမြောက်ဖြတ်သန်းခြင်းငှာ တတ်စွမ်းနိုင်ဖို့ မရှိသည်ကို ကောင်းစွာ သိရလေသတည်း။

သို့သော်လည်း ရီရီနှင့် ဝေးကွာစွာ ရှောင်ရှား၍ သွားရန် ပြုမိသော စိတ်အကြံများသည်ကား အထမြောက်ဖို့ရန် လွန်စွာမှ ခက်လေ၏။ ယခုလို စကားပြောပြီးနောက် အဘယ်သို့ ရှောင်ရှား၍ သွားနိုင်ပါအံ့နည်း။ ရီရီ၏ ဆိတ်ငြိမ်သော မျက်နှာသည် ငြိမ်သက်သော ပင်လယ်ပြင်ပမာ သဘော်သားနှင့်တူသော ယောကျ်ားပျို မောင်နေဝင်း၏စိတ်ကို အနိုင်ဖမ်းလျက် ရှိလေသတည်း။

❑

## အခန်း (၁၄)

နောက်တစ်နေ့ ရီရီသည် အိပ်ရာမှာ နိုးသောအခါ ပထမ သတိရသော အရာ၊ ပထမ ကြားရသောအရာ၊ ပထမ မြင်ရသော အရာသည် မောင်နေဝင်းနှင့် မောင်နေဝင်း ပြောလိုက်သော စကားများ ဖြစ်သောကြောင့် ထိုစကားများသည် မိမိနှလုံးတွင်းသို့ သံမှိုနှင့် နှက်သလို ထက်မြက်စွာ စူးဝင်လျက် ရှိလေ၏။

ငါ ယနေ့ သူ့ဆီကိုသွားရင် ကောင်းပါ့မလား၊ မနေ့က သူ ပြောတဲ့ စကားတွေကြောင့် စိတ်မှာစွဲပြီး မလာဘဲ မနေနိုင်လို့ လာရတယ်ထင်ရင် ရှက်စရာ ကောင်းလေမည်လား၊ ငါ မသွားဘဲနေရင် သူပြောတဲ့စကားများကြောင့် သူ့ကိုမုန်းပြီး မလာဘဲနေတယ်လို့ ထင်မှာလား၊ မတော်တဆ ဒီလိုထင်ပြီး တော်ရာကို ရှောင်သွားမှဖြင့် တွေ့ရတော့မှာ မဟုတ်ဘူး၊ ငါ သွားရရင် တော်မလား၊ မသွားဘဲနေရင် ကောင်းမလား၊ ငါ သွားရင် မြို့အုပ်သည် ငါ့နောက်ကို လိုက်လိမ့်မည်၊ လိုက်လို့ နောက်တစ်ကြိမ် ကိုနေဝင်းနဲ့ တွေ့ရရင် တစ်ယောက်ကိုတစ်ယောက် ရန်ငြိုးဖွဲ့ရင် ကိုနေဝင်းမှာ ဆင်းရဲသားမို့လို့ မြို့အုပ်မင်း နှိပ်စက်ရာကို ခံရတော့မည် စသည်ဖြင့် တွေးတောကာ မသွားသင့် သွားသင့်ကို ဆင်ခြင်လျက် စိတ်ကို ဝေခွဲ၍ မရအောင် ရှိနေလေ၏။

ထိုကဲ့သို့ တွေးတောပူပန်ပုံကို ထောက်လိုက်သော် ရီရီ၏စိတ်ခါတ်



သည် မောင်နေဝင်းဘက်သို့ များများကြီး ယိုင်၍နေကြောင်းကို သိရလေသတည်း။

နောက်ဆုံး၌ နေ့တိုင်း သွား၍မတော်၊ တစ်နေ့တလေ ခြိုးခြံဦးမှ တော်မယ်၊ ရီရီ နင့်စိတ်ကို လိုက်စားလှချေလား၊ ဂုဏ်အသရေရှိ မိန်းမသား ဖြစ်ပါလျက် နင့်ဣန္ဒြေမှ မရအောင် ခဏခဏသွားနေရင် အများလူတို့က ကဲ့ရဲ့ကြတော့မယ်၊ ကိုနေဝင်းကလည်း နင့်ကို မိန်းမကောင်းရယ်လို့ အထင်ရောက်ပါတော့မလား၊ သူလည်း တကယ်ဆိုတော့ ဘယ်ကိုမှ ချက်ချင်း ထွက်ပြေးမှာ မဟုတ်ပါဘူး၊ သူ့ပါးစပ်က ထွက်ပြေးမယ် ဆိုပေမယ့် ငါ့ကို သူ အဟုတ်ကြိုက်ပြီးနေတာမို့ တစ်နေ့ မပေါ်လာရုံမျှနဲ့တော့ ထွက်ပြေးမှာ မဟုတ်ပါဘူး၊ တကယ်ဆိုတော့ သူ စိတ်နာအောင်လည်း ငါက ဘာကိုမှ မပြောခဲ့၊ သူ လက်ကိုင်သည့်အခါ အသာကလေးငြိမ်ပြီး ခံလာခဲ့တယ်၊ သူ ငါ့ကို ဆွဲယူလိုက်တော့လည်း ငါ မငြင်းဘဲ ပါသွားတယ်၊ သူ ငါ့အပါးကို ကပ်တုန်းက သူ့ကိုယ်မှာ လဲလှမတတ် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတာကို ငါ သိရတယ်၊ သူ့အကျီနဲ့ ငါ့ခေါင်းကို ဆောင်းပေးတဲ့အခါ ငါ ဘာကို ပြန်ပြောရသလဲ၊ ဟဲ့ ရီရီ နင့်လင်ကို နင် သည်လောက်တောင် အလိုလိုက်ပါလျက် သူက မူပြီး ထွက်သွားရင် နင်က ဘာဝမ်းနည်းစရာ ရှိသလဲ စသည်ဖြင့် မိမိကိုယ်ကို ဓမ္မရေအေး တိုက်ကျွေးကာ ဖြေဆေးကို ပေးရှာသော်လည်း သူ မတော်လို့သွားရင် ဘယ့်နှယ် လုပ်ရပါ့မလဲ ဟူသော ဖြေကြားတုံ့ပြန် ကလန်ကဆန် ကျောက်ကန်ကျောက်ကန်နှင့် အစွဲသန်ကာ နှောင့်ယှက်ပြောဆို ခုခံနေသော စိတ်သည်ကား ရေမှုတ်တစ်ဖက် မီးစာ တစ်ဖက် ဆိုသောစကားကဲ့သို့ လည်းကောင်း၊ အထိန်းရခက်သော ဂရစ်ဖင် မြင်းမကြီးကဲ့သို့ လည်းကောင်း ဖြစ်၍နေသောကြောင့် သြော် ရီရီ ... ရီရီ နင့်အပြောရ တယ်မာကျောပါကလား၊ နင့်မှာ မိဘရှိတာ မဟုတ်ဘူး၊ နင် အရင်ကလို ထင်သလိုနေရင် အများကဲ့ရဲ့ဖို့၊ အများ ဝမ်းသာဖို့ ဖြစ်တော့မယ်၊ ကြည့်စမ်း မမကလေးတို့ဟာ နင့်လိုပဲ ကဲသလား

ဟု ရီရီသည် ရီရီအား မေးပြန်လေ၏။ ထိုအခါ ရီရီက မမကလေးတို့ မမကြီးတို့နှင့် မနိုင်းပါနဲ့၊ မမကြီးနဲ့ မမကလေးတို့ဟာ ဘယ်အခါကမှ ရီရီလို မနေခဲ့ရဘူးပါ။ သူတို့က ကုပ်ကမြင်းတွေမှို့ အိမ်တွင်းမှာ မြို့အုပ်ကို ခေါ်ပြီး ညီအစ်မနှစ်ဖော် မြူးပြီး နေကြရတယ်။ မြို့အုပ်က သူတို့ကို မကြိုက်လို့၊ ကြိုက်များကြိုက်ရင် ရီရီထက် ကဲမှာလား၊ သူတို့မြို့အုပ် သူတို့ပဲ ယူပါစေ၊ ဘာလုပ်ရမှာတဲ့တုံးဟု တုံ့ပြန်ပြောလေရာ၊ ရီရီက အို ညည်းနှယ် ဖြစ်မှ ဖြစ်ရလေခြင်း၊ ညည်းဘာသာ ကမြင်းကြောထပြီး တောင်သွားချင် မြောက်သွားချင် တံငါသည်ကလေးကို သခင်ခေါ်ချင်တာနဲ့ ညီအစ်မဖြစ်တဲ့ မမကြီး မမလေးတို့ကို ဘာပြုလို့ သွားပြီး ထိခိုက်တာတဲ့တုံး၊ သူတို့က ညည်းကို ဘာများ နာနာပြောလို့လဲ၊ သူတို့ဘာသာ သူတို့ ဣန္ဒြေနဲ့ မိန်းမပီပီ နေကြတာကို ညည်းက မနာလိုနေသလား။

ထိုအခါ ရီရီက မနာလိုလို့ မဟုတ်ပါဘူးတော်၊ သူတို့လင်ကို သည်က ခိုးတော့မှာလိုပဲ၊ သူတို့ အကဲခတ်ရတာ နေ့တိုင်းပါပဲ၊ ရီရီက မသိဘူး မှတ်လို့လား၊ သူတို့လင်ကိုဖြင့် သူတို့က မနိုင်ဘဲနဲ့ အိမ်ကိုခေါ် ထားတယ်။ ပြီးတော့ ရီရီအနားကိုလာပြီး သည်မြို့အုပ်က ပွတ်သီးပွတ်သပ် နေချင်တယ်။ သူ လာတာ ရီရီ အပြစ်လား၊ ရီရီက သူ့ကို ကြိုက်လို့လား စသည်ဖြင့် ရီရီနှင့် ရီရီသည် အပြန်အလှန် ငြင်းချက်ထုတ်ကာ နေရှာရင်း မောင်နေ့ဝင်းထံသို့ သွားရမှာခက်ခက်မို့ ထိုနေ့၌ မသွားဘဲ နေရလေ၏။

မြို့အုပ်မင်းလည်း ညနေရုံးဆင်းမှာ ရီရီထံသို့ လှည့်လာပြီးလျှင် ရီရီ တံငါသည်တဲကိုများ သွားမိလေသလားဟု သိလိုသော ဆန္ဒနှင့် "ရီရီ ဒီကနေ့ ဘယ်ကိုမှ မသွားဘူးလား" ဟု မေးရာ၊ ရီရီက "ရီရီ သည်ကနေ့ နေမကောင်းတာနဲ့ ဘယ်ကိုမှ မသွားဘူး" ဟု ပြောကာ စကားကိုဖြတ်၍ ဓာထိုးကာနေလေ၏။ ရီရီအပါးသို့ မြို့အုပ်မင်း ရောက်လာသောအသံကို ကြားသည်နှင့် တစ်ပြိုင်တည်း မမကြီး၊ မမလေးတို့ အခန်းထဲက ထွက်လာကြလေရာ မြို့အုပ်သည် ၎င်းတို့နှင့် စကားစ၍ ပြောရလေ၏။ သို့ပင်



ပြောရငြားသော်လည်း မကြာခဏ ရီရီဘက်သို့ စောင်းငဲ့ကာကြည့်သည်ကို ပါးနပ်သော မမလေးသည် ကောင်းစွာ သတိထားမိလေ၏။ ရီရီသည် ထိုင်ရာမှ ထကာ "ခေါင်းထဲက တအုံအုံနဲ့ မမကြီးရဲ့၊ ရီရီ အခန်းထဲသွားပြီး အိပ်ပါရစေတော့" ဟု ပြောလေရာ မမလေးနဲ့ မမကြီးသည် ပူပန်သော မျက်နှာအမူအရာနှင့် "ရီရီ တော်တော်ကြီးပဲ နေမကောင်းဘူးလား၊ မမလေး တစ်နေ့လုံးပဲ အကဲခတ်နေပါတယ်၊ မျက်နှာများလည်း မကောင်းပါကလား၊ အစ်မကြီး ခေါ်သွားပါ၊ မမလေး အခန်းထဲက ဘမ်းပရုတ်ဆီကလေးကို ပြေးယူပြီး လိုက်ခဲ့ပါမယ်" ဟု ပြောကာ ထွက်သွားလေ၏။ ရီရီက "ကိစ္စ မရှိပါဘူး၊ ရီရီ တစ်ယောက်ထဲ သွားနိုင်ပါတယ်၊ ညှဲ့သည်ကို ပစ်မထား ကြပါနဲ့၊ ရီရီ အင်မတန် နှောင့်ယှက်သလို ဖြစ်နေတာပါပဲ" ဟု ပြောပြီး အိမ်ပေါ်သို့ တက်သွားလေရာ မမကြီးသည် လိုက်လာလေ၏။ နောက် အတန်ကလေး ကြာသောအခါ မမလေး တက်၍သွားပြီး ဖယောင်းချက် ဆီဘူးကိုပေးပြီး ညီအစ်မနှစ်ယောက် ယုယကာ ရီရီကို အိပ်ရာထဲသို့ သိပ်ကြလေ၏။ မမလေးသည် ရီရီ၏ လက်ကိုင်ပဝါကိုယူကာ ဖယောင်း ချက်ဆီများနှင့် သုတ်ပြီး "ရီရီ နာနာရှူလိုက် နာနာရှူလိုက်၊ ခေါင်းအုံး နားမှာ ဒီလက်ကိုင်ပဝါကလေးကိုထားပြီး ငြိမ်ငြိမ်ကလေးနေပါ၊ သက်သာ သွားပါလိမ့်မယ်" ဟု ပြောလေ၏။

မမကြီးနှင့် မမလေးသည် ရီရီအတွက် ဤလောက် ပူပန်စွာ ယုယကြသော်လည်း မြို့အုပ်မင်း ရှိစဉ်အခါ ဤကဲ့သို့ ဖြစ်သည့်အတွက် လွန်စွာ ဝမ်းသာ၍နေကြလေ၏။ နောက်အတန်ကလေးကြာစွာ ရီရီအပါးမှာ ရပ်ကာ စောင့်ကြပြီးလျှင် ခြေဖျားထောက်ကာ အခန်းမှထွက်၍ အောက်သို့ ဆင်းသွားကြလေ၏။ ၎င်းတို့ ဆင်းသွားကြသောအခါ ရီရီသည် ခုတင် ပေါ်၌ထိုင်ကာ မိမိ၏ရှေ့ရှိ ပြတင်းပေါက်ကို ဖွင့်ပြီး တံငါတဲကလေးရှိရာ ဘက်သို့ မေးထောက်ကာ မျှော်၍နေလေ၏။

❑

## အခန်း (၁၅)

ထိုနေ့ညဥ့် မောင်နေဝင်းသည် ရီရီ တစ်နေ့လုံး ပေါ်မလာသည့်အတွက် စိတ်လက်လေးလံ၍ နေပြီးလျှင် အိပ်ရာထဲတွင် အိပ်၍မပျော်ဘဲ နေလေ၏။

ရီရီသည် ငါပြောသော စကားကြောင့် မုန်းသွားလေပလား။ ငါ၏ ရဲတင်းခြင်းကို စက်ဆုပ်လေသလား။ ငါသည် သိမ်ငယ်သေးနုတ်သူ ဖြစ်ပါလျက် ဤကဲ့သို့သော စကားမျိုးကို မရာမတန် ပြောဝံ့သည်မှာ စောလွန်းလှ၏။ သူ့အသက်ကို ကယ်ရသည့်အတွက် ရဲတင်းပြီး အံမိုက်စော်ကားသည်ဟု ရီရီ တွေးထင်လေသလား။ ငါ ပြောသောအခါ ငြိမ်၍နေသည်မှာ အသက်ကယ်သူမို့ အားနာလို့ နေခြင်းပေလား။ သည်ကနေ့ မလာပုံကို ထောက်လိုက်လျှင် ရီရီသည် ငါ့ကို မကြည့်ချင်ကြောင်း၊ မတွေ့ချင်ကြောင်း ထင်ရှားလေပြီ စသည်ဖြင့် တွေးတောကာ ယူကျုံးမရ ဖြစ်၍ နေလေ၏။

ထို့နောက် အိပ်၍မပျော်သဖြင့် တဲမှထွက်ကာ ဆယ်နာရီခန့်အချိန်တွင် တဲရှေ့၌ ရပ်၍နေလေ၏။ ထိုအတွင်းဝယ် လမင်းသည် တိမ်ကြား၌ မြုပ်ချည်ပေါ်ချည် လင်းချည် မှိန်ချည် နေလေ၏။ ကြယ်တာရာတို့မှာ အနည်းငယ်မျှသာ အရောင်ကို လွှင့်နိုင်ကြလေ၏။ လေသည်ကား အတော်ပင် ပြင်းထန်စွာ ဝှေ့တိုက်လျက် သစ်ပင်များမှာ ယိမ်းကာ ညွတ်ကာ



နေလေ၏။ အတန်ကြာစွာ ရပ်ပြီးနောက် ဖြူဖွေးသော သောင်ပြင်သို့ ဆင်းကာ ဝင်းခနဲ ဝင်းခနဲ ပွင့်ကာ လှုပ်ရှားသော လှိုင်းများကို လည်းကောင်း၊ တံငါလှေများ၏ တက်ဖျား၌ ဖွေးခနဲ ဖွေးခနဲ ပေါ်ထွက်သော ရေအရောင်တို့ကို လည်းကောင်း ကြည့်ရှုကာ ငေးမော၍ တစ်ကိုယ်တည်း ရပ်ကာ နေလေ၏။

ထိုကဲ့သို့ အတန်ကလေးကြာစွာနေပြီး နောက်တစ်ဖန် ပြန်၍ တက်လာပြီးလျှင် တဲထဲသို့ ပြန်၍ မဝင်သော်လည်း အိပ်လို့ဖြင့် ပျော်တော့မည် မဟုတ်ပါဟု တွေးတောကာ သူက ငါ့ကို အဘယ်လိုပင် မုန်းစေကာမူ သူ့မျက်နှာကိုဖြင့် ငါမမြင်ဘဲမနေနိုင်၊ သူ့မျက်နှာကလေးကို ယနေ့ည မြင်ရမှ ငါအိပ်လို့ပျော်ဖို့ ရှိပေသည်။ ရီရီ မအိပ်သေးလျှင် မြင်ရကောင်းပါရဲ့ဟု အားကိုးကာ ဘယ်လိုဖြစ်ဖြစ် သူ့အိမ်နားကိုသွားပြီး ချမ်းသာစွာ အိပ်နေတဲ့ ရီရီရဲ့ အသက်ရှူသံကလေးကိုမျှ ကြားရစေတော့ဟု အောက်မေ့ကာ တဲထဲသို့ ပြန်ဝင်ပြီး ဓားမြှောင်ကို ကိုင်စွဲကာ တစ်ကိုယ်တည်း ထွက်လာလေ၏။

ယင်းသို့ ထွက်လာလေရာ အိမ်အနီးသို့ ရောက်လာသောအခါ လေများသည် သာ၍ ပြင်းထန်စွာ ဝှေ့တိုက်လေ၏။ အိမ်အနီးရှိ သစ်ပင်များမှာလည်း ယိမ်းကာ ယမ်းကာ တသဲသဲ တကြိတ်ကြိတ် အကိုင်းချင်း ထိကြိတ်ကြလေ၏။ မောင်နေဝင်းသည် မည်းမှောင်သော သစ်ပင်ရိပ်တွင် တစ်ကိုယ်တည်း ရပ်ကာ အိမ်အထက်အောက် ကြည့်ရှုလေရာ အိမ်သားများသည် ဆိတ်ငြိမ်စွာ အိပ်နေကြသည်ကို သိရှိရလျက် ရီရီဖြင့် ဤအိမ်၏ တစ်ခုခုသော အခန်းတွင် ငြိမ်သက်စွာ အိပ်၍နေရှာ၏။ အနီးသို့ ငါ ရောက်၍လာသည်ကို သိမှာ မဟုတ်ချေ။ အိပ်မောကျ၍ နေချေပြီဟု တွေးတောကာ တွေ့မြင်ဖို့ရန် မျှော်လင့်ခြင်း မရှိသော်လည်း အိမ်တံစက်မြိတ်ကို ဝင်လိုသော လိပ်ပြာသည် ဝင်ခွင့်မရသဖြင့် တဝဲလည်လည် နေသည့်ပမာ မောင်နေဝင်း၏ စိတ်သည် အိမ်အနီးတွင် ဝဲလည်၍ နေရှာသဖြင့် မိမိ၏ တဲရှိရာသို့ မပြန် နိုင်အောင် ရှိလေ၏။

ထို့နောက် ညဥ့်လည်းနက်ပြီ၊ ရီရီလည်း အိပ်ပြီ၊ ငါ တစ်ညလုံး စောင့်သော်လည်း အဘယ်အကျိုး ရှိပါမည်လဲဟု တွေးတောကာ ပြန်တော့မည် အပြုတွင် အိမ်အပေါ်ထပ်မှ ပြတင်းပေါက်တစ်ခုသည် ဖြည်းညင်းစွာ ဖွင့်၍ လာပြီးနောက် မီးရောင်ကလေး ပေါ်လာသည်ကို တွေ့မြင်ရသဖြင့် ရီရီ ပဲလား ဘယ်လို လူများပါလိမ့်မလဲဟု မှောင်ရိပ်သို့ တုံ့ပြန်ခိုဝင်ကာ ရပ်တန့်ငေးမော ထက်သန်သောစိတ်နှင့် ပြတင်းပေါက်သို့ ရှုမျှော်ကာ ကြည့်၍ နေလေ၏။

အတန်ကြာကလေး ကြာသောအခါ ဆံပင်များပြေ၍ ဖိုသီဖတ်သီ ချထားသော မျက်နှာတစ်ခုသည် ပြတင်းပေါက်မှ ပြူထွက်ကာ မှိန်မှေးသော လရောင်အောက်တွင် မေးထောက်၍ နေလေ၏။ မောင်နေဝင်းသည် ဒုန်းမြင်းပမာ ကဆုန်ပေါက်၍ မောလာသလို၊ ရင်ထဲတွင် ဖုတ်လှိုက် ဖုတ်လှိုက်နှင့် နေရှာပြီးလျှင် "ရီရီလို့ လှမ်းပြီး ခေါ်လိုက်ရမလား၊ ခေါ်လိုက်ရင် ထိတ်လန့်ပြီး ပြန်ဝင်သွားမလား။ ငါသည် မှောင်ထဲမှ စောင့်နေတာကို သိအောင် အဘယ်ပုံ ပြုရပါ့မလဲ၊ မှောင်ရိပ်က ထွက်ပြေးလျှင် သူခိုး တစ္ဆေ ထင်ပြီး ထိတ်လန့်ရှာတော့မယ်။ ရီရီ ... ရီရီ မင်း မအိပ်နိုင်ဘဲ သည်မျှ လောက် ညဉ့်နက်အောင် ဘယ်သူ့ကို တွေးနေသလဲ၊ မြို့အုပ်ကို တွေးနေ သလား၊ ကျုပ်မှာတော့ မင်းမျက်နှာကို တရေးရေး မြင်ရလို့ အိပ်လို့ မပျော်ဘဲ စွန့်စားပြီး လာရပါတယ်" ဟု စိတ်ထဲတွင် ညည်းတွားပြီး သူ့ မျက်နှာက အင်မတန် ပူဆွေးတဲ့ လက္ခဏာပဲ၊ ဘယ်လိုများ ဖြစ်လို့ပါလိမ့် မလဲဟု တွေးရင်း သတိရပြီးလျှင် အင်္ကျီအိတ်ထဲက ဆေးပြင်းလိပ်ကို ယူ၍ ပါးစပ်မှာတေ့ပြီး မီးခြစ် ရှဲခနဲခြစ်ကာ ခပ်မော့မော့ ဆေးပြင်းလိပ် မီးညှိလိုက်လေလျှင် မီးရောင်ကို မြင်ရသဖြင့် ရီရီ၏ မျက်နှာသည် ငေးစိုက်ကာ ကြည့်နေလေ၏။ သို့သော်လည်း မီးခြစ်မှာ လေတိုက်သဖြင့် ငြိမ်း၍ သွားသောကြောင့် ရီရီသည် မျက်နှာကို သဲသဲကွဲကွဲ မြင်ရဟန် မရှိဘဲ အထဲပြန်ဝင်တော့မလိုလို ဟန်ပြင်၍ နေလေရာ မောင်နေဝင်းသည် နောက်



မီးခြစ်ဆံ တစ်ဆံကို ထုတ်၍ ခြစ်ကာ မီးညှိပြန်လေ၏။ ထိုအခါ အတော်ပင် ပြင်းစွာတိုက်သော လေကြောင့် ဆေးလိပ်မှာ မီးမစွဲသော်လည်း မျက်နှာမှာ ကွင်းခနဲ ပေါ်သဖြင့် သိသာလေ၏။ အကြောင်းမူကား ရီရီသည် လက် တစ်ဖက်နှင့် ရင်ကိုမ ကာ ရွှေဝန်းပမာ ရှည့်လျားသော လည်တိုင်ကလေးကို ဆန့်ကာ ကြည့်ပြီးလျှင် အခန်းထဲသို့ ပြန်၍ဝင်ကာ မီးအိမ်၏ မီးတောက် ကို မြင့်လိုက်ပြီးလျှင် ပြန်၍ ထွက်လာလေ၏။ ထိုအခါ ရွှင်လန်းသာယာ သော မျက်နှာကလေးသည် အထင်းသားပေါ်၍ နေသဖြင့် မောင်နေဝင်းမှာ အားရပါးရ ရှုမြင်ဖူးမြော်ကာ မှောင်ရိပ်မှ အပြင်သို့ ထွက်ပြီး ရပ်နေလေ ၏။

ရီရီသည် အောက်ကို စိုက်ကြည့်ပြီး "ကိုနေဝင်း ... ကိုနေဝင်း" ဟု အသံမထွက် နာမည်ပေါ်အောင် လှုပသော နှုတ်ခမ်းလေးကို လှုပ်ရှား ခေါ်လေ၏။ မောင်နေဝင်းသည် အိမ်အပါးသို့ ကပ်သွားလေ၏။ သို့သော် လည်း အိမ်အပေါ်သို့ မတက်နိုင်၊ ရီရီကလည်း အောက်သို့ဆင်း၍မလာ နိုင်၊ အဘယ်ပုံ ကြံရပါမည်နည်းဟု တွေးတောကာ ကျိုးငှက်၏ နှုတ်သီးနှင့် ရှိသော အစာကိုမျှော်ကာ မြေခွေးပမာ နေဝင်းသည် မော့ကာ မျှော်လျက် လက်ပြကာ ရင်ကိုသပ်ကာ နေလေ၏။

ထိုအတွင်း ရီရီသည် အခန်းတွင်းသို့ တအောင့်လောက် ပြန်၍ ဝင်သွားပြီးလျှင် ထွက်လာ၍ လက်မှ ဖြူသော အရောင်တစ်ခုကို လွှတ်၍ ချလိုက်လေ၏။

မောင်နေဝင်းသည် ထိုချလိုက်သော အရာကို ကပျာကယာ ကောက်ယူလေရာ စက္ကူအစကလေး ဖြစ်သည်ကို တွေ့ရသဖြင့် မီးခြစ်ကာ ဖွင့်ကြည့်လေရာ မီးခြစ်ဆံ ဆယ်ချောင်းလောက် ကုန်သောအခါ အဓိပ္ပာယ် ပေါ်လေ၏။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

ကိုနေဝင်း ... ဒီကနေ့ ရီရီ နေမကောင်းလို့ မပေါ်လာပါ။ ကိုနေဝင်း ရီရီအတွက် ဒီလောက်တောင် ဒုက္ခခံလာတာကို ရီရီ သနားပါတယ်။ ရီရီ

မလာနိုင်သည့်အတွက် အင်မတန် ဝမ်းနည်းပါတယ်။ ရီရီ မရှက်နိုင်တော့ပါ။ ရီရီ၏ အသက်သခင်ကိုဖြင့် မချစ်ဘဲ မနေနိုင်တော့ပါ။ အခု ရီရီသည် အိပ်၍ မပျော်သေးပါ။ ကိုနေဝင်းကို ကျေးဇူးဆပ်ဖို့ရန် တွေးတော၍ နေပါသည်။

နောက် မောင်နေဝင်းသည် အတန်ကြာစွာ ရီရီကို တမ်းတသော အမူအရာနှင့် မော့ကြည့်ပြီးနောက် လက်ပြကာ ဝမ်းသာလုံး ဆို့ပြီးလျှင် ပြန်တော့မည့် အရိပ်အမှတ်ကိုပြ၍ ပြန်လာခဲ့လေ၏။ ရီရီသည်လည်း မည်းမည်း မည်းမည်းနှင့် သွားသော သဏ္ဍာန်ကို မျှော်ကြည့်ပြီးနောက် မြင်ကွင်းထဲတွင် ပျောက်သွားသောအခါ ပြတင်းပေါက်ကို ပိတ်ပြီး အိပ်ရာသို့ ဝင်ကာ နဖူးပေါ်လက်တင်၍ တွင်တွင်ကြီး စဉ်းစားနေလေ၏။

မောင်နေဝင်းမှာလည်း ဝမ်းသာအားကြီးသောကြောင့် ခြေလှမ်းရမှန်းကို မသိဘဲ တဲရှိရာသို့ ရောက်သွားပြီးလျှင် ခြေများဆေးပြီး အိပ်ရာဝင်လျက် နဖူးပေါ်လက်တင်ကာ ရီရီကို တွေးတော၍ နေလေ၏။

❑

အခန်း (၁၆)

ထို့နောက် ရီရီသည် မောင်နေဝင်းကို တံငါဟဲ့၌ လည်းကောင်း၊ သောင်ပြင်၌ လည်းကောင်း တစ်ရက်ခြား တစ်ကြိမ်၊ နှစ်ရက်ခြား တစ်ကြိမ် တွေ့ရလေ၏။ ထိုသို့တွေ့ရခြင်းကြောင့် မောင်နေဝင်းမှာ ရေတွေ့သော ကြာပဒုမ္မာကဲ့သို့ ကိုယ်စိတ်နှစ်ပါး ရွှန်လန်းလျက် လျှမ်းတက်သော အချစ်၏ ရောင်ခြည်ဖြင့် မျက်နှာများ ကြည်လင်၍ ငယ်စဉ်က ရီရီကလေးနှင့် နှစ်ကိုယ်တွေ့ကာ ပျော်ရွှင်ကစားရသော စိတ်မျှမက ဆထက်လွန်ကဲသော စိတ်၏ ပျော်ရွှင်ချမ်းသာခြင်းကို ခံစား၍ နေလေ၏။

တစ်ရံတစ်ခါ တံငါသည် လင်မယားနှင့်အတူ မောင်နေဝင်းနှင့်ပါ ရီရီသည် မြစ်ထဲတွင် ညနေချမ်းအချိန် လှေနှင့်ထွက်ကာ တံငါများ ရှာဖွေသည့် လုပ်ငန်းကို ကြည့်ရှုမျှော်စိုက်ကာ နေလေ၏။ ထိုကဲ့သို့ ရီရီ နေသည်ကို မမကြီး၊ မမလေးတို့က အတိအလင်း ကဲ့ရဲ့ပြောဆိုခြင်း မပြုကြချေ။ ထိုကဲ့သို့ မပြောမဆိုသည်မှာ မောင်နေဝင်းနှင့် ဖြစ်ပျက်၍ နေကြပုံကို ရိပ်မိလျက် အကယ်၍ အထမြောက်သွားလျှင် မြို့အုပ်မင်းမှာ ရီရီ၏ဘေးမှ လွတ်ကင်းမည်ကို ကြိုတင်တွေးတောကြသောကြောင့် ဖြစ်ဟန်တူလေသည်။ ထူးဆန်းသော အရာတစ်ခုမှာလည်း မြို့အုပ်မင်းသည် ယခုအခါ ရီရီကို များစွာ လိုက်လံရှာဖွေခြင်းမပြု၊ တံငါတဲသို့ ရီရီ လာသည့်အခါ

လည်း မလိုက်လာ၊ ရီရီအပေါ်၌ တစ်စုံတစ်ရာ နှောင့်ယှက်ခြင်း မပြုဘဲ နေခြင်း ဖြစ်လေသည်။ ရီရီသည်ကား ထိုကဲ့သို့ နှောင့်ယှက်ခြင်းကို မခံရလျှင် တော်ပြီ၊ မည်သူကပင် စိတ်ထဲမှာ ကြိတ်၍ ကဲ့ရဲ့ခြင်း ပြုသော်လည်း ကိစ္စမရှိ။ ငါ့ ငယ်ငယ်ကချစ်သူ၊ ငါ၏ အသက်သခင်ဖြစ်သော ကိုနေဝင်းကို တွေ့ရလျှင် တော်ပြီဟူ၍ သဘောပေါက်ကာ လွတ်လွတ်ကျွတ်ကျွတ် ပျော်ရွှင်နေသည်သာမက တစ်ရံတစ်ခါ အိမ်သို့ အပြန်နောက်ကျသည့်အခါ မောင်နေဝင်းကို အိမ်သို့ အရောက်လိုက်ပို့ရန် ခွင့်ပေးလေ၏။ အကြောင်းမူကား မိမိမှာ ဥစ္စာဘဏ္ဍာနှင့် ပြည့်စုံသူ ဖြစ်သောကြောင့် မည်သူ၏ မျက်နှာကိုမျှ ထောက်ရန်မရှိ၊ မည်သူ့ကိုမျှလည်း ကြောက်ရန်မရှိ၊ မည်သူက သဘောမကျ၍ မိမိကို မကြည့်ဘဲနေလျှင် ဆင်းရဲဒုက္ခရောက်တော့မည် ဟူ၍လည်း ပူပန်သောကဖြစ်စရာ မရှိသောကြောင့် မိမိချစ်သောသူနှင့် ကြည်ဖြူမြတ်လေး အချစ်ဓာတ်သွေး၍ နေရခြင်းသာလျှင် အမြတ်ဆုံးသောအရာ၊ အနှစ်သာရ အရှိဆုံးသောအရာ ဟူ၍ မှတ်ထင်ကာ နေလေ၏။ သို့သော်လည်း ဆိုင်ရာ ဆိုင်ရာကို မပြုလျှင် လူ့လောကမှာ သောကတွေ့တတ်ကြောင်းကို ရီရီသည် အနည်းငယ်မျှ သတိမရ၊ တွေးလည်းမတွေး၊ အေးအေးဆေးဆေးသာ နေရှာလေ၏။

တစ်နေ့သ၌ ညနေစောင်းအချိန် လှေကလေးနှင့် သွားကြရာတွင် တစ်ခုသော နေရာ၌ တံငါသည် လင်မယားက မိမိတို့မှာ ကိစ္စကလေး ရှိသဖြင့် အသိတစ်ယောက်အိမ်ကို ဝင်စရာရှိသေးသည် ဆို၍ လှေကို ဆိုက်ပြီး ကမ်းပေါ်သို့ တက်သွားကြလေရာ ရီရီနှင့် မောင်နေဝင်းသည် လှေပေါ်တွင် နှစ်ယောက်တည်း ကျန်ရစ်ကြလေ၏။

ထိုကဲ့သို့ နှစ်ယောက်တည်း ကျန်ရစ်ကြသောအခါ ရီရီမှာ အလိုဘယ့်နှယ်လုပ်ကြပါလိမ့်။ တံငါသည် လင်မယားက ငါတို့ကို ရိုးပုံဆန်းနှင့် အဆန်းဉာဏ်တက်ပြီး ဗလက္ကာရ ပြုကြတာဟု တွေးတောကာ အတန်ကလေး ရင်ထဲမှာ ထိတ်ပြီး စကားမပြောဘဲ ရေထဲ၌ရှိသော မိမိ၏အရိပ်ကို



ကြည့်ကာ လှေအလယ်ပိုင်းတွင် ထိုင်၍နေလေ၏။ မောင်နေဝင်းသည်ကား ပဲ့ကိုင်လျက် နေလေ၏။

တစ်အောင့်ကလေးကြာတော့ ကမ်းနားမှာဆိုက်၍ နေကြပြီးနောက် "ရီရီ သူတို့တော့ ဉာဏ်များသွားပြီ။ ကျုပ်တို့ကို တစ်ပတ်ရိုက်တာပဲ။ တစ်ပတ်ရိုက်လို့ပြီးမှ ကျုပ်တို့ကပြန်ပြီး နှစ်ပတ်ရိုက်ရအောင် မစောင့်ဘဲ လှော်သွားရင် တော်လိမ့်မယ်ထင်တယ်" ဟု ပြောလေရာ၊ ရီရီ မောင်နေဝင်းကို ကျောခိုင်းထိုင်နေရာမှ ချစ်ဖွယ်ကောင်းသော နှုတ်ခမ်းကလေးများကို စူကာ စိတ်ဆိုးဟန်နှင့် မောင်နေဝင်းကို လှည့်ကာကြည့်ပြီး "ရှင့်ဉာဏ်ပါဂဲ၊ ရီရီ သိပါတယ်၊ ကိုနေဝင်းက ဘယ်ကို လှော်သွားချင်သေးလို့လဲ" ဟု ပြောကာ ချာခနဲ လှည့်သွားလေ၏။

မောင်နေဝင်းက ရယ်မောလျက် "ဘုရားစူးပါရစေရဲ့ ရီရီရဲ့၊ ကျုပ်ဉာဏ် မဟုတ်ပါဘူး။ သူတို့စိတ်ထဲမှာ အခုညနေ ဘယ်လိုအကြံများ ဝင်စားသွားကြတယ် မသိဘူး။ နတ်များ နှိုးဆော်လို့ထင်ပါရဲ့ ရီရီရယ်၊ ကျုပ်ကို စိတ်ဆိုးသလား၊ ရီရီ ကြည့်စမ်းပါ၊ ဟောဟိုရှေ့နားက နွယ်တန်းကလေးတွေကျပြီး ရေထဲမှာ ကိုင်းနေတဲ့ သစ်ပင်ကြီးအောက်ကို သွားကြည့်ရအောင်၊ ကမ်းပါးစောက်စောက်မှာ ပေါက်နေတဲ့ ပန်းကလေးတွေကလည်း နေရောင်ထဲမှာ ဝင်းဝင်းထိန်လို့ ရီရီများ ခူးပြီး ပန်ရရင် အင်မတန်လှမှာပါ" ဟု ပြောလေရာ ရီရီသည် ရှေ့ကို လှမ်း၍ ကြည့်မိလေ၏။ ယင်းသို့ ကြည့်လိုက်သောအခါ အလွန်တရာလှသော နေရာကို မြင်ရသဖြင့် ရောက်ချင်သောစိတ်သည် ထက်သန်၍လာသောကြောင့် ကိုနေဝင်းအား စကားပြန်၍ မပြောဘဲ ဖြူဝင်းသော လက်ကလေးကို ရေထဲသို့ချကာ ကစား၍ နေလေရာ ရေရောင်နှင့် နေရောင် ရောစပ်လျက် လက်ချောင်းများတွင်ရှိသော စိန်လက်စွပ်မှာ ဝင်းခနဲ ဝင်းခနဲ အရောင်တွေ ပြိုးပြိုးပြက်၍လာလေ၏။

ထိုအခါ မောင်နေဝင်းက "ရီရီ မင်းလက်ကလေးတွေဟာ လှပါဘိသနဲ့၊ မင်းလက်စွပ်အရောင်က ငါးတန်ကြီးတစ်ကောင် မြင်လာလို့များ

ဟပ်မိလျှင် ချစ်စရာကောင်းတဲ့ လက်ချောင်းကလေးမှာ အရုပ်ပျက်အဆင်းပျက် ဖြစ်ရပါတော့မယ်၊ မင်းလက်ကလေးကို ပြန်ပြီး ရုပ်သိမ်းတော်မူလိုက်ပါ မယ်မင်းကြီးမကလေးရဲ့၊ ကျုပ် အသည်းထိတ်လွန်းလို့ပါ” ဟု ပြောလေရာ ရီရီသည် ကြောက်လန့်သော အမူအရာနှင့် လက်ကို ပြန်၍ရုပ်သိမ်းကာ ဖြူဝင်းစင်ကြယ် တောက်ပသော သွားကလေးများနှင့် ပြုံးတော့မလိုလို အပြစ်ဆိုတော့မလိုလိုဟန်ဖြင့် နောက်ပြန်ကြည့်လေ၏။

ထိုအခါ အနောက်ဘက်မှ ရိုက်သော နေရောင်၌ ဖြူဝင်းသောသွား၊ ဝါဝင်းသော မျက်နှာကလေးကိုကြည့်ကာ အလှစိတ် အချစ်စိတ်ဖမ်း၍ နေရှာသော မောင်နေဝင်းမှာ တက်ကိုကိုင်ကာ မလှုပ်မရှား ကျောက်သားပကတိလို ဖြစ်နေရှာလေ၏။

ထိုအခါ ရီရီက “ကိုနေဝင်း ရှင် ဘာဖြစ်နေတာလဲ” ဟု မေးလေရာ မောင်နေဝင်းမှာ သတိတရားရပြီးလျှင် သက်မကြီးချကာ လှေကို တစ်ချက်နှစ်ချက်လှော်ရင်း “အမယ်လေး ရီရီရယ် … မင်း ကျုပ်ကို အဲဒီလို မျက်နှာကလေးနဲ့ လှည့်ကြည့်လိုက်တော့ မင်းမှာတော့ ဘာမှ မဟုတ်ပါဘူး၊ ကျုပ်မှာတော့ တစ်ကိုယ်လုံး ဘယ်လိုများ ဖြစ်သွားတယ် ဆိုတာကို ပြောမပြနိုင်အောင် ရှိတော့တာပါပဲ။ ကျုပ်ဘက်ကိုလည်း လှည့်ထိုင်ပြီး မင်းမျက်နှာကလေးကို အမြဲရှုကာ နေရဖို့အခွင့်ကို သနားမယ်ဆိုရင် ထမင်းမစားဘဲ အလိုလို ဝမ်းဝပြီးနေမှာပါပဲ” ဟု ပြောလေ၏။

ရီရီက “သည်လောက်တောင်ပဲလား ကိုနေဝင်းရဲ့၊ ကျွန်မကို မပလီပါနဲ့၊ ရှင် အဲသည်စကားမျိုးကို ဘယ်သိပ္ပံကျောင်းမှာ သင်ခဲ့သလဲ၊ စာမေးပွဲဝင်ရလျှင် သည်စကားမျိုး အရာမှာဖြင့် (အမ်အေ) အောင်လောက်ပါရဲ့၊ မနူးမနပ် မိန်းကလေးများ ကိုနေဝင်းနဲ့တွေ့ရင် သည်စကားမျိုးကို အဟုတ်ထင်ပြီး အမှန်ပင် ရူးရှာကြတော့မှာပဲ” ဟု ပြောကာ လှည့်၍သွားလေ၏။

မောင်နေဝင်းက “သြော် … သည်လိုအတတ်ဆိုတာ ရီရီရယ်၊ လူသင်လို့ တတ်တဲ့အတတ်မျိုး မဟုတ်ပါဘူး၊ ကျုပ်ပါးစပ်ကလည်း သိသိရရ



ပြောရတဲ့ စကားများ မဟုတ်ပါဘူး၊ အချစ်စိတ်က အလိုလို ကြွလာပြီး ကျုပ်နှုတ်ခမ်းမှာ ဂရာမာဖုံးဓာတ်စက်လိုဖြစ်ပြီး မြည်လာသဖြင့် သူရသတီ နတ်များက နှုတ်ခမ်းကိုစီးပြီး ပြောလာသလား ဆိုတာကို ကျုပ်အသေအချာ မပြောနိုင်အောင် ရှိပါတယ်၊ အချစ်စိတ် ပူးကပ်မှုဖြင့် သုံးဆယ့်ခုနစ်မင်းနတ် ပူးကပ်တာမျှမက ပြင်းထန်ပြီး ဟောသည်စိတ်နဲ့ ဟောသည်ကိုယ်ဟာ ဘာကိုမှ မသိဘဲ အချစ်လုံးကြီးက ထွက်ထွက်ပြီး ပြောတာထင်ပါရဲ့” ဟု ပြောရင်း လှေလှော်၍ သွားလေ၏။

ရီရီသည် ထိုစကားကို ငြိမ်သက်စွာ နားထောင်ပြီး မောင်နေဝင်း၏ အသံစကားများတွင် နှစ်သိမ့်စွာ ပီတိသောမနဿ ဖြစ်၍လာပြီးလျှင် အချစ်ဓာတ်သံကာ ပြောသော မောင်နေဝင်း၏ မျက်နှာကို မကြည့်ဘဲ မနေနိုင်အောင် ဖြစ်သောကြောင့် နောက်သို့ လှည့်မှန်းမသိ လှည့်ပြီး ရှက်ရမ်းရမ်း မိမိလက်ကို ရေထဲသို့ ချပြန်လေရာ မောင်နေဝင်းက “ဟော–ဟော လုပ်ပြန်ပြီ ရီရီ၊ ကြည့်စမ်းပါဦး လက်ပြတ်သွားလိမ့်မယ် ခင်ဗျားရဲ့၊ တယ်အပြောရ မာကျောတာကိုး၊ ကလေးလိုပဲ” ဟု ဣန္ဒြေနှင့် ကြိမ်းမောင်းသံပါပါ ပြောလေရာ ရီရီသည် မောင်နေဝင်း၏ မျက်နှာကို အကြောင်သား ကြည့်ရင်း ကြောက်သလို အမူအရာနှင့် လက်ကလေးကို ရေထဲက ဆွဲနုတ်လေ၏။

ထိုအတွင်း မောင်နေဝင်းသည် ရှေ့၌ရှိသော သစ်ပင်ကိုင်းကိုင်းကြီး ရှိရာသို့ လှော်သွားရာ လှေသည် မကြာမီ ရောက်သွားလေ၏။ ရီရီသည် ထိုသစ်ပင်ကြီးအောက်သို့ ရောက်သောအခါ အလွန်တရာ စိတ်လက်ပျော်ရွှင်လျက် ကမ်းနားတွင် ပေါက်လျက်ရှိသော သစ်ပင်ကြီးအကိုင်းကို ဆွဲကာ လှေကို ကပ်ပြီးလျှင် ကမ်းပေါ်သို့ တက်လေ၏။ မောင်နေဝင်းသည်လည်း တက်ပြီးလျှင် လှေကို ချိတ်ထားပြီးနောက် နွယ်တန်းများကို ကိုင်ကာ ရီရီ၏နောက်သို့ လိုက်သွားလေ၏။ ရီရီသည်ကား သင်းပျံ့လှပယဉ်ကျေးသော မိကျောင်းနွယ်ပန်းများကို ဝမ်းမြောက်ဝမ်းသာ တစ်ခက်မှ

တစ်ခက် လှမ်းကာခူး၍နေလေ၏။ မောင်နေဝင်းသည်လည်း ထိုပန်းများကို ခူးပြီးလျှင် ရီရီ၏ ဦးခေါင်းပေါ်တွင် ပတ်ရစ်ကာပေးလေရာ ရီရီသည် ငြိမ်၍ နေလေ၏။

ပန်းများကို အတန်ကြာစွာ ခူးကြပြီးနောက် တစ်ခုသော ချုံအနီးရှိ ကမူတစ်ခုပေါ်သို့ မောင်နေဝင်းသည် ထိုင်ပြီး "ရီရီ ခဏကလေး ထိုင်ပါဦးလား၊ မောပါသေးတယ်။ နေရောင်နှင့် ရေကို သည်နေရာက ကြည့်ရတာ အင်မတန်လှတယ်၊ လာ ရီရီ ထိုင်ပါဦး" ဟု ပြောလေရာ ရီရီသည် မောင်နေဝင်း၏ အပါးတွင် မထိုင်ဘဲ ရပ်ကာနေလေ၏။ ထိုအခါ မောင်နေဝင်းသည် နေနှင့်ရေကို မကြည့်ဘဲ ပန်းတွေနှင့်ဝေကာ (FAIRY) ခေါ် နတ်သမီးများကဲ့သို့ တောအုပ်နွယ်တန်းများနှင့် အဆင်ပြေအောင် လှပသော ရီရီကို မော်ကာကြည့်ရင်း ဆိတ်ကွယ်သော နေရာဌာန၏ ငြိမ်သက်ခြင်းနှင့် မွှေးကြိုင်သင်းပျံ့သော လေပြည်သည် မောင်နေဝင်း၏ နှလုံး၌ရှိသော အချစ်ပင်လယ် သမုဒ္ဒရာကြီးကို လှိုင်းထနေအောင် ပြုသကဲ့သို့ ဖြစ်သောကြောင့် အကြောက်အရွံ့ပျောက်ကာ ရီရီ၏ လက်ကို ဆွဲကိုင်ကာ "ထိုင်ပါဦး ရီရီ" ဟု ပြောလိုက်လေ၏။ ထိုအတွင်းတွင် မိမိတို့အပေါ်၌ ရှိသော မရန်းပင်ပေါ်၌ ငှက်ကလေး တစ်ကောင်သည် မရန်းသီးနှစ်လုံး တွဲလျက်ရှိသော အခိုင်ကလေးကို နမ်း၍ ချဉ်လို့ ဆိတ်၍ ချလေသလား မသိရဘဲ ထိုမရန်းသီး နှစ်လုံးပြူးကလေးသည် မိမိတို့၏ ရှေ့သို့ ဖုတ်ခနဲ ကျ၍လာလေရာ မောင်နေဝင်းသည် လျင်မြန်စွာ ကောက်၍ယူပြီးလျှင် မရန်းသီးတစ်လုံးကို မိမိ ပါးစပ်ထဲသို့ ထည့်ထားလေ၏။ တစ်လုံးမှာ နှုတ်ခမ်းပေါ်တွင် တွဲ၍ နေလေ၏။

ထိုကဲ့သို့ တွဲ၍နေသော အလုံးနှင့် မောင်နေဝင်းသည် ရီရီ၏ နှုတ်ခမ်းကို လိုက်၍ မျက်နှာချင်းတပ်ကာ တို့လေ၏။ ရီရီက "အို ကိုနေဝင်းကလည်း တကတည်းမှပဲ၊ ရှင့်ဟာရှင် စားပါ၊ ရီရီ မစားချင်ဘူး" ဟု ပြောကာ မျက်နှာကို လွှဲလေ၏။ မောင်နေဝင်းက "မဟုတ်ဘူး၊ စားရမယ်၊



မစားရင် ဟောသည် တောထဲမှာ ဘယ်လူမှ မရှိဘူး။ ဟင်း ဘာမှတ်သလဲ" ပြောလေ၏။ ထိုအခါ ရီရီသည် အနိုးအနားပတ်လည်ကို လှည့်ကာကြည့်ပြီးလျှင် မောင်နေဝင်း၏ နှုတ်ခမ်းပေါ်၌ တွဲလဲနေသော မရန်းသီးကို လက်နှင့် ယူမည်ပြုလေရာ မောင်နေဝင်းက ရှောင်ဖယ်လျက် "ရီရီ ကျုပ်ကို ချစ်ရင် မင့်ပါးစပ်ကလေးနဲ့ ယူပါ" ဟု ပြောလေ၏။

ရီရီက "အို မတော်တာ မလုပ်ပါနဲ့၊ သည်လိုဖြင့် မစားဘူး" ဟု ပြောကာ နေရာမှ ထပြေးမည်အပြုတွင် မောင်နေဝင်းက လက်ကလေးကို ကိုင်ကာ ဆွဲထားပြီး "ရီရီ ဘယ်သူမြင်မှာတဲ့လဲ၊ မင်း ကျုပ်ကို အမှန်ချစ်တယ်ဆို" ဟု ပြောလေရာ တောင်မြောက်လေးပါး လှည့်ကာကြည့်ပြီး "ကိုနေဝင်း ကြံကြံစည်စည် နောက်နေတာကိုး၊ ကဲ ယူပါမယ်ရှင်၊ သည်လောက်တောင် ယူစေချင်ရင်" ဟု ပြောကာ မျက်လုံးကလေးများကို မှေးကာ အထက်သို့လှန်ပြီး နှုတ်ခမ်းချင်း အသာကလေးကပ်ကာ မရန်းသီးကလေးကို ယူလေ၏။ ထိုအခါ မောင်နေဝင်းသည် လက်တစ်ဖက်နှင့် ရီရီ၏ ဦးခေါင်းကို ကိုင်ကာ မျက်နှာချင်း ပြန်၍မခွာနိုင်အောင် ကပ်၍ ထားလေ၏။ ရီရီသည် ငြိမ်လျက် ပျော့ကာ သွားလေ၏။ မကြာမီ ရီရီ၏ ပျော့ပျောင်းသော ကိုယ်တစ်ကိုယ်လုံးသည် မောင်နေဝင်း၏ ရင်ခွင်ထဲသို့ ရောက်ကာ တစ်ယောက်၏ ပခုံးပေါ်တွင် တစ်ယောက်၏ မျက်နှာကို တင်၍ အတန်ကြာကြီး စကားမပြောနိုင်ကြဘဲ ငြိမ်သက်စွာ နေကြလေ၏။

နောက်တစ်ဖန် ပြန်၍ခွာကြပြီးလျှင် တစ်ယောက်၏ လက်ကို တစ်ယောက်ကိုင်ကာ မျက်နှာချင်းဆိုင်ပြီး မျက်နှာမှထွက်သော အလှဓာတ် အချစ်ဓာတ်တို့ကို ကိုယ်စီကိုယ်ငှ မျိုသောက်ကာ အချစ်တည်း ဟူသော အမြိုက်အရသာကို ခံစားလျက် စကား မပြောနိုင်ကြဘဲ နေကြလေ၏။ ရီရီမှာ မျက်လုံးကလေးမှေးကာ မျက်နှာကလေးကို ခပ်မော့မော့ကလေးနေကာ နှင်းဆီပန်းပမာ နီမြန်းသော နှုတ်ခမ်းကလေးများမှာ မပွင့်တပွင့် နေလျက် ဖြူဝင်းညီညွတ်သော ရှေ့သွားကလေးများ ပေါ်၍ နေလေ၏။

မောင်နေဝင်းသည်ကား ပါးစပ်ကို တင်းမာစွာစေ့ကာ ရီရီ၏လက်များကို မိမိ၏ လက်နှစ်ဖက်နှင့် တင်းတင်းရင်းရင်း ဒေါမာန်ပါပါ ဆုပ်ကိုင်ကာ အံ့သွားခဲ့တော့မလို ထက်သန်သော မျက်လုံးများနှင့် စိုက်ကာကြည့်၍ နေလေ၏။

ထိုကဲ့သို့ အတန်ကြာစွာ နေကြပြီးနောက် နတ်ပြည်မှ လူ့ပြည်သို့ ပြန်၍ ကျရောက်သကဲ့သို့ လည်းကောင်း၊ အိပ်ပျော်ရာ အိပ်မက်ရာမှ တစ်စ တစ်စ နိုး၍လာသကဲ့သို့ လည်းကောင်း၊ ညဥ့်ကျွမ်း၍ လင်းရောင်ခြည် တစ်စ တစ်စ ပေါ်၍လာသကဲ့သို့ လည်းကောင်း တဖြည်းဖြည်း ပြန်၍ သတိရလာကြလေ၏။

ထိုကဲ့သို့ သတိရလာကြသောအခါ နေသည် အတော်ကျ၍ သွားပြီ ဖြစ်သောကြောင့် ဖြူသောနေရောင် ရေရောင်များသည် ပန်းရောင်ဖြင့် ဆိုးသလို တစ်မျိုးပြောင်းကာ အထူးလှ၍ လာကြလေ၏။ ထိုအခါ ရီရီက "ကိုနေဝင်း ရီရီဖြင့် ကိုနေဝင်း လက်ထဲကို လုံးလုံးကြီး ရောက်ပါပြီ၊ ရီရီမှာ မိန်းမသား အားကိုးရာမဲ့ တစ်ယောက်တည်း ဖြစ်ပါတယ်၊ ရီရီကို ချစ်တာလား၊ ရီရီ၏ ရွှေ ငွေ စိန်ကျောက်ကို မက်တာလား ဆိုတာကို ရီရီ မေးဖို့ မရှိတော့ပါ။ ကိုနေဝင်း၏ မြင့်မြတ်တဲ့ စိတ်ကိုသာ အားကိုးရန် ရှိပါတော့တယ်" ဟု ပြောလေ၏။

မောင်နေဝင်းက "ရီရီ စိတ်ချပါ၊ ကျုပ်အချစ် ဟောဟို နေရောင်လို ဖြူဖြောက နီ၊ နီရာက မည်းတာပြောင်းပြီး ကွယ်ပျောက်မယ့် အချစ်မျိုး မဟုတ်ပါ၊ ရီရီကသာ ဂုဏ်သရေချင်း မတူလို့ စိတ်ပြောင်းပြီးသွားမှာကို တွေးတွေးပြီး တရေးရေး ပူရတာပါပဲ" ဟု ပြောလေ၏။

ရီရီက "ရီရီ အသေအချာ စဥ်းစားပြီးပါ၊ ဟောဟို မြို့အုပ် ဆိုတဲ့ သူတစ်ယောက်သာ ရီရီကို နှောင့်ယှက်ဖို့ ရှိပါတယ်၊ အခုတော့ ဘယ်သူက ဘယ်လိုပြောပြော ကိုယ်စိတ်ချမ်းသာရာ ကိုယ်ပျော်ပိုက်ရာသာ ပဓာနပဲ့ လို့ သဘောထားပြီး အခုဖြင့် ကိုနေဝင်းကို လုံးလုံးကြီး အားကိုးရတော့



မှာပဲ၊ သို့သော်လည်း စိတ်လည်းမရှိပါနဲ့ ကိုနေဝင်းရယ်၊ ရီရီ မေးပါရစေ၊ ကိုနေဝင်း ဘာပြုလို့ အခုလိုလာပြီး နေတာလဲ၊ ကိုနေဝင်းဟာ လူရိုး လူကောင်းမှန်ကြောင်း ယောကျ်ားပြီကြောင်း ရဲရင့်ကြောင်းကို ရီရီ ကောင်းကောင်းကြီး သိသည့်အတွက် မသင်္ကာလို့ မေးရခြင်း မဟုတ်ပါ၊ ကိုနေဝင်း နေရပုံ ထူးခြားလွန်းလို့ မေးရပါတယ်"

မောင်နေဝင်းက "ရီရီ ကျုပ်အပေါ်မှာ သင်္ကာမကင်း မရှိဘူးဆိုတာ ကို ကြားရတာ အင်မတန်မှ ကျေးဇူးတင်ပါတယ်၊ ကျုပ်မှာလည်း မင်းပြစ် ဒဏ်မှ စ၍ ဘာမှမရှိပါဘူး၊ ကျုပ်မှာလည်း အပြစ်တစ်စုံတစ်ရာ မတော် မတရားတာ မရှိပါ။ အခု နေခြင်းအကြောင်းကို နောင်ခါကျတော့ ရီရီ သိရပါလိမ့်မယ်"

ရီရီက "ကိုနေဝင်း ရီရီကို အမှန်ချစ်ရင် မှန်သလောက် ပြောပြ သင့်ပါတယ်၊ ထိမ်ဝှက်ဖို့ရန် မသင့်ပါဘူး၊ ဘယ်လို အကြောင်းပဲ ဖြစ်စေ ပါမူ ကိုနေဝင်းမှာ အပြစ်မရှိဘူး ဆိုတာကို ပြောသာပြောပါ" ဟု ပြော လေ၏။

မောင်နေဝင်းသည် ရီရီအား ဖြစ်သမျှကို အကုန်အစင် ပြောပြ လေ၏။ ထိုကဲ့သို့ ပြောပြလေရာ ရီရီသည် ကောင်းစွာ ယုံကြည်လျက် မောင်နေဝင်း ငယ်စဥ်မှစ၍ ယခုထက်တိုင် ဆင်းရဲပြီး လာရသည်များကို လွန်စွာသနားလျက် မောင်နေဝင်းအပေါ်၌ စိတ်လက်မသင်္ကာ မရှိသည်သာ မက တိုး၍ ကရုဏာနှင့် မေတ္တာပေါင်းပြီးလျှင် ထပ်လောင်းပိုမိုကာ ချစ်ရှာ လေ၏။ စကားအဆုံး၌ ရီရီက "သည်လိုဖြစ်လျှင် ကိုနေဝင်း ဆရာနှင့် ဆရာကတော်ဟာ ကိုနေဝင်း မကျေးဇူးထင်မှာပဲ၊ အခု အသာနေ၍ နောက် ကျွန်မတို့ ကိစ္စပြီးမှ လှလှကြီး ပြန်ပြီး ကျေးဇူးဆပ်ရတာပေါ့၊ ဒီအတွက် မပူပါနဲ့ ရီရီ ရှိပါပြီ" ဟု ပြောပြီး "ကိုင်း ... ကိုနေဝင်းရယ် နေလည်း ဝင်တော့မယ်၊ ပြန်ကြရအောင်" ဟု ပြောကာ ထကြပြီးလျှင် ရီရီ၏ ပန်း များကို မောင်နေဝင်း ပွေ့ယူကာ လှေပေါ်သို့ တက်ပြီး တဲဘက်သို့ ခပ်

မြန်မြန် လှော်လာကြလေသည်။ ရီရီမှာ မောင်နေဝင်းနှင့် မျက်နှာချင်းဆိုင်ကာ စီး၍လာလေသည်။ ထိုကဲ့သို့ လာရာတွင် ရီရီသည် အောက်ပါတေးကလေးကို လွန်စွာ မကျယ်သော အသံနှင့် ညည်း၍လာလေ၏။

ရွှေငှက်ကဲ့ စင်ရော် ရေပျော်မှာ ဝဲလို့ပျံတယ် ကြင်ဖော်နှင့် ကွဲရော့နှင့် မေနဲ့အတူ မေနဲ့အတူ ဆွေးပူလိမ့်မယ်။

ဌင်းတေးသီချင်းကို ရီရီသည် သာယာငြိမ့်ငြောင်းသော အသံနှင့် မောင်နေဝင်း၏ မျက်နှာကိုကြည့်ရင်း သနားဖွယ်ကောင်းသော မျက်နှာအမူအရာနှင့် ထပ်ကာထပ်ကာ ဆိုလေရာ မောင်နေဝင်းမှာ ရီရီ၏မျက်နှာကိုကြည့်ကာ နားအရသာတို့ဖြင့် တစ်ကိုယ်လုံး တစိမ့်စိမ့်ဖြစ်အောင် ဖမ်းစားခြင်းကို ခံနေရလေ၏။ ဤကဲ့သို့ ရီရီ၏ မျက်နှာကို ကြည့်နေရင်း ရီရီ၏ မျက်လုံးများ၌ ဝဲ၍နေသော မျက်ရည်များကို မြင်ရလေ၏။

ထိုအခါ မောင်နေဝင်းက အံ့အားသင့်လျက် "ရီရီ ဘာပြုလို့ မျက်ရည်တွေ ဝဲနေသလဲ၊ ဘယ်လူ့ကိုများ လွမ်းပြီး သည်သီချင်းကလေးကို ဆိုရတာလဲ" ဟု မေးလေရာ

ရီရီက မောင်နေဝင်း၏ မျက်နှာကို စိုက်၍ကြည့်ကာ "ဩော် ... ကိုနေဝင်းနဲ့ ခုလို ရှေးကချခဲ့တဲ့ ရေစက်၊ ပန္နက်ခဲ့တဲ့ သစ္စာ ဖူးစာဖက်ကြံ့လို့ ဆုံတွေ့ရပြီး ဖူးစာက မရှည်ဘဲ မတော်တဆ အနှောင့်အယှက်ဖြစ်ကာ ကွဲများသွားကြရမယ်ဆိုရင် ရီရီမှာ လွမ်းပြီး အဖော်ကွဲတဲ့ စင်ရော်လို တမျှော်မျှော်တကာ တလွမ်းလွမ်း တဆွေးဆွေး နေရမှာများကိုတွေးပြီး ရင်ထဲမှာ ဘယ်လိုဖြစ်လာမှန်း မသိတာနဲ့ ဒီသီချင်းကို ဆိုမိပါတယ်။ ရီရီမှာ ဘယ်လူမှ လွမ်းစရာ မရှိပါဘူး" ဟု အသံလေး တုန်တုန်နှင့် ပြောလေ၏။

ထိုအခါ မောင်နေဝင်းက "မဟုတ်တာ ရီရီ၊ နိမိတ်မရှိ နမာမရှိတာတွေကို တွေးတွေးပြီး အဆွေးအပူတွေ ပိုနေရပါလိမ့်မလဲ၊ ဖွ ... လွဲပါစေ ဖယ်ပါစေ၊ ရီရီနဲ့ ကျုပ် စပ်ကြားမှာ မကောင်းမကန်း ကြံစည်ကြတဲ့ နတ်ဆိုးနတ်ဝါးများ ရှိကြလျှင် ဘုရားဂုဏ်ကျေးဇူးတော်၊ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်၊ သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးတော်တို့ကြောင့် လွဲပါစေ ဖယ်ပါစေဟု ဆုတောင်းကာ 'ရီရီ မပူပါနဲ့၊ ဘယ်လူ လာနှောင့်ယှက်လို့ ကွဲရမှာတဲ့လဲ၊ တခြားသီချင်းကိုဆိုပါ ရီရီရဲ့၊ ဒီသီချင်းဟာ နိမိတ်မကောင်းပါဘူး၊ ကျုပ် ကြားရတာ ရင်ထဲမှာ ဘယ်လိုဖြစ်ပြီးသွားမှန်း မသိဘူး" ဟု ပြောလေ၏။



ထိုအခါ ရီရီသည် မည်သည့် သီချင်းကိုမျှ မဆိုဘဲ မောင်နေဝင်း၏ မျက်နှာကိုသာ ဆိတ်ငြိမ်စွာကြည့်ပြီး လက်ကို ရေထဲ ချမည်ပြုပြီးမှ မောင်နေဝင်းပြောသော ငါးတန်ကို သတိရပြီး လက်ကိုပြန်ပြီ သိမ်းထုတ်ထားလေ၏။

အတန်ကလေး ကြာသောအခါ အရောင်အမျိုးမျိုးတို့သည် အနောက်ဘက် ကောင်းကင်၌ အတန့်တန့် ခြယ်စပြုရာတွင် တဲနှင့် တည့်သော ကမ်းပါးသို့ရောက်၍ နှစ်ယောက်သား လှေပေါ်မှ ဆင်းပြီးလျှင် တဲရှိရာသို့ စကားမပြောဘဲ ထွက်သွားကြလေ၏။

❑

## အခန်း (၁၇)

နောက်တစ်နေ့ နံနက်အချိန် မိုးခိုသော သစ်ပင်အောက်တွင် မောင်နေဝင်းသည် ရပ်၍နေရာ၊ ရီရီ လျှောက်လာသည်ကို တွေ့ရလေ၏။ ရီရီသည် အနီးအပါး၌ လူသူ အသွားအလာကို ကြည့်ရှုရင်း လမ်းပေါ်တွင် ရပ်၍နေလေ၏။ မောင်နေဝင်းသည်လည်း ရီရီအပါးသို့ ကပ်လာလေရာ ရီရီက "ကိုနေဝင်း ကျွန်မ သည်ကနေ့ အလည်လာတာ မဟုတ်ပါ၊ ကိစ္စနှင့် လာပါတယ်၊ လူသူမြင်လျှင်လည်း တော်မည်မထင်ပါ၊ ရှင် အခုနေတဲ့ နေရာမှာ နေပါ၊ ရှေ့ကို တစ်လှမ်းတိုးလာလျှင် ရီရီ အခုချက်ချင်း ပြန်သွားရလိမ့်မယ်" ဟု ပြောလေရာ မောင်နေဝင်းသည် အံ့အားသင့်လျက် "အလို ဘယ်လိုများ ဖြစ်လာပြန်ပါလိမ့်မလဲ၊ ရီရီ စိတ်ပြောင်းသွားလေပြီလား၊ ငါ့မှာ ဘယ်လိုအပြစ်များ ရှိပါလိမ့်မလဲ၊ ငါ့ကို စိတ်ဆိုးသလား" ဟု တွေးတောကာ ရပ်လျက် ရီရီ၏မျက်နှာကို ကြည့်၍နေလေ၏။ ရီရီသည် ဆိတ်ငြိမ်စွာ မောင်နေဝင်းကို ကြည့်၍ နေလေ၏။

မောင်နေဝင်းသည် တစ်အောင့်ကလေး ရပ်ပြီးမှ "ရီရီ ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ" ဟု အံ့အားသင့်သော အမူအရာနှင့် မေးလေ၏။

ရီရီက "ကမ္ဘာပေါ်မှာ အပြစ်မရှိဘူးဆိုတဲ့ လူဟူသမျှကို ရီရီအနား ကပ်ခံရမလား" ဟု ဣန္ဒြေနှင့် ပြန်ပြောလေ၏။



မောင်နေဝင်းက "နို့ ဘယ်ကိစ္စနှင့် လာပါသလဲ ရီရီရဲ့" ဟု မေးလေ၏။ ရီရီက "ကိုနေဝင်းကို တွေ့ချင်လို့ လာတာပါ" ဟု ပြောလေရာ၊ မောင်နေဝင်းက "တွေ့ပါပြီ အဘယ်အကြောင်းကို အမိန့်ရှိချင်ပါသလဲ၊ အဘယ်ကိစ္စကို ဆောင်ရွက်စေချင်ပါသလဲ၊ ရီရီအတွက် တာဝတိံသာကို တက်ပြီး စစ်တိုက်ရမလား၊ ငရဲပြည်ဆင်းပြီး စစ်ခင်းရမလား အမိန့်ရှိပါ၊ အခုချက်ချင်း ဆောင်ရွက်ဖို့ရန် အသင့်ရှိပါတယ်" ဟု ပြောလေ၏။

ရီရီသည် ပြုံးရယ်လျက် မောင်နေဝင်းကို ကြည့်ပြီးနေခိုက်တွင် အနီးရှိ ချုံတစ်ခု လှုပ်ရှား၍ သွားသည်ကို မြင်ရသဖြင့် ထိတ်ခနဲ လှည့်၍ ကြည့်လေရာ၊ တစ်စုံတစ်ရာကို မတွေ့သဖြင့် လေများ တိုက်လို့ထင်ပါရဲ့ ဟု အောက်မေ့ကာ ...

"ကိုနေဝင်းကို စစ်တိုက်ခိုင်းမလို့ လာတာ မဟုတ်ပါဘူး၊ အခု ရီရီ ရန်ကုန်ကို ပြန်ရပါတော့မယ်၊ ရန်ကုန် ကံတိုမင်မှာရှိတဲ့ အိမ်ကလူများကို စွန့်ခွာရန် ရီရီ နို့တစ်ပေးထားတာ တစ်လ ရှိပါပြီ၊ အခု သူတို့ ဆင်းကြပြီထင်တယ်" ဟု ပြောလေ၏။

မောင်နေဝင်းက "ရီရီ ဘယ်တော့သွားမှာလဲ၊ ရီရီ သွားရင် ကျုပ် ဘယ်ကို သွားရပါမလဲ" ဟု စိတ်အားထက်သန်စွာနှင့် ပြောလေ၏။ ရီရီက "နက်ဖြန်ခါကို ရီရီ သွားတော့မယ် ကိုနေဝင်း၊ ဘယ့်နှယ် သဘောရသလဲ ဆိုတာ တိုင်ပင်ဖို့ လာပါတယ်"

မောင်နေဝင်းက "ကျုပ် ဘယ်လို သဘောရမလဲ မပြောတတ်ဘူး၊ အခုလိုနေတာဖြင့် အင်မတန်ကောင်းတာပဲ"

ထိုအခါ ရီရီသည် အတန်ကလေးကြာစွာ စဉ်းစားပြီး "သည်လိုပါ ကိုနေဝင်းရဲ့၊ ရီရီ မသွားဘဲ မနေနိုင်ဘူး၊ သည်အရပ်မှာနေရင် ကိုနေဝင်းနဲ့ ရီရီ တွေ့ရတာ အင်မတန် ခက်ပါတယ်၊ မြို့ကလေးကလည်း အင်မတန် ငယ်လေတော့ လူသိလူမြင် အလွန်တရာမှများသည့်ပြင် မြို့အုပ်ကလည်း ဘယ်လိုကြံစည်မယ်ဆိုတာကို မသိရပါ၊ ရန်ကုန်မှာပြန်ပြီး ရီရီ ကိုယ်ပိုင်

တိုက်မှာ နေရရင် ဘယ်သူ့အနှောင့်အယှက်ကိုမှ မတွေ့ရဘဲ ကိုနေဝင်းနဲ့ ရီရီမှာ ပိုပြီး လွယ်ကူချောင်ချိပါလိမ့်မယ်"

မောင်နေဝင်းက "ကျုပ်မှာ လွယ်ကူချောင်ချိဖို့ မရှိပါ။ ရန်ကုန်ကို ကျုပ် ဘယ်အခြေအနေနဲ့ သွားပြီးနေရမှာလဲ၊ ကျုပ်မှာ အလုပ်မရှိသေးဘူး၊ ရီရီ စိတ်ထဲက ဘယ်လိုများ အကြံရှိထားပါသလဲ" ဟု ပြောလေ၏။ ရီရီက "စိုးရိမ်စရာ မရှိပါဘူး ကိုနေဝင်းရဲ့၊ ရီရီ ကြည့်ပြီး စီစဉ်ပါမယ်၊ ရီရီနဲ့ ကိုနေဝင်း အတူတူသွားလို့တော့ မဖြစ်ဘူး၊ သူများတွေက တောင်တောင်မြောက်မြောက် ပြောကြပါလိမ့်မယ်။ သည်အတွက် ရီရီ နက်ဖြန်ကို သွားမယ်၊ ကိုနေဝင်းက နောက်တနင်္ဂနွေ တစ်ပတ်လောက်ကြာရင် လိုက်လာတာပေါ့၊ ဟော့ဒီဟာ ရီရီရဲ့ အိမ်နံပါတ်ပါပဲ ယူထားပါ မပျောက်ပါစေနဲ့" ဟု ပြော၍ စက္ကူကလေးကို ပေးလေ၏။ မောင်နေဝင်းလည်း စက္ကူကလေးကို ယူ၍ထားလေ၏။

မောင်နေဝင်းသည် ရီရီ၏နှုတ်မှ ထိုစကားကို ကြားရသောအခါ မိမိ၏နားကိုမှ မယုံကြည်။ ရီရီ ငါ့ကို ကစားလေသလား၊ အို ... ကစားတာ မဟုတ်တန်ပါဘူး။ ရီရီနဲ့ ကံတိုမင်မှာ မည်သူ့ကိုမှ မကြောက်ရဘဲ အထင်ကရ တွေ့ရကြုံရ နေချင်သလို နေရမယ် ဆိုပါကလား၊ အမယ်မင်း ကြားရတာ နားဝမှာ ချိုလိုက်ပါဘိတော့တယ်၊ ဟဲ့ နေဝင်း နင် ဆင်းရဲသမျှဘဝတွေဟာ အခုဖြင့် အဆုံးသတ်ပြီ၊ တစ်ခါဖြင့် နတ်ပြည်ကို ရောက်ရချေသေးရဲ့ဟု တွေးတောကာ မောင်နေဝင်း၏စိတ်သည် ရင်ခေါင်းထဲ၌ "ကြက်ဖတိန်ညင် တောကိုဝင်၊ မောင်ရင်လာ လေးနဲ့ပစ်၊ မပစ်ပါနဲ့ မောင်ရင်ရယ်၊ ကြက်တက်စူးလို့ သေပါ့မယ်၊ ဘယ်ဘက်ကစူးစူး ညာဘက်က စူးစူး၊ ခွပ်လိုက်ကြစို့ သူငယ်ချင်း အောက်အစ်အီးအွတ်" ဟု အတောင်ခတ်ကာ တဖျပ်ဖျပ်နေလေ၏။

ထို့နောက် "ရီရီ အဟုတ်ပဲလား၊ ရီရီ ကျုပ်ကို လှောင်ပြောင်ကစားတာလား။ ကျုပ် ရန်ကုန်မှာ ရီရီကို ခဏခဏ တွေ့ရမလား။ ရန်ကုန်ကျ



တော့ တစ်မျိုး ဖြစ်နေမှာလား။ ဟိုက (ဘိအေ) တွေ၊ ဟိုက စစ်သားတွေ၊ သည်က ဝန်ထောက်သားတွေနဲ့ တွေ့မှဖြင့် ကျုပ်ကို လက်ခံနိုင်ပါ့တော့မလား ရီရီရဲ့။ စိတ်ကိုနိုင်မှ ပြောပါ၊ မနိုင်ဘဲနဲ့ ကတိထားပြီး နောက်များ တစ်မျိုးဖြစ်ရင် ကျုပ် အသက်ရှင်တော့မယ် မဟုတ်ဘူး ရီရီရဲ့" ဟု ပြောလေ၏။

ရီရီက "ကိုနေဝင်းကလည်း သည်စကားတွေကို ပြောဖို့အခါ မဟုတ်ပါဘူး၊ စိတ်သာချပါ၊ ရီရီ သည်မှာနေရတာ ကိုနေဝင်းနဲ့ တွေ့ဖို့ရန် အင်မတန် ခက်ပါတယ်။ သည်အတွက် ကိုနေဝင်းကို သနားပြီး ရီရီ ရန်ကုန် သွားဖို့ကြံတာပါ"

နေဝင်းက "မတော်တဆ ရန်ကုန်သွားမလေး ဘာလေးနဲ့ပြောပြီး ငယ်ငယ်တုန်းကလို ထားဝယ် ထွက်သွားပြီး သတင်းစကားကိုမှ မကြားရရင် ဟောသည်ငနဲမှာ ဖားပြီး ကျန်ရစ်ပါလိမ့်မယ်" ဟု ရင်ကို လက်နှင့် သပ်ကာ ပြောလေ၏။

ရီရီက "မပူပါနဲ့ ကိုနေဝင်းရယ်၊ ကိုနေဝင်းမှာ စရိတ်ရှိမှာ မဟုတ်ကြောင်းကို ရီရီသိလို့ ရီရီ ယူလာခဲ့တယ်" ဟု ပြောကာ အင်္ကျီအတွင်းအိတ်ထဲက ငွေစက္ကူ တစ်ရာတန် ငါးချပ်ကို ထုတ်ပေးလေ၏။

မောင်နေဝင်းက "အို မလိုချင်ပါဘူး ရီရီရယ်၊ ကျေးဇူးတင်လှပါပြီ။ ကျုပ်ကို သိုက်တူးသမားအချို့လို မှတ်လို့လား၊ ရန်ကုန်ကိုလာဖို့ စရိတ်လောက်တော့ ကျုပ်မှာ ရှိပါတယ်၊ ရီရီ့ငွေစက္ကူကို ဘာလုပ်ရှုမှာတဲ့လဲ"

ရီရီက "ကိုနေဝင်း ရန်ကုန်ရောက်တော့ သည်အဝတ် သည်အစားနဲ့ မြို့ထဲမှာ သွားလာနေရင် ပုလိပ်က လူဆိုးထင်ပြီး ဖမ်းလိမ့်မယ်။ ကိုနေဝင်း မရှက်ဘူးလား၊ ယူသာယူပါ၊ မယူရင် ရီရီ စိတ်ဆိုးရလိမ့်မယ်။ ကိုနေဝင်း စုတ်စုတ်ပြတ်ပြတ်နဲ့ လာတာကို ရီရီက ဆီးပြီး အသိလုပ်ဖို့ရန် အင်မတန် ခက်ပါလိမ့်မည်။ ရီရီမှာလည်း ဂုဏ်ရှိအောင်၊ ကိုနေဝင်း ပြောင်ပြောင်လက်လက် လာပါ။ ကိုနေဝင်း လှလှပပ လာတာကို ရီရီ မြင်ချင်

လွန်းလို့ပါ" ဟု ပြောလေရာ မောင်နေဝင်းသည် မယူချင့်ယူချင်နှင့် အင်တင်တင်ပြုကာ ရှက်ကိုးရှက်ကန်းနှင့် ယူရလေ၏။

ထို့နောက် အခြား တစ်ရာတန် ငွေစက္ကူသုံးချပ်ကို ထုတ်ပြီးလျှင် "ကိုနေဝင်းကို ကြည့်ရှုထားတဲ့ တံငါသည် မိန်းမကြီးနဲ့ ယောကျ်ားကြီးကို သည်ငွေသုံးရာကျပ် ပေးပါ၊ ရီရီ သွားပြီလို့လည်း နှုတ်ဆက်လိုက်ပါ" ဟု ပြောပြီး ငွေစက္ကူများကို ပေးလေရာ မောင်နေဝင်းသည် ယူထားလိုက်လေ၏။

ထိုနောက် ရီရီသည် လက်သူကြွယ်၌ ဝတ်ထားသော စိန်လက်စွပ်တစ်ကွင်းကို ချွတ်လေရာ မောင်နေဝင်းက မျက်လုံးမျက်ဆန်ပြူးလျက် "ရီရီ ဘာလုပ်မလို့လဲ မလုပ်ပါနဲ့။ ရီရီ သည်လိုလုပ်ရင် အခု ကျုပ်ထွက်ပြီး ပြေးရပါလိမ့်မယ်" ဟု ပြောဆလေ၏။

ရီရီသည်ကား မောင်နေဝင်း၏ စကားကို မကြားဘဲ လက်စွပ်ကိုသာ ချွတ်ပြီးလျှင် မောင်နေဝင်းအား လှမ်းပေးလျက် "သည်လက်စွပ်ကိုလည်း ဝတ်ခဲ့ပါ။ ရှင် ဟန်ဟန်ပန်ပန်လာရင် ရန်ကုန်မှာ ရီရီနဲ့ ကိုနေဝင်း ပြောတိုင်းဖြစ်ပါတယ်။ ယူပါရှင် ... ယူရမယ် စကားမများပါနဲ့။ စိန်လက်စွပ်ကလေး တစ်ကွင်းတလေလောက်မှ မပါရင် လူထဲကို ရှင် ဘယ်နှယ့်လုပ်ပြီး ဝင်မလဲ၊ ရီရီက ကိုနေဝင်းကိုမြင်လျှင် ဘယ်လို ဆီးပြီး နှုတ်ဆက်ရမလဲ" ဟု မောင်နေဝင်း မငြင်းဆန်နိုင်အောင် အတည်ပြော၍ အတင်းပေးလေရာ မောင်နေဝင်း၏ စိတ်သည် ယူတော့မည် အကြံပြုပြီးမှ မိမိ၏ လက်ကို ပြန်၍ ရုပ်သိမ်းလျက် "ရီရီ၏ စိန်လက်စွပ်ကို ကျုပ် အလိုမရှိသေးပါ။ စိန်လက်စွပ်ကိုဖြင့် သည်းခံပါ ရီရီရဲ့။ မယူပါရစေနဲ့" ဟု ပြောလေရာ၊ ရီရီက "ယူပါ ... ရီရီကိုချစ်ရင် ရီရီပေးတာကို မငြင်းပါနဲ့၊ ရီရီမှာ ရှိသမျှဟာ ကိုနေဝင်းဥစ္စာ ဖြစ်ကြောင်းကို မနေ့က ရီရီ ပြောပြီး ဖြစ်ပါတယ်၊ ကိုယ့်ဟာလို သဘောထားလိုက်ပါ" ဟု ပြောကာ အတင်းပေးလေရာ၊ မောင်နေဝင်းသည် ဝင်းထိန်တောက်ပသော အဖိုးတန် စိန်လက်စွပ်ကိုလည်း



ယူရပြန်လေ၏။ ထို့နောက် ရီရီက "ကိုနေဝင်း ရီရီ လာရင်းဖွဲ့ကိစ္စလည်း ပြီးပြီ။ ဟိုငွေများကိုသာ သွားပြီးပေးပါတော့။ ရီရီ ပြန်တော့မယ်" ဟု ပြောပြီး လှည့်၍ ပြန်သွားလေ၏။ မောင်နေဝင်းသည် စိတ်လက်ပေါ့ပါးစွာ အတောင်ပေါက်သော ငှက်ပမာလို တဲရှိရာသို့ လျင်မြန်စွာ ပြန်သွားပြီးလျှင် တံငါသည် ကိုဘိုးမင်းနှင့် မပုတို့အား ငွေသုံးရာကို ထုတ်ပေးလေရာ အံ့အားသင့်၍ နေကြလေ၏။ မောင်နေဝင်းက အကျိုးအကြောင်းကို ပြောပြလေရာ လွန်စွာ ကျေးဇူးတင်ကြလျက် နက်ဖြန်နံနက် ရီရီကို လိုက်၍ပို့ရင်း နှုတ်ဆက်ရန် အကြံပြုကြလေ၏။

မောင်နေဝင်းက မိမိလည်း နောက် တနင်္ဂနွေ တစ်ပတ်ကြာရင် ရန်ကုန်သို့ သွားရတော့မည် အကြောင်းကို ပြောပြလေရာ တံငါသည် လင်မယားက တစ်ယောက်ကို တစ်ယောက် ပြုံးရယ်ကာ ကြည့်ကြလျက် မောင်နေဝင်းကို အကဲခတ်ကာ နေကြလေ၏။ မောင်နေဝင်းသည်ကား အကျိုးအကြောင်းရှိသမျှကို အနေခင့်အယုက်များကြောင်း၊ မြို့အုပ်မောင်ဖုန်းကျော်ကလည်း တိတ်တဆိတ် ကြံစည်နေဟန် ရှိကြောင်းများကို ပြောပြလေရာ၊ တံငါသည် လင်မယားက အထမြောက်ပါစေ၊ ကိစ္စချောပါစေ ဟူသော ဆုကို တောင်းကြလေ၏။

❑

## အခန်း (၁၈)

ရိရိသည် ထန်းတစ်ပင်မြို့မှ ရရှိခဲ့သော အစေခံ မိန်းကလေး နှစ်ယောက်နှင့် ကံတိုမင် ရပ်ကွက်ရှိအိမ်၌ တစ်ကိုယ်တည်း နေရှာလေ၏။ မောင်နေဝင်းသည် တနင်္ဂနွေ တစ်ပတ်ကျော်ကျော်လောက်ကြာလျှင် မိမိထံသို့ ရောက်တော့မည်။ သားနားခံ့ညားစွာ အဝတ်အစား ပြောင်ပြောင်လက်လက်နှင့် လာသော မောင်နေဝင်းကို အဘယ်ပုံ ဆီး၍ ခရီးဦးကြိုရမည်ဟု အကြံထုတ်၍ နေလေ၏။

နံနက်မိုးလင်းလျှင် မောင်နေဝင်းလာမည့် တစ်ရက် နီး၍ လာပြီး ညနေဝင်လျှင် မောင်နေဝင်း လာလုနီးပြီ၊ ည၌အိပ်ရာဝင်လျှင် မောင်နေဝင်း ရောက်လာတော့မည်လိုလို မိမိ၏ စိတ်၌ နေ့ရောညရော တွေးတောကာ နေရှာလေ၏။ ယင်းကဲ့သို့ မျှော်ရောင်ဇောနှင့် ကိုယ်စိတ်နှစ်ပါးမော၍ နေရလေရာ၊ မိမိကိုယ်ကို လှပအောင် မပြုပြင်နိုင်ပေ။ နေ့စဉ် အိပ်ရာ၌ လှိမ့်ကာ စောင်းကာ မနက်စာ ညစာ စားရုံမျှအတွက်သာ အိပ်ရာမှ ဆင်းလေ၏။

ညနေအချိန်များ၌ အိမ်ပေါ်ကဆင်းပြီးလျှင် ကျယ်သောပန်းခြံကို လှည့်လည် ကြည့်ရှုကာ ပန်းကလေးများနှင့် တစ်ကိုယ်တည်းကြိတ်ကာ စကားပြောလျက် ဟောဟို ပန်းရုံကလေးဟာ ကိုနေဝင်းနဲ့ ငါ နှစ်ယောက်ထဲ



ညအခါမှာ စကားပြောဖို့နေရာ၊ ဟောဒီ ပန်းအုံကလေးဟာ နေ့လယ်အခါ ကိုနေဝင်းနဲ့ ငါနဲ့ နှစ်ယောက်တည်း လက်ဖက်ရည် သောက်ဖို့နေရာ၊ မင်းတို့ ရွှေနွယ်ပန်းကလေးတွေက ဟောဒီနေရာမှာ ကြိုးစားပြီး စောင့်ကြဦးကွယ့်၊ ကိုနေဝင်းလာမှ မင်းတို့ကို မမ ယူပြီး နဖူးမှာတင်မယ်။ မင်းတို့ စံပယ်ပန်းများကလည်း စိတ်ငယ်ပြီး မနေကြနဲ့။ ရိရိမှာ စိတ်များလို့ ခဏခဏ မနမ်းအားဘူးကွယ့်၊ မင်းတို့သခင် အိမ်ကိုရောက်မှ ဝဝကြီး နှစ်ယောက် ပြိုင်နမ်းပါ့မယ်၊ ဟဲ့ မုန်းစရာကောင်းတဲ့ ဂမုန်းညှော်လာ ဘယ့်အတွက် သူလာအောင် နင် မြန်မြန် မလုပ်သလဲ စသည်ဖြင့် တစ်ကိုယ်တည်း အရူးပမာ အချစ်ရောဂါ အဆိပ်ဖမ်းသလို စိတ်ထဲမှာ ပရမ်းပတာဖြစ်လျက် အရမ်းတွေးတောကာ နေရှာလေ၏။

တစ်ရံတစ်ခါ ယင်းသို့တစ်ကိုယ်တည်း လှည့်လည်ကြည့်ရှု တွေးတောနေရာမှ အိမ်ပေါ်သို့ ပျာယီးပျာယာ တက်ပြီးလျှင် အိမ်ရှေ့ဧည့်ခန်း၌ ရှိသော ပီယာနိုကိုခေါက်ကာ မိမိ တတ်သမျှ မှတ်သမျှသော တေးသီချင်းများကို အလွမ်းအဆွေးပါပါ ချိုအေးစွာ ဆိုလေ့ရှိ၏။

ရိရိသည် ထိုကဲ့သို့ တစ်နေ့ပြီးတစ်နေ့ ကုန်လွန်စေလေရာ ချိန်းချက်သောရက်သည် တဖြည်းဖြည်း နီးကပ်၍ လာလေ၏။ ထိုအခါ ရိရိ၏ စိတ်သည် နေအာရုံကို မျှော်ကာ အာတော့မည့် ပန်းခွာညိုလို လေပြည်တည်းဟူသော တွေးတောချက်နှင့် သိမ့်သိမ့်ခါ၍ နေရှာလေသတည်း။

နောက်တစ်နေ့ ချိန်းရက်ကို ရောက်သောအခါ ရိရိမှာ နေရောင်ခြည်ပေါ်စ မြူးပျော်ကာ ပျံသန်းလူပ်ရှား အမွေးအတောင်ကို နှုတ်သီးနှင့် သကာ၊ အတောင်ပံကို တဖျပ်ဖျပ်ခါသော ငှက်မကလေးကဲ့သို့ မိမိ၏ ကိုယ်ကို သကာ မှိုရတဲ့မျက်နှာလို နံနက် အိပ်ရာမှ ထလျှင်ထချင်း အိမ်ပေါ်က အောက်ကိုဆင်း၊ အောက်က အိမ်ပေါ်ကိုတက်၊ ပြတင်းတံခါးတွေကို စောစောနှိုး၊ စားဖွယ်သောက်ဖွယ် အမျိုးမျိုးချက်ဖို့ရန် လက်ဆွဲအိတ်ကလေးထဲမှာ ရှိသမျှ ငွေတွေကို သွန်မှောက်ကာ ပေးပြီး ဈေးကို

ပြေးဖို့ မြန်မြန်ခိုင်းသည့်ပြင် လွန်စွာ ကြည်လင်ရွှင်ပျ သာယာလှစွာသော မျက်နှာထားကြောင့် အစေခံမကလေးမှာ မိမိတို့၏ သခင်မကို အချစ်တိုးလျက် ဈေးဖိုးကို အတိုးယူကာ ဖန်လက်ကောက် ကြိတ်ဝယ်ရန် တိတ်တဆိတ် တိုင်ပင်ကြလေ၏။

ယင်းကဲ့သို့ အမျိုးမျိုး ပြင်ဆင်၍ ပန်းပင်များမှာလည်း မိမိနှင့် အလားတူစွာ ရွှင်လန်းသော လက္ခဏာဖြင့် လေပြည်တွင် လှုပ်ရှားကာ သင်းပျံ့မွှေးကြိုင်သော အနံ့အရသာတို့ကို အပြင်သို့ပြန်ထွက်အောင် ကာ၍ ထုတ်ကြသလို အသက်ဝင်သကဲ့သို့ ဖြစ်နေသည်ကို ကြည့်ရှုကာ ပြတင်းပေါက်ကို မှီ၍ မွှေးကြိုင်သော အနံ့တို့ကို ရှူရှိုက်လေ၏။ အရှေ့ဘက် ကောင်းကင်၌ကား ကြက်ဥပုပ်ရောင် အဆင်းပမာ ဖြူပြာပြာရှိသော ကောင်းကင်သည် တိမ်အောက်တွင် ပုန်းခိုကာနေသော နေမင်းကို သိသာစေ၏။ အထက်ကောင်းကင် ဗဟိုရ်ပိုင်း၌မူ၊ အနောက်တောင်ထောင့်မှ တက်လာသော တိမ်နက်တိမ်မည်းတို့၏ အစွမ်းဖြင့် မည်းတစ်ချက် ညိုတစ်ချက် တစ်ကွက်တစ်ကွက်မှာသာ ကြိုကြားကြိုကြား ဖြူ၍နေလေ၏။ တစ်ရံတစ်ခါ ဖမ်းစားအုပ်ဖုံးသော တိမ်ပုပ်တိမ်ခဲများ၏ အောက်မှ လေသာပြတင်းပေါက် ဖွင့်၍လာသလို နေမင်းသည် ပထဝီ မြေမျက်နှာကို လက်ဖြာသော ငွေရောင်ဖြင့် ရိုက်သန်းလိုက်လေ၏။ ထို့နောက် တိမ်ယံ တံခါးပြတင်းများ ပိတ်သွားသကဲ့သို့ လည်းကောင်း၊ ဖြူဝင်းတောက်ပသော ငွေသားမှာ တိမ်ညိုတိမ်သားတွေ စွန်းကွက်လျက် အရောင်အဆင်း မလက်ဘဲ ညိုမည်း၍ သွားသကဲ့သို့ လည်းကောင်း ဖြစ်သွားလေ၏။

ထိုအခါ ရီရီသည် လူတို့ အသက်ရှင်ရသော ဘဝကို တွေးမိလေ၏။ သူတို့၏ ဘဝသည် မိုးဥတုနှင့် လွန်စွာတူ၏။ ထို မိုးဥတု၌ မိုးသားတိမ်တိုက်တည်း ဟူသော ငြိုငြင်ဆင်းရဲ မှောင်ခဲ့မှောင်တိုက်တို့သည် လူသတ္တဝါတို့၏ စိတ်တည်း ဟူသော နေရောင်ပေါ်သို့ မကြာခဏ ဖုံးလွှမ်း၍ လာကြ၏။



ထိုကဲ့သို့ ဖုံးလွှမ်းအုပ်မည်ဖြစ်သော သောကတိမ်ခဲတို့ကို ကြိုတင်၍ မမြင်၊ ရွှင်လန်းခြင်းတည်း ဟူသော ရောင်ခြည်ကို အခွင့်သာသည့်အတိုင်း ပေါ်ထွက်စေ၏။ ဤနေမင်းသည် လှိုင်းတံပိုးကို မချိမဆံ့ ဖြတ်သန်း၍ လာသော သင်္ဘောကြီးပမာ လှိုင်းဂယက် မိုးတိမ်တို့အထဲတွင် အားခဲ၍ လာရှာပေသတည်း စသည်ဖြင့် တွေးတောရင်းကောင်းကင်ကို မော့ကာ ပြတင်း တံခါးကို မေးထောက်လျက် နေလေ၏။

ထို့နောက် ရီရီနှင့် မောင်နေဝင်းတို့ ချစ်စခင်စ ကြင်နာစမှာ တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်ကာ လောက၌ မည်သည့် အရာကိုမျှ တပ်မက်ခြင်း မရှိလောက်အောင် အပျော်ကြီး ပျော်နေကြသည့် အထဲတွင် အဘယ်သို့သော တိမ်တိုက်များသည် ဝင်ရောက်ကာ ချမ်းသာခြင်းတည်း ဟူသော စိတ်၏အလင်းကို ဆို့ပိတ်ကွယ်ကာခြင်း ပြုလာပေမည်နည်းဟု တွေးတောလျက် များစွာ ချောက်ချား တုန်လှုပ်ခြင်းသည် စိတ်ထဲတွင် ဖြစ်ပေါ်၍လာလေရာ မျက်နှာညှိုးမှိန်၍ သွားလေ၏။

ထို့နောက် "အင့်ဟင် ... ငါ့ဘယ့်နှာတွေ တွေးပါလိမ့်မလဲ၊ ငါ့မှာ ရတနာ ရွှေငွေ အပြည့် ရှိ၏။ ငါ့အပေါ်၌ ချုပ်ချယ်ခြင်းကို မည်သူမျှ မမြင်နိုင်၊ ငါ့ကို ချစ်သောသူနှင့် ငါသည် သဘောရှိ ကြည်ဖြူစွာ နေနိုင်၏။ မည်သူသည် ငါ့ကိုလာ၍ နှောင့်ယှက်နိုင်ပါမည်နည်း။ ကိုနေဝင်း ယနေ့ပဲ ရောက်တော့မယ်၊ ကိုနေဝင်းအား ငါနှင့်တကွ ငါ၏ပစ္စည်း ရှိသမျှတို့ကို လွှဲအပ်ရတော့မယ်၊ ကိုနေဝင်း အင်မတန် ရဲရင့်တဲ့လူ၊ အင်မတန် ဖြောင့်မတ်တဲ့လူ၊ အင်မတန် သစ္စာရှိတဲ့လူ၊ ယောကျ်ား ပီသတဲ့လူ ဖြစ်သူမို့ ကိုနေဝင်း ရောက်လာရင် မြင်းမိုရ်တောင်ကြီးသဖွယ် ငါ အားကိုးရတော့မည်" စသည်ဖြင့် တွေးတောကာ မျက်နှာသည် ရွှင်လန်း ကြည်လင်၍ လာလေ၏။

သို့သော်လည်း မောင်နေဝင်းသည် မပေါ်လာသေးချေ။ ရီရီသည် ရှစ်နာရီထိုးသောအခါ ကလေးမများ ပြန်၍ လာကြသဖြင့် မိမိကိုယ်တိုင် မီးဖိုထဲသို့ဝင်ပြီး မိမိကိုယ်တိုင် စီမံချက်ပြုတ်၍ နေလေ၏။ ထိုကဲ့သို့

ချက်ပြုတ်နေခိုက်တွင် အိမ်ရှေ့၌ ကြောင်ကလေး ပြေးလွှားကူးသန်းသော အသံတို့ကို ကြားသည့်အခါတိုင်း ရင်ထဲမှာ ထိတ်ခနဲဖြစ်ပြီး အပြင်ကို ထွက်ကာ လာ၍ ကြည့်ရလေ၏။

ဆယ်နာရီခန့် အချိန်သို့ ရောက်သောအခါ ချက်ပြုတ်၍ပြီးသဖြင့် ကိုနေဝင်းလာရင် အသင့်တည်ခင်း ကျွေးမွေးရန် ပြင်ဆင်ပြီးထားပြီးလျှင် မျှော်မြဲတိုင်း အမျှော်ဆိုက်ကာ နေလေ၏။ သို့ မျှော်၍နေရာ နာရီလက်တံ မဆုတ်မဆိုင်းဘဲ အစဉ်တစိုက်သွားလေရာ၊ ခွဲချည်ထိုးချည်နှင့် နာရီများ ကုန်လွန်လေ၏။ မွန်းလွဲ အချိန်သို့ ရောက်လာသော်လည်း မောင်နေဝင်း မပေါ်လာသဖြင့် ရီရီမှာ ထမင်းကိုလည်း မစားနိုင်၊ ထိုင်ချည် ထချည်၊ ဆင်းချည် တက်ချည်နှင့် နေရှာလေ၏။ အခန်းထဲသို့ ဝင်၍ ခုတင်ပေါ်တွင် မိမိ၏ ပျော့ပျောင်းသော ကိုယ်ကိုပစ်ကာ လှဲလေ၏။ အတန်ကြာသောအခါ အိပ်ရာမှ ထကာ ကပိုကရိုဖြစ်သော ဆံပင်များကို မှန်၌ကြည့်ကာ ပြုပြင်၍ မျက်နှာပေါ်၌ ပေါင်ဒါများကို ထပ်ကာရိုက်လေ၏။ ၃ နာရီ ထိုးသော်လည်း မောင်နေဝင်း ပေါ်မလာ၊ ၄ နာရီ ထိုးသော်လည်း မောင်နေဝင်း မရောက်လာ၊ ၅ နာရီ ထိုးသော်လည်း ပြတင်းပေါက်မှ မေးထောက်ကာ အနောက်ဘက်သို့ မျှော်လိုက်လေရာ၊ ကောင်းကင်၌ မြူတိမ်များစင်ပြီးလျှင် မိုးဝဠာတစ်ပြင်မှာ တောက်ပသော ကြေးနီပြားကြီးကို ထပ်တင်၍ ထားသလို ဝင်းဝါ၍ နေလေ၏။ မောင်နေဝင်းသည်ကား မပေါ်လာသဖြင့် ရီရီသည် ညှိုးငယ်သော မျက်နှာနှင့် ပြတင်းပေါက်ကို မေးထောက်ကာ မှီ၍ နေလေ၏။

ဝင်းထိန်တောက်ပသော ရောင်ခြည်သည်ကား တစ်စတစ်စ မှေးမှိန်၍ ဖျော့သော အဆင်းသည် ပထဝီမြေပေါ်သို့ ဖြန့်၍ နေလေရာ အဆင်းရောင်ဖြင့် မှေး၍ သွားကြလေ၏။ ရီရီ၏ ဦးခေါင်း၌ ထိုးစိုက်ထားသော နှင်းဆီ ပန်းကလေးများမှာလည်း ပျော့ဖပ်ဖပ်ဖြစ်ကာ ဦးခေါင်းမှ ကျွတ်၍ ကြလေ၏။ အတန်ကြာသောအခါ ၆ နာရီ အချိန်သို့ ရောက်၍ လေများကျလာပြီးလျှင်၊ နေကွယ်၍ သွားပြီးနောက် မိုးရွာ၍ လာလေ၏။ မောင်နေဝင်းသည်ကား ထိုနေ့၌ မပေါ်လာသည်မှာ ထင်ရှား သိသာပေတော့သတည်း။



ထိုညဉ့်၌ မှောင်ထဲတွင် ခြံထဲ၌ရှိသော ဘင်္ဂလားသရက်ပင်၊ မရန်းပင်၊ စကားဝါပင် စသည်တို့သည် မကြာခဏ ဝှေ့ယမ်း၍ လာသော လေထဲတွင် ဝှေ့ကာသိမ်းကာ ယိမ်းယိုင်ကာ နေကြလေ၏။ ၎င်း သစ်ပင်တို့၏အောက်၌ ပန်းရုံ ပန်းအုံတို့၏ အကြားတွင် ဆံပင်ကိုဖြန့်ကာ ရီရီသည် ကုလားထိုင်တစ်ခုပေါ်တွင် တစ်ကိုယ်တည်း ထိုင်၍ နေလေ၏။ များမကြာမီက ရွာသောမိုးကြောင့် စွတ်စိုသော မြက်များသည် ဖိနပ်စီး၍ ထားသော ရီရီ၏ ခြေခုံကို မိမိတို့၏ အေးမြသော အညွန့်များနှင့် စမ်းသပ်ကြ၏။ ရီရီသည်ကား ၎င်းတို့ကို သတိမထားမိချေ။ မိုးဖွဲ ရေမှုန်များကို လွင့်စဉ်စေသောကြောင့် အေးမြသော လေပြင်သည် သွေ့ခြောက်လျက် နေလေ၏။ မိမိ အထက်၌ ဖွင့်၍နေသော အိမ်ပြတင်းပေါက်မှာ မွှေးကြိုင်သော လေကို အတွင်းသို့ သောက်ယူကာ နေလေ၏။ ထိုပြတင်းပေါက်၏ အောက်၌ တိုက်နံရံကို နွယ်၍တက်သော ပန်းပင်များမှာ မှောင်ရိပ်တွင် ကွေ့ကွေ့ကောက်ကောက် ပြောက်ပြောက်ကျားကျား ထွေးကာရစ်ကာ နေကြလေ၏။

ရီရီသည် မိမိ၏ ဆိတ်ငြိမ်သောအိမ်နှင့် မိမိ၏ ဆိတ်ငြိမ်သော ခြံကို ငြိမ်သက်သော မျက်လုံးများဖြင့် ရှုစားကာ ညှိုးငယ်သော သဏ္ဍာန်ကို မြင်ရလျက် သက်မကြီး ချလိုက်လေ၏။ ကိုနေဝင်း ဘာပြုလို့ မပေါ်လာပါလိမ့်မလဲဟု ညည်းညူကာ တမ်းတလျက် မျက်ရည်ကလေးများ လည်၍လာ၏။ ဤ ဆိတ်ငြိမ်သောအိမ်သည် အဘယ်သောအခါ၌ ဝင်းထိန် တောက်ပ ရွှင်လန်းသော အဖြစ်သို့ ရောက်ရပေမည်နည်း။

ရီရီ၏ ဖခင်သည် ထိုအိမ်ကို ဝယ်ပြီးနောက် ခဏမျှသာ နေရ၏။ ၎င်း အိမ်ကြီးကို သျှောင်မရှိ ဆံထုံး၏လက်သို့ အပ်ခဲ့၏။ ၎င်းအိမ်သည် ကြီးကျယ် ခမ်းနားသော်လည်း ၎င်းအိမ်၏ အသက်ဝိညာဉ်နှင့်တူသော ရီရီမှာ အဖော်မရှိသော ငှက်ပမာ လှောင်အိမ်၌ နေရသကဲ့သို့ ဖြစ်လေ၏။ ထိုအိမ်သည် အလွန်တရာ ကြီးကျယ်သားနားသော်လည်း ၎င်းအိမ်၏

ကျက်သရေသည် ပြည့်စုံခြင်းသို့ မရောက်သေးချေ။ ပန်းအိုးသည် အဘယ်မျှပင် လှစေကာမူ ထိုပန်းအိုး၌ ပန်းတစ်ပွင့်တည်းကို ထိုးစိုက်၍ ထားချေက ပန်းအိုး၏ အလှကျက်သရေသည် ဆုတ်ယုတ်ခြင်းသို့ ရောက်ရသည်အလား ရီရီတည်း ဟူသော ပန်းတစ်ပွင့်သည် ထိုကြီးကျယ်သော အိမ်၏ ခမ်းနားခြင်းကို များစွာ ဆုတ်ယုတ်စေ၏။

ထိုအကြောင်းများကို ရီရီသည် တွေးမိလျက် ဝမ်းနည်းစွာနှင့် အိမ်၏ သခင် ပေါ်လာမည်ကို မျှော်လင့်ကာ ကိုနေဝင်းသည် ဘယ်အတွက် မပေါ်လာပါလိမ့်မလဲ။ ငါ့ကို အမှန်ချစ်လျှင် ချိန်းရက် မတိုင်မီကပင် ရောက်ဖို့ ဆင့်ပေသည်။ ငါ့ကို အမှန် မချစ်ဘဲ ငါ၏ပစ္စည်းများကို မြှူမြှိုက်ရန် ကြံစည်ပြီး အနည်းငယ် ငါ့ထံက ရသည်နှင့် တင်းတိမ်ကာ တော်ရာသို့ ပြေးလေပြီလား။ သို့သော် ကိုနေဝင်းသည် အမှန် သည်လောက်တောင် သဘောညံ့ဖျင်းသူ မဟုတ်ပါ၊ အင်မတန် ယောကျ်ားပီသသူ ဖြစ်ပါတယ်၊ ဘယ်အတွက် နှောင့်နှေး၍ နေပါလိမ့်မလဲ၊ နက်ဖြန်ခါကျရင် ပေါ်လာကောင်းပါရဲ့၊ အိမ်ကို ရှာ၍ မရသောကြောင့် ရန်ကုန်မြို့ထဲမှာ တလည်လည် ရှာနေလေသလား၊ စသည်ဖြင့် တွေးတောကာ ထိုင်ရာမှ ထပြီးလျှင် မိမိ၏ လေးလံသောကိုယ်ကို အိမ်ပေါ်သို့ သယ်ယူကာ သွားလေ၏။

အိမ်ပေါ်သို့ ရောက်သောအခါ မိန်ကလေးများကို တံခါးများကိုသာ လုံခြုံစွာ အပိတ်ခိုင်းပြီး အိပ်ရာထဲသို့ ဝင်ကာ တစ်ညဉ့်လုံး အိပ်၍ မပျော်ဘဲ နေလေရာ ညဉ့်သည် အဆပေါင်းများစွာ ပိုမိုရှည်လျားသည်ဟု မှတ်ထင်ရလေ၏။ မိုးလင်းအားကြီးမှ အနည်းငယ်မှေးခနဲ ပျော်ပြီးလျှင် မြင်းရထားသံ၊ မော်တော်ကားသံတို့ကို ကြား၍ အိပ်ရာမှ နိုးလာလေ၏။

သို့သော်လည်း မောင်နေဝင်း မပေါ်လာသေးသဖြင့် စိတ်အားငယ်ကာ မှုးဝေထိုင်းမှိုင်းပြီးလျှင် လွန်စွာ ညိုးငယ်သော မျက်နှာ ရှိလေရာ အစေခံ မိန်းကလေးများသည် မိမိတို့၏ သခင်မ မျက်နှာ မြင်ကာမျှနှင့် ထိတ်လန့်ကာ နေကြလျက် မနေ့ကကဲ့သို့ ဖန်လက်ကောက်ဝယ်ရန် စိတ်အားမသန်ဘဲ နေကြလေ၏။



ထို့နောက် ရီရီသည် တစ်နေ့ ပေါ်လာနိုး၊ နောက်တစ်နေ့ ပေါ်လာနိုးနှင့် အာကိုးကာ မျှော်သော်လည်း မောင်နေဝင်း ပေါ်၍ မလာတော့သည် ဖြစ်သောကြောင့် များစွာ စိတ်ပျက်လျက် အအိပ်ပျက်၊ အစားပျက်ဖြစ်ကာ "ကိုနေဝင်းသည် ငါ့ကိုလှည့်စား၍ သွားလေပြီ၊ အမျိုးအမည် မထင်ရှား၊ အလုပ်အကိုင် မရှိ၊ ကြာသမားကို လိုက်စားကာ အရောဝင်မိသောကြောင့် ငါ့မှာ အခုလို အပူတွေ့တာပါပဲ၊ ငါနှင့် ဂုဏ်ရည်တူသော မြို့အုပ်ကို မစုံဖက်နိုင်ဘဲ တံငါအိမ်မှာ ကပ်ရပ်ပြီး စားနေရတဲ့လူကို အရောဝင်မိလေခြင်း၊ နေဝင်းလို လူတွေကို တွေ့ချင်လျှင် ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင် ဟူသမျှမှာ နေ့စဉ် တွေ့နိုင်၏။ ငါသည် အထောက်မတံ အလော်မာလွန်သောကြောင့် အခုလို ဖြစ်ရတာပါပဲ" စသည်ဖြင့် တွေးတောကာ မိမိ၏ စိတ်ကို ဖြေမရအောင် ရှိလေ၏။

❑

## အခန်း (၁၉)

ရီရီ ရန်ကုန်သို့ မပြန်မီ မောင်နေဝင်းနှင့် တွေ့ကြသောနေ့၌ ညနေစောင်း အချိန်တွင် မြို့အုပ် မောင်ဖုန်းကျော်သည် ကာလသားခေါင်း မောင်ပန်းအေး ဆိုသူနှင့် မြစ်ကမ်းနားတွင် တီးတိုးစကားပြော၍ နေကြလေ၏။ မြို့အုပ်မင်းက "ကိုင်း ... ကိုပန်းအေး မြင်ရသမျှ ကြားရသမျှကို ပြောစမ်းပါ" ဟု ပြောလေ၏။ ပန်းအေးက "အစ်ကို အခုချက်မှာ မစွန့်ရင် ရလမ်း ရှိတော့မှာ မဟုတ်ဘူး၊ ဟိုအကောင်ကို စိန်လက်စွပ်တစ်ကွင်းနဲ့ ငွေစက္ကူတွေ ထုတ်ပေးတာ မြင်တယ်" ဟု ပြောလေရာ မြို့အုပ်က မျက်နှာများ မဲ့လျက် ခေါင်းညိတ်ကာ "ခွေးဝင်စား ထမင်းကြမ်းခဲကို ရသွားတာပဲ၊ ကိုင်း ... ပြောပါဦး" ဟု ပြောလေ၏။

ပန်းအေး "နက်ဖြန်ခါကို မိန်းမက ရန်ကုန်ပြန်မယ်တဲ့၊ သူလည်း နောက် ခုနစ်ရက်လောက်ကြာရင် လိုက်လိမ့်မယ်၊ ငနဲမတော့ ရန်ကုန်ကို ရောက်ရင် မရှုမလှ ဖြစ်တော့မှာပဲ၊ အကောင်က တော်တော်လည်တဲ့ အကောင်နဲ့ တူတယ်"

မြို့အုပ်က အံ့အားသင့်လျက် "အမှန်ပဲလား၊ သူတို့ချိန်းပြီးပြီလား"

ပန်းအေး "အမှန်ပါ အစ်ကိုရဲ့၊ သူတို့နဲ့ တစ်လံသာသာနေရာ ချုံကွယ်က ကျွန်တော်မျိုး ချောင်းပြီး နားထောင်ပါတယ်၊ ပြောသမျှ တစ်လုံးမကျန် ကြားရတယ်၊ တံငါသည် လင်မယားအတွက် ငွေစက္ကူတွေ



ထုတ်ပေးခဲ့သေးတယ်၊ မိန်းမများဟာ သူတို့အကြိုက်ကိုတွေ့ရင် အမိုက်မှာ ကမ်းကုန်တာပဲ အစ်ကိုရဲ့၊ အနှမြောဆိုလို့ ဘာမှ မရှိပါတကား" ဟု မျက်လုံးများ အရောင်တောက်လျက် ပြောလေ၏။

မြို့အုပ် "ကိုင်း ... ဘယ့်နှယ်ကြံမလဲ၊ ကြံဆို သည်အကောင်ကို ရန်ကုန်မသွားရအောင် ထိန်းသိမ်းဖို့ ရှိတာပေါ့" ဟု ပြောကာ ကြောက်စရာကောင်းသော မျက်နှာနှင့် ကြည့်လေ၏။ မောင်ပန်းအေးသည် အသက် သုံးဆယ်ခန့်ရှိ၍ မည်မည်းတုတ်တုတ် မျက်နှာပြားပြား ကျောက်ပေါက်မာတွေ များသဖြင့် ခြင်းကြားနှင့် ကျောက်မီးသွေး အကြောင်းပါ၍ ညားပြီး ပန်းအေးကို ဖွားသလို မှတ်ထင်ရလေ၏။ ၎င်းသည် ထောင်နှင့်အိမ်ကို အိမ်ဦးနှင့် ကြမ်းပြင်လို သဘောထား၏။ ၎င်း၏ဆံပင်သည် လက်လေးသစ် မရှည်မီ ထောင်ကို ပြန်ရမြဲ ဖြစ်လေ၏။ တစ်ပါးသူ၏ အသက်ကို မိမိ၏ အသက်ကဲ့သို့ သဘောထား၏။ အကြောင်းမူကား မိမိ၏အသက်ကို အနည်းငယ်မျှ မနှမြောသောကြောင့် တစ်ပါးသူ၏ အသက်ကိုလည်း နှမြောကောင်းသည်ဟု မထင်။ အကြောက်ကိုလည်း နားလည်သူ မဟုတ်၊ သနားညှာတာခြင်း ဟူသော စကားကိုလည်း အဓိပ္ပာယ်မသိ၊ ၎င်း၏ လက်များသည် ရာဇဝတ်မှုကိုပြုရန် ရရှိသော လက်များကဲ့သို့ဖြစ်၍ လူတစ်ဦး တစ်ယောက်ကို လုယက် သတ်ဖြတ်ရာ၌ မိမိ၏ တာဝန်လုပ်ငန်း ဓမ္မတာကဲ့သို့ ဖြစ်သောကြောင့် အရုပ်ဆိုးသော မျက်နှာမှာ အနည်းငယ်မျှပင် ပြောင်းလဲခြင်း မရှိချေ။ အကြောင်းမူကား ဘုရားကိုလည်း မကြောက်၊ မင်း ကိုလည်း ဂရုမထား၊ သေမင်းကိုလည်း ကစားစရာ အရုပ်ကဲ့သို သဘောထားလျက် အသိတရား မရှိသော စက်ရုပ်ပမာ ကြီးစွာသော မကောင်းမှုကို ပြုမိသော်လည်း ပြီးပြီးပြောက်ပြောက် နေလေ့ရှိသဖြင့် မိမိ၏အမှုကို တစ်စုံတစ်ရာ တွေးတောခြင်း ပြုလေ့မရှိချေ။ မြို့အုပ်က "ဘယ်လို ထိန်းမလဲ ကြံစမ်းပါဦး၊ မတော် လက်လွှန်သွားရင် ကောင်မ ကလေးမှာ အရှက်လည်းကွဲ၊ စီးပွားလည်းပြုန်း ဖြစ်ပြီး လူအပေါင်း ကဲ့ရဲ့စရာ ဖြစ်တော့မယ်" ဟု ပြောလေ၏။

ပန်းအေးကတော့ "အစ်ကို သဘောပါပဲ၊ အမှုက အတော်ကြီးလေးတဲ့ အမှုကို ဆောင်ရမှာမို့ အကျိုးအမြတ်ကိုသာ ဆင်ခြင်ဖို့ ရှိတာပါပဲ၊ ရက်တွက်စီရင် ကောင်းပါရဲ့၊ ရက်တွက်မစီဘဲ ဂါတ်ထဲရောက်နေမှာ ကြောက်ရသေးတယ်"

မြို့အုပ် "အို ... ဒါအတွက် ပူမနေပါနဲ့၊ ဟောသည်မှာ စရန်ငွေ၊ နောင် ဝတ္ထုရားကျေရင် ဆယ်ဆတံပိုး ဆုချဖို့ ရှိပါသေးတယ်" ဟု ပြောကာ အင်္ကျီအိတ်ထဲက သားရေအိတ်ကို ထုတ်ကာဖွင့်ပြီး ငွေစက္ကူများကို ရေတွက်လေရာ ပန်းအေး၏ မျက်လုံးများမှာ လက်လက်ပြောင်ပြောင် တောက်ပလျက် လက်များပြင်၍ နေလေ၏။ မြို့အုပ်က တစ်ဆယ်တန်စက္ကူ ငါးချပ်ကို ပေးသောအခါ လျင်မြန်စွာဆွဲယူပြီး စက္ကူများကို ခေါက်၍ ခါးပတ်ထဲသို့ ဖွင့်ကာ ထည့်ထားလိုက်ပြီး "ကောင်းပါပြီ အစ်ကို၊ ခေါင်းကွဲငါးကျပ်၊ လက်ပြတ်တံပိုး၊ ခြေကျိုးနှစ်ဆ၊ မလှဆယ့်တံပိုး၊ အသက်ဖိုးတစ်ရာလို့ ကျွန်တော်မျိုးတို့မှာ ဥ မပါ ဂါထာ ရှိပါတယ်" ဟု ပြောလေ၏။

မြို့အုပ်က "အို မင်းတို့ ဘယ်လိုပဲ စီမံ စီမံ ဉာဏ်ရှိသလိုသာ သုံးလိုက်ပါ၊ လွတ်ရင်ကျွတ်ရင် ကောင်းတာပါပဲ" ဟု ပြောလေ၏။

ပန်းအေးက "စိတ်သာချပါတော့ အစ်ကိုရဲ့၊ နက်ဖြန်ကို အမြန်ပဲ စီမံပါတော့မယ်" ဟု ပြောပြီး ထွက်သွားလေ၏။ မြို့အုပ်လည်း တစ်ယောက်တည်း ပြန်လာလေ၏။

နောက်တစ်နေ့ညဉ့်၌ မောင်နေဝင်းသည် တစ်ကိုယ်တည်း ညဉ့်ကိုးနာရီအချိန် ကမ်းနား၌ ထိုင်၍နေရာ ဦးခေါင်းတွင် ပြင်းထန်စွာ အချခံရ၍ မျက်လုံးများထဲတွင် လျှပ်စစ်ပြက်သလို မီးဝင်းခနဲတောက်ပြီး မေ့သွားလေ၏။

❑

## အခန်း (၂၀)

ရီရီသည် မောင်နေဝင်း ပေါ်မလာနိုင်သောကြောင့် အလွန်တရာ စိတ်လက်မချမ်းမသာ ဖြစ်ပြီးလျှင် မိမိ၏ မိုက်မှားခြင်းကိုသာ အပြစ်တင်လျက်နေလေ၏။ မောင်နေဝင်းသည် မိမိထံမှ ရရှိသော ပစ္စည်းအနည်းငယ်နှင့် တံငါလင်မယားအား ပေးရန် ပေးခဲ့သော ငွေများကိုယူပြီး ရှောင်ရှား၍ နေလေပြီဟု မှတ်ထင်ကာ ဤမျှလောက် အနည်းငယ်မျှသော ငွေကလေးနှင့် စိတ်ဖောက်ပြန်ရသည်မှာ ညံ့ဖျင်းသိမ်ငယ် သေးနုတ်သော သူ၏ ဓမ္မတာသဘော ဖြစ်လေသည်ဟု မှတ်ယူကာ ကိုနေဝင်းအပေါ်၌ ငါ အထင်ကြီးမိသည်မှာ မှားလေပြီတကား၊ ငါ ဖြစ်ပျက်သမျှကို လူအများသိကြလျှင် အလွန်တရာ ရှက်ဖွယ်ကောင်းပေမည်တကား။ ငါသည် အမျိုးအရိုး ဂုဏ်အသရေကိုမျှမစောင့် နုတ်သိမ်ညံ့ဖျင်းသူနှင့် အရောတဝင် ဖြစ်မိသည်မှာ ငါ၏ လော်မာခြင်း ဖြစ်လေသည်။ ကိုဖုန်းကျော်သည် ငါ့ကို လွန်စွာ သတိပေးပါလျက် စိတ်ကောင်းသဘောကောင်းနှင့် ငါ့အား သတိပေးသည်၊ ငါသည် မကောင်းထင်မိ၏။ ကိုဖုန်းကျော်သည် ငါနှင့် ဂုဏ်ရည်တူ၏။ ငါ့ကို အသေအလဲ စုံမက်လျက် ငါ့အတွက် ဆင်းရဲဒုက္ခများကို ခံရှာသူဖြစ်၏။ ဤတံငါသည် ဝင်၍နှောင့်ယှက်သည့်အတွက် ကိုဖုန်းကျော်ကို ငါ တစ်မျိုးတစ်မည် ထင်မိလေခြင်း၊ ကိုဖုန်းကျော်ထံ ငါ ပြန်ပြီး ငါ မိုက်မှားသမျှကို ဝန်ချမှတော်မယ်၊ ငါ အခုလိုနေလို့ ဖြစ်မှာ မဟုတ်ဘူး၊

ငါလည်း တစ်ကိုယ်တည်း သည်အိမ်ကြီးနှင့် မနေနိုင်၊ ငါ့ကို တံငါသည် ယောက်ျား အစုတ်အပဲ့နဲ့ တိတ်တဆိတ် ညားနေတယ်လို့ ထင်နေမှာ စိုးရိမ်စရာရှိပေသည် စသည်ဖြင့် တွေးတောကာ ထန်းထပင်ကို ပြန်ဖို့ရန် အကြံပြုလေ၏။

ယင်းကဲ့သို့ အကြံပြုပြီးနောက် နောက်တစ်နေ့တွင် အစေခံမိန်းမကလေးနှစ်ယောက်နှင့် ထန်းတပင်သို့ ပြန်သွားလေ၏။ မိမိ၏ ဦးကြီးအိမ်သို့ ရောက်သောအခါ မမကြီးနှင့် မမလေးတို့သည် အားရဝမ်းသာ ခရီးဦးကြိုပြုကြလေ၏။ သို့သော်လည်း ရီရီမှာ အထက်ကနှင့်မတူ ရန်ကုန်မြို့၌ ဆယ်ရက်ကျော်ကျော်ခန့်မျှ နေခဲ့ရာတွင် များစွာ ပိန်ချုံးညှိုးငယ်၍ သွားဟန်ရှိသည်ကို တွေ့မြင်ကြရလျက် ရီရီနှင့် သိုးသိုးသန့်သန့် ယီးတီးယားတား ကြားရသော တံငါသည် ယောက်ျားလည်း ပျောက်သွားသည့်သတင်း ဖြစ်သဖြင့် ရန်ကုန်မြို့၌ ရီရီသည် ထိုယောက်ျားနှင့် မရှုမလုလေပြီဟု မှတ်ထင်ကာ မသင်္ကာသောစိတ် ရှိကြလေ၏။

ရီရီ၏ အမူအရာ စိတ်လက်မသာယာပုံကို ထောက်လိုက်ပြန်သောအခါ ထိုမသင်္ကာသောစိတ်သည် သာ၍ ခိုင်လုံခြင်း အဖြစ်သို့ ရောက်လေ၏။ သို့သော်လည်း မိမိတို့၏စိတ်၌ သင်္ကာမကင်း ဖြစ်ကြောင်းကို အနည်းငယ်မျှ အရိပ်အမြွက်မျှ မပြကြဘဲ ကြိတ်ကာ ဝမ်းသာ၍ နေကြလေ၏။ အကြောင်းမူကား ဆွေမျိုးညာတိတို့သည် မိမိတို့ထက် သာသောသူတစ်ဦးဦး၏ ကံကြမ္မာမကောင်း ဖြစ်သည်ကို ဝမ်းမြောက်တတ်ကြလေသည်။

ရီရီသည် မမကြီးနှင့် မမလေးတို့ကို တွေ့ပြီးနောက် "ငါ့ကျေးဇူးရှင် တံငါလင်မယားကို သွားပြီး ကြည့်ပါရစေဦးအေ၊ ဘယ်လိုများ နေကြရှာသလဲ မသိဘူး" ဟု ပြောကာ မမကြီးနှင့် မမလေးတို့ထံ အခွင့်ပန်လေ၏။

မမလေးကလည်း "အဟုတ်သားပဲ၊ တကတည်းမှပဲ တစ်ခါလာ တံငါ၊ တစ်ခါလာ တံငါ၊ တံငါဈေး အင်မတန်ကောင်းနေတယ် ထင်ပါရဲ့" ဟု ပြောလေရာ၊ ရီရီ၏မျက်နှာမှာ ညှိုးမည်းသွားပြီးလျှင် "ညည်းတို့ ဘာကိုပဲပြောပြော၊ ငါ့မှာတော့ ကျေးဇူးရှင် အသက်သခင်တွေပါ၊ တံငါသည်ကော၊ ညည်းတို့ ငါတို့လို လူပဲ မဟုတ်ဘူးလားအေ" ဟု ပြောလေ၏။ ထို့နောက် မမကြီး မမလေးတို့ ကဲ့ရဲ့ပြောဆိုမည်ကို စိုးသောကြောင့် ဆိုင်းနေပြီးလျှင် နောက်တစ်နေ့ကျမှ တံငါတဲသို့ ထွက်သွားရလေ၏။



ရီရီသည် လမ်းပေါ်သို့ ရောက်သောအခါ အထက်ထက်က စိတ်မျိုးနှင့်မတူ လွန်စွာ ညှိုးငယ်လေ၏။ သို့သော်လည်း အကျိုးအကြောင်းကို သိလိုသော စိတ်သည် လွန်စွာကြီးမားသဖြင့် မသွားဘဲ မနေနိုင်ချေ။ ဤလမ်းကို လျှောက်ရခြင်းသည် မသာယာသော တွေးတောခြင်းတို့ကို များစွာ ဖြစ်ပေါ်စေ၏။ ယခင် အထက်ထက်က ဤလမ်းပေါ်သို့ရောက်လျှင် လွန်စွာ စိတ်လက်ပျော်ရွှင်၍နေ၏။ ယခုသည်ကား အထက်က ပျော်ရွှင်သည်ထက် အဆပေါင်းများစွာ ပိုမိုလေးလံသော ငြိုငြင်ခြင်းကို ဖြစ်စေ၏။ အကြောင်းမူကား အထက်ထက်က ဤလမ်းတစ်လမ်းလုံး မြင်ရ၏။ ယခုမှာ ထိုနတ်သားသည် လှည့်စားတတ်သော ဘီလူးသဘက်ကဲ့သို့ ပျောက်ကွယ်၍သွားလေရာ တံငါ့တဲ၌ တစ်စုံတစ်ရာကိုမျှ မျှော်လင့်ဖွယ်ရာ မရှိတော့သည်ကို သိရလေ၏။

ယင်းကဲ့သို့ သွားလေရာ မောင်နေဝင်းနှင့်အတူ မိုးခိုသော သစ်ပင်အောက်သို့ ရောက်သောအခါ ခေတ္တမျှ မေ့လျော့ကာ ရပ်တန့်လျက် သစ်ပင်ကို ငေးမောကာ ကြည့်၍နေမိ၏။ ထို့နောက် ခြေဘ် ငါ ဘာတွေကို တွေးနေမိပါလိမ့်မလဲဟု စိတ်ကို ဖျောက်ဖျက်ကာ ဆက်လက်၍ သွားလေရာ သိမ်ငယ်သော တံငါသည်တဲကလေးကို လှမ်း၍ မြင်ရလေ၏။ ထိုအခါ ရင်ထဲတွင် ချုပ်တည်း၍မရအောင် လှိုက်ဖို၍ သွားလေ၏။ တဲရှေ့၌ရပ်၍ နေသော တံငါမိန်းမကြီးကို မြင်သောအခါ လွန်စွာ ဝမ်းနည်း၍သွားလေသည်။ သို့သော်လည်း အားရဝမ်းသာစွာနှင့် ပြေး၍လာသော တံငါမိန်းမကြီးသည် အပါးသို့ ရောက်လာသောအခါ မျက်နှာကို အထူးသာယာအောင် ကြိုးစား၍ထားပြီး "မာကြပါရဲ့လား၊ ကျွန်မ ရန်ကုန်မှာ ပျင်းတာနှင့် ပြန်လာ

ခဲ့တယ်" ဟု ပြောလေရာ၊ တံငါသည်မိန်းမကြီးက "ကျန်းမာပါရဲ့၊ ကျွန်မတို့လည်း တစ်နေ့မှ မမေ့ဘဲ တူမကြီးအကြောင်းကို နေ့စဉ်ပြောပြီးနေရပါတယ်၊ ဒါထက် တူမကြီးရယ် အဒေါ်တို့မှာဖြင့် ရင်ကွဲကျန်ရစ်တာပါပဲ"

ထိုအခါ ရီရီက အံ့အားသင့်ကာ ကြင်နာသော လက္ခဏာနှင့် "ဘာများဖြစ်လို့လဲ အဒေါ် ပြောပြစမ်းပါဦး" ဟု မေးလေရာ၊ တံငါသည်မကြီးက "လာပါ လာပါ အိမ်ကျမှ အေးအေးပြောပြပါမယ်" ဟု ပြောကာ တဲရှိရာသို့ သွားကြလေ၏။ တဲသို့ ရောက်သောအခါ တံငါသည်ယောကျ်ားနှင့်တွေ့ကြုံရလေရာ ဝမ်မြောက်ဝမ်းသာ နှုတ်ဆက်ကြပြီးလျှင် ဖျာများကိုခင်း၍ သုံးယောက်သား စကားပြောရန် ထိုင်ကြလေ၏။

ရီရီသည် တံငါသည် လင်မယားတို့၏ ကိုယ်၌ အထက်ကနှင့်မတူ သပ်ရပ်စွာ ဝတ်စားကြသည်ကို လည်းကောင်း၊ ခင်းသောဖျာမှာ အထက်ကကဲ့သို့ ဖျာစုတ်ဖျာဟောင်း မဟုတ်၊ သင်ဖျာ အသစ် ချောချောပြောင်ပြောင်ကို လည်းကောင်း တွေ့ရလေ၏။ မောင်နေဝင်း အိပ်တဲ့ အခန်းဝမှာ ခန်းဆီးကလေး ဖြူဖြူစင်စင် ချထားသည်ကို လည်းကောင်း တွေ့ရလေ၏။ တဲထဲမှာလည်း အထက်ကလို ရှုပ်ရှုပ်ပွေပွေ မတွေ့ရ၊ သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်း တွေ့ရလေသဖြင့် အထက်ကထက် ဝပြောသာယာစွာနေထိုင်ကြရကြောင်းကို သိရလေ၏။

ရီရီက "ဘယ်လိုသတင်းများ အထူးရှိပါသလဲရှင်" ဟု မေးလေရာယောကျ်ားက "ပြောသာ ပြောပြလိုက်ပါတော့ကွယ်၊ ဦးလေးတို့မှာတော့သူ့ကို အောက်မေ့တာနဲ့ တစ်နေ့သော်လည်း ပြန်လာနိုး၊ တစ်နေ့သော်လည်းပြန်လာနိုး မျှော်လင့်ကာ သူ့အခန်းကလေးကိုတောင် သပ်သပ်ရပ်ရပ်ပြင်ထားပြီး အိမ်ရာနဲ့ ဖာကလေးပါ သူ့ပစ္စည်း ဟူသမျှကို လက်ရာမပျက်အောင် ထားကြပါတယ်" ဟု ပြောလေရာ

မိန်းမကြီးက "သတင်းဆို သည်လို တူမကြီးရဲ့၊ တူမကြီးကို ကယ်ဆယ်တဲ့ တူမကြီးရဲ့ မောင်အကြောင်းပေါ့"



"ကျွန်မ မောင်လို့ မပြောပါနဲ့ရှင်၊ သူ့အကြောင်းကိုလည်း တယ်ပြီးမကြားချင်ပါ၊ အဒေါ်တို့ မေတ္တာရှိတာနဲ့ လာပြီးလည်တာပါ၊ သို့သော်လည်းစမိလို့ရှိမှ အနည်းငယ် နားထောင်ရတာပေါ့၊ ဘာများ ဖြစ်သွားသလဲ"

မိန်းမကြီးက "တူမကြီးဆီကိုများ ရောက်လာသလားလို့ အဒေါ်တို့ကအောက်မေ့နေပါတယ်၊ မရောက်လာဘူးလား၊ သူကတော့ တူမကြီးဆီကိုလိုက်မယ်လို့ ပြောတယ်"

ရီရီက ခေါင်းခါလျက် "ကျွန်မနဲ့ သူနဲ့ ဘာမှ ဆက်ဆံဖို့ မရှိပါဘူး၊ လာလည်း မလာပါဘူးရှင်" ဟု ပြောလေ၏။

ထိုအခါ တံငါသည် မိန်းမကြီးနှင့် မိမိ၏ ယောကျ်ားသည် တစ်ယောက်ကို တစ်ယောက် ကြည့်ကြလျက် "နို့ သင်း ဘယ်ကို ထွက်သွားပါလိမ့်မလဲ၊ တူမကြီးလည်းသွားရော နောက်တစ်နေ့ သူလည်း ပျောက်သွားတာပဲ၊ နှုတ်တောင်မဆက်ဘူး၊ တကယ်ဆိုတော့ နှုတ်ဆက်သွားဖို့ သင့်တယ်၊ ဘယ်အရပ်သွားတယ် ဆိုတာကိုလည်း ပြောခဲ့ဖို့သင့်တယ် မဟုတ်လား တူမကြီးရဲ့၊ အခုတော့ မမှာမကြားဘဲ ထွက်သွားသည့်အတွက် စိတ်လက်မကောင်းဘဲ ဖြစ်ကြရတာပါပဲ၊ အဒေါ်တို့ကတော့ သားရင်းလိုသဘောထားပါတယ်၊ သူကတော့ အင်မတန် စိမ်းကားရက်စက်တဲ့လူပါပဲ"

ရီရီက "နို့ ကျွန်မ ရှင်တို့အတွက် ပေးခဲ့တဲ့ ငွေ ၃၀၀/– ကောရသလား၊ သူ ယူပြေးသလား" ဟု မေးလေရာ ...

မိန်းမကြီးက "သြော် အဒေါ် ပြောမလို့ပါပဲ၊ ရပါတယ် ရပါတော့ယ်၊ သည်လို မရိုးဖြောင့်တာလည်း မလုပ်ရှာပါဘူး၊ အဒေါ်တို့လည်း တူမကြီးကိုအင်မန် ကျေးဇူးတင်လိုက်ပါတယ်၊ အဒေါ်တို့မှာ ကြွေးကလေး မြေကလေးလည်း ဒါနဲ့ပဲ ကြေပြီ၊ တူမကြီးကျေးဇူး သူ့ကျေးဇူးကြောင့် စိတ်အေးလက်အေး ဆိုသလို နေရတာပါပဲ၊ သည်ငွေကိုပေးပြီး နောက်တစ်နေ့အကြောင်း ဘာမှမကြားဘဲ ဘာကိုမှလည်း မယူဘဲ ထွက်သွားသည့်အတွက် စိတ်မကောင်းဖြစ်ရတာပါပဲ" ဟု ပြောလေ၏။

ထိုအခါ မောင်နေဝင်းအပေါ်၌ ထားရှိသော သေးနုတ်သိမ်ဖျင်းသော ထင်မြင်ချက်သည် ရီရီ၏စိတ်ထဲတွင် အနည်းငယ် ပျောက်ပျက်ပြီးလျှင် တွေးစရာ တောစရာတွေ ပေါ်ပေါက်၍လာလေ၏။ မောင်နေဝင်း ရိုးသားကြောင်းကို တစ်ဖန်ပြန်၍ ယုံကြည်၏။ သို့သော်လည်း အဘယ်လို အကြောင်းဟူ၍ ဝေခွဲ၍မရနိုင်ဘဲ သေချာစွာ ဆက်လက်တွေးတောသောအခါ မောင်နေဝင်း၏ မြင့်မြတ်သော စိတ်အမူအရာ လက္ခဏာတို့သည် မိမိတို့၏ရှေ့၌ အကုန်အစင် ပေါ်ပေါက်၍ လာပြန်သောကြောင့် ကိုနေဝင်းကို ငါ အထင်မှားမိလေခြင်း၊ ကိုနေဝင်းသည် ငါ့ကို လှည့်စားသူ မဟုတ်ပါတကား၊ ကေန် တစ်ခုခု ဖြစ်ပွားလေပြီ၊ ဘယ်လိုအကြောင်းများပါလိမ့်မလဲ ဟူ၍ တွေးတောကာ စိတ်လက်မချ ပူပင်ဖွယ်ရာ အကြောင်းတို့သည် ပေါ်ပေါက်၍ လာပြန်လေ၏။

ထို့နောက် အတန်ကလေးကြာစွာ ဆက်လက်၍ စကားပြောပြီးလျှင် ရီရီသည် ထိုင်ရာမှ ထ၍ "သူ့ပစ္စည်းတွေကို ထားပစ်ခဲ့သလား" ဟု မေးလေရာ မိန်းမကြီးက "ဟုတ်ကဲ့ ဝင်ကြည့်ပါလား တူမကြီးရဲ့" ဟု ပြောလေရာ၊ ရီရီသည် ထ၍ အခန်းဘက်သို့သွားပြီးလျှင် အခန်းဆီးကို ကိုင်ကာ အခန်းတွင်းသို့ ခြေတစ်လှမ်း လှမ်းပြီး သူ၏ အိပ်ရာဘက်ကို ခေါင်းငဲ့ကာ ကြည့်လိုက်လေ၏။

သန့်ရှင်းသော အိပ်ရာမှာ ကောင်းစွာခင်းလျက်ထားသည်ကို တွေ့ရလေ၏။ ခေါင်းရင်း၌ ညှိုးငယ်သော ဖာကလေးသည် မိမိ၏ ချစ်လှသော သခင်ကို စောင့်ကာ ငြိုငြင်ပူပင်၍ နေသကဲ့သို့ မှတ်ထင်ရလေ၏။ ရီရီသည် ထိုအရာများကို မြင်သောအခါ ကိုနေဝင်း ... ကိုနေဝင်း ဘယ်လိုအခြေအနေနဲ့ ဘယ်ကိုများရောက်၍ နေရှာပါလိမ့်မလဲဟု တွေးတောပြီး အိပ်ရာအနီးသို့ ချဉ်းကပ်ကာသွားလေ၏။ တံငါသည် မိန်းမကြီးသည်ကား ရီရီကိုမကြည့်ဘဲ နောက်သို့လှည့်ကာ ခင်းထားသော ဖျာပေါ်သို့ ပြန်၍ ထိုင်နေလေ၏။



ရီရီသည် အိပ်ရာအနီးသို့ ရောက်သောအခါ ပုဆစ်တုပ်ကာထိုင်ပြီး ကွယ်လွန်သော ချစ်သူ၏ လက်ရာခြေရာတို့ကို ချစ်ခင်ကြည်ဖြူစွာ ကြည့်ရသကဲ့သို့ စိုက်ကာကြည့်လျက်နေပြီးမှ ခေါင်းရင်းရှိ ဖာကလေးကို ဆွဲယူကာ ပွေ့ပိုက်ပြီးလျှင် မိမိ၏ပေါင်ပေါ်သို့ တင်လေ၏။ ပေါင်ပေါ်သို့ တင်ပြီးနောက် အဖုံးကို အသာကလေးမကာ ဖွင့်လိုက်လေရာ သင်းပျံ့မွှေးကြိုင်သော အနံ့များသည် မျက်နှာကိုလာ၍ဟပ်လေရာ ရင်ထဲမှာ အေးမြေ့မြေ့ဆွေးပြီးလျှင် လည်ချောင်းတွင် ဆို့၍လာသကဲ့သို့ မှတ်ထင်ရလေ၏။ ထိုအခါ ကျယ်ဝန်းသော မျက်လုံးများမှာ မျက်ရည်တွေ ဝဲ၍လာပြီးလျှင် ထိုအဖုံးကို နံဘေးမှာချပြီး ဖာကလေးကို ပွေ့ယူကာ အတွင်းသို့ စိုက်၍ ကြည့်နေလေ၏။ ထိုအတွင်း ကြီးသော မျက်ရည်ပေါက်ကြီးများသည် ဖာထဲရှိ ပဝါဖြူကလေးပေါ်သို့ ကျဆင်းလေ၏။

ထို့နောက် စိတ်နှလုံးကို ဤမျှလောက် ဆွေးမြည့်ခြင်း ဖြစ်စေသည့် ဖာကလေးကို ဆက်လက်၍ ကြည့်ရလျှင် ရင်ထဲမှာ ကျွမ်းလောင်ကာ မရှုမလှ ဖြစ်ရမည့်အရေးကိုတွေးပြီး ဖာကိုပြန်ပိတ်ကာ ခေါင်းရင်းသို့ အသာအယာ ချပြီးလျှင် အားယူကာ နေရာမှ ထ၍ အခန်းပြင်သို့ ထွက်လာလေ၏။

တံငါသည်မကြီးသည်ကား ရီရီ၏မျက်လုံးများပတ်လည်၌ ပန်းရောင်အဆင်း ဝင်းထိန်၍နေသည်ကို လည်းကောင်း၊ မျက်လုံးထောင့်နှင့် မျက်တောင်များပေါ်၌ နှင်းပေါက်ပမာ စွတ်စို၍ နေသည်များကို လည်းကောင်း မြင်ရသောအခါ မိမိကိုယ်တိုင် မျက်ရည်လည်လာပြီးလျှင် "ဟင် သူ မကြင်နာလို့ သွားမှဖြင့် ကိုယ်ကော ကြင်နာပြီး အောက်မေ့နေပေမယ့် အကျိုးရှိတော့မှာ မဟုတ်ပါဘူး၊ သူလာရင် တွေ့ရမှာပဲလို့သာ သဘောထားတော့မှာပဲ" ဟု အသံတုန်တုန်နှင့် ပြောလေရာ၊ ရီရီမှာ မျက်ရည်များကို မချုပ်နိုင်ရှာသဖြင့် "အဒေါ် ကျွန်မ ပြန်ပါတော့မယ်" ဟု မပီကလာ ပီကလာ ပြောပြီးသွားလေရာ၊ တံငါသည်မကြီးက ကွမ်းရာကို ပါးစပ်သို့ ထည့်ရင်း

"အေး အေး ... တူမကြီးရေ၊ ရန်ကုန်ကို မပြန်မီ လာပြီးလည်တာပေါ့ တူမကြီးရဲ့၊ ရန်ကုန်ကို ဘယ်တော့လောက် ပြန်မလဲ" ဟု မေးလေရာ ရီရီက "ကျွန်မ မပြောတတ်သေးပါဘူး အဒေါ်၊ သည်မြို့မှာ တော်တော်များ ကြာနေဦးမလား မသိဘူး" ဟု ပြောပြီး ထွက်သွားလေ၏။

ထိုအခါ (၁၁) နာရီခန့်ရှိ၍ ကောင်းကင်၌ မိုးသားမြူတိမ်တို့ ကင်းစင်လျက် တစ်မနက်လုံး ကြည်လင်စွာ ထွန်းလင်းခဲ့သော နေရောင်သည် ညှိုးမှိန်၍ သွားလေ၏။

ရီရီသည် တစ်ကိုယ်တည်း စိတ်လက်လေးလံစွာနှင့် လျှောက်၍ လာလေရာ အတန်ကြာသောအခါ မောင်နေဝင်းနှင့် မိုးခိုသော သစ်ပင် အနီးသို့ ရောက်လာလေ၏။ ထိုအခါ ရီရီသည် တစ်အောင့်တစ်နားရပ်ကာ သစ်ပင်ကိုကြည့်လျက် မျက်ရည်တွေ တတွေတွေ ကျဆင်းလေ၏။

အကြောင်းမူကား ရီရီ၏ စိတ်၌ရှိသော အချစ်မျိုးစေ့သည် ထို သစ်ပင်အောက်၌ မိုးရေနှင့်တွေ့ရာတွင် အညှောင့်ပေါက်ကာ ကြီးမား၍ လာခဲ့လေ၏။

ဤနေရာ၌ မောင်နေဝင်းသည် အင်္ကျီကိုချွတ်ကာ ခေါင်းထက်သို့ တင်ရှာသည်ကို သတိရ၏။ အတူတကွ ထိုသစ်ပင်အောက်သို့ ခိုဝင်ကြပြီး လျှင် နှစ်ယောက် အတူတကွ ယှဉ်ကာရပ်ရသည်ကို ထင်မြင်မိ၏။ မိုးများ ပက်သဖြင့် နှစ်ယောက်သား အသားချင်းထိကာ ရပ်၍နေရာ မိမိ၏လက် များသည် မောင်နေဝင်း၏ သန်မာသော လက်ထဲသို့ ကျရောက်ရသည်ကို ယခုဖြစ်သကဲ့သို့ မှတ်မိ၏။ မောင်နေဝင်း လက်ထဲသို့ မိမိ၏လက်များ ကျရောက်၍ သွားသောအခါ မိမိ၏ ကိုယ်တစ်ကိုယ်လုံးမှာ အဘယ်ပုံ ဖြစ်ပျက်ခဲ့သည်ကို အသစ်တစ်ဖန် လတ်လတ်ဆတ်ဆတ် ခံစားသိရှိရ၏။ ထို့နောက် မောင်နေဝင်း ပြောသော စကားများသည် တစ်လုံးပြီးတစ်လုံး မိမိနားထဲသို့ ပြန်၍ ဝင်လာကြလေရာ ရီရီသည် ထိုသစ်ပင်အောက်ရှိ မမေ့နိုင်သောနေရာကို ကြည့်ရင်း မောမေ့၍ နေရှာလေ၏။



ထို့နောက် ပြန်၍ သတိရလာသောအခါ စိတ်သည် လွန်စွာလေးလံ လျက် ငါသည် ဤမြို့သို့ ပြန်၍လာမိသည်မှာ လွန်စွာမှား၏။ ဤတံငါသည် တဲနှင့် ဤသစ်ပင်သည် ငါ၏ရင်ခွင်၌ အောင်းလျက်ရှိသော အပူကို တိုး၍ ပူအောင် ထပ်၍မွှေးကြ၏။ ဤသစ်ပင်ကြီးသည် ငါ၏ အဖြစ်အပျက်တို့ကို ကျောက်စာ၌ ရေးတင်သလို မပျောက်မပျက် မြဲမြဲစွာ ဖော်ပြသော သစ်ပင် ဖြစ်ပေသည်တကား။ သို့သော်လည်း ဤသစ်ပင်သည် ငါ၏စိတ်၌ အမှတ်တရ ကြီးကျယ်သော သုခကို ဖန်ဆင်းဖူးသော သစ်ပင် ဖြစ်ပါလျက် ယခုသည်ကား ၎င်းကို မြင်ရခြင်းသည် ဒုက္ခကိုသာ ပိုမိုခြင်း ဖြစ်စေ၏။ အဆီဦးထောပတ်ကို မဝတဝ မှီဝဲနေရပြီးနောက်၊ နောက် ပြတ်လပ်သည့် အခါ ထိုဘောဇဉ်တို့ကို ပြန်၍သတိရသောအခါ ဆတက်ထမ်းပိုး ပိုမို၍ မွတ်သိပ်သည့်အလား ဤသစ်ပင်အောက် ကိုနေဝင်းနှင့်အတူ ခေတ္တမျှရပ်ရ ခြင်းတည်းဟူသော အရသာကို ငါသည် ပူလောင်စွာ မွတ်သိပ်၏။ အဆွေ သစ်ပင် အသင်၏အရွက်များသည် လေထဲတွင် လှုပ်ရှားကာ ပျော်ပါး၍ နေကြ၏။ ထိုအရွက်များကို ငါ မြင်သောအခါ ငါ၏စိတ်သည် အချင်း သစ်ပင် သင်၏ အရိပ်သည် လွန်စွာ အေးကြည်၏။ သို့သော်လည်း ထို အေးမြကြည်လင်ခြင်းသည် ကျွန်ုပ်၏အသည်းနှလုံး၌ရှိသော မီး၏အပူကို တိုး၍ ခြားနားစွာ သိသာစေ၏။ အသင်၏ အရိပ်အောက်သို့ ကျွန်ုပ် ဝင်၍ ခိုသော်လည်း ထိုမီးသည် အေးတော့မည်ဟု မဟုတ်ချေ။ သင်၏ အခက် အညွန့်တို့သည် မိုးရေကို ကွယ်ကာ၏။ သို့သော်လည်း ကျွန်ုပ်၏မျက်ရည် တို့ကို ကွယ်ကာနိုင်မည် မဟုတ်ချေ။ အသင်၏ အကိုင်းအရွက်တို့သည် နေကို ပိတ်ဆို့နိုင်၏။ ကျွန်ုပ်၏ရင်၌ရှိသော မီးကိုမူ ထိုအကိုင်းအရွက် တို့သည် တိုး၍တောက်လောင်အောင် အားပေးသော ထင်းများနှင့် တူကြ၏။ အသင် တည်ရှိသမျှ ကာလပတ်လုံး ကျွန်ုပ်၏အပူသည် ငြိမ်းတော့မည် မဟုတ်သဖြင့် အသင်၏ ပင်စည်ကို ပိုးပုရွက်တို့စား၍ တစ်နေ့တခြား သွေ့ခြောက်ကာ ပျက်စီးခြင်းသို့ ရောက်ရမည်အလားပမာ၊ ကျွန်ုပ်မှာလည်း

အချစ်တည်းဟူသော ရိုးရိုးရှုရှု ထိုးဆွဖမ်းစားတတ်သည့် အချစ်ပိုးရောဂါဖြင့် မကြာမီ ပျက်စီးခြင်းသို့ ရောက်ရပေတော့မည် စသည်ဖြင့် တွေးတောကာ ဤသစ်ပင်တွင် ထုကာထားသကဲ့သို့ ထင်ရှားပေါ်ပေါက်၍ လာကြကုန်သော မိမိ၏ ရာဇဝင် အတ္ထုပ္ပတ္တိ ဝမ်းနည်းဖွယ် ဇာတ်လမ်းကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုကာနေလျက် ဤသစ်ပင်၌ နေထိုင်သော မကောင်းသော နတ်ဆိုး နတ်ဝါးတို့၏ ပြုစားဖန်တီးခြင်းကြောင့် ငါတို့နှစ်ယောက် ကွဲရလေသလား၊ ငါတို့နှစ်ယောက် ကြည်ဖြူကာ ဤသစ်ပင်အောက်၌ ခိုစဉ်က မသမာသော နတ်များသည် ရှုမြင်ကာ မနာလို၍ အကျိုးနည်းအောင် ပြုကြလေသလား၊ ငါ ယခုလို ပူပင်သောက ဖြစ်၍လာသည်ကို ထိုနတ်များ အခုမြင်၍ အင်မတန် ဝမ်းမြောက်ကာ နေကြလေသလား စသည်ဖြင့် ထွေရာလေးပါးတို့ကို အရှုးပမာ ထင်မိထင်ရာ တွေးတောပြီး အတန်ကြာသောအခါ "ဟယ် ... သစ်ပင်ကိုလည်း ငါ မကြည့်ပါဘူး" ဟု စိတ်တင်းပြီး အိမ်သို့ တူရှုလျှောက်သွားရှာလေ၏။

အိမ်သို့ ရောက်သောအခါ မြို့အုပ် မောင်ဖုန်းကျော်သည် ရီရီကို ဆီး၍ နှုတ်ဆက်လျက် "ရီရီ ရောက်ကြောင်းကို ယနေ့နံနက်မှ ကြားရတာနဲ့ ဒရောသောပါး ပြေးလာခဲ့တယ်၊ ရီရီ မျက်နှာများလည်း မကောင်းပါလား၊ နေထိုင်မကောင်းဘူးလား၊ ရန်ကုန်မှ ခဏနေလိုက်တာ မျက်နှာများ အတော်ပဲ ကျသွားတဲယ်၊ ကိုင်း အသားစားပြန်ပြီးတက်အောင် ကျုပ်တို့ အရင်က တောထမင်း တောဟင်းကို ကြိုးစားပြီးစားကာ ပျော်ပျော်ပါးပါး နေပါဦး" ဟု ပြောလေ၏။

ထိုအခါ တိုက်သူကြီးမင်းလည်း ထမင်းစားရန် အိမ်ပေါ်၌ရှိသော မိမိ၏အခန်းမှ ဆင်း၍လာသည်နှင့် ကြုံကြိုက်သောကြောင့် တိုက်သူကြီးမင်းက "သင်းတို့ ရန်ကုန်ဆိုတာ နာမည်သာကြီးတာကလား မောင်ရဲ့၊ နို့ဆိုရင်လည်း အစစ်ကို မသောက်ရဘူး၊ အမဲသားငါး ဆိုရင်လည်း ငါတို့လို လတ်လတ်ဆတ်ဆတ်ကို ပေါပေါများများ မစားရဘူး၊ ဟင်းရွက်ဟင်း



သီး ဆိုတာမှာတော့ သာပြီးဝေးသေးတယ်၊ အဆုံးစကား ပြောရမှာဖြင့် လေတောင် မင်းတို့ ငါတို့ အရပ်မှာလို သန့်သန့်ပြန့်ပြန့် မရဘူး၊ ညစ်ညစ်ပတ်ပတ် ကော်ရင်ဂျီပါးစပ်ကထွက်တဲ့ လေတွေကို သူ့ထက်ငါ အလုအယက် ရှူရတာပဲ၊ သည်တော့ ဘာခိုစိုပြည်ပြည် ရှိကြမှာတဲ့လဲ" ဟု ရယ်မော၍ ပြောလေ၏။

မြို့အုပ်က "မှန်ပါတယ် အစ်ကိုရဲ့၊ သည်အတွက် ကျွန်တော်က ရီရီကို သည်အရပ်မှာ လေးငါးခြောက်လ နေပါဦးလို့ တောင်းပန်နေရတာပါပဲ" ဟု ပြောလေ၏။

ထိုအတွင်း မမကြီးက "ကိုင်း ထမင်းပွဲကို ကြွကြပါ၊ ကိုဖုန်းကျော်လည်း စားပါဦး" ဟု ခေါ်လေရာ၊ မောင်ဖုန်းကျော်က ငြင်းဆန်မည်ပြုလေရာ ... မမလေးက "မြို့အုပ်မင်းမို့လို့ ကျွန်မတို့နဲ့အတူ ထမင်းမစားချင်ဘူးထင်ပါရဲ့၊ လာပါ မစားရင် မသွားရဘူး" ဟု အတင်းခေါ်လေရာ၊ အားလုံး ထမင်းပွဲသို့ ဝင်ကြလေ၏။

တိုက်သူကြီးမင်းသည် ဒူလာရောဂါရှိသူ ဖြစ်သောကြောင့် မိုးအေးလျှင် အနာထတတ်သဖြင့် မိမိ၏အခန်းထဲမှာ တကုတ်ကုတ်သာနေလျက်၊ ပါးစပ်က တတ်သမျှ မှတ်သမျှကို ရွတ်ဖတ်ကာနေရသူ ဖြစ်လေရကား ထမင်းစားရန်မှတစ်ပါး အောက်သို့ လွန်စွာ ဆင်းလာခဲသူ ဖြစ်လေရာ ထိုနေ့နံနက်မှာ မိုးမရွာသဖြင့် အတော်ကလေး နေထိုင်ကောင်းသောကြောင့် တစ်ကြောင်း၊ ရီရီ ရောက်လာသောကြောင့် တစ်ကြောင်း ထမင်းစားရန် ဆင်း၍လာလေ၏။

❑

## အခန်း (၂၁)

မောင်နေဝင်းသည် မျက်လုံးများထဲတွင် လျှပ်စစ်ပြက်သလိုဖြစ်ပြီးနောက် လုံးလုံးကြီး မေ့၍သွားပြီးလျှင် ပြန်၍ သတိရလာသောအခါ မိမိမှာ ပျဉ်ခင်းပေါ်တွင် လဲ၍နေသည်ကို သိရလေ၏။ နံဘေးပတ်လည်ကို ကြည့်လိုက်သောအခါ မှောင်ရိပ်များကို တွေ့ရလေ၏။ ထို့နောက် တက်သံ လှေသံတို့ကို ကြားရသောအခါ မိမိသည် အတော်ကြီးသော တုံကင်းကြီးတစ်စင်း၏ ဝမ်းဗိုက်အတွင်းသို့ ရောက်နေသည်ကို သိရလေသတည်း။

ထိုအခါ များစွာထိတ်လန့်လျက် မိမိသည် အဘယ်ပုံဖြစ်၍ လာသည်၊ အဘယ်သို့သော နေရာသို့ ရောက်၍လာသည်ကိုမျှ တွေးတောကြံဆ၍မရနိုင်အောင် ရှိလေ၏။

မိမိ၏ကိုယ်ကို စမ်းသပ်ကြည့်ရာ ရီရီ ပေးသော စိန်လက်စွပ်နှင့် ငွေစက္ကူများ မရှိတော့သည်ကို သိရသဖြင့် ငါသည် လူဆိုးတို့၏လက်သို့ ရောက်လေပြီတကားဟု တွေးတောသိရှိရလေ၏။

ထိုကဲ့သို့ တွေးတောနေခိုက်တွင် မိမိ၏အထက် တုံကင်းကုန်းပတ်ပေါ်၌ လှုပ်ရှားသောအသံများကို ကြားရသဖြင့် "ဤတုံကင်းသည် လူရှိသောတုံကင်း ဖြစ်၍ ထိုလူများသည် ငါ၏ရန်သူများပင်ဖြစ်၏" ဟု သိရလေသောကြောင့် အဘယ်ပုံ လွတ်အောင်ကြံစည်ရမည်ကို စိတ်ကူး၍ မရနိုင်အောင် ရှိလေ၏။



ကုန်းပတ်မှ ပွင့်လျက်ရှိသော အပေါက်ဖြင့် မိမိ၏ ပတ်ဝန်းကျင်၌ အနည်းငယ်မျှသော အလင်းရောင်သည် ဝင်ရောက်၍လာ၏။ ထိုအပေါက်သို့ ယ၍သွားရန်မှာ မိမိမှာ အားမရှိချေ။ ခေါင်းထဲတွင် မူးဝေဝေနေသောကြောင့် ဦးခေါင်းကို မိမိ၏လက်နှင့် စမ်း၍ကြည့်လိုက်သောအခါ စေးထန်းထန်းဖြစ်၍ ဆံပင်များမှာ ဦးရေပြားတွင် ကပ်လျက်နေသည့်ပြင် များစွာလည်း နာကျင်သဖြင့် မိမိ၏ အတော်ကြီးသော ဒဏ်ရာကို ရရှိကြောင်း သိရလေ၏။

မောင်နေဝင်းသည် ကြိုးစား၍ထရန် ကြံစည်လေ၏။ သို့သော်လည်း ထိုအပေါက်ရှိရာသို့ တက်ဖို့ကို မဆိုထားနှင့် လဲနေသော နေရာမှ ထဖို့ရန်ပင် လွန်စွာ ခက်ခဲသည်ကို သိရသောကြောင့် အားလျှော့ကာ ငါသည် မလှုပ်မရှား အသေလိုနေမှ ၎င်းတို့ စီမံလုပ်ကိုင် ကြံစည်သမျှတို့ကို သိရဖို့ရှိသည်ဟု အောက်မေ့ကာ မျက်လုံးများကို တစ်ချက်တစ်ချက်မျှသာ ဖွင့်၍ကြည့်လျက် ပက်လက်ကြီး ငြိမ်သက်စွာ သေသောသူကဲ့သို့ အစန့်သား ကြိုးစား၍နေရှာလေ၏။

ထိုကဲ့သို့နေခိုက်တွင် ရီရီ၏မျက်နှာသည် မိမိ၏မျက်နှာပေါ်တွင် တဝဲဝဲ ပေါ်လာလေ၏။ ရီရီနှင့် ကွဲရတော့မယ် ထင်ပါရဲ့၊ ရီရီကို တွေ့ရတော့မည် မဟုတ်၊ ရီရီ ငါ့ကို တလွဲထင်နေတော့မယ်၊ ရီရီ ... ရီရီဟု စိတ်ထဲတွင် တမ်းတကာ ခေါ်လေ၏။

ထို့နောက် ဆက်လက်၍ တွေးပြန်သည်မှာ ဤလူဆိုးများသည် ငါ့ကိုသတ်ဖို့ ကြံကြလေသလား၊ ပစ္စည်းကိုယူ၍ လူကို ချမ်းသာပေးမယ် ကြံကြလျှင် ငါ့ကို အခုလို လှောင်၍ထားမည် မဟုတ်ချေ။ ငါ့ကို ခြေရာပျက်ကြံကြ၏။ ငါ သေပြီထင်လို့ ပစ်ထားကြလေသလား စသည်ဖြင့် တွေးတောကာ အသေကဲ့သို့ နေလေ၏။

မောင်နေဝင်း၏စိတ်၌ မိမိ၏ ဒဏ်ရာကြောင့် နာကျင်သည်ထက် ရီရီနှင့် ကွဲရတော့မည်၊ ရီရီကို တွေ့ရတော့မည် မဟုတ်၊ ရီရီနှင့် မိမိ ဆက်ဆံ

ရသော ဓာတ်လမ်းကို ဝမ်းနည်းဖွယ်သောနည်းဖြင့် သိမ်းရပ်ရတော့မည် စသည် အကြောင်းတို့ကို တွေးတောရခြင်း၌ သာလွန်၍ စိတ်နှလုံး နာကျင်ခြင်း ဖြစ်လေ၏။

ထိုစိတ်၏ နာကျင်ခြင်းသည် ကိုယ်ခန္ဓာသို့ ကူးရောက်သကဲ့သို့ ဖြစ်ပြီး အင်အားများသည် ကုန်ခန်းဆုတ်ယုတ်၍ သွားလေ၏။ ထိုကဲ့သို့ နေသည်အထဲတွင် မိမိ၏ရှေ့၌ရှိသော အပေါက်မှ လူနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဆင်း၍ လာသည်ကို မြင်ရလေ၏။ ထိုအခါ မကြောက်ပါဘူးဟဲ့ဟု စိတ်ကိုတင်းသော်လည်း မိမိမှာ တစ်စုံတစ်ရာ ပြန်၍ခုခံနိုင်ဖို့ နည်းလမ်းမရှိသဖြင့် ကြီးစွာသော ကြောက်ရွံ့ခြင်းသည် မိမိ၏ကိုယ် တစ်ကိုယ်လုံးကို အကောင်အထည်နှင့်တကွ ဖိစီး၍ လာသကဲ့သို့ ဖြစ်လေ၏။

ထိုအတွင်းတွင် တံကင်းဝမ်းခေါင်းသည် အထူးအချွန် ပူအိုက်၍ လာလေ၏။ ထိုအခါ အားများသည် တိုး၍ ဆုတ်ယုတ်ပြီးလျှင် အသက်ရှူကျပ်၍လာလေ၏။ မိမိ၏ကိုယ်သည် ချာချာလည်၍နေသလို ထင်မှတ်ရလေ၏။ မေ့ခနဲ မိုက်ခနဲ တစ်ချက် တစ်ချက် သတိလစ်၍ သွားလေ၏။ ထိုအတွင်း "ရီရီ .. ရီရီ" ဟု စိတ်ထဲမှခေါ်ကာ မေ့မြော၍သွားလေ၏။

ထိုအတွင်း လူနှစ်ယောက်သည် အပါးသို့ ရောက်လာကြပြီးလျှင် စမ်းသပ်ကြလေ၏။ တစ်ယောက်လူက မီးခြစ်ကိုခြစ်ပြီး မျက်နှာကို ကြည့်လေ၏။ မီးရောင်၌ ဖြူရော်သော မျက်နှာသည် မျက်လုံးအကြောင်သားနှင့် နေလေ၏။ ထိုအခါ လူနှစ်ယောက်တို့သည် ပါးစပ်များဟကာ မျက်နှာ၌ သွေးမရှိဘဲ လက်များခြေများ တုန်၍နေကြလေ၏။

နောက် မီးခြစ်ဆံတစ်ဆံကို ပြန်၍ခြစ်ပြီး ကြည့်ပြန်သောအခါ မျက်လုံးသည် အကြောင်သား မျက်တောင်များလည်း မခတ်ဘဲနေသည်ကို တွေ့ရသဖြင့် သေပြီ သေပြီဟု အသံတုန်တုန်နှင့် ပြောကြပြီး ... "ကိုင်း မြန်မြန်လုပ်၊ အတော်မှောင်ပြီ၊ အချိန်ကောင်းပဲ၊ အနီးအနားမှာလည်း လူမရှိဘူး၊ ဘယ်လူမှ မြင်ရမှာလည်း မဟုတ်ဘူး" ဟု ပြောကာ လူနှစ်ယောက်



တို့သည် မောင်နေဝင်း၏အလောင်းကို ချီယူကာ ကုန်းပတ်ပေါ်သို့ တက်ကြလေ၏။

ကုန်းပတ်ပေါ်သို့ ရောက်သောအခါ တံကင်းနံရံအနီး၌ ချထားကြပြီးလျှင် တောင်မြောက်လေးပါး ကြည့်ကြလေ၏။ ထို့နောက် တစ်ဖန် အသေကောင်ကို ပြန်၍ယူကြပြီးလျှင် မြစ်ထဲသို့ တွန်းချလိုက်လေ၏။

ထို့နောက် လူနှစ်ယောက်သည် မှောင်ထဲတွင် အလုပ်တာဝန်ပြီးသောသူတို့၏ အမူအရာဖြင့် လက်ဝါးများကို ပုတ်ခတ် ပွတ်သပ်ကာ တံကင်းပေါ်မှ ဆင်းသွားကြလေ၏။

❑

## အခန်း (၂၂)

ရီရီသည် ယခုအခါ ထန်းတပင်မှာ နေရသည်မှာ စိတ်လက်ပျော်ရွှင်ခြင်း မရှိသဖြင့် ရန်ကုန်သို့ ပြန်ချင်၏။ သို့သော်လည်း မမလေးနှင့် မမကြီး၊ မြို့အုပ် မောင်ဖုန်းကျော်တို့က ရုတ်တရက် မပြန်ရအောင် အတန်တန် တောင်းပန်၍ ထားကြသောကြောင့် ကြိုးစား၍ သည်းခံကာ နေရရှာလေ၏။

ထန်းတပင်မြို့၌ နေရသည်မှာ အရင်က မောင်နေဝင်းနှင့် နှစ်ကိုယ့် အတူ တွေ့ကြုံရခြင်းများအကြောင်းကို လွန်စွာ သတိရမိသဖြင့် စိတ်ကို ဖြေဖျောက်၍ မရအောင် ရှိလေ၏။ သို့စိတ်လက် မကောင်းလှသော ကြောင့် ပြန်ဖို့ရန် အခွင့်သာမည်ကိုသာ မျှော်လင့်စောင့်စားကာနေလေရာ အတော်ကြီးကြာ၍ သွားလေ၏။

မောင်နေဝင်းနှင့် တွေ့စက မိုးဦးအစကလေး ဖြစ်၍ မိုးကောင်းကင် သည် အုံ့ချည်မှိုင်းချည် ညို့ချည်ပြာချည်နှင့် သာတစ်လှည့် ဝါတစ်လှည့် ဖြစ်၍ လွန်စွာ စိတ်လက်ပျော်ရွှင်ခြင်းကို ဖြစ်စေ၏။ ယခုမှာ ဝါခေါင်လကြီး ဖြစ်၍ လုံ့လရှိသော မိုးနတ်သားများသည် နေ့ညဥ့်မစဲ ရွာသွန်းကာ စက် မောင်းကို ဆင်၍ နေကြလေသောကြောင့် ပျော်ခဲ့သမျှ ကြည်နူးခဲ့သမျှသော စိတ်တို့သည် ငြိုငြင် ပုပင်သောကကို လေးဆင်၍ တွင်တွင်ကြီး တိုက်ဖွေ့ ကာ ရီရီ၏စိတ်ကို နှိပ်စက်လာကြလေ၏။



တစ်ရံတစ်ခါ မိုးများ လွန်စွာရွာသည့်အခါ မောင်နေဝင်းကို တမ်းတ ကာ သူ အဘယ်မှာ ရှိနေရှာပါလိမ့်မလဲ၊ အသိမိတ်ဆွေ ချစ်သူခင်သူ မရှိတဲ့အရပ်မှာ ခိုကိုးရာမဲ့များ ဖြစ်၍ နေရှာလေသလား၊ သို့တည်းမဟုတ် တစ်ရပ်တစ်ကျေးမှာ ချစ်သူခင်သူ အသစ်တို့နှင့် အဆင်သင့်တွေ့၍ နေလေ သလား၊ သို့တည်းမဟုတ် လူဆိုးရန်သူတို့၏ လက်ချက်ဖြင့် အသက်များ သေဆုံးရှာလေသလား စသည်ဖြင့် တွေးတောကာ နေရှာလေ၏။

ရီရီသည် မိုးဥတုအခါ အဖော်ကွဲသော ငှက်ကလေးပမာလို မိုးစိုစိုနှင့် တစ်ကိုယ်တည်း သစ်ခက်အောက်မှာ ခိုရသည့်အခါ အဖော်ကိုတမ်းတကာ မပေါ်လာသဖြင့် စိတ်အားငယ်ငယ်နှင့် တစ်ကိုယ်တည်း အိပ်တန်းမှာ ကုပ်၍ နေရသလို ဖြစ်၍ နေလေ၏။။

ထိုကဲ့သို့နေသည်အထဲတွင် မြေပွရာ ကင်းမှောင့်၊ စိတ်နောက်ရာမှာ တစ္ဆေခြောက်၊ အပေါက်ကျုံ့ရာ ဝမ်းဗိုက်နာ ဆိုတဲ့ စကားလို အပါးမှာ နေ့စဥ်ကပ်ကာ မကြည့်ချင်စရာ မျက်နှာတစ်ခုသည် အမြဲလာ၍ ရီရီကို နှောင့်ယှက်ကာ မုန်းစရာ အချစ်ကြောတို့ကို အမြဲပစ်ကာ နေလေ၏။

အကြောင်းမူကား မောင်ဖုန်းကျော်သည် မိမိ၏ ရှေ့၌ ကာဆီးကာဆီး နေသော ရန်သူ မောင်နေဝင်း မရှိတော့သည် ဖြစ်သောကြောင့် ရီရီ၏စိတ်ကို နိုင်နင်းအောင် ကြံတော့မည်ဟု အားဆင်ကာ နေလေ၏။

တစ်ရံတစ်ခါ ရီရီမှာ ဇာဘော်လီ ပျောက်၍သွား၏။ တစ်ရံတစ်ခါ ရီရီ၏ အဝတ်များကိုပေးသော ဒိုဘီသည် ရှေမီးကိုဖျောက်၍ ပစ်ခဲ့ပြီးလျှင် မညည်းမညူ ရှေမီးတန်ဖိုးကို လွယ်ကူစွာ ပေးလေရာ၊ ရီရီက ပြန်၍ ငြင်းပယ်ကာ မိမိ၏ အဝတ်များကို နောင် မပျောက်အောင်သာလျှင် သတိ ပေးရလေ၏။

ထိုကဲ့သို့ ပျောက်ဆုံးခြင်းများအကြောင်းကို ရီရီသည် မသိရှာချေ။ မြို့အုပ်မင်းသည်ကား အင်္ကျီအတွင်းခံ၊ ရှေမီး၊ ထဘီစတို့ဖြင့် ဆေးစီရင် တတ်သော် ထဘီစုတ် ဆရာကလေးတစ်ယောက်ကို အိမ်၌ ပူဇော်ကာ

ရီရီ၏ ထဘီများကို အင်းချကာ အလဲထူလိုထူ၊ မီးထွန်းလိုထွန်း၊ အိပ်မက် ပေးလိုပေး၊ စရိတ်ကြေးငွေ အကုန်ခံကာ နေ့ညမစဲ အိမ်ထဲတွင် နတ်ပွဲ ခင်း၍ နေလေ၏။

ထန်းတပင် မြို့ထဲ၌ သရေစာဝယ်၍ စားလိုသော မိန်းမများနှင့် ကလေးများမှာလည်း ပိုက်ဆံကိုကိုင်ကာ သရေစာသည်ကို မျှော်ကြလေရာ သရေစာသည်များထံမှ ဝယ်ခြမ်း၍ မရသဖြင့် ဈေးသည်တွေ ဘာဖြစ်ကြပါ လိမ့်မလဲဟု တွေးတောကာ ကြီးကျယ်သော ဒုက္ခကြီး တွေ့ကြရလျက် ပူပင်ကြောင့်ကြခြင်း ဖြစ်ကြရလေ၏။

ထိုကဲ့သို့ ဖြစ်ကြရခြင်းအကြောင်းမှာ အခြားကြောင့် မဟုတ်။ ရီရီ တို့ဘက်တန်းသို့လာသော မုန့်သည်များသည် တိတ်တိတ်ပုန်း ဖြတ်လမ်း ဖြင့် လာကြပြီးလျှင် ရီရီတို့ အိမ်ရှေ့၌ မုန့်များကို အော်ဟစ်၍ ရောင်းကာ တိတ်တဆိတ် ပြန်ကြရလေ၏။ အကြောင်းမူကား မြို့အုပ်မင်းသည် ၎င်း မုန့်သည်များ၏ မုန့်များကို ပုတ်ပြတ်အဖိုးပေးကာ မုန့်များအထဲတွင် အချစ်ဆေး ခပ်၍ပေးပြီး မည်သူကိုမျှ မရောင်းရ၊ ရီရီ ဆိုတဲ့ မိန်းမကိုသာ ရောင်းချရအောင် အမိန့်ပေးလိုက်လေ၏။ သို့ဖြစ်သောကြောင့် တစ်ရံ တစ်ခါ မုန့်ဟင်းခါးသည်၊ မုန့်ပစ်စလက်သည်၊ ကောက်ညှင်းပေါင်းသည် နနွင်းမကင်းသည့်-စသည်တို့သည် ရီရီ နေသော အိမ်ရှေ့တွင် တစ်ပြိုင် တည်း ရောက်ကြ၍ မိမိတို့၏ မုန့်များကို တစ်ပြိုင်တည်း အော်မိကြသည့် အခါ ဆယ်နှစ်မျိုးမုန့် လာ၍ရောင်းသလို မှတ်ထင်ရလေ၏။

ထို့နောက် မုန့်သည်များသည် တစ်ယောက်ကိုတစ်ယောက် ရိပ်မိ ကြလျက် မြို့အုပ်အကြောင်းကို ဆွေးနွေးပြောဆိုကာ ရယ်မော၍ ပြန်သွား ကြလေ၏။ တစ်ရံတစ်ခါ ဒူလာထ၍နေသော တိုက်သူကြီးသည် ထိုကဲ့သို့ ထူးခြားသော မုန့်သည်ပေါင်းချုပ် အစည်အဝေးကြီး၏ အသံကို မိမိအိမ် ရှေ့၌ ကြားရလေရာ အလွန်တရာ စိတ်ဆိုးပြီး တုတ်ကောက်ကြီးကို ဆွဲကိုင် ကာ မုန့်သည်များကို ထွက်၍ ရိုက်နှက်မည်ဟန်ပြင်ကာ ကြိမ်းမောင်း



ရလေ၏။ သို့ဖြစ်၍ ဈေးသည်တို့၏ ပါးစပ်က မြို့အုပ်မင်း၏ အလုပ် သည် အရပ်ရပ် ပျံ့နှံ့၍နေလေ၏။

တစ်ရံတစ်ခါ နေလေးသာသည့်အခါ ရီရီသည် မောင်နေဝင်းနှင့် တွေ့နေကျဖြစ်သော မြစ်ကမ်းနားသို့ သွားပြီးလျှင် တစ်ကိုယ်တည်း တွေး တောကာ နေလေ၏။ ရီရီမှာ တစ်နေ့တခြား ပိန်ချုံးလျက် ကြည်လင် တောက်ပ ဖောင်းကြွသော မျက်လုံးများမှာ မှိန်မှေး၍ လာလေ၏။ စိုပြည် ပြည့်ဖြိုးသော အသားအရည်များမှာ နေရောင်ခြည်မရသော ပန်းများ၏ ပမာ မစိုမပြည်နိုင်ဘဲ မှေးမှိန်၍ နေရှာလေ၏။ ဆံပင်များမှာ ပြုပြင်သရ ခြင်းကို မခံရဘဲ ဖိုသီဖတ်သီ နေလေ၏။

သို့သော်လည်း နဂိုလှပခြင်းသည် ညှိုးငယ်ပူဆွေးခြင်းနှင့် ပေါင်း စပ်လိုက်သောအခါ ဝမ်းနည်းခြင်း လက္ခဏာသည် မျက်နှာမှာ ထင်ရှား လျက် အလွန် သနားဖွယ်ကောင်းသော အမူအရာသည် တိုးတက်၍လာပြီး လျှင် ချစ်စရာ တစ်မျိုးကောင်းလေ၏။

တစ်နေ့သ၌ ရီရီသည် ညနေချမ်းအချိန် မြစ်ကမ်းနဖူး၌ရပ်ကာ ယခုအခါ ရေလျှံ၍ မြုပ်နေသော သဲသောင်ကို စဉ်းစားကာ ကြည့်၍နေလေ ၏။ ထိုသဲသောင်၌ မောင်နေဝင်း ရေးသောစာများကို သတိရ၏။ ထိုစာ ကလေးများ ရေးခြစ်သောနေရာသည် ယခုအခါ ရေအောက်မှာ နေလေ ပြီ။ ထိုစာများ ရေအောက်၌ ပျောက်ကွယ်သလို မောင်နေဝင်း၏ စိတ်၌ ရှိသော အချစ်သည် ကွယ်ပျောက်၍ သွားလေပြီလား။ ဟောဟိုနေရာနားမှာ ကိုနေဝင်းက တစ်ကိုယ်တည်းထိုင်ပြီး ရေကို ကြည့်နေသည်ကို ငါ တွေ့ခဲ့ ရ၏။

ကိုနေဝင်းသည် ယခုအခါ သေဆုံး၍ ၎င်း၏ဝိညာဉ်ကို ထိုနေရာ ထိုရေအောက်၌ မေးထောက်ကာ တစ်ကိုယ်တည်းထိုင်၍ မှိုင်တွေကာ နေသလား စသည်ဖြင့် တွေးတောကာ မောင်နေဝင်းနှင့် နှစ်ယောက်တည်း လှေနဲ့ပြန်အလှော်တွင် မိမိ ဆိုခဲ့ဖူးသော ရွှေစင်ရော်သီချင်းကို အလွမ်းပါပါ တစ်ကိုယ်တည်း ညည်းညူကာ နေမိလေ၏။

ထိုကဲ့သို့ ညည်းညူ၍နေရာ ရင်ထဲမှာ လှိုက်ဖို၍လာပြီးလျှင် "ရီရီ ဘာပြုလို့ သည်သီချင်းကို ဆိုရသလဲ" ဟု မောင်နေဝင်း မေးသော စကားများကို ပြန်၍ သတိရမိလေ၏။

ထိုကဲ့သို့ တစ်ကိုယ်တည်းနေခိုက်တွင် မြို့အုပ်သည် အပါးသို့ ရပ်လာလေရာ ရီရီမှာ မိမိ ဆိုသော သီချင်းသံကို မတော်တဆ မြို့အုပ်မင်း ကြား၍များ သွားလေသလားဟု တွေးတောကာ မျက်နှာမှာ အရှက်ရောင် နီနီသန်းကာ ရှက်ကိုးရှက်ကန်းနှင့် "ဩော် ... ကိုဖုန်းကျော် ရီရီကို လိုက်ရှာသလား၊ ကိုဖုန်းကျော်မှာလည်း ရီရီအတွက် အင်မတန် ဒုက္ခများနေထင်ပါရဲ့နော်" ဟု ပြောကာ ကိုဖုန်းကျော်၏ မျက်နှာကို စိုက်၍ ကြည့်ပြန်လေ၏။

မောင်ဖုန်းကျော်က "ရီရီ သည်အကြောင်းကို မေးဖို့ မရှိပါဘူး၊ ရီရီ အသိသားနဲ့ မေးတာပါ ရီရီရဲ့" ဟု ဝမ်းနည်းဟန် အမူအရာနှင့် ကရုဏာသံပါပါ မျက်နှာကိုထားကာ ပြောလေ၏။

ရီရီက "သိပါတယ် ကိုဖုန်းကျော် ... ကျွန်မ ကိုဖုန်းကျော် မြင်မှာစိုးလို့ တစ်ယောက်တည်း ထွက်လာခဲ့ပါတယ်၊ ကျွန်မ စိတ်မှာ အင်မတန်ဆင်းရဲဒုက္ခ ရောက်နေပါတယ်၊ ဖေဖေ့ကိုလည်း အင်မတန် အောက်မေ့ပါတယ်၊ ကျွန်မ သည်လောက် စိတ်ပူနေတဲ့ အထဲမှာ အချစ်နဲ့ ပျော်ပွဲမခံချင်ပါ၊ ကိုဖုန်းကျော် ဒုက္ခရှာပေမယ့် ပင်ပန်းရုံသာ ရှိမှာပဲ" ဟု ပြောလေရာ မောင်ဖုန်းကျော်က "ရီရီ ... ရီရီ မင်းမှာ အားကိုးဖို့လည်း မရှိတာနဲ့ သနားလည်း သနား၊ ချစ်လည်းချစ် ဆိုတာလို အရင်ကထက် ပိုပြီး ရီရီကို စောင့်ရှောက်ချင်တဲ့စိတ် ပေါ်ပြီးလာပါတယ်၊ ရီရီ စိတ်ထဲမှာ ဘာကို တွေးနေသလဲ ဆိုတာကို ကျုပ် သိပါတယ်၊ သည်တံငါဟာ ရီရီထံက ရသမျှနဲ့ တင်းတိမ်ပြီး တော်ရာကို ထွက်ပြေးသွားကြောင်းကို ကျုပ် ရိပ်မိပါတယ်၊ မင်း အသက်ကို ကယ်သူတော့ မှန်ပါရဲ့၊ သို့သော် ပြန်လာမယ်လို့ မျှော်နေလောက်တဲ့လူ မဟုတ်ပါ၊ မဟုတ်မဟတ် တံငါအိမ်မှာ ကပ်နေရတဲ့လူအတွက် ဒီလောက်တောင် ပူပင်ပြီး နေရသလား" ဟု ပြောပြလေ၏။



ရီရီက "ရီရီ ဘယ်သူ့အကြောင်းကိုမှ မတွေးပါဘူး။ ရီရီ ကောင်းကောင်းလည်း မမာတာနှင့် စိတ်ပြေလက်ပြေ အညောင်းအညာ ပြေရအောင် လျှောက်နေပါတယ်၊ ကိုဖုန်းကျော်ကို ဘယ်သူက အခွင့်ပေးလို့ သည်အကြောင်းတွေကို ရီရီအား ပြောလာရသလဲ" ဟု ပြောကာ စိတ်ဆိုးသော အမူအရာနှင့် မောင်ဖုန်းကျော်၏ မျက်နှာကို ကြည့်လေ၏။

မောင်ဖုန်းကျော် "စိတ်မဆိုးပါနဲ့ ရီရီရဲ့၊ မင်း စိတ်ဆိုးရင် ခံရမှာပဲ၊ သို့သော်လည်း မင်းကိုချစ်တဲ့စိတ်ကြောင့် မွန်းပြီးနေတာနဲ့ ပြောမိပြောရာ ပြောလိုက်တာပါ၊ ရီရီ အခုလို ညှိုးညှိုးငယ်ငယ် နေတာကို ကျုပ် မြင်ရတာ အင်မတန်မှ ဝမ်းနည်းပြီး ဘုရားကို ဆုံးရပါစေရဲ့၊ လူ့ဘဝကို ဘယ်တော့မှ မရဘဲ ရှိရပါစေရဲ့၊ ဟောဒီ သဲလုံးနဲ့အမျှ ခံရစေရဲ့၊ မအိပ်နိုင် မစားနိုင် ဖြစ်နေပါတယ်၊ သည်လောက်တောင် ချစ်တဲ့လူကို နည်းနည်းကလေး အတုံ့အလှည့်ဆိုတာ ရှိသင့်ကောင်းပါရဲ့ ရီရီရယ်" ဟု ပြောလေ၏။

ရီရီက "ကိုဖုန်းကျော် ရှင့်ကို ... ဘယ်သူက အကျိန်ခိုင်းလို့ သည်လောက်တောင် ကျိန်ရသလဲ၊ ရီရီကို မချစ်ပါနဲ့၊ ရီရီကိုလည်း မသနားပါနဲ့၊ ကိုဖုန်းကျော် ရီရီ ကံနဲ့ ရီရီ ရှိပါစေ၊ ကိုဖုန်းကျော်က ချစ်တယ်ဆိုတာကို ရီရီ ကျေးဇူးတင်ပါတယ်၊ ရီရီ စိတ်ထဲက ကိုဖုန်းကျော်ကို အင်မတန် ချစ်တဲ့ မိတ်ဆွေ တစ်ယောက်လို မောင်တစ်ယောက်လို သဘောထားပါတယ်၊ အရေးရှိရင်လည်း အားကိုးချင်ပါတယ်" ဟု ပြောလေ၏။

ထိုအခါ မောင်ဖုန်းကျော်က အားတက်၍လာပြီးလျှင် ယောကျ်ားပဲ သည်ထက်ကြိုးစားပြီး နှူးရရင် တစ်နေ့မရ တစ်နေ့တော့ ရမှာပေါ့၊ ဖုန်းကျော် တဲ့နော် ဘယ်လိုလူ မှတ်သလဲ၊ ကောလိပ်ကျောင်းမှာ နေတုန်းက ပလုံး ဆိုတဲ့ အေစီကြီးကိုတောင် ငွေသုံးရာပေးပြီး အေးအေးကလေး အချောင်ဖမ်းလိုက်တာ ကျိုက္ကဆံဘုရားပွဲ အပြန်မှာ တစ်ခါတည်း နေရာကျပြီး တစ်လလောက် ခွာမရလို့ မနည်းကြီး ပုန်းနေခဲ့ရတဲ့ အကောင်မှတ်ပါ စသည်ဖြင့် တွေးတောကာ "ရီရီ အားကိုးသမျှကို နေ့ညမဆိုင်း ဘာကိုပဲ

ခိုင်းခိုင်း သက်စွန့် ကြိုးပမ်း ဆောင်ရွက်ဝံ့ပါတယ်၊ သည်လို ဆောင်ရွက်ရသည့်အတွက် ရီရီ ပါးစပ်က ချစ်ပါတယ်ဆိုတဲ့ စကားတစ်လုံးကိုသာ လိုချင်ပါတယ်" ဟု ပြောလေ၏။

ထိုအခါ ရီရီက မောင်ဖုန်းကျော်၏ မျက်နှာကို စေ့စေ့ကြည့်ကာ စကားပြန်၍ မပြောလိုသဖြင့် ပြုံးလိုက်မိလေ၏။ ထိုအခါ မြို့အုပ်က ဟန်ပြီ နေရာကျပြီဟု တွေးတောကာ အားတက်ကာ "ရီရီ ပြောစမ်းပါ၊ ကျုပ်ကို နည်းနည်းမှ မချစ်ဘူးလား" ဟု မေးကာ ရီရီ၏ လက်ကို ကိုင်လိုက်လေ၏။ ထိုအခါ ရီရီက လက်ကို ပြန်၍ ရုပ်ကာ ဣန္ဒြေလုပ်ပြီးလျှင် အိမ်သို့ပြန်ရန် လှည့်၍သွားလေ၏။

ထိုအခါ နေသည် အတော်ကျသွားပြီ ဖြစ်သောကြောင့် မှောင်ရိပ်ကလေးသန်း၍ လာလေရာ မမှောင်မီ အိမ်သို့ရောက်အောင် ရီရီသည် ခပ်သုတ်သုတ် သွားလေ၏။ မြို့အုပ်သည်လည်း ရီရီနှင့်ကပ်ကာ လိုက်၍ လာလေရာ လမ်းတစ်ဝက်တွင် မှောင်ကျ၍ သွားလေ၏။

သစ်ပင်တစ်ပင်အောက်သို့ ရောက်သောအခါ အနီး၌ မည်သူကိုမျှ မမြင်ရသဖြင့် ရီရီသည် များစွာ ကြောက်ရွံ့လျက် အိမ်သို့ ခပ်မြန်မြန် ပြေးရလျှင် ကောင်းလေမလားဟု စိတ်ထဲ၌ ကြံဆဲတွင် မောင်ဖုန်းကျော်သည် ရီရီ၏လက်ကို ကိုင်ဆွဲကာ "ရီရီ ခဏလေးနေပါဦး ကျုပ် ရီရီကိုဖြင့် သည်ကနေ့ မရမနေ ပြောတော့မယ်လို့ စိတ်အကြံပြုပြီး လာပါတယ်၊ ခဏဆိုင်းပြီး ကျုပ် မေးတာကို ပြောစမ်းပါ၊ ရီရီကို ကျုပ်က အင်မတန် ချစ်ပါတယ်၊ ကျုပ်ကိုယူရင် တစ်သက်လုံး စိတ်ချမ်းသာအောင် ပြုစုနိုင်ပါတယ်၊ သူမှ ရီရီ၏ အသက်ကို ကယ်တာ မဟုတ်ပါဘူး၊ ကျုပ်က ရီရီကို ယုယုယယ လုပ်ကာ ဘရန်ဒီ အရက်နဲ့ အသက်ကို ပြန်၍ ခေါ်ရတာပါ၊ အဲဒီအခါတုန်းက ရီရီ ပြန်ပြီးရှင်မှ ရှင်ပါတော့မလား ဆိုတာကို တထိတ်ထိတ်နဲ့ တွေးပြီး ကျုပ် အရူးလို ဖြစ်နေပါတယ်၊ ရီရီကို ကယ်လာတယ်ဆိုတဲ့ တံငါသည်ဟာ ရီရီ အသက်ပြန်ရှင်အောင် လုပ်ဖို့ရန် ဉာဏ်ရှိသူ မဟုတ်သည့်



အတွက် ရီရီကို အိပ်ရာပေါ်မှာ ပက်လက်ကြီး ချထားပါတယ်၊ တကယ်ဆိုတော့ မင်းအသက်ကို ကယ်ဆယ်တဲ့ လူဟာ ကျုပ်မှ အစစ် ဖြစ်ပါတယ်၊ သည်အကြောင်းများကို ပြန်စဉ်းစားပြီး မင်းအတွက် ယခုထက်တိုင် ဒေါသကများရတဲ့လူများ နည်းနည်းကလေးများ သနားဖို့သင့်ပါတယ်" ဟု ပြောလေ၏။

ထိုအခါ ရီရီက "ကျွန်မ သနားပါတယ်၊ လက်ကိုလွှတ်ပါ။ အေးလွန်းလို့၊ ရီရီ အိမ်ကို ပြန်ပါရစေ" ဟု ကြောက်ရွံ့တုန်လှုပ်သော အသံနှင့် ပြောလေ၏။

မောင်ဖုန်းကျော်သည်ကား လက်ကို မလွှတ်ဘဲ "ရီရီ မကြောက်ပါနဲ့၊ ယောသည် သစ်ပင်အောက်မှာ ကျုပ်တို့ နှစ်ယောက်ထဲ ဘယ်လူမှ မမြင်ရအောင် စကားပြောနေရတာ ပျော်စရာ မကောင်းဘူးလား၊ ကျုပ်ဖြင့် အင်မတန် ပျော်တာပဲ၊ ရီရီ ကျုပ်ကို မချစ်လို့ မပျော်တာပါ၊ ချစ်ရင် ပျော်ပါလိမ့်မယ်၊ ရီရီ တဆိတ်ဆိုင်းပါဦး" ဟု ပြောကာ လက်ကို မလွှတ်ဘဲ ထားလေ၏။

ထိုအခါ ရီရီက "ကိုဖုန်းကျော် ရှင် မလွှတ်ဘူးလား၊ ရှင့်ကို ကျွန်မ မကြိုက်နိုင်ဘူး၊ ရှင့်ကို ကျွန်မ မချစ်ဘူး ဆိုတာကို ရှင် သိသင့်ပါပြီ၊ လွှတ်ပါ၊ ရှင့်ကို ကျွန်မ မချစ်နိုင်ဘဲနဲ့ ကြံပြီး ချစ်ရမယ်ဆိုတာ မဖြစ်နိုင်ပါ၊ ရီရီ သွားပါရစေတော့" ဟု ပြောက လက်ကို ရုန်းလေ၏။

မောင်ဖုန်းကျော်က "ရီရီ ကျုပ်ကို အဟုတ် မချစ်ဘူးလား၊ ရီရီ ကျုပ်ဟာ မြို့အုပ်ပါ၊ သည်မြို့မှာ ဘာမဆိုဖြစ်အောင် တတ်နိုင်ပါတယ်၊ ရီရီ မချစ်တာကိုလည်း ချစ်အောင် လုပ်နိုင်ပါတယ်၊ ကိုင်း မင်း မချစ်မချင်း မင်းကို မလွှတ်နိုင်ပါ၊ အခု သည်အနားမှာ ဘယ်လူမှလည်း မရှိဘူး၊ မင်းကိုဖြင့် အချစ်ဓာတ်ကူးအောင် မန်းပြီးမှ ကျုပ် လွှတ်ရပါလိမ့်မယ်၊ ကိုင်း ... ရီရီ ရုန်းနိုင်ရင် ရုန်းတော့" ဟု ပြောကာ ရီရီကို မိမိအနားသို့ အတင်း ဆွဲ၍ ယူလိုက်လေ၏။ ထိုအခါ ရီရီသည် လွန်စွာ ကြောက်ရွံ့လျက် မိမိမှာ

ယနေ့ညဖြင့် ဤမြို့အုပ်လက်မှ လွတ်တော့မည် မဟုတ်ဟု အောက်မေ့လျက် လွန်စွာ ထိတ်လန့်ကာ "ကိုဖုန်းကျော် ရီရီကို လွှတ်ပါ၊ ရှိခိုးပါရဲ့ရှင် မတော်ပါဘူး၊ မချစ်တဲ့လူကို အတင်း ချစ်ရမယ်ဆိုရင် တရားလွန်ပါလိမ့်မယ်၊ ရှင်လည်း တရားသူကြီးပါပဲ၊ စဉ်းစားပြီးကြည့်ပါ၊ ရီရီ သွားပါရစေ" ဟု ပြောလေ၏။

မောင်ဖုန်းကျော်က "ဟေ့ ... ရီရီ မင်းပါးစပ်က မချစ်ဘူးဆိုတဲ့ စကားကို ကြားရသမျှ လွှတ်မယ် မထင်နဲ့၊ ကျုပ် ယခုည ဘယ်လိုပဲဖြစ်ဖြစ် မင်းကို အရယူတော့မယ်၊ မချစ်တဲ့ မင်းစိတ်ထဲကို အချစ်ဓာတ် တစိမ့်စိမ့်ဝင်ပြီး အပြီးတိုင် မင်း စိတ်မပြောင်းသမျှ နက်ဖြန်ခါ တစ်ကျွန်းကို ကျစေတော့ အခု အရကြံတော့မယ်၊ ရီရီ ပြောစမ်းပါ၊ ချစ်မလား" ဟု မေးကာ ရီရီကို မိမိ ရင်ခွင်သို့အထိ ပွေ့ယူ သိမ်းကျုံးကာ ဖက်လိုက်မည် အကြံတွင် ပိုက်ကြီးကို ထမ်းကာ အပါးသို့ လူတစ်ယောက် ရပ်လာလေ၏။ ထိုလူသည်ကား တံငါတဲက ရီရီ၏ မိတ်ဆွေ တံငါယောကျ်ား ဖြစ်လေ၏။

ထိုအခါ မြို့အုပ်သည် ရီရီကို လွှတ်လိုက်လေ၏။ ရီရီသည်လည်း "ဦးကြီးရဲ့ ကျွန်မကို ကယ်ပါဦး" ဟု ပြောကာ တံငါသည် ယောကျ်ားကြီးကို ပြေး၍ ဖက်လေရာ တံငါသည် ယောကျ်ားကြီးက ရီရီကို မိမိ လက်တစ်ဖက်နှင့် ပွေ့ယူထားပြီးလျှင် "ဟေ့ မောင်ရင် ... မင်း တယ်လွန်ပါကလား၊ မတော်မတရား မလုပ်ပါနဲ့ကွယ်၊ မောင်တို့ကာလများဟာ တယ်ရမ်းကားတဲ့ လူစုပါကလား၊ ကိုင်း ... လာ ... လာ ပြီးတော့မှ ဦး လိုက်ပို့မယ်၊ တဲကိုလိုက်ခဲ့" ဟု ပြောကာ ရီရီကိုခေါ်၍ သွားလေ၏။

❑

## အခန်း (၂၃)

မြို့အုပ်သည်ကား မိမိ၏ မျက်နှာကို တစ်ပါးယောကျ်ား မြင်မှာ စိုးသောကြောင့် မှောင်ရိပ်မှ မထွက်ဘဲ လက်သီးလက်ရန်းတန်း၍ ရပ်ကာ နေရစ်လေ၏။

အတန်ကြာ၍ ရီရီနှင့် တံငါသည်ကြီး မှောင်ထဲတွင် ပျောက်ကွယ်၍ သွားသောအခါ ပါးစပ်က ကြိမ်းမောင်း ဆဲရေးတိုင်းထွာကာ အိမ်သို့ ပြန်သွားလေ၏။ အိမ်သို့ ရောက်သောအခါ တံငါလင်မယား နှစ်ယောက်စလုံး ရီရီကို အိမ်အရောက် လိုက်၍ ပို့ကြလေ၏။

မြို့အုပ်မင်းသည် ရီရီကို ရတော့မည် မဟုတ်ကြောင်းကို သိသဖြင့် ဆင်ကို သတ်၍ ဆင်သားကို စားရန် ကြံစည်သောသူကဲ့သို့ ဆင်သားသည် ခက်မာ၍ ကိုက်ခဲ စားသောက်၍ အရသာကို မခံစားရသောအခါ ငါသတ်မိလေခြင်းဟု ပူပင်သောက နောင်တ တစ်ဖန် ရလေ၏။ ရီရီ့ အသားသည် မာ၏။ ရီရီ၏ အရသာသည် ခါး၏။ ရီရီကို စားရဖို့ရန် ခက်ခဲ၏။ မိမိ မျှော်လင့်သမျှသည် အလဟဿ ဖြစ်တော့မည်ဟု ကောင်းစွာ သိလေ၏။

သို့သော်လည်း စိတ်ကို မလျှော့သေးချေ။ ချစ်ဖွယ်သော ပန်းစုပ်ငှက်ကလေး တစ်ကောင်သည် မြင့်လှစွာသော ပန်းပင်၏ထိပ်၌ ပန်းဝတ်မှုန်တို့၏ အကြားတွင် အစာကို ရှာ၍ စားလေရာ၊ ကျောင်းသားသူငယ်သည် ထိုငှက်ကလေး၏ ချစ်ဖွယ်သော သဏ္ဍာန်ကို မက်မော၍ မွေးမြူရန်

ဆန္ဒရှိ၏။ ယင်းသို့ ဆန္ဒရှိငြားသော်လည်း အဖမ်းကို မခံသော ငှက်ကလေးသည် မိမိ ခေါင်းပေါ်၌ သာယာသော အသံနှင့် ကြွေးကြော်ကာ သူငယ်ကို ပြောင်လှောင် ကစားသကဲ့သို့ ပျံဝဲ၍ နေလေ၏။ ထိုအခါ အချစ်သည် အမုန်းဖြစ်၍ မိမိ မရသော ငှက်ကလေးကို အရှင်မထား ကျောက်ခဲဖြင့် ပစ်ကာ အသက် အသေသတ်ဖို့ရန် ကြံစည်၏။ ထို့အတူ မြို့အုပ်၏ စိတ်၌ ရီရီတည်း ဟူသော ငှက်မကလေးကို ဖျက်ဆီးရန် ကြံစည်လေ၏။

အချစ်သည် အချစ်ကို အလိုရှိ၏။ အချစ်၏ အစာသည် အချစ်ပင်ဖြစ်၏။ မီးစာသည် ဆီကို စုပ်၍ ယူ၏။ ဆီခန်းလျှင် မီးအိမ်အတွင်းသို့ ဝင်ကာ လောင်မြိုက် ပေါက်ကွဲတတ်၏။ ထို့အတူ အချစ်သည် အချစ်ကို မရလျှင် ပေါက်ကွဲ၍ အလင်းတည်း ဟူသော အချစ်ရောင်ခြည်မှ မှောင်သော အခိုးတက်ကာ ပေါက်ကွဲ၍ ရန်ရှာတတ်လေ၏။ ထို့အတူ မြို့အုပ်မင်း၏ အချစ်သည် ရီရီတည်း ဟူသော အချစ်ဓာတ်စာကို မစားရသောကြောင့် မိမိ၏ အတွင်းသို့ ဝင်ရောက် လောင်မြိုက်ကာ ဒေါသခိုး၊ မောဟခိုးတွေ မှောင်လျက် မိုးကြိုးဓာတ်ပမာ ပေါက်ကွဲကာ ရန်ရှာရန် ကြံစည်၍ နေလေ၏။ မစားရသော ဟင်းလျာကို သွန်မှောက်ကာ စွန့်ကြဲဖို့ရန် လည်းကောင်း၊ မပန်ရသော ပန်းကို ချေပွတ်ကာ ဖျက်ဆီးပစ်ဖို့ရန် လည်းကောင်း၊ တိတ်တဆိတ် ကြံစည်ကာ အချစ်မိုးစွေရာမှ တိမ်ပုပ်ကြွေပြီးလျှင် မိုးကြိုးတွေ ဆင်၍ နေလေ၏။

သို့သော်လည်း ကြောက်မက်ဖွယ် ကောင်းလှသော အဆိပ်တို့မည်သည် အခါခပ်သိမ်း ညိုပုပ်မည်းညိုသော အရောင် မရှိကြချေ။ ကိုက်တတ်သော မြွေဟောက်၊ မြွေငန်းတို့သည် လည်ပင်းကို ကြွ၍ ပြသည့်အခါ အလွန်တရာ လှသဖြင့် ဝိုင်းအုံ၍ ကြည့်ကြရ၏။ ပစ်တတ်သော မိုးကြိုးသည် လှပသော လျှပ်ရောင်ကို ရှေးဦးစွာ လွှတ်၏။ ထို့အတူ မြို့အုပ်၏ စိတ်တည်း ဟူသော သံဖိုး၌ ကျိုချက်၍နေသော အဆိပ်အိုးသည် လွန်စွာကြောက်မက်ဖွယ် ကောင်းသော်ငြားလည်း ထိုအဆိပ်ကို ဖန်ခွက်၌ ထည့်ကာ



ပြသည့်အခါ လွန်စွာ ချစ်ခင်ဖွယ် ရှိ၏။ မြို့အုပ်သည် ထိုအဆင်းကို မိမိ၏ မျက်နှာ၌ အထက်ကထက် ပိုမို၍ တောက်ပစေပြီးလျှင် ရီရီ၏ အပေါ်၌သာ လွန်စွာ ကြင်နာသော လက္ခဏာကို ပြလေ၏။

သို့သော်လည်း ၎င်း၏ အကြင်နာသည် ငွေကွပ်သော ဆင်စွယ်လက်ကိုင် ဓားမြှောင်၏ လှပခြင်းနှင့် မခြားကြောင်းကို ရီရီသည် မရိပ်မိရှာချေသတည်း။

မမလေးသည်ကား ရီရီ၏ဂုဏ်၊ ရီရီ၏ အဆင်းတို့ကို ရီရီ မှတရားသဖြင့် ရရှိ၏ဟု ထင်၏။ သို့သော်လည်း လှပခြင်းနှင့် ဂုဏ်ကျက်သရေကြီးခြင်းသည် ရီရီ၏အပြစ် မဟုတ်ချေ။ ရီရီ၏ ကုသိုလ်ကံသာလျှင် ဖန်တီးသော အကြောင်းအရင်း ဖြစ်လေ၏။ သို့သော်လည်း မမလေးသည်ကား ရီရီ၏ အပြစ်ကဲ့သို့ လည်းကောင်း၊ ရီရီ၏ စော်ကား ကျူးလွန်ခြင်းကဲ့သို့ လည်းကောင်း မှတ်ထင်ကာ မိမိ၏ စိတ်၌ မိမိ အသည်းကို ညှပ်၍နေသော စက်ကတ်ကြေးတစ်ခုသည် ရှိ၏။ ထိုစက်ကတ်ကြေးသည်ကား ဣဿတရားပေတည်း။

ထိုတရားမျိုးသည် အူအသည်း အသွေးအသားတို့ကို ဝင်ရောက်၍ စားသော ဘီလူး သဘက်နှင့် တူ၏။ ဦးနှောက်ကို စားသော ပိုးနှင့်လည်း တူ၏။ ထိုပိုးနှင့် ထိုဘီလူးတို့သည်ကား အခြားကို ရန်မရှာ၊ မိမိတို့ကို အရောဝင်ကာ ခင်မင်စွာ လက်ခံထားသော ဣဿတရား ရှိသူကိုသာ ရန်ရှာတတ်ကြလေ၏။

လောက၌ များစွာသော ဆင်းရဲဒုက္ခတို့တွင် ထိုတရား၏ ဖန်ဆင်းခြင်းကြောင့် ပေါ်ပေါက်ရသော ဒုက္ခတို့သည်သာလျှင် ပိုမို၍ များကြလေ၏။

ထိုရန်သူသည်ကား ယာစကာ သူတောင်းစားတို့နှင့် ဆင်းရဲသားရွာသူရွာသားတို့မှသည် မင်းစိုးရာဇာတို့ တိုင်အောင် ကြီးကျယ်သော နယ်ကို ချဲ့လျက်၊ များလှစွာသော ဥမင်လိုဏ်ခေါင်း ဂူပေါက်တံခါးတို့ဖြင့် ခိုအောင်း ကျက်စားကာ နေကြလေ၏။

တစ်နည်းအားဖြင့်လည်း ထိုတရားသည် သံတစို့ပမာ အသားတစ်တည်း ဟူသော သူဌေးသူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ စိုးအုပ်ရာဇာ ရှိသမျှသော လူသတ္တဝါတို့ကို တစ်ကြောတည်း၊ တစ်ဆက်တည်း သိ၍ထားလေ၏။

မမလေးသည် ထိုတံစို့ဖြင့် နှလုံးကိုဖြတ်၍ အစူးခံနေရသူ ဖြစ်သောကြောင့် ရီရီကို မချစ်နိုင်သော်လည်း ရီရီ၏ ဥစ္စာတို့အပေါ်၌ ကြည်ဖြူသဒ္ဓါသောစိတ်ကို အမြဲထား၏။ ထိုဥစ္စာတို့ကို မိမိ၏ ဥစ္စာများကဲ့သို့ ခင်မင်၏။ ကူညီဆောင်ရွက်ရန် အဖော်သာလျှင် လိုတော့သည် ဖြစ်ရာကား မြို့အုပ်မင်းသည် များစွာ အသုံးဝင်သောအဖော် ဖြစ်လေ၏။ ဤအချက်၌ မြို့အုပ်မင်းနှင့် သဘောချင်း ညီညွတ်တိုက်ဆိုင်လျက် တစ်နေ့သ၌ ညနေချမ်းအချိန် မမလေးနှင့် မြို့အုပ်တို့ ကမ်းနားတွင် နှစ်ကိုယ်တည်း အစည်းအဝေး ထွက်ကြလေ၏။

ငင်းစည်းဝေးသောအချိန်တွင် မှောင်မိုက်အချိန် ဖြစ်၏။ မြို့အုပ်မင်း၏ ချစ်ခင်လေးမြတ်သော ရင်ခွင်၌ မမလေးသည် ဖိုလှိုက်ကာနေသောအခါ မြို့အုပ်မင်းသည် မိမိ၏ အကြံအစည်တို့ကို မမလေး၏ ခံလင့်သော စိတ်နှလုံး မီးခွက်ထဲသို့ ရေနံဆီကို လောင်း၍ချသည့်ပမာ သွန်းလောင်း၍ ချလေရာ မမလေးမှာ နဂိုက ကြံမိရှာသူမို့ ကိုင်းညွတ်ကာပါလေ၏။ ထိုအခါ မြို့အုပ်သည် ထိုကဲ့သို့ လိုက်ပါဝန်ခံသော တိတ်တဆိတ် ကတိစာချုပ်ကို လက်မနှင့်နှိပ်ကာ အခိုင်အလုံပြုသည့်ပမာ အစည်းအဝေး၏ အဆုံး၌ မမလေး၏ လှပသော ပါးပြင်ပေါ်၌ မိမိ၏ နှုတ်သီး၊ နှာခေါင်းတို့ကို ကပ်နှိပ်ကာ အခိုင်အလုံ ဖြစ်စေသတည်း။

ထိုအကြောင်းကို မမကြီး မသိရချေ။ သို့သော်လည်း ရီရီ သေလျှင် ရီရီ၏ ပစ္စည်းများမှာ အမွေခံ တစ်ယောက်မှ မရှိသောကြောင့် မိမိတို့သုံးဦးသာလျှင် ရကြဖို့ရှိကြောင်းကို သိကြလျက် မမကြီးကို တိုင်ပင်ရန်မလိုဟူ၍ သဘောရရှိကြလေ၏။ ထိုနေ့မှစ၍ မမလေး၏စိတ်၌ ကိုဖုန်းကျော်



သည် ငါ၏ တစ်ဦးတည်းသော ပိုင်ရှင်၊ ငါ၏သခင်၊ ငါ၏လင် ဟူသော တွေးတော စိတ်ချခြင်းဖြင့် ပီတိသောမနသ ဖြစ်ကာ အထူးရွှင်ပျ၍နေပြီးလျှင် မြို့အုပ်မင်းနှင့်တကွ မမလေးသည် ရီရီအပေါ်၌ အထူးကြင်နာသော အမူအရာကို ပြကြလေ၏။ ရီရီ မကျန်းမာသည့်အတွက် များစွာ စိတ်ပူပန်ဟန်ဆောင်ကြရလေ၏။ နောက်ဆုံး၌ ရီရီသည် ရန်ကုန်သို့ပြန်ရန် အကြံပြုသောအခါ ရီရီအတွက် လွန်စွာ စိတ်လက်မချကြသောကြောင့် မမလေးက "ရီရီ ... ရီရီကို တစ်ယောက်တည်း ရန်ကုန်မှာ ပစ်မထားနိုင်ဘူး၊ မမကြီးနဲ့ အတူ မမလေး လိုက်ခဲ့ပါ့မယ်၊ ရီရီ မကျန်းမာတာကို ကြည့်ရတာ မမလေးမှာ အင်မတန် စိတ်မချမ်းသာ ဖြစ်ပါတယ်" ဟု ပြောလေ၏။

ထိုအခါ ရီရီက ညီမတော်များကို အဟုတ်အမှန် ချစ်ရှာသူ တစ်ယောက် ဖြစ်သောကြောင့် လွန်စွာ အားတက်လျက် "မမလေး သည်လိုပြောတာကို အင်မတန် ကျေးဇူးတင်ပါတယ်၊ မမလေးတို့မှာ အလုပ်လည်း မရှိကြပါ၊ ရီရီနဲ့လိုက်ပြီး ခဏမျှနေကြရင် ရီရီမှာ စိတ်လက်ဖျော်ဖြေ၍ရပါလိမ့်မယ်၊ မမလေးကို ရီရီ ကျေးဇူးတင်လို့ ဆုံးနိုင်တော့မှာ မဟုတ်ပါ" ဟု ပြောရှာ၍ မမလေး၏ ကြင်နာသော ကတိထားချက်ကို ယုံကြည်အားထားကာ လက်ခံလိုက်လေ၏။

တိုတိုကို ချုံ့ကြရမည်ဆိုလျှင် နောက်ရက်ပေါင်း များမကြာမီ ရန်ကုန်သို့ ရောက်ကြလေ၏။ နောက်ရက်အနည်းငယ် ကြာသောအခါ မြို့အုပ်သည် ဆေးလက်မှတ်နှင့် အခွင့်ခံပြီးလျှင် မမလေး၊ မမကြီးတို့ နောက်သို့လိုက်၍လာပြီး ၎င်းတို့နှင့် အတူတကွ ရီရီကို အထူးဂရုစိုက်ကာ နေရှာလေ၏။

❑

## အခန်း (၂၄)

ရီရီသည် ထန်းတပင်မြို့မှ မပြန်သေးမီ ကျိုက်လတ်မြို့ ဆိပ်ကမ်းအနီး၌ ယောကျ်ားပျိုနှစ်ယောက်သည် ရပ်ကာ ရေထဲ၌ သွားလာနေကြသော တုံကင်းသင်္ဘော သမ္ဗန် စသည်များကို ကြည့်၍နေကြလေ၏။ ထိုအခါ နံနက်ရှစ်နာရီ အချိန်ခန့်ဖြစ်၍ ကောင်းကင်သည် အထူးကြည်လင်လျက် နေမင်းသည် ဘော်ဖြင့်ပြီးသော ရောင်ဖွယ်တို့ကို ရေပေါ်သို့ ရိုက်သန်းကာ ချလေရာ အေးမြဖျတ်လတ်သော လေထဲတွင် ဖောင်းကား ဖြူစင်တောက်ပကာ သွား၍နေကြသော ရွက်များမှာ ရှုမခန်း လှပလေ၏။

ငင်းလူပျိုနှစ်ယောက်အနက် တစ်ယောက်သော လူပျိုက "ကိုနေဝင်း ယနေ့ တော်တော်နေကောင်းရဲ့ မဟုတ်လား၊ ကျွန်တော် ဆေးကုလိုက်ရတာ တစ်လနီးနီးရှိပြီ၊ ကံကောင်းလို့ မောင်မင်းကြီးသား အခုလောက်များ ကြာရင် ငါးစာဖြစ်ပြီး ရေထဲမှာ ပျောက်ပလား၊ ရေပေါ်မှာပေါ်ပြီး ရင်ခွဲရုံက တစ်ဆင့် သုသာန်ကို ရောက်မလား ဆိုတာ တွေးတွေးပြီး ကြောက်စရာ မကောင်းဘူးလား" ဟု ပြောလေ၏။

မောင်နေဝင်းက "သူငယ်ချင်း ကယ်ပေလို့ပေါ့၊ မကယ်ရင် ဒုက္ခပဲ၊ ငါလည်း တုံကင်းထဲမှာ ပူအိုက်အားကြီးတာနဲ့ မေ့အသွား ရေထဲ ထိုးကျလျှင်ကျချင်း ရေစာတ်ကြောင့် ထင်ပါရဲ့ သတိရလာပြီး အိပ်မက်ထဲမှာလို



ပက်လက်ထိုးပြီး မှောင်ကြီးထဲမှာ မျောသွားတာပဲ၊ အခုတောင် တစ်ချက် တစ်ချက် မူးခနဲ မိုက်ခနဲ နေသေးတယ် သူငယ်ချင်းရဲ့" ဟု ပြောကာ ဦးဆက်ကို မိမိလက်နှင့် စမ်း၍ကြည့်လေ၏။

မောင်နေဝင်းသည် တုံကင်းပေါ်မှ အချခံရပြီးနောက် သတိရ၍ မှောင်ထဲတွင် ပက်လက်ထိုးသွားလေရာ အတန်ကလေး ကြာသောအခါ မှောင်ထဲတွင် လှေတစ်စင်းကို လူနှစ်ယောက်သည် သုတ်သုတ် သုတ်သုတ် နှင့် လှော်၍လာလေ၏။

ယင်းကဲ့သို့ လှော်လာလေရာ မှောင်ထဲတွင် ကူးယက်ကာနေသော လူသဏ္ဌာန်ကို တွေ့ကြသဖြင့် အပါးသို့ ကပ်သွားကြလေရာ ကူး၍နေသော သူက "ကယ်ပါ ကယ်ပါ" ဟု အော်သဖြင့် ၎င်းလှေပေါ်သို့ ဆွဲ၍တင်ကြလေ၏။ လှေပေါ်သို့ ရောက်သောအခါ တစ်ယောက်သော သူက လှေထဲတွင် လဲ၍နေသော မောင်နေဝင်း၏ မျက်နှာကို ကပ်၍ကြည့်ပြီး လွန်စွာ အံ့အားသင့်လျက် "ကိုနေဝင်း ကိုနေဝင်း" ဟု ခေါ်လေ၏။

မောင်နေဝင်းသည် ခေါ်သံကို ကြားရသောအခါ မျက်လုံးများကို ဖွင့်၍ကြည့်လေရာ ကုန်ခန်း၍နေသော အားများသည် ပြန်၍တက်လာသကဲ့သို့ ဖြစ်ပြီးလျှင် မိမိ အသက်သခင်၏လက်ကို ဆွဲကိုင်ကာ "သူငယ်ချင်း ဘကျော် ... ဘကျော် ... ငါ့ကို မထားခဲ့ပါနဲ့၊ ငါ့ကို ကယ်ပါ၊ မင်းတို့ သွားရာကို ခေါ်သွားပါ၊ ဘသော်ကော ဟိုလူဟာ ဘယ်သူလဲ" ဟု လှေဦးကလူကို မေးလေ၏။

ဘကျော်က "ဘသော် ဓားပြမှုနဲ့ ထောင်ကျသွားပြီး ဟိုလူ တခြားက လူပဲ၊ ကိုနေဝင်း မသိပါဘူး၊ မစိုးရိမ်ပါနဲ့၊ ကိုနေဝင်းကို ကျုပ် ကယ်ရတာ အင်မတန် ဝမ်းသာပါတယ်၊ ဘယ့်နှယ်ဖြစ်ပြီး ဘယ်က မျောလာတာလဲ" ဟု မေးလေရာ ... မောင်နေဝင်းသည် လေသံနှင့် "ဘကျော် ... မင်း သွားဖို့ရှိတဲ့ ခရီးကိုသာ ငါ့ကို အရောက်ဆောင်ယူပြီး ဆေးဝါးကုဖို့ ကြိုးစားပါ၊ ငါ နောက်မှ ပြောပါမယ်၊ မင်းကော အခု ဘယ်က လာတာလဲ" ဟု မေးလေ၏။

ဘကျော်က "ကျုပ်တော့ ထုံးစံအတိုင်းပေါ့၊ ဟောသည်မှာ ကြည့်စမ်း" ဟု ပြောကာ လက်ကောက် ခြေချင်း ရွှေငွေတို့ကို ထုတ်၍ပြလေ၏။ ထိုအခါ မောင်နေဝင်းသည် ဘကျော်၏ လုပ်ငန်းကိစ္စကိုသိလျက် ဆက်လက်၍ မမေးဘဲ နေလေ၏။ ဘကျော်သည်ကား ထန်းတပင်နီးနား ရွာတစ်ရွာမှ အနုကြမ်းစီး၍ လာခဲ့သူ ဖြစ်လေ၏။

ဘကျော်က "ကိုနေဝင်းကို အရင်က ကျွန်တော်တို့ လုပ်ကြတာဟာ ကျွန်တော့်သဘောအတိုင်း မဟုတ်၊ ကိုဘသော်ကြောင့် လုပ်မိတာပါ။ သည်အတွက် အခွင့်လွှတ်ပါ ကိုနေဝင်းရဲ့။ ကိုနေဝင်း စိန်များလည်း သုံးထောင်ဖိုးလောက် တန်ပါတယ်။ ကျွန်တော် တစ်ညရှာလိုက်ရင် ရနိုင်ပါတယ်။ နောက်ကို ပြန်ပြီး ပေးပါမယ်။ အခုတော့ နှစ်ထောင်ခင်းလောက် ကလေးပဲ နေရာကျခဲ့တယ်။ ကိစ္စကတော့ ချောပါရဲ့" ဟု ပြောလေ၏။

မောင်နေဝင်းက "ဘကျော် … ဒါတွေကို ပြန်မပြောပါနဲ့တော့ကွယ်၊ မင်း ငါ့ကို အသက်ကယ်ဆယ်တဲ့လူပါ၊ ငါက မင်း ထပ်ပြီး ကျေးဇူးဆပ်ရဦးမှာပဲ။ သို့သော်လည်း မင်း သည်အလုပ်ကို မစွန့်သေးသည့်အတွက် ငါ စိတ်မကောင်းဖြစ်တာပါပဲ" ဟု ပြောလေ၏။

ဘကျော်က .. "ဘာမှ မလုပ်ရင်လည်း တခြားအလုပ် ရှာလို့မရဘူး ကိုနေဝင်းရဲ့၊ ကျွန်တော်လည်း သုံးချင် ဖွဲချင်သေးတယ်၊ သည်တော့ ကမ္ဘာဦးက စပြီး ညီအစ်ကို ဆွေညာတကာတော်တဲ့ လူများထံသွားပြီး မျှကြပါ၊ ပေးကြပါ ဆိုတာကို ဓားပြ၍ အသနားခံရတော့တာပါပဲ" ဟု ပြောလေ၏။

ထို့နောက် မောင်နေဝင်းသည် စကားပြောရသည်မှာ မောသဖြင့် မူးမိုက် တွေဝေလျက် ငြိမ်သက်စွာနေလေရာ လှေပေါ်တွင် အိပ်ပျော်သွားလေ၏။ အတန်ကြာသောအခါ ဘကျော်နှင့် မိမိ၏အဖော်သည် မောင်နေဝင်းကို တစ်ခုသောကမ်းပေါ်၌ တွဲ၍တင်ကြပြီး ခရီးမိုင်ဝက်ခန့်ရှိသော နေရာသို့ မှောင်ထဲတွင် ဆောင်ယူသွားလေရာ မောင်နေဝင်းမှာ အိပ်မက်တွင် လိုက်ပါရသလို ရွာတစ်ရွာသို့ ရောက်သွားလေ၏။



ထိုရွာ၏ ခြံစည်းရိုး၌ရှိသော အပေါက်တစ်ခုမှ ရွာအတွင်းသို့ ဝင်ကြပြီးလျှင် မီးကိုလည်း မထွန်း၊ စကားတစ်လုံးမျှ မပြောဘဲ ခြေလက်ဆေးကြပြီးနောက် သင်ဖျာများကိုခင်းကြ၍ အိမ်အောက်ထပ်တွင် အိပ်ကြလေ၏။ ဘကျော်၏အဒေါ်မှာ အိပ်ပေါ်သို့ တက်သွားလေ၏။ အိမ်သည်ကား ခိုင်လုံသော တလိုင်းအိမ်ကြီး ဖြစ်လေ၏။

ထိုည၌နှင့် နောက်တစ်နေ့ ၎င်းအိမ်၌ ပုန်း၍နေကြပြီးလျှင် နောက်တစ်ည၌ ၎င်းအိမ်ကလူသည် မောင်နေဝင်းနှင့် မောင်ဘကျော်တို့ကို လှေနှင့် ဆက်လက်၍ ကျိုက်လတ်သို့ အရောက် လိုက်၍ပို့လေ၏။ ထိုလှေမှာ ငှက်ပျောသီးအပြည့် ပါလာသဖြင့် လမ်းတစ်လျှောက်၌ ငှက်ပျောသီးရောင်းသော လှေအဖြစ်နှင့် လွတ်လပ်စွာ သွားရလေ၏။

ကျိုက်လတ်မြို့သို့ ရောက်သောအခါ မောင်ဘကျော်သည် အစွန်အနား၌ ရှိသော မုဆိုးမ သားအမိနှစ်ယောက်၏ အိမ်သို့ မောင်နေဝင်းကို ခေါ်၍သွားပြီးလျှင် မောင်နေဝင်းကို ဆေးဝါးကုသကာ ကောင်းစွာပြုစု၍ ထားလေ၏။ ဘကျော်၏ အဖော်မှာ လှေတွင် ကျန်ရစ်ခဲ့သဖြင့် အဘယ်ကို သွားသည် မသိရချေ။

မောင်နေဝင်းသည် ယခုအခါ အတော် ကျန်းမာလာသော်လည်း ကောင်းကောင်းကြီး နေ၍မကောင်းသေးချေ။ သို့သော်လည်း ခရီးသွားမည်ဆိုလျှင် သွားနိုင်ဖို့ရှိသောကြောင့် မောင်ဘကျော်အား အဆိုပါ ဆိပ်ကမ်းတံတား၌ရပ်ကာ လေညင်းခံရင်း မိမိ၏ အဖြစ်အပျက်တို့ကို အကုန်အစင် ပြောပြပြီးလျှင် မိမိကို ရန်ကုန်သို့ လိုက်ပို့ပေးပါရန် အကြောင်းတောင်းပန်လေ၏။ မောင်နေဝင်းသည်ကား ရီရီ၏ထံသို့ သွားဖို့ရန် တစ်ခုတည်းသော စိတ်ကိုသာ အမြဲထားလေ၏။ "ရီရီ ရှိသေးရဲ့လား၊ ရီရီသည် မြို့အုပ်လက်တွင်းသို့ ရောက်ကာနေလေပြီလား" ဟု တွေးတောကာ ရင်ထဲတွင် များစွာ နာကျင်လေ၏။ တစ်ရံတစ်ခါ မြို့အုပ်၏ ရင်ခွင်၌ ညင်သာစွာ ပိုက်ပွေ့ခြင်းကို ရီရီ ခံ၍နေသကဲ့သို့ တွေးထင်မိ၏။

ရီရီသည် မြို့အုပ်၏ လက်ချက်ဖြင့် အချစ်ဆိပ်တက်၍နေကာ မိမိကို မေ့၍နေလေပြီတကားဟု တွေးတောကာ မြစ်ထဲသို့ ခုန်ချပြီးလျှင် ရီရီ ရှိရာသို့ လက်ပစ်ကူး၍ သွားချင်၏။ မောင်နေဝင်းသည်ကား တစ်ကိုယ်တည်း ရန်ကုန်သို့ သွားရမည်မှာ ကောင်းစွာ မကျန်းမာသောကြောင့် လမ်း၌ တစ်ခုခုဖြစ်မှာကို စိုးရိမ်မိလေ၏။ ဘကျော်မှာလည်း ရန်ကုန်မြို့ရှိ ပုလိပ်များနှင့် မျက်နှာကြော မတည့်စရာအကြောင်း တစ်စုံတစ်ရာ မိမိမှာ ရှိသောကြောင့် မောင်နေဝင်းကို ရုတ်တရက် လိုက်၍မပို့နိုင်ချေ။ ထို့ပြင် အနုနှင့်ကြမ်းခဲ့သော ရွှေများမှာ မတန်အတန်နှင့် ရောင်းချလဲလှယ်ရသည့် အပြင် ဖဲဝိုင်းကိုဝင်မိ၍ ကုန်စင်ခဲ့ပြီ ဖြစ်သောကြောင့် မိမိ၏ ခေတ္တ ဇနီးသည် ဖြစ်သော မုဆိုးမကြီးက ဈေးနာရောင်းချကာ မနက်စာ မနက်၊ ညစာ ညဖြင့် နှစ်ယောက်စလုံးကို ကျွေးမွေး၍ ထားရလေ၏။

အဝတ်အစားမှာလည်း အပေါင်ဆိုင်သို့ ရောက်ကြပြီဖြစ်သောကြောင့် နှစ်ယောက်စလုံးမှာ များစွာ စုတ်နုတ်၍ နေကြလေ၏။

ထိုအကြောင်းများကို မောင်နေဝင်း တွေးလိုက်သောအခါ ကျိုက်လတ်မြို့မှာ ကြာကြာနေရမည့် အရေးကလည်း ခက်ခဲ၊ ရန်ကုန်သွားဖို့ ရန်မှာလည်း ကျပ်တည်း၊ ရီရီထံ ဝင်ဖို့ရန်မှာလည်း ကြံစည်၍မရအောင် ဖြစ်၍နေသောကြောင့် ဆင်းရဲခြင်းမလှ ဆင်းရဲဒုက္ခဖြစ်၍ နေရလေ၏။

❑

## အခန်း (၂၅)

ယင်းကဲ့သို့ ကိုယ်စိတ်နှစ်ပါး လွန်စွာ ဆင်းရဲလျက် ကောင်းစွာလည်း မကျန်းမာသေးသော မောင်နေဝင်းမှာ ရီရီကို တစ်နေ့မပြတ် တွေးတောကာ တဆွေးဆွေး တမြည့်မြည့်နေသော ဝေဒနာကြောင့် ပိန်ချုံးညှိုးနွမ်း၍ နေရှာလေရာ ဤမျှလောက် ဒုက္ခများသောဘဝ၌ လူလာ၍ ဖြစ်ရခြင်းကို ကျိန်ဆဲမိလေ၏။ မိမိသည် ရေနစ်၍ တစ်ခါတည်း သေခဲ့လျှင် ယခုကဲ့သို့ ပူပန်သောကမျိုးကို ဆက်လက်၍ ခံစားရဖို့မရှိချေ။ မတော်တဆ ဤမျှလောက် ဒုက္ခကို ခံရပြီးသည့်နောက် ရီရီကို မရချေက သေတာက မြတ်သေးတယ်ဟု တွေးမိလေ၏။

ဆိပ်ကမ်းမှာ နေမြင့်၍ ပြန်ကြသောအခါ ဘကျော်က "ကိုနေဝင်း အိမ်ကို ပြန်ဦး၊ ကျွန်တော် သွားပြီး ကြံစည်စရာ ရှိသေးသည်" ဟု ပြောလေရာ၊ မောင်နေဝင်းသည် ခိုးသူဓားပြ လုယက်တိုက်ခိုက်၍ရသော သူ၏ ကျွေးမွေးခြင်းကို ခံ၍နေရသောကြောင့် စိတ်ထဲမှာနေ၍ မဖြောင့်နိုင်ဘဲ ဘကျော်၏မျက်နှာကိုကြည့်ကာ "ဘကျော် ဘယ်လိုအလုပ်များ ကြံဦးမလဲ သူငယ်ချင်းရယ်၊ ငါ့အတွက်ဖြင့် ဘာကိုမှ တစ်စွန်းတစ်စ မလုပ်ပါနှင့်၊ ရန်ကုန်ကို အခုမပြန်ရရင် ရှိစေတော့၊ ငါ တော်တော်မာရင် ကြံစည်၍ ပြန်ပါ့မယ်၊ ငါ့အတွက် ဒုက္ခများအောင် မကြံစည်ပါနှင့် ဘကျော်ရယ်" ဟု ပြောလေ၏။

ဘကျော်က "အို ကိစ္စမရှိပါဘူး၊ စားနေကျ ကြောင်ပါးပါ၊ အေးအေးသာ ပြန်ပါ" ဟု ပြောပြီး ထွက်သွားလေ၏။ မောင်နေဝင်းသည် ဘကျော်ကို အတန်ကလေးကြာစွာကြည့်ပြီး စိတ်အားငယ်ငယ်နှင့် အိမ်သို့ပြန်သွားလေ၏။ ထိုကဲ့သို့ ပြန်သွားရာတွင် "ရီရီ ... ရီရီ မင်းနဲ့ငါနဲ့ သည်ဘဝမှာဖြင့် နေရာကျဖို့မရှိဘူး ထင်ပါရဲ့၊ မင်းအတွက် ငါ ဒုက္ခခံရဖို့ရာ ဝိပါကမကင်းလို့ လူဖြစ်ပြီးလာရသူပါပဲ" ဟု တွေးတောကာ စိတ်ပျက်ပျက်နှင့် မိမိ၏ ဦးခေါင်းတွင် ထိုးကျင်ကိုက်ခဲသော နေရာကို လက်တစ်ဖက်နှင့်အုပ်ကာ ချည့်ချည့်နဲ့နဲ့နှင့် တစ်ကိုယ်တည်း လျှောက်သွားရှာလေ၏။

အိမ်သို့ရောက်သောအခါ အိမ်ခေါင်းရင်း ကြမ်းခင်းပေါ်တွင် ဝမ်းလျားမှောက်လျက် မေးထောက်ကာ လမ်းဘက်သို့ငေးမောလျက် ရီရီကို ရတော့မှာမဟုတ် ဟူသော တွေးတောခြင်းတို့နှင့် အဆွေးကြောမသတ်နိုင်ဘဲ ယခု မိမိ ခံစားလျက်နေရသော ဝေဒနာနှင့် သေရွာကို မြန်းရလျှင် အေးခန်းကို တွေ့နိုင်ရဲ့ဟု အောက်မေ့ကာနေလေ၏။

လူမမာ နာလန်ထစေဖို့ များစွာ မွတ်သိပ်ဆာလောင်ရှာသော်လည်း ဝယ်ခြမ်းစားသုံးစရာ လက်ထဲမှာ တစ်ပြားတစ်ချပ်မှ မရှိချေ။ အိမ်၌လည်း မည်သူမျှ မရှိ၊ အိမ်ရှင် မိန်းမသားအမိမှာ ဈေးနာရောင်းချရှာဖွေရန် ထွက်သွားကြသောကြောင့် မီးဖို၌ ဘာများရှိပါသလဲဟု ထပြီး ရှာဖွေလေရာ ထမင်းအိုးထဲ၌ ထမင်းတစ်ဝက်ခန့်နှင့် ထမင်းထဲတွင် မြှုပ်၍ထားသော ဝမ်းဘဲဥကလေး တစ်လုံးကို တွေ့လေ၏။

မောင်နေဝင်းသည် ပန်းကန်ပြားတစ်ချပ်ကို ဆေးပြီး ထမင်းကို ခူးခပ်ကာ ဝမ်းဘဲဥကလေးနှင့် စားရှာလေရာ ထမင်းအိုးတစ်ဝက်မှာ တက်တက်စင်ပြောင်၍ သွားသောကြောင့် ဝမ်း၌ လှုပ်ရှားထကြွ အစာကို တကြသော ဓာတ်များသည် ပိုငြိမ်၍ သွားကြပြီးလျှင် အိမ်ခေါင်းရင်းသို့ ပြန်ကာ ကြမ်းပေါ်တွင် မှောက်ချည် လှန်ချည် လူးလိမ့်ချည်နေရင်း အိပ်ပျော်၍ သွားမည်အပြုတွင် မိုးများရွာ၍ လာသောကြောင့် ကဲလားကို



ချကာ အိမ်အတွင်းက စောင်တစ်ထည် ယူ၍ခြုံပြီးလျှင် စောင်ကိုခြေကန်၍ အိပ်လေ၏။

ညနေစောင်းသောအခါ အိပ်ရာက နိုး၍လာလေရာ ကဲလားကို ဖွင့်၍ကြည့်သောအခါ မိုးများစဲ၍ အိမ်ရှေ့ရှိ သဲများမှာ သွေ့ခြောက်လုခမန်း ဖြစ်၍နေလေ၏။ အနီးအပါး၌ရှိသော သစ်ပင်ကြီးများအထက်မှ တစ်စက်တစ်စက် လေတိုက်၍ ကျသော မိုးရေပေါက်များသာ ကျန်ရှိလေ၏။

သစ်ပင်ခြေရင်း၌ မိုးစို၍ ခိုကိုးရာမရရှာသော ဗျိုင်းအောက်ကြားကလေး တစ်ကောင်သည် သစ်ပင်ကိုကပ်ကာ ကုတ်ကုတ်ကလေး ခြေတစ်ချောင်းကိုထောက်လျက် နေသည်ကို တွေ့ရသောအခါ မောင်နေဝင်းသည် ထိုဗျိုင်းအောက်လေးကိုကြည့်လျက် "သြော် ဤဗျိုင်းကလေးဟာ လူတို့၏ လက်ချက်ဖြင့် မိခင် ဗျိုင်းမကြီး သေဆုံး၍ ခိုကိုးရာမဲ့ဖြစ်ပြီး ကျန်ရစ်ရှာလေသလား၊ သူ နေတဲ့ အသိုက်ဟာ လေတိုက်ရာ လွင့်ပါး ပျက်ပြား၍ ကျလေသလား၊ ခိုကိုးရာမဲ့သော ဤသတ္တဝါကလေး၏ မိခင်မှာ အစာကိုရှာပြီး ပြန်အလာမှာ ဦးခေါင်းကို လေးမှန်၍ ရင်အခွဲခံရသဖြင့် ဆီဆားနှင့် အသိပ်ခံရပြီး မီးဖိုမှာ အကင်ခံ၍နေရရှာလေသလား" စသည်ဖြင့် တွေးတောကာ မိမိကဲ့သို့ ခိုကိုးရာမဲ့ ဆင်းရဲ၍နေရှာသော ဗျိုင်းအပြောက်အကြား ကလေးကို ကိုယ်ချင်းစာကာ လွန်စွာမှ သနားမိရှာလေ၏။

ထိုကဲ့သို့ ဗျိုင်းကလေးကိုကြည့်ကာ စဉ်းစား၍နေရှာစဉ် ဘကျော်သည် အိမ်ပေါ်သို့ တက်လာပြီးလျှင် မောင်နေဝင်းကို မြင်သောအခါ ပြုံးရယ်သော မျက်နှာနှင့် "ကိုင်း ... ကိုနေဝင်းရဲ့ နက်ဖြန်ခါကို ရန်ကုန်သို့ ပြန်ရန်သာ စိတ်ကူးပေရော့" ဟု ပြောကာ လုံချည်ခါးပိုက်ဆောင်ထဲသို့ လက်တစ်ဖက်နှိုက်ရင်း အနီးသို့ ကပ်လာပြီးလျှင် မောင်နေဝင်း၏အပါး၌ တင်ပျဉ်ခွေထိုင်လေ၏။

မောင်နေဝင်းက များစွာ အားကိုးမျှော်လင့်သော မျက်လုံးများနှင့်

ဘကျော်၏မျက်နှာကို မော်ကြည့်ပြီး ... အိမ်ထောင်ကို ကြည့်လေရာ တစ်ဆုပ်ခန့်နီးနီးရှိသော ငွေစများကို မြင်ရလျက် အားတက်ပြီး "ဘကျော် ဘယ်က ရလာသလဲ" ဟု မေးလေ၏။

ဘကျော်က .. "အခန့်သင့်ပဲကိုး၊ ဖြတ်လမ်းက စပါးအဝယ်တော်တွေ ဝိုင်းထိုင်နေကြတာနဲ့ တွေ့တာနဲ့ ပိုက်ဆံငါးမူးချေးပြီး ကြားပေါက်ခဲ့တယ်၊ အတန်ကြာတော့ အကောင်တစ်ကောင် ထအသွားမှာ သူ့နေရာဝင်ထိုင်လိုက်တာ ရလာခဲ့တာပဲ၊ ငွေသုံးဆယ်လောက် ရှိလိမ့်မယ်ထင်ပါရဲ့၊ ရော့ ယူထားပါ ကိုနေဝင်း၊ မနက်ဖြန်ကို သွားကြမယ်၊ ရန်ကုန်မှာ လုပ်ငန်းကလေးများ တွေ့မလား မသိဘူး၊ ကံကလေးတော့ ပေါ်လာပြန်တာပဲ၊ ကျုပ်ကောင်မကြီးလည်း အတော် စိတ်ညစ်ရှာပြီ ကိုနေဝင်းရဲ့၊ ဟောသည် ငွေတစ်ဆယ်ဟာ သူ စိတ်ကြေကောင်းပါရဲ့၊ ပြန်လာမှ သူ စိတ်ပျော်အောင် ပေးရမှာပဲ၊ ဒါထက် ... ကိုနေဝင်း ထမင်းစားပြီးပြီလား" ဟု မေးလေရာ မောင်နေဝင်းက စားပြီကြောင်း ပြောလေရာ ဘကျော်က "တော်တော် စားကောင်းရဲ့လား" ဟု မေးလေ၏။

မောင်နေဝင်းသည် "စားကောင်းသလား မကောင်းလားတော့ မသိဘူး၊ ငါ ဆာဆာရှိတာနဲ့ ထမင်းအိုးကို ဖွင့်ကြည့်တော့ အိုးတစ်ဝက်နဲ့ ဝမ်းဘဲဥတစ်လုံး တွေ့တာနဲ့ ရူးပြီး ကြိတ်လိုက်တော့ အိုးပြောင်သွားတာပဲ" ဟု ရယ်မောကာ ပြောလေရာ၊ ဘကျော်က "ကောင်းတယ်၊ ထမင်းကို စားနိုင်မှ ခင်ဗျားမှာ အသားပြန်ပြီးရမယ်၊ ခင်ဗျားမြာထံ အရိုးချည်း ပြန်သွားရင် အင်မတန်ကြီးဟန်မှာ မဟုတ်ဘူး၊ ဒါထက် ညအတွက် လိုသေးတယ်၊ ခဏနေပါဦး ကိုနေဝင်းရဲ့၊ တော်တော်ကြာမှ စကားပြောရအောင်" ဟု ပြောပြီး အိမ်ပေါ်က ဆင်းသွားလေ၏။

အတန်ကြာသောအခါ ပုလင်းတစ်လုံးနဲ့ ကြက်မကြီးတစ်ကောင်ကို ဆွဲပြီး ပြန်လာခဲ့လေ၏။

မောင်နေဝင်းသည်ကား ကော်ကီ ကော်ကီနှင့် မြည်၍လာသော



ကြက်မကြီးကို မြင်သောအခါ ညစာ ဖြစ်တော့မည့်အရေးကို တွေးပြီး သနားသော်လည်း မိမိမှာ နာလန်ထစမို့ ဝမ်းဗိုက်က ဆာစပြုသောကြောင့် သနားလျက်ပင် ပါးစပ်က သွားရည်ကျလေ၏။

ဘကျော်သည် စားပွဲကလေးပေါ်တွင် ပုလင်းကိုတင်ထားပြီး လက်ဖက်ရည်ပန်းကန်လုံး တစ်လုံးကို ရေဆေးကာ တစ်ပန်းကန်ငှဲ့ချပြီး မျက်နှာကို မရှုံ့ဘဲ မော့၍ချကာ နှုတ်ခမ်းများကို စုတ်လျက် "အင်း အတော်လာတဲ့ဟာပဲ၊ ဝီစကီ မသာဘူး၊ ကိုနေဝင်းရဲ့ စမ်းကြည့်စမ်းပါလား" ဟု မောင်နေဝင်းကို ရွှင်လန်းသော မျက်နှာနှင့်ကြည့်ကာ ပန်းကန်ကို တစ်ဖက်ကိုင် ပုလင်းကို တစ်ဖက်ကကိုင်ရင်း မေးလေ၏။

မောင်နေဝင်းက "ငါ မသောက်ချင်ပါဘူး သူငယ်ချင်းရယ်" ဟု ပြောလေရာ၊ "နည်းနည်းသောက်ရင် အားရှိလာလိမ့်မယ်၊ တော်တော်ကောင်းပါတယ်၊ ထန်းလျက်ကို ချက်တာပါ၊ အန္တရာယ်မဖြစ်ပါဘူး" ဟု ပြောလေ၏။

မောင်နေဝင်းက စိတ်လက်မချမ်းသာခြင်းကြောင့် တစ်ကြောင်း၊ မကျန်းမာခြင်းကြောင့် တစ်ကြောင်း နေထိုင်၍မှ ကောင်းစေတော့ဟု တွေးတောကာ စိန်လိုက်လေဟု ပြောပြီး နေရာမှ ထလာလေ၏။ ဘကျော်သည် တစ်ခွက်ငှဲ့ပေးလေကာ မောင်နေဝင်းသည် မော့၍ချလိုက်လေ၏။ ထိုနေ့ အတန်ကလေးကြာသောအခါ ရီတီတီကလေး ဖြစ်လာ၏။ ဘကျော်မှာ ရေနွေးအိုးတွင် ကြက်မကြီးကို နှစ်ကာ အမွေးနုတ်လေ၏။

ထိုအတွင်းတွင် ဈေးသည်သားအမိ ပြန်လာလေရာ၊ ဘကျော်က ငွေတစ်ဆယ် ဆီး၍ပေးသဖြင့် သားအမိနှစ်ယောက်မှာ အမောအပန်းပြေပြီး "ကိုဘကျော် ကျွန်မတို့လုပ်ပါမယ်၊ တကတည်း အိမ်ရှေ့မှာ ပုလင်းကြီးထောင်လို့ မရှက်ဘူးလား၊ ကိုနေဝင်းကော တော်တော် နေကောင်းပလား" ဟု မေးလေရာ မောင်နေဝင်းက နီလှစွာသော မျက်နှာနှင့် ပြုံးရယ်

လျက် နေကောင်းကြောင်းကို ပြောပြီး ပက်လက်လှန်ကာ နဖူးပေါ်တွင် လက်တင်၍ နေလေ၏။

နောက်တစ်နာရီလောက် ကြာသောအခါ ချက်ပြုတ်ပြီးကြ၍ ညစာစားကြပြီးလျှင် နှစ်ယောက်သား လျှောက်၍လည်ကြလေ၏။ မိုးချုပ်သောအခါ အိမ်သို့ပြန်ကြ၍ အိပ်ကြပြီးလျှင် နံနက် မိုးလင်းသောအခါ ဆိပ်ကမ်းသို့ဆင်းကြ၍ ရန်ကုန်သို့ လိုက်လာကြလေ၏။

❑

## အခန်း (၂၆)

မောင်နေဝင်းနှင့် ဘကျော်သည် ညနေအချိန် ကံတိုမင်ဘက်သို့ ရောက်၍ ရီရီ၏အိမ်ကို ရှာကြလေ၏။ မောင်နေဝင်းမှာ ခေါင်း၌ မူးမိုက်သော ဝေဒနာသည် ကောင်းစွာပျောက်ကင်း၍ အတော်ကလေး ကြည်ကြည်လင်လင် ရှိလေ၏။ သို့သော်လည်း "ရီရီကို တွေ့မှ တွေ့ပါ့မလား၊ တွေ့လျှင် ငါ့ကို လက်မှခံပါ့မလား၊ ငါ့အပေါ်၌ အလွဲထင်နေရင် သူ့ဆီကို အဝင်ရခက်တော့မည်" စသည်ဖြင့် တွေးတောကာ ရင်ထဲတွင် တထိတ်ထိတ်နေလေ၏။ ရီရီ ပြောသော လိပ်စာအတိုင်း အိမ်ကို လိုက်ရှာကြလေရာ၊ နေဝင်ခါနီး အချိန်ခန့် ရောက်သောအခါ ၎င်းအိမ်ရှိရာသို့ လိုက်သွားကြလေ၏။

ထိုအခါ မောင်နေဝင်းမှာ ရင်ထဲတွင် လှိုက်ဖိုလျက် "တွေ့မှတွေ့ပါ့မလား၊ သည်အိမ် ဟုတ်ပါ့မလား" ဟု ထက်သန်စွာ စိတ်စောလျက် မောရမှန်းမသိဘဲ အိမ်နံပါတ်နှင့် လမ်းနေရာတို့ကို ကြည့်ရှုကာ သေချာစွာ မှတ်သားလေရာ၊ ရီရီ မှာသည့်အတိုင်း တွေ့ရသောကြောင့် ရီရီ၏ အိမ်ပဲ ဟု သိရလေ၏။

၎င်းအိမ်သည် လွန်စွာ ဆိတ်ငြိမ်လျက် ပုန်းခြံထဲတွင် လူတစ်ယောက်ကိုမျှ မတွေ့ကြသောအခါ ရီရီ၌ ခံစားရသော စိတ်လက်မချမ်းသာ

ခြင်း၏အမှတ်ကို တွေ့ရှိရလေ၏။ ပန်းပင်များမှာ ညနေချမ်း နေရောင်၌ အပြိုင်ပွင့်ကြလျက် မိမိတို့၏အရှင်ကို လွမ်းဆွတ် မျှော်တကာနေသကဲ့သို့ မှတ်ထင်ရလေ၏။ မောင်နေဝင်းက "သည်အိမ်မှ ဟုတ်ပါ့မလား၊ ဆိတ်ငြိမ်လှချေရဲ့လား၊ တံခါးများလည်း အကုန်ပိတ်လို့ ဘယ်လူမှရှိတဲ့လက္ခဏာ မရှိဘူး" ဟု တွေးတောကာ အတော်ကြီး စိတ်ပျက်လျက် "ရီရီ ဘယ်ကို သွားပါလိမ့်မလဲ၊ ရီရီ ရှိသေးရဲ့လား၊ ရီရီသည် မြို့အုပ်နဲ့ညားပြီး ပျော်ပွဲစား သွား၍ နေလေသလား" စသည်ဖြင့် တွေးတောကာ အိမ်ကို မတွေ့မီ ကထက် မိမိမှာ ပို၍ ဝန်လေးခြင်း ဖြစ်လာလေ၏။

အိမ်ပြတင်းပေါက်များကို တစ်စုံတစ်ယောက် ဖွင့်၍ ကြည့်လေမလားဟု မျှော်လင့်ကာ တရစ်ဝဲဝဲနှင့် စောင့်ကြလေရာ နေဝင်၍သွားသည်တိုင်အောင် လူရိပ်လူယောင်ကို မမြင်ရချေ။ မီးရောင်များကိုလည်း မတွေ့ရ၊ "ရီရီ ဘယ်လိုများ ဖြစ်ပါလိမ့်မလဲ" ဟု စဉ်းစား၍ မရနိုင်ဘဲ ခုနစ်နာရီကျော်ကျော်ခန့်တိုင်အောင် စောင့်စားကြပြီးနောက် တစ်စုံတစ်ခုသောအသံကိုမျှ မကြားရသဖြင့် လှည့်ပြန်၍ သွားကြလေရာ၊ မောင်နေဝင်းမှာ မောပန်းလျက် ကိုယ်စိတ်နှစ်ပါးမှာ မြေသို့ ပစ်ချအပ်သော ကြိုးခွေပမာ နွမ်းခွေ၍ ကျတော့မလို ဖြစ်သောကြောင့် စကားမပြောဘဲ ဘကျော်ကိုသာ မှီ၍ ချည့်နဲ့စွာ ပြန်လာလေ၏။

လန်ချားများကို ကြည့်ရှုပြန်သော်လည်း တစ်စင်းတလေကိုမျှ မမြင်သဖြင့် မောင်နေဝင်းသည် ဆက်လက်၍ လမ်းမလျှောက်နိုင်အောင် ဖြစ်ပြီးလျှင် "ဘကျော် ခဏထိုင်ပြီး နားကြပါဦးစို့ရဲ့ သူငယ်ချင်းရယ်၊ အိမ်တော့ သည်အိမ်ပါပဲ၊ သူတို့ ဘယ်သွားနေကြတယ် မသိဘူး" ဟု ပြောကာ မြင်းပြိုင်ကွင်းကြီးဘက်သို့ကြည့်ကာ ထိုင်၍ နားနေကြလေ၏။

ထိုကဲ့သို့ နေသည်အတွင်း "ရီရီ ထားဝယ်ကို ပြန်သွားလေသလား၊ ပဲခူးမြို့သို့ မြို့အုပ်မင်းနဲ့ သွားနေလေသလား၊ မြို့အုပ်နဲ့ ညားပြီးစမို့ ပျော်ပျော်ပါးပါး ဘုရားဖူးသွား၍ နေရှာလေသလား၊ သို့တည်းမဟုတ်



ငါ မပေါ်လာသည့်အတွက် စိတ်လက်မကောင်းဘဲ ခရီးများ သွားလာ၍ နေလေသလား" စသည်ဖြင့် တွေးတောဆင်ခြင်လျက် သက်မကြီးချကာ နေလေ၏။

ထို့နောက် အနည်းငယ် အားပြန်၍ရှိလာလေရာ ဘကျော်က "ကိုနေဝင်း မှောင်ထဲမှာ သည်လိုထိုင်နေရင် လမ်းစောင့်ပြာတာတွေက ဘာလိုလို ညာလိုလို ထင်မယ်၊ သွားကြပါစို့ရဲ့ဗျာ၊ နက်ဖြန်ခါ တစ်ကြိမ်ပြန်ပြီး ရှာပြန်တာပေါ့" ဟု ပြောခိုက်တွင် လန်ချားတစ်စင်း၏အသံကို ကြားကြရသဖြင့် ၎င်းလန်ချားကိုစီးကာ မြို့ထဲသို့ ပြန်သွားကြလေ၏။

ထို့နောက် နှစ်ရက်လောက် ဆက်လက်၍ လာရောက်ရှာဖွေလေရာ ရီရီကို မတွေ့ရသောကြောင့် မောင်နေဝင်းသည် လွန်စွာ စိတ်ပျက်ရှာလေ၏။ ကျိုက်လတ်မြို့မှ ပါလာသော ငွေအနည်းငယ်မျှတို့မှာလည်း ကုလားခပ်တဲ့ရေ ကုလား ခြေဆေးတာနဲ့ ကုန်သည် ဆိုသော စကားအရ မောင်ဘကျော်၏ ကဇော်ဖိုးနှင့် ကိစ္စချောလှမတတ် ရှိလေရာ ကြာကြာနေလျှင် ရီရီကို မတွေ့မီ ငွေများကုန်မည် စိုးသောကြောင့် တစ်ကြောင်း၊ ဘကျော်၏ အသိမိတ်ဆွေ လူတေလူပေများထံမှာ ကျဉ်းကျဉ်းကျပ်ကျပ် အိပ်ရသောကြောင့် စိတ်လက် မချမ်းမသာ ဆင်းရဲခြင်းမလှ ဆင်းရဲခြင်း ကြုံတွေ့ရသည်အတွက် တစ်ကြောင်း ထန်းတပင်မြို့ကို သွားရလျှင် ကောင်းလိမ့်မည်၊ ရီရီကိုလည်း တွေ့ကောင်း တွေ့လိမ့်မည်ဟု မျှော်လင့်ကာ ထန်းတပင်သို့ နှစ်ယောက်သား သွားကြလေ၏။

မောင်နေဝင်းသည် ထန်းတပင်သို့ ရောက်သောအခါ အရင်ကနှင့်မတူ သချိုင်းသုသာန်ကို ရောက်လာရသကဲ့သို့ မှတ်ထင်ရလေ၏။ ရီရီနှင့်တွေ့ကြုံ၍ နေရစဉ်က အလွန်တရာ သာယာသော အရပ်ကလေးသည် လွန်စွာ သွေ့ခြောက် ငြိုငြင်ဖွယ်ရာကဲ့သို့ သွားချင်သော်လည်း ထိုတဲကလေးကို မြတွေးမိသောအခါ မောင်နေဝင်း၏ အသည်းနှလုံးတို့မှာ မွမွကြေမျှ အလွမ်းတွေ အုံကြွပြီးလျှင် လွမ်းလေပွေ ဆင်သကဲ့သို့ မှတ်ထင်

ရလေ၏။ သို့သော်လည်း ရီရီ၏ အကြောင်းကို လွန်စွာ သိလိုသဖြင့် အဆောတလျင် တံငါတဲသို့ ပြေးရလေ၏။

တံငါတဲကလေးမှာ လွန်စွာ ဆိတ်ငြိမ်လေ၏။ ၎င်း၏ ရွှင်လန်းသာယာသော ပုံသဏ္ဌာန်သည် လုံးလုံးကြီး ပျောက်ပြီးလျှင် လွန်စွာပင် သွေ့ခြောက်သည်ဟု မှတ်ထင်ရလေ၏။ ၎င်းတဲကို မြင်ရသည်မှာ ရီရီနှင့် ဖြစ်ပျက်တွေ့ကြုံသမျှသော ပုံသဏ္ဌာန်တို့ကို မိမိ၏ မျက်စိရှေ့၌ အကုန်အစင် ပြန်၍ ပေါ်လာစေ၏။ သို့သော်လည်း ထိုပေါ်လာသော ပုံသဏ္ဌာန်တို့သည် သဏ္ဌာန်မျှသာ ဖြစ်လေ၏။ စင်စစ်အားဖြင့် အနှစ်သာရ မရှိသည်ကို သိရသောအခါ အိပ်မက်၌ ချစ်လှသော ကွယ်လွန်သူကို ပြန်၍ တွေ့ပျက်ခြင်းမလှ စိတ်ပျက်၍ ကျန်ရစ်ရသည်ပမာ လမ်းနံဘေးရှိ တောအုပ်ထဲသို့ဝင်ကာ လူး၍သေလျှင် ကောင်းလေစွတကားဟု မှတ်ထင်လေ၏။

မိမိနှင့် ရီရီ မိုးခိုသော သစ်ပင်ကြီး၏အပါးသို့ ရောက်သောအခါ ထိုသစ်ပင်ကြီးကို ရပ်ကာ ရှမျှော်လျက် ယူကျုံးမရ ဖြစ်ရှာလေ၏။ ထို့နောက် စိတ်ကိုတင်းပြီးလျှင် တံငါတဲရှိရာသို့ အရောက်သွားပြီး တဲသို့ဝင်လိုက်သောအခါ တံငါသည် မိန်းမကြီးနှင့် ယောကျ်ားကြီးကို အဆင်သင့် တွေ့ရလေ၏။

တံငါသည်မကြီးက "အမယ်လေး အဒေါ့်တူကြီးပါကလား၊ အဒေါ်တို့ကို ပစ်သွားတဲ့ တူကြီး ပြန်လာပြီ၊ အဒေါ်တို့မှာ မျှော်လိုက်ရတာ မင်း အခုမှ ပေါ်လာသလား၊ အဒေါ်တို့ကိုမှ မပြောမဆိုဘဲ ဘယ်ကိုများ ထွက်သွားပြီး အခု ဘယ်က ပြန်လာပါသလဲ၊ အလို မျက်နှာများလည်း အင်မတန် ကျနေပါကလား၊ လူပုံများလည်း ပျက်လို့၊ အဒေါ့်တူကြီး ဘယ်လိုများ ဖြစ်လာပါသလဲ" ဟု ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း ရောစပ်ကာ မျက်ရည်များ လည်၍လာပြီးလျှင် မောင်နေဝင်း၏ လက်ကိုဆွဲကာ "ဒေါ်ဒေါ့်ကို ပြောစမ်းပါ၊ ဘယ်လိုများဖြစ်ပြီး ဘယ်ကိုရောက်နေပါသလဲ၊ ပိန်လှ



ချေရဲ့" ဟု မောင်နေဝင်း၏ ဦးခေါင်းကို ကိုင်ကာ ကျောကိုသပ်ကာ လက်ကို ကိုင်ကာ မေးရှာလေ၏။

တံငါ ယောကျ်ားကလည်း "မင်းကွယ် လုပ်မှလုပ်ရက်ပေ၊ တစ်နေ့ ပေါ်လာနိုးနှင့် နေ့တိုင်းပဲ မင့်အကြောင်းကို ပြောပြောနေရတာပါပဲ၊ နောက်ကို သည်လို မလုပ်ပါနဲ့ တူမောင်ရယ်" ဟု ပြောကာ ပလုံးတစ်ခုကို ရက်၍နေလေ၏။

မောင်နေဝင်းမှာ တံငါသည်မကြီး၏ မျက်နှာ၌ မျက်ရည်စများကို တွေ့ရသောအခါ မိမိမှာ မျက်ရည်များကို ချုပ်တည်း၍ မရဘဲ "အဒေါ်ရဲ့ ကျွန်တော်ရဲ့ အဖြစ်အပျက်တွေကို ကျွန်တော် ပြန်ပြီး မပြောပါရစေနဲ့တော့" ဟု ပြောကာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကာ ရှိုက်ကာ ငိုရှာလေ၏။

ထိုအခါ တံငါသည်ကြီးသည် ပလုံးကို နံဘေး၌ချပြီး မိမိ၏ ဇနီးသည်ကို ကြည့်ကာ အပါးသို့ ထလာပြီးလျှင် "ဘာဖြစ်သလဲ၊ ဘယ်လိုဖြစ်ခဲ့သလဲ၊ ဟုတ်ပါတယ်၊ ကျုပ် အရိပ်မိသားကပဲ၊ လူပုံတောင် မနည်းပျက်နေတာ၊ အရင်ကလူနဲ့မှ မတူဘဲကလား၊ တစ်ခုခုတော့ ဖြစ်လာပါပြီလို့ ကျုပ် အပြောမိသားကပဲ၊ ဘာများ ဖြစ်ခဲ့သလဲ တူမောင်၊ ဦးတို့ကို ပြောပြမှပေါ့ကွယ်" ဟု ပြောလေ၏။

တံငါသည်မကြီးကလည်း "ငါ့တူ ရန်ကုန်က ပြန်လာသလား၊ မင့်နှမနဲ့ စိတ်ဆိုးပြီးလာခဲ့သလား၊ ဒေါ်ဒေါ်တို့ကို ပြောပါ၊ သူက မချစ်ရင် မင်း ဘာပြုပူပင်ရလဲ၊ အဒေါ်တို့နဲ့ တစ်သက်လုံးနေတာပေါ့" ဟု အားရှိအောင် ပြောရှာလေ၏။ မောင်နေဝင်းသည်ကား စကားတစ်လုံးကိုမျှ မပြောဘဲ ဆက်လက်၍ ငိုရှိုက်ကာ "အဒေါ် သူ သည်ကို မလာဘူးလား၊ သူ သည်မြို့မှာ ရှိသေးရဲ့လား" ဟု မျက်နှာကို မော့ကြည့်ကာ မေးလေရာ၊ "သူ ယနေ့မနက်ပဲ ရန်ကုန်ကို ပြန်သွားတယ်၊ သူ့ညီမတော်များလည်း ပါသွားတယ်၊ မင်းနဲ့ ဘာဖြစ်လာသလဲ၊ ရန်ကုန်က ပြန်လာစဉ်က သည်

ကိုလာပြီး ကြည့်သေးတယ်၊ မင်းအခန်းကိုတောင် အကြာကြီးဝင်ပြီး ထိုင်သွားနေသေးတယ်" ဟု ပြောလေရာ မောင်နေဝင်းသည် မျက်ရည်များကို သုတ်လျက် "သူ ဘာပြောသွားသလဲ အဒေါ်" ဟု မေးလေ၏။

တံငါသည်မကြီးက "သူ မင်းနဲ့ မတွေ့ရတဲ့အကြောင်းကို ပြောသွားတာပဲ၊ သူလည်း ပိန်နေတယ်၊ မင်းကြောင့် မကျန်းမမာတောင် ဖြစ်တယ်လို့ အဒေါ် ထင်တာပဲ" ဟု ပြောလေရာ မောင်နေဝင်းက မိမိ၏ အဖြစ်အပျက်တို့ကို အကုန်အစင် ပြောပြလေရာ တံငါသည် လင်မယားသည် ရင်ဘတ်ကိုထုကာ စုတ်သပ်ကာ ကြီးစွာသော ကြင်နာခြင်းနှင့် နားထောင်၍ နေကြလေ၏။

စကားအဆုံး၌ ဆင်ဟာ်ငြိမ်စွာ နားထောင်၍နေသော ဘကျော်ကို ကြည့်ကြ၍ မောင်နေဝင်းကို ကယ်ဆယ်သူ ဖြစ်ကြောင်းကို သိကြရလျက် ကျေးဇူးတင်သော စကားများကို ပြောကြလေ၏။

မောင်နေဝင်းသည် စကားဆုံး၌ "အဒေါ် ကျွန်တော့်ကို အခွင့်ပြုပေဦးတော့၊ ကျွန်တော် နောက် နေရာကျရင်လည်း လာခဲ့မယ်၊ နေရာမကျရင်ဖြင့် ဘယ်လိုဖြစ်မယ် မသိဘူး၊ ကျွန်တော့်ကိုသာ အခွင့်ပြုကြပါတော့၊ သူ့ဆီကိုဖြင့် အမြန်လိုက်ဦးမှ တော်မယ်ထင်တယ်" ဟု ပြောကာ တံငါလင်မယားကို နှုတ်ဆက်ကာ ခွဲခွာလေခဲ့လေ၏။ တံငါလင်မယား နှစ်ယောက်ကလည်း "အေး ... အေး ... မောင် ... မင်းကိုလည်း သူ မျှော်နေလိမ့်မယ်၊ သြော် ... ချက်ချင်းလာပြီး ကိုယ်ယောင်ပြတာလို ဖြစ်နေတာပါပဲ၊ သွားဦးတော့ သွားဦးတော့၊ မသွားရင် ကိစ္စမပြီးဘူးကွယ့်" ဟု ပြောကာ တဲအပြင်သို့ လင်မယားနှစ်ယောက်စလုံး ထွက်ကာ မောင်နေဝင်းနှင့် ဘကျော်တို့ကို လူလုံးပျောက်သည့်တိုင်အောင် မျှော်ကြည့်လိုက်လေ၏။

နောင် အတန်ကလေးကြာသောအခါ တံငါသည် ယောကျ်ားသည် အခန်းထဲသို့ ပြေးဝင်ပြီးလျှင် အလျင်အမြန် ပြန်၍ထွက်ကာ မောင်နေဝင်းတို့နောက်သို့ ပြေး၍ လိုက်လေ၏။ ၎င်း ပြေးလာသည်ကို မောင်နေဝင်းတို့



မြင်ကြရသောအခါ စောင့်၍နေကြလေ၏။ အပါးသို့ ရောက်လာပြီးလျှင် မောင်နေဝင်း၏လက်ကို တံငါကြီးက ဆွဲယူကာ "ရော့ လမ်းစရိတ် ယူသွားပါ၊ နေရာကျသည် ဖြစ်စေ၊ မကျသည်ဖြစ်စေ ဦးလေးတို့ထံကို ဆက်ဆက် ပြန်လာခဲ့နော်" ဟု ပြောကာ ငွေတစ်ဆယ်ကို မောင်နေဝင်း၏ လက်ထဲသို့ ထည့်လေ၏။ မောင်နေဝင်းက မိမိမှာလည်း ငွေပြတ်လပ်၍ နေသောကြောင့် ဝမ်းနည်းစွာ ကျေးဇူးတင်သော အမူအရာနှင့် ငြင်းဆန်ခြင်း မပြုဘဲ ယူထားပြီးလျှင် "ကောင်းပါပြီ ဦးရဲ့၊ ကျွန်တော် ဆက်ဆက်ပြန်လာပါ့မယ်" ဟု ပြောလေရာ၊ တံငါကြီးက "ကိုင်း ..., ကိုင်း သွားပေတော့၊ သွားပေတော့၊ လှေကြုံများ ရှိပါလိမ့်မယ်" ဟု ပြောပြီး ရပ်ကာ ကြည့်၍ နေလေ၏။

မောင်နေဝင်းတို့သည်လည်း ဆက်လက်၍ ပြန်လာကြလေ၏။

❑

## အခန်း (၂၇)

နောက်တစ်နေ့ ညအချိန် မောင်နေဝင်းနှင့် မောင်ဘကျော်တို့သည် ကံတိုမင်သို့ ရောက်ကြပြန်လေရာ နှစ်ယောက်သား ဝင်းထရံ အပြင်ဘက်မှ နေကြ၍ အိမ်ကို ကြည့်ကြလေလျှင် အိမ်၌ မီးရောင်များ ထိန်လင်းလျက် လှုပ်ရှားသွားလာနေကြသော လူများကို တွေ့ကြရလေ၏။

သို့သော်လည်း မောင်နေဝင်းသည် ရီရီကို မမြင်ရချေ။ မောင်နေဝင်းသည် အိမ်သို့ အတင်းဝင်ကာ ရီရီကို မေးမြန်းချင်သော်လည်း မိမိမှာ မလှ၊ ဓမ္မရုပ်ဆင်းပျက်အောင် အသားအရည် ခန်းခြောက်၍နေသောကြောင့် တစ်ကြောင်း၊ အဝတ်အစား မရှိသောကြောင့် တစ်ကြောင်း အိမ်ကို ဝင်ရမည်မှာ လွန်စွာခက်၍နေလေ၏။

ထို့အပြင် ၎င်းအိမ်၌ ရီရီ တစ်ယောက်တည်း ရှိသည် မဟုတ်။ မမလေး၊ မမကြီးတို့ပါ ရှိနေသောကြောင့် အဝင်ရခက်လေ၏။ "ငါ ဝင်သွားလျှင် ရီရီသည် ငါ့ကို တစ်မျိုးတစ်မည်ထင်၍ မခေါ်မပြောဘဲ နေမလား၊ မမလေး၊ မမကြီးတို့ကို ရှက်သောကြောင့် ငါ့ကို ဘယ်က လူလဲလို့များ မေးလေမလား" စသည်ဖြင့် တွေးတောကာ ပူပင်လေ၏။ ထို့အပြင် "ရီရီရှိရင် တော်ပါရဲ့၊ မရှိလျှင် ငါ့ကို ဘယ်ကလူလဲဟု ဆိုကြပြီးလျှင် အလန့်တကြားဖြစ်ကာ ဓားပြလို့ အော်ကြမှဖြင့် ငါ ဒုက္ခဖြစ်ရချေတော့မယ်" စသည်ဖြင့် တွေးတောကာ မဝင်ဝံ့ဘဲ နေလေ၏။



ဘကျော်သည်ကား "ကိုင်း ... ကိုနေဝင်း ဘယ်လိုပဲဖြစ်ဖြစ် ဝင်ကြစို့ရဲ့" ဟု ပြောလေရာ မောင်နေဝင်းက "နေပါဦး ... ဘကျော်ရယ်၊ အရိပ်အဆင်ကို ကြည့်ပါရစေဦး" ဟု ပြောကာ ငြင်းဆန်၍သာ နေရလေ၏။

နောက်တစ်နေ့၌ ဘကျော်က "ကိုနေဝင်း ကျွန်တော် လိုက်ပေမယ့် မထူးတော့ပါ၊ ကျွန်တော်က တစ်ခါတည်း အရောက်သွားချင်တာပဲ၊ ကြောက်ရွံ့ရွံ့လုပ်နေရင် ကျွန်တော် အင်မတန် ပျင်းတယ်၊ ကိစ္စကလေးများလည်း ရှိပါသေးတယ်" ဟု ပြောကာ ရေကျော်ရှိ တည်းခိုနေသော အသိအိမ်မှာ ဝင်နေရစ်လေ၏။ မောင်နေဝင်းက "မင်းကို ငါ ဒုက္ခမပေးပါဘူး ဘကျော်ရယ်၊ ငါ တစ်ယောက်တည်းပဲ သွားပါမယ်" ဟု ပြောကာ ထွက်သွားပြီးလျှင် တစ်နေ့လုံး အိမ်အနီးရှိ တစ်ခုသော သစ်ပင်ကြီးအောက် ခြံစည်းရိုးအကွယ်တွင်ထိုင်ကာ အိမ်ဘက်သို့လည်း မျှော်၍နေလေ၏။

သို့သော်လည်း ရီရီကို မမြင်ရ။ မမလေး၊ မမကြီးနှင့် အစေခံမိန်းကလေးများကိုသာ မြင်ရလျှင် "ရီရီမှ ရှိပါ့မလား၊ ရီရီ အင်မတန်ပဲ မကျန်းမမာ ဖြစ်နေရှာလေသလား၊ ရီရီ မင်းအနားမှာ ကျုပ် အခုရှိ၏။ ရီရီ ကျုပ် ရောက်နေကြောင်းကို နည်းနည်းမှ မတွေးမိဘူးလား၊ ဘယ်အတွက် ကျုပ်ကို ထွက်၍ မကြည့်ပါသလဲ၊ ရီရီ ကျုပ်ကို မေ့နေပြီလား၊ ရီရီ မင်း အဘယ်ဒုက္ခနဲ့ တွေ့ကြုံ၍နေသလဲ" စသည်ဖြင့် အိမ်ပြတင်းပေါက်ကို ကြည့်ကာ တစ်ကိုယ်တည်း ညည်းညူ၍ နေရှာပြီးလျှင် ထိုနေ့၌လည်း ရီရီကို မတွေ့ရချေ။ သို့သော်လည်း မောင်နေဝင်းသည် စိတ်ကိုမလျှော့ဘဲ ဆက်လက်၍ စောင့်လေရာ နေကုန်ကာ မိုးချုပ်၍ သွားလေ၏။

မိုးချုပ်ပြီးနောက် ဆက်လက်၍ စောင့်နေရာ၊ ည၉ ရှစ်နာရီခန့် အချိန်လောက် ကြာသောအခါ ပြတင်းတံခါးတစ်ခု ပွင့်၍လာပြီးလျှင် ဖြူသောအင်္ကျီကို ဝတ်လျက် ပြတင်းပေါက်ကိုမှီကာ အပြင်ဘက်သို့ မေးထောက်ကာကြည့်၍နေရှာသော ပုံသဏ္ဍာန်ကို တွေ့ရလေ၏။ ထိုပုံသဏ္ဍာန်မှာ မှောင်ရိပ်ကြောင့် များစွာ မထင်ရှားသော်လည်း မောင်နေဝင်းသည်

ရီရီ ဖြစ်ကြောင်းကိုသိလျက် မိမိ၏ ရင်ထဲတွင် မြင်းအကောင်တစ်ဒါဇင်ခန့် တဲပတ်ရိုက်၍နေသလို တဒုန်းဒုန်းလှုပ်ရှား၍ လာလေ၏။

အတန်ကလေး ကြာသောအခါ ခတ်မီးရောင်သည် အခန်းတွင်းမှ ဝင်းခနဲ ပွင့်၍လာလေရာ၊ ရီရီ၏ မျက်နှာသည် ထင်ရှားစွာ ပေါ်၍လာလေ၏။ ထိုမျက်နှာသည် ပါးလုပ်လှပ် သွေးမရှိသကဲ့သို့ ဖြူရော်သောမျက်နှာဖြစ်လေ၏။ သို့သော်လည်း ရီရီ၏အလှသည် မပျက်၊ ဆင်းရဲဒုက္ခ ညှိုးငယ်ပူပန်ခြင်းသည် အလှကို တစ်မျိုးသောနည်းဖြင့် တိုးတက်စေ၏။

ရီရီ၏ ရှည်လျားသော လည်ပင်းကလေးသည် မော့လျက်နေသော မျက်နှာအောက်တွင် အနည်းငယ်တိုး၍ ရှည်သကဲ့သို့ မှတ်ထင်ရလေ၏။ ရီရီ၏ လက်ကလေးတစ်ဖက်သည် မိမိ၏ ပြတင်းပေါက်ရှိရာသို့ တက်၍လာသော ပန်းပင်အရွက်များကို ကိုင်ချွေကာ ချ၍နေလေ၏။ တစ်ခါတစ်ခါ ရှိုက်ကာ အသက်ရှူလျက် လက်နှစ်ဖက်ကို ဦးခေါင်းထက်သို့ တင်ကာ မျက်နှာကိုမော့၍ မှောင်ထဲကို မျှော်ရှာလေ၏။ တစ်ခါတစ်ခါ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ကာ ရှိုက်၍နေလေ၏။ ထို့နောက် လက်ကိုင်ပဝါနှင့် မျက်လုံးများ နှာခေါင်းများကို သုတ်လေ၏။

ထိုအမူအရာ ပူဆွေးခြင်း လက္ခဏာတို့ကို မောင်နေဝင်း မြင်သောအခါ မိမိ၏ရင်ထဲတွင် လေးလံလှစွာသော အလေးကြီး ဝင်၍နေသလို အသက်ကို မရှူနိုင်အောင် ရှိရှာလေ၏။ ရီရီ ရီရီ ကျုပ် သည်မှာရှိပါတယ်၊ ရီရီ ဘယ်အတွက် ပူပင်၍ နေသလဲ ဟူ၍ လှမ်းကာခေါ်ချင်၏။ ဤပြတင်းပေါက်မှ ရီရီထံသို့ အံတင်းတက်ကာ ရီရီ၏ ပူသမျှကို ပြေပျောက်အောင် ပွေ့ယူ ထွေးပိုက်ချင်၏။ သို့သော်လည်း ရီရီ၏ ဂုဏ်အသရေပျက်မည်ကို ကြောက်သော်ကြောင့် တစ်ကြောင်း၊ မိမိ၏ အခြေအနေ စုတ်စုတ်ပြတ်ပြတ်နေသည်ကို သတိရသဖြင့် တစ်ကြောင်း စိတ်ကိုချုပ်ကာ နေရလေ၏။

ထို့နောက် ရီရီ အောက်ကိုဆင်းပြီး ပန်းခြံထဲသို့ လှည့်လည်၍ လာလျှင် ငါ ဆီး၍ ခေါ်မည်၊ ရီရီ ... ရီရီ ကျုပ် ဘယ့်နှယ့်ကြံရပါမလဲဟု လက်မှိုင်



ချကာ နေရသည်အတွင်း လျှပ်စစ်များပျက်၍ လေများကျပြီး မိုးသည်းထန်စွာ ရွာလေ၏။

ထိုအခါ ရီရီသည် ပြတင်းတံခါးကို ပိတ်လိုက်သဖြင့် မောင်နေဝင်း၏ ရှေ့တွင် ရီရီသည် ကွယ်ပျောက်၍ သွားလေ၏။ ထိုအခါ မောင်နေဝင်းသည် ရက်စက်သော မိုးနှင့် လေတို့ကို ကျိန်ဆဲကာ ရပ်၍နေလေရာ လန်ခြားတစ်စင်း ရောက်၍လာသောကြောင့် ၎င်း လန်ခြားကိုစီးကာ ပြန်၍လာလေ၏။

ထို့နောက် ဆက်လက်၍ လေးရက် ငါးရက် သွားရပါသော်လည်း မိုးများ လေများကြောင့် ရီရီကို တစ်ခါမှ မတွေ့ရဘဲ အဘယ်ပုံ ကြံရမည်ကို မသိနိုင်အောင် ရှိနေလေ၏။

တစ်နေ့သ၌ မောင်နေဝင်းမှာ နေ့အချိန်လာ၍ ဈေးစောင်းကြည့်ရှုပြီးလျှင် မမြင်ရသောကြောင့် နေမဝင်မီ မိုးများရွာလာသဖြင့် စိတ်ပျက်ပျက်နှင့် ပြန်၍လာခဲ့လေရာ မောင်ဘကျော်ကို မတွေ့ရသည်နှင့် တည်းသော အိမ်၌ တစ်ယောက်တည်း အိပ်၍ နေလေ၏။

ထိုနေ့၌ မောင်နေဝင်းသည် ရီရီ အိမ်၌ မြို့အုပ်မင်းကို မြင်ခဲ့သောကြောင့် ရီရီနှင့် မြို့အုပ်မင်းသည် တစ်နည်းနည်းနှင့် နေရာကျနေပြီလား၊ ဤမြို့အုပ်သည် အဘယ်ကြောင့် ဤအိမ်ကို ရောက်၍ လာပါသနည်း။ မြို့အုပ်ကို ငါ အရင်နေ့များက မတွေ့ရ၊ ယနေ့မှသာ တွေ့ရ၏။ တန်တော့ ရီရီ ဟိုညဉ့်က ညှိုးငယ်၍နေသည်မှာ မြို့အုပ်ကို လွမ်းနေသောကြောင့် ဖြစ်ဟန်တူလေသည်။ ယခု မြို့အုပ်သည် ရီရီ အိမ်သို့ ရောက်၍နေ၏။ သို့အတွက် ရီရီသည် စိတ်လက်ပျော်ရွှင်သော အိမ်ထဲမှာ မြို့အုပ်နှင့် ကြည်ဖြူပြီး အပြင်ကို မထွက်နိုင်အောင် နေလေသလား၊ ဧကန် ငါ့ကို လူဆိုး၊ လူလိမ်လူကောက်၊ အသုံးမကျသော ကြာသမားဟု ထင်ကာ ရီရီမှာ စိတ်ပြောင်းပြီး မြို့အုပ်နှင့် အကြောင်းသင့်၍ နေလေပြီတကား၊ ငါသည် ထပ်မံ၍ ကြိုးစားသော်လည်း နေရာကျတော့မည် မဟုတ်ချေ။

မြို့အုပ်၏ ရင်ခွင်၌ ရီရီ၏ နူးညံ့ပျော့ပျောင်းသော ကိုယ်ကလေးသည်

မွေ့လျော်ပျော်ပိုက်ကာ နေရှာလေပြီ။ ငါ သည်မြို့မှာ မစားရအညွှော်ခံ နေရသော်လည်း ရီရီနှင့် ရေစက်မပါ၍ ငါ မကောင်း အထင်ခံရသည်မှာ ဤဘဝ၌ ငါ၏ ဝိပါက အန္တရာယ် ဖြစ်လေသည်။ ငါ ဘယ်ကို ပြေးရပါမည်နည်း၊ ဤ ရီရီ၏ နာမည်ကို ငါ ဘယ်အခါ၌ မေ့နိုင်ပါမည်နည်း၊ ဤနာမည် ပြန်ကာကျရန် ဆက်လက်၍ မကြိုးစားဘဲ ဤမြို့မှ ထွက်မှ တော်ချေမည်၊ မထွက်လျှင် ဤစိတ်ဒုက္ခကြောင့် မုချသေရပေတော့မည် တကား ... စသည်ဖြင့် တွေးတောကာ အိပ်၍ မပျော်နိုင်ဘဲ မိုးလင်းလျှင် လင်းခြင်း ရန်ကုန်မှ ထွက်ပြေးဖို့ရန် ကြံစည်တွေးတောကာ နေလေ၏။

ထို စိတ်ပျက်သော ညဥ့်၌ မောင်နေဝင်းသည် မိမိကိုယ်ကို အသူတရာနက်သော ချောက်ကမ်းပါးကြီးအောက်သို့ ကျ၍ နေဘိသကဲ့သို့ မှတ်ထင်ရှာလေ၏။

□

## အခန်း (၂၈)

ထိုညဥ့်၌ မောင်နေဝင်းသည် အိပ်ရာထဲတွင် ထိုကဲ့သို့ တွေးတောကာနေစဉ် မိုးများစဲ၍ သွားလေ၏။

မိုးစဲသောအခါ ရီရီ အိမ်ပေါ်မှ မြို့အုပ်မင်းနှင့် မမလေးသည် ပန်းခြံထဲသို့ ဆင်းလာပြီးလျှင် သစ်ပင်အောက် မှောင်ရိပ်ထဲ၌ တစ်ယောက်၏ ခါးကို တစ်ယောက်ဖက်ကာ လမ်းလျှောက်၍ နေကြပြီးနောက် တစ်ခုသော ပန်းရုံအနီး၌ ရပ်ကြလေ၏။ မြို့အုပ်က "အခု ရီရီကို ကုနေတဲ့ ဆရာဝန်က တော်တော် နာမည်ရရဲ့တဲ့လား၊ ဆရာဝန် အကြီးစားထဲကလား"

မမလေး "တော်တော် ကောင်းတယ်လို့ ထင်ရှားတဲ့ ဆရာဝန်ပါပဲ၊ အင်း ... ဒီဆိုလဲ ... ဘာဒီဆိုလဲ မသိပါဘူး"

"ဘာရောဂါလို့ ပြောသလဲ"

"ဆရာဝန်က ဘာရောဂါရယ်လို့တော့ မပြောဘူး၊ ဆေးကိုသာ ပေးသွားတာပဲ"

မြို့အုပ်က "အေးလေ ဆရာဝန်ဆိုတာ ရောဂါဖြစ်ရင် ဆေးပေးကြတာပါပဲ၊ နို့ တော်တော်ကော ခြားနားသလား"

မမလေးက "မခြားနားသေးဘူး၊ ကျွန်မတို့ ကြံစည်တာတောင် သိပ်လုပ်ဖို့ လိုမယ် မထင်ပါဘူး၊ သူဘာသာသူ တဖြည်းဖြည်း ကိစ္စချော သွားမယ်လို့ ထင်တယ်"

မြို့အုပ်က "မဟုတ်သေးဘူး မမလေး ... မင်းသိတာ တစ်မျိုး၊ ငါသိတာ တစ်မျိုးပဲ၊ သူ ခံစားနေရတဲ့ ရောဂါက စိတ္တဇရောဂါ၊ လူချော ကလေး တစ်ယောက်ယောက် ပေါ်လာလို့ သူ့အကြိုက်ကို တိုးမိရင် အခု ချက်ချင်း ငေါက်ခနဲ ထမှာ၊ မင်းပြောသလို စောင့်နေရင် အင်မတန်ကြီး ကြာနေလိမ့်မယ် စိတ်လည်း ချရမှာ မဟုတ်ဘူး"

မမလေး "ကိုဖုန်းကျော် ဘယ်လိုကြံချင်သလဲ"

မြို့အုပ် "အသင့်ပဲ ရှိပါတယ်၊ စိတ္တဇ ရောဂါကို အဆုတ်ရောဂါ ဖြစ်အောင် လုပ်လိုက်တာပေါ့၊ အင်္ဂလိပ်လို (Galloping Consumption) ခေါ်တဲ့ ရောဂါဟာ အင်မတန် မြန်တယ်၊ သုံးလလောက် ဝေဒနာစွဲပြီး တစ်ခါထဲအပြီး ကိစ္စချောတာပဲ၊ သည်အိမ်နဲ့ သည်ခြံ၊ ထန်းတပင်က လယ်တွေ မြေတွေ ဘဏ်တိုက်က ငွေတွေဟာ မင်းတို့ ငါတို့ပဲ ရဖို့ ရှိတယ်၊ မမကြီးတော့ မသိစေနဲ့၊ သူ သိရင် မကောင်းဘူး"

မမလေးသည် ထိုစကားကို ကြားသောအခါ တစ်ကိုယ်လုံး တုန်၍ လာပြီးလျှင် မြို့အုပ်ကို ဖက်ကာ "ကိုဖုန်းကျော် အင်မတန် ကြောက်စရာ ကောင်းပါကလား၊ မမလေးဖြင့် စိတ်ကို မနိုင်နိုင်အောင် ရှိတာပါပဲ၊ မမလေးတို့မှာလည်း ဆင်းရဲတာ မဟုတ်ပါဘူး၊ ကိုဖုန်းကျော်လည်း မြို့အုပ်ပါ၊ သည်လောက် ပစ္စည်းများကို မကြာခင် ရနိုင်ပါတယ်" ဟု ပြောလေ၏။

မြို့အုပ်က "မမလေး စိတ်မယယ်ပါနဲ့၊ လောကမှာ ချမ်းသာချင်ရင် သည်လို ကလေးစိတ်၊ မယ်သီလရှင် စိတ်တွေကို ဖျောက်ပစ်ရမယ်၊ ရိုးရိုး သားသားနဲ့ လောကမှာ ချမ်းသာတာ လွန်စွာ နည်းပါတယ်။ သည်ပစ္စည်း တွေဟာကော သူများ သားမယား မျည်ရည်ပေါက်ထဲက ရတဲ့ ပစ္စည်းတွေ မဟုတ်လား"

ထိုအခါ မမလေးသည် မြို့အုပ်မင်းကို ချစ်ရင်းစွဲစိတ်က ပိတ်ဆို့၍ ထားသောကြောင့် မြို့အုပ်၏ စကားများသည် အဘယ်မျှလောက်ပင် ဆိုးသွမ်းစေကာမူ မိမိ၏ ဉာဏ်မျက်စိမှာ အကန်းလို ဖြစ်၍နေသဖြင့်



မြို့အုပ်မင်း စိတ်ဆိုးမှာကိုလည်း စိုးရိမ်သောကြောင့် ခုခံ၍ မပြောဝံ့ဘဲ ဆိတ်ဆိတ်စွာနေလေ၏။

မမလေး "နို့ ရှင် ဆေးဟာကော ပါရဲ့လား"

မြို့အုပ်က "ပါပါတယ် သူ အခုည ဆေးသောက်ပြီးပြီလား"

မမလေး "ပြီးပြီ နံနက် မိုးလင်းရင် လင်းချင်း ခြောက်နာရီမှာ တစ်ခွက် သောက်လိမ့်မယ်"

"ဆေးကို ဘယ်သူ ပေးသလဲ" ဟု မြို့အုပ်က မေးလေ၏။

မမလေးက "မမလေး ပေးရပါတယ်"

မြို့အုပ်က "ကောင်းပြီ ... နက်ဖြန် ငါးနာရီ အချိန်လောက်ကို ဆေးပုလင်း ကျုပ်ထံကို ယူခဲ့ပါ၊ ကျုပ် ဖျော်ပေးပါမည်" ဟု ပြောလေ၏။ ထို့နောက် တစ်ယောက်၏ခါးကို တစ်ယောက်ဖက်ကာ ဆက်လက်၍ လမ်းလျှောက်ကြလျက် အတန်ကြာစွာ စကားပြောပြီးကြသောအခါ အိမ်ပေါ်သို့ တက်သွားကြလေ၏။ ထိုအခါ ကိုးနာရီခွဲကျော်ကျော် ဆယ်နာရီအချိန် ရှိလေ၏။

အိမ်ပေါ်၌လည်း ပျော်ပျော်ရွှင်ရွှင် စကားပြောကြလျက်နေပြီး နောက် တစ်နာရီလောက် ကြာသောအခါ မီးများငြိမ်း၍ ဆိတ်ငြိမ်သွားကြ လေ၏။

ထို့နောက် နာရီဝက်လောက် ကြာသောအခါ ပြတင်းတံခါးတစ်ခု ပွင့်၍လာပြီးလျှင် ရီရီသည် အပြင်ဘက်မှ မှောင်ထဲသို့ မျှော်ကာနေလေ၏။ တိမ်အကြားမှ လကလေးသည် ရေးရေးကလေး ပေါ်၍ နေလေ၏။ မေးထောက်လျက် လကို မျှော်၍နေသော ရီရီ၏ မျက်နှာသည် ဖြူစင် သန့်ရှင်းလျက် လမင်း ရှိရာသို့ မျက်နှာ၏ အရောင်ကို လွှတ်ကာ အလင်း ချင်း ပြိုင်၍ နေသကဲ့သို့ မှတ်ထင်ရလေ၏။

ရီရီ၏ မျက်လုံးများကို ကြယ်တာရာတို့သည် အလှချင်း မပြိုင်ဝံ့ကြ သဖြင့် တိမ်လွှာတိမ်ချပ် ကန့်လန့်ကာ အတွင်းထပ်မှ ပုန်းလျှိုးကာ

ချောင်း၍ ကြည့်ကြလေ၏။ ထို မျက်လုံးများ၏ ထောင့်မှ သက်ဆင်းသော မျက်ရည်ပေါက်များသည်ကား ပုလဲလုံးပမာ လွန်စွာ ကြည်လင်သန့်ရှင်းလေ၏။ ရီရီသည် တစ်ခါတစ်ခါ ရင်ကိုကြွကာ ပင့်သက်ရှူပြီးလျှင် သက်မကြီး ချလိုက်လေ၏။ ရီရီ၏ ငြိမ်သက်သော ပူဆွေးခြင်းကို မြင်ကြရသော ကြယ်နက္ခတ်တာရာတို့မှာ မျက်ရည်များဝဲ၍ လာသလို မှိန်မှေး၍ နေကြလေ၏။ ရီရီသည် မိမိ၏ အနီး၌ မိမိ အသက်ကို သတ်ဖြတ်ရန် မြွေပွေးကြီးတစ်ကောင် ရှိကြောင်းကို မသိရှာချေ။ ထိုမြွေပွေး၏ အဆိပ်ဖြင့် ဤညဥ့်ကျွမ်း၍ နေရောင်ခြည် ထွန်းလင်းသည့်အခါ မိမိ၏ အသွေးအသားတို့မှာ အဆိပ်မွှန်ပြီးလျှင် ဘဝကူး ပြင်ဆင်ရတော့မည် အကြောင်းများကို မတွေးမိချေ။ ရီရီ၏ စိတ်သည်ကား ကိုနေဝင်း ဘယ်မှာ ရှိပါသလဲ ဟူသော မေးခွန်းဖြင့်သာ ကမ္ဘာလောကစာတ်ကြီးကို မေးမြန်းကာ အတောင်ပေါက်သော ငှက်ပမာလို အာကာသကောင်းကင်တိမ် အပြင်တိမ်အကြား၌ ဝဲပျံလျက် မောင်နေဝင်းကို လိုက်လံရှာဖွေ၍နေလေ၏။

သို့ပင် ရှာဖွေပါသော်လည်း ရမ်းဆ၍မမြင်၊ သေသူပင် ဖြစ်လေသလား၊ ရှင်လျက်ပင် မုန်းစား၍ ရှောင်ရှားကာ နေလေသလားဟု မသိရသောကြောင့် ကိုနေဝင်း သေလျှင် ငါ့အား ဤမှောင်ရိပ်မှ ကိုယ်ရောင်ကို ပြလာလေမလား၊ ဟောဟို ပန်းရုံတွေအကြားမှ မိမိကို မော်ကြည့်ကာ လက်ယပ်၍ ခေါ်လေမလား၊ မတော်တဆ ဟိုရှေ့က မည်းမှောင်သော သစ်ပင်ရိပ်များအောက်မှာ ကိုနေဝင်း တစ်ယောက်တည်း ရပ်နေပြီး ငါ့ထံကို မလာဝံ့ဘဲ ဝမ်းနည်းစွာ မျှော်၍ နေလေသလား၊ ကိုနေဝင်းရဲ့ အစ ဘယ်မှာ နေပါသလဲ၊ ဘယ်အတွက် ရီရီထံကို မပေါ်လာပါသလဲ၊ ရီရီ အရင်ကနဲ့ မခြားပါဘူး၊ ရီရီ မမုန်းပါဘူး၊ ရီရီ အသင့်မျှော်လျက် ရှိပါတယ်၊ ရီရီမှာ ဘယ်အပြစ်ရှိလို့ အခုလို ရှောင်ရှားပစ်စွန့်ကာ သွားပါသလဲ ကိုနေဝင်းရဲ့ စသည်ဖြင့် တမ်းတကာ ပြတင်းပေါက်ကိုမှီကာ မျက်နှာနှင့် ဦးခေါင်းကို လက်များပေါ်၌ချကာ ရှိုက်ကာ ငိုရှာလေ၏။



ထိုကဲ့သို့ အတန်ကြာစွာ ငိုနေပြီးနောက် ခေါင်းကို မော့ကာ ဖိုးရိုးဖားရားနေသော ဆံပင်များကို နောက်သို့ လှန်ပြီးလျှင် ပြတင်းပေါက်တံခါးများကို စေ့ထားပြီး မင်းတုပ်ကိုမချဘဲ အိပ်ရာပေါ်သို့ တက်ကာ လှူးလိမ့်၍ နေရှာလေ၏။

ထိုအတွင်းတွင် ပြတင်းပေါက်မှ လေတိုက်၍ လှုပ်ရှားသောအသံကဲ့သို့ ချောက်ခနဲ မြည်သံကို ကြားရလေ၏။ ထို့နောက် ပြတင်းပေါက် ပွင့်သွားပြီးလျှင် အခန်းတွင်းသို့ အလင်းရောင်ဝင်၍လာရာ ရီရီသည် ခေါင်းထောင်ကာ ကြည့်လိုက်လေ၏။ ထိုအခါ မိမိအပါးတွင် လူတစ်ယောက်သည် ရပ်ကာနေသည်ကို တွေ့ရလေ၏။ ရီရီက "ကိုနေဝင်း .. ကိုနေဝင်း" ဟု တိုးတိုးကလေးခေါ်ပြီး ၎င်းလူကို ဖက်မည်ဟန်နှင့် လက်ကို ဆန့်ကာ အိပ်ရာပေါ်မှ လူးလိမ့်၍ ထလာလေ၏။ အပါးသို့ ရောက်သောအခါ နောက်သို့ ထိတ်လန့်တုန်လှုပ်လျက် ၎င်းလူ မျက်နှာကို ကြောင်တောင်ကြည့်ပြီး နောက်သို့ ဆုတ်တော့မည့်ခြေလှမ်းနှင့် ရပ်တန့်ကာ မိန်းမော၍ နေလေ၏။ အကြောင်းမူကား ထိုသူသည် မောင်နေဝင်း မဟုတ်သည်သာမက၊ လက်၌ ကိုင်ထားသော ဓားမြှောင်ကြီးသည် အခန်းတွင်းသို့ ရိုက်ဆင်းဝင်ရောက်သော လရောင်၌ တဝင်းဝင်း တလျှပ်လျှပ် နေလေ၏။

၎င်းလူသည် ဓားမြှောင်ကိုထောင်ကာ "တိတ် ... ငြိမ်ငြိမ်နေ မလှုပ်နဲ့ မအော်နဲ့" ဟု ပြောလေရာ ရီရီမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ဓားမြှောင်ကိုမြင်သဖြင့် လက်ကလေးနှစ်ဖက်ဖြင့်ကာပြီး ထိုသူ၏ရှေ့တွင် ထိုင်၍သွားလေ၏။

ထိုအခါ သူခိုးက အနီးရှိ ကုလားထိုင်ကို ဆွဲပြီး "သည်မှာ ကောင်းကောင်းထိုင်ပါ" ဟု ပြောလေ၏။

ရီရီသည် ကြောက်အားနှင့် နားထောင်လျက် ကုလားထိုင်ပေါ်သို့ လာ၍ ထိုင်လေ၏။ သူခိုးသည်လည်း အခြား ကုလားထိုင် တစ်ခုကို

ဆွဲယူကာ ရီရီ၏ အပါးသို့ကပ်၍ ရီရီနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီးလျှင် "ခင်ဗျားအော်ရင် ဟောသည် ဓားမြှောင်နှင့် ထိုးပြီး ဟောဒီ ပြတင်းပေါက်က ကျုပ် ခုန်ချလိုက်မယ်၊ တိတ်တိတ်နေ နားလည်ရဲ့လား" ဟု ပြောလေ၏။

ရီရီက "ဤသူခိုးသည် အလွန်တရာ ထူးဆန်းတဲ့ သူခိုး ဖြစ်သည်၊ ရုတ်တရက် အခန်းထဲသို့ ရောက်လာပြီး ငါ့အား အေးအေးဆေးဆေး စကားပြောနေသည်၊ ဥစ္စာကို ကြံမယ့်သူခိုးလား၊ ငါ့ကိုပဲ တစ်မျိုးကြံစည် လေသလား" စသည်ဖြင့် တွေးတောကာ ရီရီက "ရှင် ဥစ္စာကို လိုချင်ရင် ယူသွားပါ၊ သို့မဟုတ် ကျွန်မကို သတ်သွားပါတော့၊ အခုအနေမှာ သေရမှာကို ကျွန်မ မကြောက်ပါ" ဟု စိတ်အားတင်းကာ ရဲရင့်သော အမူအရာနှင့် ပြောလေ၏။

သူခိုးက "သူခိုးဆိုတာ ပစ္စည်းကို ခိုးဖို့ လာတာပေါ့၊ သည်စကားကို ပြောစရာ မရှိပါဘူး၊ သို့သော်လည်း ခင်ဗျားမျက်နှာကို မြင်သောအခါ ပစ္စည်းကို မလိုချင်တော့ပါ" ဟု ပြောလေရာ ရီရီသည် လွန်စွာ ကြောက်ရွံ့လျက် နဖူးကသည် ခြေဖျားတိုင် ကြောက်ချွေးတွေ ပြန်၍လာလေ၏။

ထို့နောက် သူခိုးက ဆက်၍ ပြောသည်မှာ

"ခင်ဗျား မျက်နှာကို မြင်ရသောအခါ ကျုပ်စိတ်ထဲမှာ အင်မတန်ပဲ သနားသွားပါတယ်၊ သည်အတွက် ပစ္စည်းကို မကြံစည်တော့ပါ၊ ဘယ်အတွက် သနားရသလဲလို့ ခင်ဗျား မေးစရာရှိတယ်၊ ခင်ဗျား ကောင်းကောင်း မမာဘူး မဟုတ်လား၊ ခင်ဗျား ပြတင်းပေါက်က ထွက်ပြီး မျှော်နေစဉ်က သည်မိန်းမ ကောင်းကောင်းမမာဘူး ဆိုတာ ကျွန်တော် ရိပ်မိလိုက်တယ်၊ ရိုးရိုး ပြောပါ ခင်ဗျား အင်မတန် ပိုက်ဆံချမ်းသာတယ် မဟုတ်လား"

ရီရီသည် ထိုစကားများ၏ အဓိပ္ပာယ်ကို ကောင်းကောင်းနားမလည်။

"အဘယ်ကြောင့် ဤသူခိုးသည် မခိုးမဝှက် မတောင်းမရမ်းဘဲ သည်စကားတွေကို ပြောနေပါလိမ့်မလဲ" ဟု တွေးတောကာ ...



"ရှင် ... သူခိုး ဖြစ်ပါတယ်၊ အလိုရှိတာကိုသာ ပြောပါ၊ ကျွန်မ ပေးလိုက်ပါ့မယ်၊ မှန်ပါတယ်၊ ကျွန်မ လူမမာပါပဲ၊ ကျွန်မ အင်မတန် လည်း ချမ်းသာပါတယ်၊ ရှင် လိုချင်သလောက်ကိုသာ ပြောပါ"

သူခိုးက "မှန်ပြီ မှန်ပြီ၊ ခင်ဗျားပဲ ခင်ဗျားပဲ၊ သည်မှာ ကျုပ် ပြောမယ် နားထောင်၊ ခပ်စောစောက ခင်ဗျားအိမ်ကို တက်ဖို့ရန် အချက်များကိုရှာရင်း ပန်းရုံတစ်ရုံအောက်မှာ ကျုပ် ဝပ်ပြီးနေတယ်၊ သည်အတွင်းမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် စကားပြောနေကြတဲ့ အသံကို ကြားရတယ်၊ သူတို့ပြောတဲ့ စကားများက ခင်ဗျားသေရင် ခင်ဗျား ပစ္စည်းတွေကို သူတို့ အကုန်ရမလိုလို ပြောနေကြတယ်၊ ခင်ဗျား ဆေးပုလင်းထဲမှာ အဆိပ်ထည့်ပြီး တိုက်မလို့ ကြံနေတာကို ကျုပ် ကြားတာနဲ့ ခိုးဖို့စိတ်ပျောက်ပြီး ခင်ဗျားကို သနားလို့ သည်အကြောင်း တက်ပြီး သတိပေးတယ်၊ ယနေ့ည ဆေးတစ်ခွက် သောက်ပြီးပြီလို့ ပြောကြတယ်၊ နက်ဖြန်နံနက် ခြောက်နာရီသောက်မယ့် ဆေးထဲမှာ အဆိပ်ပါလိမ့်မယ် သတိထားပါ၊ သို့သော် ပြောစရာရှိတဲ့ သတင်းတစ်ခုမှာ" ဟု ပြောခိုက်တွင် အပြင်မှ တံခါးကို တွန်းသောအသံကို ကြားရသဖြင့် သူခိုးသည် ပြတင်းပေါက်ကို ကျော်၍ တက်လာခဲ့သော ပြွန်တံကို တွယ်၍ ဆင်းသွားလေ၏။ ထို့နောက် အခန်းထဲသို့ မမလေး ရောက်လာပြီးလျှင် မသင်္ကာသော အမူအရာနှင့် ကြည့်ရှုကာ "ရီရီ အိပ်ပါတော့လား" ဟု ပြော၍ ထွက်သွားလေ၏။

❑

## အခန်း (၂၉)

သူခိုးသည် ရီရီ အခန်းမှ ဆင်း၍သွားပြီးနောက် လမ်းတစ်ကွေ့သို့ ရောက်လေရာ မှောင်ရိပ်တွင် ရပ်၍နေသော မည်းမှောင်သော သဏ္ဍာန်တစ်ခုကို တွေ့လေလျှင် ၎င်းသဏ္ဍာန်သည် ပတ္တရောင်ပုလိပ် ပန်ချာပီ ဖြစ်ဟန်တူသည်ဟု သိရှိလျက် နောက်သို့ တုံ့ပြန်၍ လာလေ၏။ ပန်ချာပီသည်ကား တုံ့ပြန်၍ လာသူကို မြင်ရသဖြင့် ကုလားလို စကားတစ်ခွန်း ပြောလိုက်သောအခါ သစ်ပင်တစ်ပင်အောက် အခြားတစ်ယောက် ပေါ်လာလေ၏။ ထိုနောက် နှစ်ယောက်သား သူခိုးရှိရာသို့ ခပ်သုတ်သုတ် အမှောင်ထဲတွင် လာကြရာ သူခိုးသည်လည်း သုတ်သုတ်ကြီး သွားလေ၏။

ယင်းသို့သွားရာတွင် ပန်ချာပီများ တဖြည်းဖြည်း နီး၍လာပြီးလျှင် ဝီစီကို မှုတ်လိုက်ကြသောအခါ သူခိုးသည် ပြေး၍မလွတ်ခြင်းကို သိတော့သည် ဖြစ်သောကြောင့် ဆက်လက်၍ မပြေးဘဲ မှောင်ရိပ်တွင် ရပ်လျက် အကြံယူကာ နေသည့်အတွင်းတွင် ပန်ချာပီကုလား နှစ်ယောက်အနက် တစ်ယောက်သည် အပါးသို့ ရောက်ပြီးလျှင် "ဟေ့ ဘယ်သူလဲ၊ မပြေးနှင့်" ဟု ပြောပြီး သူခိုး၏လက်ကို ကိုင်မည် ပြုလေ၏။

ထိုအခါ သူခိုးသည် ခါး၌ရှိသော ဓားမြှောင်ကို ထုတ်ကာ ပန်ချာပီကို ခုခံလေရာ ပန်ချာပီသည် လက်မောင်းတွင် ဒဏ်ရာရလျက် မဖမ်းနိုင်ဘဲ အံ့အားသင့်၍ နေလေ၏။



ထိုအတွင်းတွင် ပြေး၍လာသော ပတ္တရောင်တို့၏ ခြေသံများနှင့် ဝီစီသံများကို ထပ်မံ၍ ကြားရသောအခါ သူခိုးသည် အတင်းကန်၍ ပြေးလေ၏။ ပတ္တရောင်များသည်လည်း ဒဏ်ရာရရှိသော ပုလိပ်သားကို ဝိုင်း၍ကြည့်ရင်း မျက်ကြောပြတ်လျက် အနီးအပါး လိုက်လံရှာဖွေရာ တစ်စုံတစ်ရာကိုမျှ မတွေ့ရသဖြင့် စုရုံးစုရုံးနှင့် စကားပြောကာ နေရလေ၏။

ထိုညဥ့်၌ မောင်နေဝင်းသည် အိပ်ပျော်ရာမှ အိပ်မက်တစ်ခုကို မြင်မက်၍ လန့်နိုးလေ၏။ ထိုအိပ်မက်တွင် ရီရီသည် အလွန်တရာ လှပသော ဝတ်ဖြူစင်ကြယ်တို့ကို ဝတ်ဆင်လျက် လက်နှစ်ဖက်ကို ဦးခေါင်း၌ တင်ကာ လွန်စွာညှိုးငယ်သော အမူအရာနှင့် အိမ်ပြတင်းပေါက်မှ အပြင်သို့ ကြည့်ကာနေလေ၏။ ထိုအခါ မောင်နေဝင်းသည် အိမ်ဝင်း အပြင်ဘက်မှ နေ၍ ကြည့်နေလေရာ မိုးများရွာ၍ လျှပ်စီးတွေလက်သောကြောင့် ရီရီ၏ မျက်လုံးများနှင့် သူ၏ မျက်လုံးများသည် ဆိုင်ပြိုင်၍ ကြည့်ကြရလျက် တစ်ယောက်၏ မျက်နှာကိုတစ်ယောက် ကောင်းစွာ မြင်ကြရလေ၏။ ရီရီ၏ မျက်လုံးများ၌ကား ကြီးလှစွာသော မျက်ရည်ပေါက်ကြီးများကို မြင်ရလေ၏။ ရီရီသည် မောင်နေဝင်း၏ မျက်နှာကို လျှပ်စီးရောင်၌ မြင်ရသောအခါ လက်နှစ်ဖက်ဆန့်ကာ "ကိုနေဝင်း ကိုနေဝင်း ကယ်ပါ" ဟူသော စကားကို ပြောကာ အသနားခံရှာလေ၏။ ထိုအခါ လေများသည် ပြင်းထန်စွာ တိုက်လျက်နေသောကြောင့် ရီရီ၏ အသံများသည် လေထဲ၌ လွင့်ပါပြီးလျှင် ဝေးလှစွာသော အရပ်ကနေ၍ ပြောသကဲ့သို့ မောင်နေဝင်း၏ နားထဲသို့ သဲ့သဲ့ကလေးမျှသာ ရောက်လေ၏။

ထိုအခါ မောင်နေဝင်းသည် ခြံစည်းရိုးကိုကျော်၍ သွားမည် အားထုတ်လေရာ ခြေထောက်များသည် ခွေကာယိုင်ကာ နုံးကာ အားမရှိသကဲ့သို့ ဖြစ်ပြီးလျှင် မသွားနိုင်ဘဲ ရှိနေလေရာ ရီရီ ဝတ်ထားသော အဝတ်ဖြူနှင့် ရှည်သော ဆံပင်များသည် လေထဲတွင် တဖားဖား လွင့်လျက်

လက်ကိုဆန့်ကာ ဖြူစင်သော လက်ကလေးများကို လှုပ်ကာ ပြုံးပြုံးပြက်သော လျှပ်စစ်ရောင်ထဲတွင် ထပ်ကာထပ်ကာ ငိုကြွေးသော မျက်နှာနှင့် လာပါကိုနေဝင်း ကယ်လှည့်ပါ၊ ရီရီကို ပစ်မထားပါနှင့် ဟူ၍ သဲ့သဲ့ကလေးမျှ ကြားရသော အသံကလေးနှင့် ဟစ်အော်ရှာလေ၏။ နောက်ဆုံး၌ မောင်နေဝင်း မသွားနိုင်သောအခါ ရီရီသည် မျက်နှာကို လက်ဝါးနှင့် အုပ်ပြီးလျှင် ဒူးထောက်ခါလဲလျှင် ပြင်းပြစွာ ရှိုက်ငင်၍ ငိုရှာလေ၏။ ထိုနောက် မောင်နေဝင်းသည် အိပ်ရာမှ လန့်၍နိုးလေရာ မိမိ၏ရှေ့တွင် မိမိကိုခေါ်နေသော ရီရီ၏ ရုပ်ပုံမျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဒူးထောက်၍ ငိုနေသော ရုပ်ပုံ၊ လေထဲ၌လွင့်ကာ လှုပ်ရှားနေသော မည်းနက်ရှည်လျားသော ဆံပင်များနှင့် ဝတ်ထာသော အဝတ်၏ပုံ လျှပ်စီးရောင်ထဲတွင် မိမိကို ဝမ်းနည်းစွာ တမ်းတလျက် မျက်ရည်ပေါက်ကြီးများနှင့် အလန့်တကြား ခေါ်နေသော ဖြူစင်သော မျက်နှာ၏ပုံများသည် ထင်လင်းစွာ ပကတိ အကောင်အထည်နှင့် မြင်ရသကဲ့သို့ မှတ်ထင်ရလေ၏။

ထိုအိပ်မက်ကို မြင်မက်ပြီးနောက် ပြန်၍ မအိပ်နိုင်ဘဲ ရီရီမှာ ဘာများ ဖြစ်လိမ့်မလဲ၊ ငါ့ကို အဟုတ်ပင် တမ်းတကာ နေရှာလေသလား စသည်ဖြင့် တွေးတောဆင်ခြင်ကာ မိုးလင်းသည်တိုင်အောင် အိပ်ရာထဲတွင် ကပြောင်းကပြန် မအီမသာဖြစ်၍ နေရှာလေ၏။

ထိုနေ့နံနက် ရီရီသည် တစ်ညလုံး တွေးတောရသောကြောင့် အိပ်၍ မပျော်သဖြင့် စောစောကြီးထ၍ နေလေ၏။ ထိုအတွင်း ခြောက်နာရီ ထိုးသောအခါ တစ်ဖက်အခန်း၌ တီးတိုးစကားပြောသံများကို ကြားရလေ၏။ ထိုအခါ ရီရီသည် မိမိအား မမလေး ဆေးတိုက်ရန်လာလျှင် အဘယ်ပုံဆီး၍ လုပ်ရမည်ကို စဉ်းစားကာနေလေ၏။

ထိုကဲ့သို့ စဉ်းစားနေခိုက်တွင် အခန်းတံခါး ပွင့်၍လာပြီးလျှင် မမလေးသည် အခန်းထဲသို့ ဆေးပုလင်းနှင့် ဇွန်းကိုကိုင်ကာ ဝင်လာလေ၏။ ထိုအခါ ရီရီက မမလေး၏ မျက်နှာကို ကြည့်လျက် ပြုံးချိုသော



မျက်နှာနှင့် "ဩော် ... မမလေး စောစောစီးစီးပဲ နိုးလာမှကိုး၊ ညက အိပ်ကောင်းရဲ့လား" ဟု မေးလေ၏။

မမလေးက "ရီရီအတွက် စိတ်မချတာနဲ့ တစ်ညလုံး ကောင်းကောင်း အိပ်မပျော်ဘူး၊ ခဏခဏလန့်ပြီး နိုးတယ်၊ မျက်နှာသစ်ပြီးပလား၊ သစ်ပြီးရင်လည်း ဆေးကလေးတစ်ခွက်ကို သောက်လိုက်ပါဦး၊ ရီရီက ဆေးဝါး တယ်ကြောက်တာကိုး၊ သည်လိုနေလို့ ရောဂါမပျောက်ဘူး၊ ရီရီ ပေါ့နေမှာစိုးတာနဲ့ မမလေး ကိုယ်တိုင် ဂရုစိုက်နေရပါတယ်၊ ကဲ ... ကဲ သောက်လိုက် သောက်လိုက်" ဟု ပြောကာ ဆေးပုလင်းထဲက ဆေးကို ဒန်ဇွန်းထဲသို့ ထည့်မည်ပြု၏။

ထိုအခါ ရီရီက "ကျေးဇူးတင်လို့ ဆုံးတော့မှာ မဟုတ်ပါဘူး၊ ရီရီအတွက် သည်လောက်တောင် ဂရုစိုက်တာကို အင်မတန်ပဲ ကျေးဇူးတင်ပါတယ်။ ပေးပါ ... ပေးပါ ရီရီ ဘာသာ သောက်ပါမယ်" ဟု ပြောကာ ဆေးပုလင်းနှင့် ဒန်ဇွန်းကို မမလေး လက်ထဲမှ ဆွဲယူထားပြီးလျှင် ဆေးကို ကြည့်ကာ ကြက်သီးတွေ တဖြန်းဖြန်းထလျက် တစ်ကိုယ်လုံး ကြောက်အားနှင့် တုန်၍လာလေ၏။

မမလေးသည် ရီရီ၏မျက်နှာ တစ်မျိုးဖြစ်လာသည်ကို မြင်ရသောအခါ "ရီရီ ဘာကိုတွေးပြီး ငေးနေရသလဲ၊ သောက်လိုက်ပါ၊ ဆရာဝန်က ရီရီအတွက် အင်မတန် အရသာရှိတဲ့ ဆေးကို စပ်ပေးထားပါတယ်၊ မကြောက်ပါနဲ့၊ အို ... ဘာလို့ တုန်နေရတာလဲ သောက်လိုက်ပါ" ဟု ပြောကာ မိမိကိုယ်တိုင် ဆေးကိုငှဲ့၍ပေးမည် ပြုလေ၏။ သို့သော်လည်း ဆေးပုလင်းနှင့် ဇွန်းကို ပြန်၍မပေးဘဲ ပြုံးလှစွာသော မျက်လုံးများနှင့်သာ မမလေးကို ကြည့်၍နေလေ၏။

ထိုအခါ မမလေးသည် စိမ့်ကာကြောက်လျက် ငယောင်များ ဝင်၍ ပူးကပ်လေသလားဟု မှတ်ထင်ကာ အပြင်သို့ ထွက်သွားပြီးလျှင် ကိုဖုန်းကျော်နှင့် မမကြီးတို့ကို ခေါ်လေရာ မမကြီးနှင့် ကိုဖုန်းကျော်တို့သည်

ပျာယီးပျာယာ ထ၍ လာကြလေ၏။ မမလေးက "ရီရီ ဆေးကိုသောက်ပါ" အသံတုန်တုန်နှင့် ပြောလေရာ၊ ရီရီက "မမလေးကလည်း တိုက်တွန်းလိုက်ရတာ ရီရီ ကလေး မဟုတ်ပါဘူး။ သောက်ပြီးပါပြီ" ဟု ပြောကာ ပုလင်းနှင့် ဇွန်းကို မိမိ၏ ရှေ့စားပွဲပေါ်တွင် ချထားလိုက်လေ၏။

ထိုအခါ မမလေးက ပုလင်းကို ကြည့်လျက် ဆေးရည် မလျော့သေးသည်ကို မြင်သောကြောင့် "ရီရီ အလကား လိမ်ပြောနေပြန်ပါပြီ မမလေး မသိဘူး မှတ်သလား၊ ဘာသောက်ရသေးလို့လဲ၊ သူ့အတွက် လူအများတွေကဖြင့် ပူလိုက်ရတာ သူကဖြင့် ဆေးမသောက်ဘဲနဲ့တောင် လိမ်ပြောနေတာပါပဲ" ဟု ပြောကာ ဆေးပုလင်းနှင့် ဇွန်းကို ယူလေ၏။

မမကြီးက "ရီရီ ကလေးလည်း မဟုတ်ပါဘူး၊ ဆေးသောက်ဖို့ရန် သည်လောက်တောင် တိုက်တွန်းနေရသလား"

မောင်ဖုန်းကျော်က မမကြီး နားနားသို့ ကပ်လျက် "မဟုတ်ဘူး မမကြီးရဲ့၊ ပယောဂလား စိတ်နောက်တာလား မသိဘူး။ မျက်နှာလည်း တစ်မျိုး ဖြစ်နေတယ်၊ သည်လို ပြောလို့ မရဘူး၊ အတင်းတိုက်မှ သောက်မယ်" ဟု ပြောကာ မမလေးနှင့် မောင်ဖုန်းကျော်တို့၏ အကြံကို မသိရှာသော မမကြီးက "ဟုတ်ရဲ့၊ မနေ့ကနဲ့လည်း မတူဘူး ဘာများ ဖြစ်ပါလိမ့်မလဲ အတင်းတိုက်မှ တော်မယ် ထင်တယ်" ဟု တိုးတိုး ပြန်ပြောကာ "ရီရီ သောက်ပါ။ ညည်း ယနေ့ ဘာဖြစ်တာလဲ ဆေးသောက်မှ ရောဂါပျောက်မယ် ညီမရဲ့၊ အစ်မ ပြောရင် နားထောင်ပါ၊ ဆေးက မွှေးပါဘိသနဲ့ သောက်ချင်စရာ ကောင်းလိုက်တာ ကိုယ့်စိတ်ကိုလည်း သတိထားမှပေါ့" ဟု ပြောကာ အနားသို့ ကပ်သွားလေရာ ရီရီက မမကြီး၏ မျက်နှာကို မျက်ရည်များနှင့် ကြည့်၍ နေလေ၏။ ထို့နောက် "ငါက သူတို့ကို ချစ်ပါလျက် ငါ့ကို သည်လောက်တောင် ရက်ရက်စက်စက် မမကြီးပါ ရောပြီး ကြံရက်ကြပါရဲ့" ဟု တွေးကာ စိတ်ကို ချုပ်တည်း၍ မရရှာဘဲ မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ရှိုက်ကြီးငင်ကြီးနှင့် ငိုရှာလေ၏။



ထိုအခါ မြို့အုပ်က "ဟုတ်တယ်၊ ကျွန်တော် တွေးတဲ့အတိုင်းပါပဲ၊ ရောဂါက ရိုးရိုးဟုတ်မယ် မထင်ဘူး အညှို့ရှိရင် ယင်အုံသတဲ့၊ မမလေး ဘယ့်နှယ် သဘောရသလဲ ကြည့်စမ်း ငိုလိုက်တာ ကလေးလိုပဲ" ဟု ပြောလေ၏။

မမလေးက "ဟုတ်ပါတယ်၊ ကိုဖုန်းကျော် ပြောတာ မလွဲပါဘူး" ဟု ပြောကာ မိမိ၏ ကြံစည်ပုံကိုတွေးပြီး အနည်းငယ် နောင်တရလျက် စိတ်ကို အတည်ပြု၍ မရအောင် ရှိနေရာတွင် မောင်ဖုန်းကျော်က "ကိုင်း မမကြီးနဲ့ မမလေးတို့က ကိုင်ထား၊ ကျုပ်က တိုက်မယ်၊ သည်လိုထားရင် သည်ထက် ဝန်လေးနေလိမ့်မယ်၊ မမကြီး မမြင်ဘူးလား၊ ပယောဂ ခင်ဗျား ပယောဂ" ဟု မျက်လုံးပြူးကာ ပြောလေရာ မမလေးသည် မြို့အုပ်၏ မျက်နှာကို အပြစ်တင်လိုသော အမူအရာနှင့် မော်ကြည့်လျက် ရှိနေ၏။

ထိုအခါ မြို့အုပ်က "မမလေး ဘာကြည့်နေသလဲ၊ ကိုင်ပါ မမကြီး စကားပြောမနေပါနဲ့ သူ့စိတ်ကို သူ အစိုးမရဘူး" ဟု ပြောလေရာ မမကြီးနှင့် မမလေးသည် ရီရီကို ကိုင်ကြလေ၏။ ထိုအခါ ရီရီက တွန်း၍ပစ်ပြီး လျှင် မတ်မတ်ကြီးရပ်ကာ "မကိုင်ကြနဲ့ ငါ့ကို ဘယ်သူ့မှ မကိုင်ကြနဲ့၊ နင်တို့အားလုံး ဒုက္ခဖြစ်ကုန်မယ်" ဟု ဝင်းထိန်တောက်ပသော မျက်လုံးများနှင့် သုံးယောက်စလုံးကို တစ်လှည့်စီ ကြည့်ကာ လက်သီးများဆုတ်၍ ပြောလေ၏။

ထိုအခါ မြို့အုပ်က "ရော့ ... မမလေး မင်းကတိုက်၊ ကျုပ်က ချုပ်ထားမယ်၊ သရဲလား၊ တစ္ဆေလား၊ စုန်းလား၊ အစိမ်းသေလား တစ်ခုခုပဲ၊ ချော့နေလို့ မရဘူး၊ အခုပြောနေတာ မင်းတို့ညီမ ရီရီ မဟုတ်ဘူး၊ ပူးကပ်နေတဲ့ အတတ်က ပြောတာ၊ ကိုင်း ... ကျုပ်က ကိုင်မယ်၊ မမလေးက တိုက်" ဟု ပြောပြီး ရီရီ၏ လက်များကို မြို့အုပ်သည် ကိုင်၍ချုပ်လေ၏။

ထိုအခါ ရီရီက "ကိုဖုန်းကျော် ရှင်လွှတ်၊ ကျွန်မလက်ကို မကိုင်နဲ့ ဘာမှတ်သလဲ လွှတ်ပါ" ဟု ပြောကာ ရုန်းပြန်လေ၏။

ရီရီသည် အော်ဟစ်၍ ပုလိပ်များကို ခေါ်ချင်သော်လည်း မမလေးနှင့် မမကြီးအပေါ်၌ ဒုက္ခဖြစ်မည် စိုးသောကြောင့် မအော်ဘဲနေလေ၏။ မြို့အုပ်သည်ကား မလွှတ်ဘဲ ရယ်မောကာ "ဟဲ့ ... စုန်းမ ငါ့ကို စမ်းသလား၊ ရီရီက နင့်ကို ဘာလုပ်လို့ နင်လာပြီး နှောင့်ယှက်သလဲ၊ မမလေး တိုက်" ဟု ပြောကာ လက်များကို နာနာကြီး ချုပ်ထားပြီးလျှင် "မမကြီး သူ့ခေါင်းကို ကိုင်ပြီး ပက်လက်လှန်ပေး၊ မမလေးက ဇွန်းနဲ့ ကန့်လန့်ပြီး သွင်း" ဟု ပြောလေ၏။

ထိုအခါ မမကြီးသည် ရီရီ၏ခေါင်းကို ကိုင်ကာ မော့ပေးလေရာ ရီရီသည် အားငယ်ရှာသူ ဖြစ်သောကြောင့် ပက်လက်လဲ၍ သွားလေ၏။ မမကြီးသည် ပွေ့၍ထားလေ၏။

မမလေးသည် ဆေးကိုငှဲ့ပြီးလျှင် ခံတွင်းသို့ အတင်းကပ်ကာ လောင်း၍ ထည့်လိုက်မည်ပြုလေရာ၊ ရီရီသည် အတင်းအကာန် ရုန်းလေ၏။ ထိုအခါ အစေခံ မိန်းကလေးနှစ်ယောက်သည် ဒုန်းဒုန်း ဒုန်းဒုန်းနှင့် ပြေးလာကြလျှင် အကြောင်းရင်းကို မသိကြဘဲလျက် ဆေးတိုက်နေသည်ကိုလည်း နားမလည်သောကြောင့် ရီရီကို သုံးယောက်သား ဝိုင်း၍ နှိပ်စက်နေကြသည်ဟု အထင်ရကြပြီးလျှင် ထိတ်လန့်ပြီး အိမ်ပေါ်မှ ပြေးဆင်းကာ "လာကြပါ ကယ်ကြပါ" စသည်ဖြင့် ငယ်သံပါအောင် အော်ဟစ်ကြလေ၏။

ထိုအတွင်း မမလေးသည် ဆေးကို ခံတွင်းသို့ ဝင်အောင် လောင်း၍ ထည့်လိုက်လေ၏။ ရီရီသည် ဆေးများကို မျို၍မချဘဲ ငုံထားပြီးလျှင် ပြင်းထန်သော လေအားနှင့် ဖူးခနဲပြန်၍ မှုတ်ထုတ်လိုက်လေ၏။

ထိုအတွင်းတွင် ပန်ချာပီများနှင့် ခြောက်လုံးပြူး သေနတ်ကိုင်သော အိမ်နီးချင်း အင်္ဂလိပ်လူမျိုးများ ပြေး၍ တက်လာကြလေရာ ရီရီကို လွှတ်လိုက်ကြလေ၏။ ရီရီသည် ဆေးပုလင်းကို မမလေးလက်မှ အတင်းလုမ်း၍ ဆွဲပြီးလျှင် ရေတာကောင်းထဲက ရေကို မော့၍ သောက်ကာ ပါးလုပ်



များကို အထပ်ထပ် ကျင်းပစ်လေ၏။ ထို့နောက် ခြောက်လုံးပြူး သေနတ်များနှင့် အခန်းတွင်းသို့ ရောက်လာသော ဘိလပ်သား အိမ်နီးချင်း ယောကျ်ားငါးယောက် အနက် တစ်ယောက်သောသူအား ရီရီသည် ဆေးပုလင်းကို လှမ်း၍ပေးရင်း "ဟော သူတို့သုံးယောက် ကျွန်မကို သေအောင် အဆိပ်တိုက်နေကြပါတယ်" ဟု ပြောလေရာ ဘိလပ်သားသည် ပုလင်းကို သေချာစွာယူ၍ ကြည့်လေ၏။ ဖုန်းကျော်နှင့် မမလေး၊ မမကြီးတို့သည်ကား မျက်လုံး မျက်ဆန်များ ပြူးကြလျက် ကတုန်ကယင်ဖြစ်၍ နေကြလေ၏။

ထိုအတွင်း ဘိလပ်သားက "ဒီဟာ ဆေးဆရာဝန်ဆီက ရတယ် မဟုတ်လား" ဟု မေးလေ၏။

ရီရီက "ဆရာဝန်ဆီကရတဲ့ ဆေးထဲမှာ ကျွန်မ် အဆုတ်နာဖြစ်အောင် အဆိပ်တွေကို သူတို့ ထည့်ထားပါတယ်။ ကျွန်မ ကောင်းကောင်း သိပါတယ်။ ဒီဆေးပုလင်းကို ဓာတုဗေဒကို အပ်ကြည့်ပါ၊ ကျွန်မကို ကယ်ကြပါ၊ ကျွန်မမှာ အားကိုးဖို့လည်း မရှိပါဘူး" ဟု ပြောလေရာ မကောင်းကြံသူ နှစ်ယောက်နှင့် မမကြီးမှာ တုန်၍ နေကြပြီးလျှင် စကားမပြောနိုင်ဘဲ နေကြလေ၏။

ထိုအတွင်း ဘိလပ်သားက ပန်ချာပီကုလားများအား "သူတို့ကို ဂါတ်ကိုပို့လိုက်" ဟု ပြောလေရာ ပန်ချာပီက ၎င်းတို့ကို အိမ်ပေါ်က ဆင်းရအောင် မောင်းချ၍ ဂါတ်သို့ ခေါ်သွားလေ၏။ ထိုအခါ ကြောက်ရွံ့တုန်လှုပ်ကာ မျက်ရည်များနှင့် ပါသွားသော မမလေးတို့ကို ရီရီ မြင်သောအခါ သနားလျက် "သူတို့ကို ဂါတ်မပို့ပါနဲ့ ညီအစ်မတော်ပါတယ်၊ ချမ်းသာပေးပါ" ဟု ပြောလေရာ ဘိလပ်သားက စိတ်ဆိုးလျက် "မင်းက လူဆိုးတွေကို မွေးထားချင်သလား၊ ဟေးကျောင်း ဂတ်မေးလေး ကျောင်း" ဟု ပြောပြီး "မင်း သည်မှာ မနေနဲ့ လာ ကျွန်ုပ်အိမ်ကိုလိုက်ခဲ့ပါ" ဟု ရီရီကို ခေါ်လေရာ ရီရီသည် ဘိလပ်သားနှင့်အတူ လိုက်ပါသွားရင်း မမလေးနှင့် မမကြီးတို့ ပုလိပ်များနှင့် ပါသွားသည်ကို မျှော်ကြည့်ကာ ငိုရှိုက်လျက် မျောမေ့၍

လဲတော့မလို ဖြစ်သွားသဖြင့် ဘိုနှစ်ယောက်က တွဲထူကာ ခေါ်၍ သွားကြလေ၏။

ဘိုအိမ်သို့ ရောက်သောအခါ ဘိလပ်သားသည် ရီရီကို ကြင်နာစွာ ကုလားထိုင်ပေါ် ထိုင်စေ၍ မိမိ၏ မင်းမဆပ်အား အကျိုးအကြောင်း ပြောပြလေရာ ပြုံးစုကြလေ၏။ ထိုအတွင်း ဘိုကြီးက "မင်း သည်ဆေးကို သောက်မိသလား" ဟု မေးလေရာ၊ ရီရီက "ပါးစပ်ထဲကို ရောက်ပြီး ကျွန်မ ထွေးပစ်လိုက်တယ်။ ပြီးတော့ ပါးလုပ်ကျင်းပစ်လိုက်ပါတယ်" ဟု ပြောလေရာ ဘိုကြီးက ခေါင်းခါလျက် "ကောင်းပြီ ပါးစပ်က အဆိပ်ကို နိုင်တဲ့ ဆေးနဲ့ ကုရအောင် ဆရာဝန်ကို လွှတ်လိုက်မယ်၊ ပြီးတော့ ကျွန်ုပ် ဂါတ်တဲကို သွားကြည့်ပြီး ဒီပုလင်းကို ခေတ်ခွဲ ဆရာဆီကို ယူသွားမယ်" ဟု ပြောကာ မော်တော်ကား အပြင်ခိုင်းပြီး အဝတ်များလဲ၍ ထွက်သွားလေ၏။

❑

## အခန်း (၃၀)

မောင်နေဝင်းသည် မိုးလင်းသောအခါ ဘကျော် မပေါ်လာသောကြောင့် မိုးရွာရွာတွင် ကံတိုမင်မြို့ဘက်သို့ တစ်ခါတည်း သွားလေ၏။

ထိုနေ့၌ မိုးသည် မစဲဘဲ ရွာ၍ နေလေ၏။

တစ်နေ့လုံး မောင်နေဝင်းသည် အိမ်အနီးတွင် တရစ်ဝဲဝဲ စောင့်ကာ မျှော်သော်လည်း ရီရီကို မမြင်ရချေ။ အကြောင်းမူကား ရီရီမှာ အခြားသော အိမ်နီးချင်း ဘိုအိမ်သို့ ရောက်၍ နေလေ၏။ ယင်းကဲ့သို့ တစ်နေ့လုံး မျှော်လေရာ၊ အိမ်ပေါ်မှ တက်ချည် ဆင်းချည်နေသော မိန်းကလေး နှစ်ယောက်ကိုသာ မြင်ရလေ၏။ မောင်နေဝင်းသည် ၎င်းတို့၏ အမူအရာ ထူးခြားပုံ ၎င်းတို့ တီးတိုးစကားပြောပုံများကို မြင်ရသောအခါ ရီရီ လွန်စွာ မကျန်းမမာ ဖြစ်နေပြီဟု မှတ်ထင်လျက်၊ မိမိ အိပ်မက်ကိုသာ အပြန်ပြန် တွေးတောကာ နေလေ၏။ မိုးသည် တစ်ခါတစ်ခါ ပြင်းထန်စွာ ရွာ၏။ တစ်ခါတစ်ခါ တဖွဲဖွဲ တစိမ့်စိမ့်နေ၏။ လုံးလုံးကြီး ရပ်စဲသည်ဟု မရှိချေ။ ကောင်းကင်မှာ အမြဲညိုမည်းလျက် ရှိလေ၏။ မောင်နေဝင်း ခို၍နေသော သပြေပင်ကြီးမှာ အရွက်အခက်တွေ များစွာ ထူထပ်သော်လည်း လေထဲတွင် ယမ်းကာ၊ လှုပ်ကာ ကြီးစွာသော ငှက်ကြီးသည် အမွေးအတောင်တို့ကို ခါသလို အရွက်အခက်တို့ကို ခါ၍ နေလေရာ မိုးရေများသည် မောင်နေဝင်း

အပေါ်သို့ မပြတ်မလပ် ကျသောကြောင့် တစ်ကိုယ်လုံး စိုရွှဲ၍ နေလေ၏။ မောင်နေဝင်းသည် ထိုသစ်ပင်ကြီးအောက်က အဘယ်မှ မရွေ့ဘဲ အရုပ်ကဲ့သို့ နေလေရာ အနီး၌ သပြေသီးများသည် တဖုတ်ဖုတ် ကြွေကျနေလေ၏။

မောင်နေဝင်းသည် မိမိ၏ ပတ်ဝန်းကျင်၌ရှိသော သပြေသီးနီနီ နက်နက်ကြီးတွေကိုကြည့်ကာ မိုးရေထဲတွင် ပျက်စီးခြင်းသို့ ရောက်ကြမည်ကို ဆင်ခြင်လျက် နောင် အနှစ်တစ်ရာအတွင်း မိမိနှင့်တကွ ရီရီပါ ဤကမ္ဘာမြေပေါ်၌ ရှိသမျှသော လူသတ္တဝါတို့မှာ တစ်ယောက်မှမကျန် ပျောက်ပျက်ကြမည်ကို တွေးမိလေ၏။ သို့ပင် တွေးမိသော်လည်း ယခု ပူလောင်လျက်ရှိသော မိမိ၏ စိတ်ကို ထိုသင်္ခါရတရားသည် ဖြေဖျောက်ခြင်းငှာ မစွမ်းနိုင်ချေ။ အကြောင်းမူကား နောက်ဆုံး တစ်နေ့၌ အမှန်ပင် ပျက်စီးကြမည်ဖြစ်သော လူသတ္တဝါတို့မှာ မပျက်စီးမီ ခံရသောဒုက္ခသည် ပျက်စီးခြင်းထက် ပိုမို၍ ကြီးလေး၏။ မောင်နေဝင်းသည်ကား ရီရီအတွက် ပူပန်ရသောဒုက္ခကြောင့် ဤပြေသီးမှည့်များကဲ့သို့ မိမိကိုယ်ကို လျင်မြန်စွာ ပျက်စီးခြင်းသို့ ရောက်တော့မည်ဟု မှတ်ထင်ကာ မသေမီ ရီရီ၏ မျက်နှာကလေးကို တစ်ချက်မျှ မြင်ရစေတော့ဟု တမ်းတလျက် နေရှာလေ၏။ လူဆိုးတို့၏ ဒဏ်ရာကြောင့် ကောင်းစွာ မသက်သာသေးသော ဝေဒနာမှာ အအေးနှင့်တွေ့သောအခါ ပြင်းထန်စွာ ပြန်၍ ပေါ်လာပြီးလျှင် ဦးခေါင်း၌ နာကျင်ကိုက်ခဲလေ၏။ သို့သော်လည်း ရီရီကို မတွေ့ရလျှင် ဤနေရာ၌ပင် လဲ၍ သေစေတော့၊ ငါ၏ အလောင်းကို ဤလမ်းစောင်း၌ မြင်ရလျှင် သူ့အတွက် ဤနားမှာ ငါလာ၍ သေကြောင်းကို သိကောင်းစရာ ရှိပေသည်ဟု တွေးတောကာ မသေမချင်း ဤနေရာ၌ ငါ နေမည်။ ဤနေ့မှ စ၍ ငါသည် အစာကို မစား၊ အအေး၊ အပူကို ခံကာ နေတော့မည်ဟု ဒုန်းဒုန်းကြီး စိတ်ချလေ၏။

ထိုကဲ့သို့နေခိုက်တွင် ဤအိမ်ကြီးရှင် ရီရီသည် သူ့အတွက် ငါ



ဤမျှလောက် ဆင်းရဲခံနေသည်ကို သိရလျှင် ငါ့အပေါ်၌ အနည်းငယ် ကရုဏာရှိကောင်း ရှိပါလိမ့်မယ်။ ရီရီ ငါ့ကို အခုနေမှာ မြင်ရလျှင် အနည်းဆုံးအားဖြင့် သူ့အိမ်နားမှာလာပြီး မတူတရူနဲ့ မနေရအောင် ငါ့ကို မောင်းနှင်လိမ့်မည်။ ငါ့ကို သူတောင်းစားကဲ့သို့ ငွေကြေးအနည်းငယ်ပေး၍ နှင်လိမ့်မည်။ ထိုကဲ့သို့ အနှင်ခံရလျှင် သူ့မျက်နှာကို ငါ မြင့်ရမည်။ သူ့အား စကား တစ်လုံးနှစ်လုံးမျှ ပြောရလိမ့်မည်။ ပြောရပြီးနောက် သူ့ရှေ့တွင် လဲ၍ သေစေတော့ ငါ့စိတ်ကျေနပ်ပါရဲ့ဟု အမျိုးမျိုး တွေးတောကာ နေလေ၏။ သို့သော်လည်း ရီရီကို မမြင်ရဘဲ နေသည်မှာ အတော်ကြီးကြာ၍ သွားလေ၏။ ထိုအခါ ထန်းတပင်မြို့၌ သစ်ပင်အောက်တွင် နှစ်ယောက် မိုးခိုရပုံကို တွေးမိ၏။ ယခုမှာ တစ်ယောက်တည်း မိုးခို၍ နေသည်မှာ အရင်ကနဲ့ မတူ၊ လွန်စွာမှ ခြားနားပါပေ၏တကားဟု စဉ်းစားမိ၏။

ရီရီသည် ငါ့အား အိပ်မက်ထဲ၌ တမ်းတကာ ခေါ်၏။ ယခုမှာ ငါ ဤလောက် ဆင်းရဲ၍ နေရသည်ကို ထွက်ပြ၍မှ မကြည့်ရှာချေ။ ရီရီမှာ အိမ်ကြီးရှင် ဖြစ်တာနဲ့ ဂုဏ်တက်၍ နေသလား။ ရီရီ မင်းသည် တစ်ဘဝသာ ဂုဏ်တက်နိုင်ဖို့ ရှိပါတယ်။ မရေမတွက်နိုင်အောင် ကျန်ရှိတဲ့ ဘဝတွေမှာ မင်းငါ့ကို ကွင်းရှောင်လို့ ရပါ့မလား။ အခု မင်းချစ်သူ မြို့အုပ် အခုလို မိုးရွာရွာမှာ နှစ်ကိုယ်တူ ပျော်မွေ့၍ နွေးနွေးကလေးသာ တစ်မှေးမှေးနေနိုင်ပါစေ။ မင်းမှာ မြို့အုပ်၏ ရင်ခွင်၌ နွေး၍ နေ၏။ ကျုပ်မှာ မိုးလေထဲမှာ အအေးခံ၍ နေရ၏။ ဩော် ... ရီရီ ... ရီရီ အခုနေ ဟိုဟိုအခန်းကလေးထဲမှာ ကိုဖုန်းကျော်နှင့် လည်ပင်းချင်းယှက်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ အလွန်တရာ ကြည်ဖြူလျက် အရင်က ချစ်လက်စ ရှိတဲ့သူကို လုံးလုံးကြီး မေ့နိုင်ရှာပါပေရဲ့။ မြို့အုပ်မှာ ရီရီတည်းဟူသော ရသာဓာတ်ဖြင့် လတ်ဆတ်ဖြိုးမောက်ကာ အဆီရစ်၍ နေလေ၏။ ငါသည်ကား မကြာမီ ရီရီကို တမ်းတရင်း အစာငတ်သော ခွေးပမာလို ဤလမ်းမှာ သေရချေတော့မည်။ ရီရီ ... ညိုးငယ် ပိန်ချုံးနေသည်မှာ

အကြောင်းရင်းကို ငါသိနေ၏။ မြို့အုပ်နှင့် အပျော်လွန်၍ မြို့အုပ်အား ပျော်ခွန်ဆက်ကာ ညှိုးနွမ်း၍ နေရှာလေသလား။ ရီရီ မင်းအထင် မှားလေပြီ၊ မြို့အုပ်သည် မင်း အသားအသွေးကို ချစ်၏။ မင်းကိုမှာ အသွေးအသား ခန်းလျှင် မြို့အုပ်သည် မင်းရွှေငွေကို အသုံးပြုက အခြားမှာ ကျက်စားလိမ့်မည်။ ငါ၏ အချစ်သည်ကား ရီရီ၏ အသားအသွေး သက်သက်ကို တပ်မက်သော အချစ်မဟုတ်။ ရီရီ၏ အတွင်းစိတ်ကို ရောက်သော အချစ်ဖြစ်၏။ မြို့အုပ်၏ အချစ်သည် ကြမ်းတမ်းသော ဘီလူး သဘက်တို့၏ အချစ် ဖြစ်၍ မင်းအသားကို စားဖို့ကြံ၏။ မင်းကိုယ်၌ ရှိသော အလှဆီဓာတ်တို့ကို တဖြည်းဖြည်း ဖြိုဖျက်ဖို့ကြံ၏။ ကျုပ် အချစ်မှာ လွန်စွာ သိမ်မွေ့၍ ရီရီကို လက်နှင့် ထိမိလျှင် စော်ကား ရမ်းကားသည်ဟု ထင်မှတ်၏။ ရီရီ မင်းအပေါ်၌ ထန်းတပင်မှာ ငါ ညှာခဲ့သမျှသည် မြို့အုပ်မင်း တည်းဟူသော နတ်ဘီလူးအတွက် ဗလိနတ်စာတင်ကာ တမင်သက်သက် ထားမိသကဲ့သို့ ဖြစ်၏။ ရီရီ မင်းကိုယ်နှင့် မင်းစိတ်သည် အလွန်တရာ နူးညံ့သိမ်မွေ့ပါလျက် အတွေ့ကို သာ၍ ခင်၏။ စင်ကြယ် သန့်ရှင်းသော အချစ်ကိုကား ဂရုမထား၊ ကျုပ် တကယ် မှားမိပေသည် တကား။ ရီရီ လောဘကြီးစွာ ချစ်သော အချစ်သည် မြန်မြန်ကြီး ကုန်ခန်း၏။ အဟုန်နှင့်စီးသော ချောင်းရေပမာ နွေအခါ၌ သွေ့ခြောက်၏။ ငါ၏ အချစ်မှာ ခိုင်မာသော ကျောက်ဆောင်ပမာ ဘယ်အခါမှ မရွေ့သော အခြေ၌ တည်ရှိသောကြောင့် အေးမြသော ကျောက်စိမ်းရေပမာ ဘယ်အခါမှ အရှိန် ပြင်းပြစွာ မစီးသော်လည်း ဘယ်အခါမှ ခန်းခြောက်ခြင်း ဘဝသို့ မရောက်၊ နွေပေါက်လျှင် သာ၍ အေးပါလိမ့်မည်။ တစ်ဟုန်တည်း ချစ်သော မြို့အုပ်၏ အချစ်သည် အရှိန်ပြင်း၍ ဒိုက်သရော အညစ်အကြေးတို့ကြောင့် ထိုအချစ်တည်း ဟူသော ရေသည် ဘယ်အခါမှ အရောင်မတောက်ဘဲ နောက်ကျိကျိ နေ၏။ ကျုပ်၏ အချစ်မှာ ကျောက်အကြားမှ စစ်ပေါက်၍လာသော အချစ် ဖြစ်သောကြောင့် ကြည်လင်သန့်ရှင်း ညစ်ကြေးကင်းလှပါ၏။ သို့သော်လည်း



ရီရီ မင်း၏ စိတ်သည် မင်း၏ နူးညံ့စင်ကြယ် အဆင်းကြွယ်သော ကိုယ်နှင့် မတူ နောက်ကျိသောရေနှင့် ကျက်စားချင်သော ငါးနှင့်တူသောကြောင့် အစာကို မရွေးဘဲ တွေ့ရာကို ဟပ်ချင်၏။ ဒီအကြောင်းကို ကျုပ်မသိသောကြောင့် ရီရီသည် ကျုပ်ကို မြန်မြန်ကြီးမေ့၏။ ရီရီ မင်းအပြစ်မဟုတ်၊ စရိုက်ကို မသိတတ်တဲ့ မိုက်မှားသော ကျုပ်အပြစ် ဖြစ်ပါလေသည် စသည်ဖြင့် တွေးတောကာနေရင်း မှောင်ကျသွားလေ၏။

ထိုကဲ့သို့ တွေးနေခိုက်တွင် မီးအိမ်ကို ဆွဲ၍လာသော ကုလားတစ်ယောက်သည် အခြားအိမ်တစ်အိမ်မှ ရီရီ၏ အိမ်သို့ ကူး၍လာလေရာ ထိုကုလား၏နောက်၌ လောင်းကုတ်အင်္ကျီကိုဝတ်ကာ ထီးဆောင်း၍လာသော မိန်းမတစ်ယောက်ကို မြင်ရ၏။ ထိုမိန်းမ၏ လမ်းလျှောက်ဟန်ကို သိရလျက် မောင်နေဝင်း မြင်သောအခါ ရီရီ ဖြစ်ကြောင်းကို သိရလျက် ရင်ထဲတွင် ဖိုလှိုက်၍သွား၏။ သစ်ပင်အောက်မှ ခြေဖျားထောက်ကာ ကြည့်မိ၏။ လှေကားအတက်တွင် လှေကားထစ်ကို ငုံ့ကြည့်ရာ ရီရီ၏ မျက်နှာမှာ မီးရောင်ဟပ်သဖြင့် လင်း၍လာသောအခါ ယခင်တစ်ညက မြင်ခဲ့ရသည်ထက် မျက်နှာသည် ကျ၍နေသည်ကို တွေ့ရလေ၏။

ထိုအခါ မိုမိ ခံစားခဲ့ရသော ဒုက္ခကို မေ့လျက် သနားကြင်နာသော စိတ်တို့သည် ရင်ဝမှ တိုး၍ထွက်ပြီးလျှင် ရီရီ ရှိရာသို့ တစ်ဟုန်တည်း အတင်းလွှတ်၍သွားသကဲ့သို့ မှတ်ထင်ရလေ၏။ ထိုအခါ မောင်နေဝင်းသည် ဘယ်လိုပဲဖြစ်ဖြစ် လှေကားရင်းမှာ မည်သူမှလည်း မရှိ၊ ငါ ဝင်၍ စကားပြောတော့မည်ဟု စိတ်ကိုတင်းကာ စိုက်ထားသော ဝါးပင်စည်းရိုးကို ကျော်လေရာ မိမိ၏ပခုံးကို တင်းမာစွာ လာ၍ကိုင်သော လက်တစ်ခုသည် မိမိကို နောက်သို့ ဆွဲယူလိုက်လေ၏။

ထိုအခါ နောက်သို့ ပြန်၍ လှည့်ကြည့်လေရာ ပန်ချာပီ ကုလား ပုလိပ်နှစ်ယောက်ကို တွေ့ရလေ၏။

ထိုအခါ မောင်နေဝင်းသည် ရှန်းလျက် "ဟေ့လွှတ် ငါ သူခိုး

မဟုတ်ဘူး၊ ကိစ္စရှိလို့ လာတယ်"ဟု ပြောလေရာ ပန်ချာပီ ကုလားသည် မနေ့ညက ဓားနှင့် ထိုးသွားသော သူခိုးကို မိပြီဟု ထင်လျက် မောင်နေဝင်း၏နားသယ်ကို ရိုက်လေရာ မောင်နေဝင်းသည် ပန်ချာပီကုလားကို လက်သီးနှင့် ပြန်၍ ထိုးလေ၏။ ထိုအခါ အခြားကုလားတစ်ယောက် ဝင်၍ လာပြီးလျှင် မောင်နေဝင်းကို ရိုက်လေ၏။ မောင်နေဝင်းသည်လည်း ပြန်၍ ရန်းရင်းဆန်ခတ်ပြုကာ ထိုးကြိတ်လေ၏။

အတန်ကြာ ရန်းရင်းဆန်ခတ် လမ်းပေါ်၌ ဖြစ်နေပြီးနောက် ဝီစီသံပေး၍ ပတ်ကရိုး ပတ်ကရိုး ဟူသော အသံများကို ကြားရလေ၏။ ထိုအတွင်းတွင် မောင်နေဝင်း၏ ဦးခေါင်းမှာ နံပါတ်နှင့် အချခံရပြီး မြေပေါ်သို့ ထိုးလဲ၍သွားလေရာ ပန်ချာပီ ကုလားများနှင့် ရထားဖြင့်လာသော လမ်းသွားလမ်းလာများသည် ဆင်း၍ကြည့်ရှုကာ ဝိုင်းအုံ၍ နေကြလေ၏။

မောင်နေဝင်းမှာ မိုးရေတွေစိုလျက် လမ်နံဘေးတွင် အစန့်သား နေလေ၏။

❑

အခန်း (၃၁)

လှေကားပေါ်သို့တက်ရန် ဟန်ပြင်နေသော ရီရီသည် အိမ်ခန်းအပြင်၌ ဆူဆူညံညံ အသံများကို ကြားရသောအခါ မတက်ဘဲ ရပ်တန့်ငေးမော၍ နေပြီးလျှင် ဘာများ ဖြစ်ပါလိမ့်မလဲဟု ထိတ်လန့်လျက် အိမ်ပေါ်သို့ ရောက်သောအခါ တစ်ဖန်ပြန်၍ တွေးတောကာ "မိမိကို ညဥ့်အခါက ကယ်ဆယ်ရန် လာသော သူခိုးကို မိ၍များ နေလေသလား၊ မိ၍နေရင် ငါသည် အတုံ့အလှည့် ဆိုသလို တစ်နည်းနည်းနှင့် ပြန်၍ ကယ်ဆယ်နိုင်ဖို့ရှိ၏၊။ သွားကြည့်မှတော်မည်" ဟု သတိရကာ အိမ်ပေါ်မှ ပြန်၍ ဆင်းလာပြီးလျှင် လူစုစုရှိရာသို့ အပြေးထွက်သွားလေရာ မကြာမီ ရောက်သွားပြီးလျှင် လူထဲတွင် တိုး၍ကြည့်လေ၏။ မှောင်ထဲတွင် အစန့်သားနေသောသူကို မြင်ရလျက် ငါ့သူခိုးဖြစ်လျှင် ငါ အေးအေးဆေးဆေး တစ်နည်းနည်းနဲ့ လွတ်အောင်ကြံမယ်၊ မဟုတ်လျှင် မတတ်နိုင်ဘူး။ သို့သော်လည်း မှောင်ထဲမှာ မည်သူမည်ဝါရယ်လို့ သေချာစွာ မသိရသဖြင့် မျက်နှာကို ကပ်၍ ကြည့်လေရာ သွေးသံများနှင့် ရပ်ပျက်၍ နေသဖြင့် မြက်ပေါ်၌ မျက်နှာမှာ တစောင်းကျ၍ နေသောကြောင့် ကောင်းစွာ မမြင်နိုင်ဘဲ အကြံရခက်၍နေစဉ် ပန်ချာပီ ကုလားများက အိမ်စည်းရိုးကို ကျော်၍နေကြောင်း ပြောပြကြလေရာ ရီရီက ငါသည် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ငါ့အိမ်ကလူလို့ဆိုလျှင် ထိုသူမှာ ချမ်းသာဖို့ရာရဖို့ရှိသည်ဟု တွေးတော

လျက် ပန်ချာပီ ကုလားများအား ကြိမ်းမောင်းပြီးလျှင် "နင်တို့ အရမ်းလုပ်တယ်၊ နင်တို့ ဒုက္ခဖြစ်လိမ့်မယ်၊ သူ ငါ့အိမ်ကလူ၊ ကိစ္စရှိလို့ ငါ မြို့ထဲကို လွှတ်လိုက်တာ၊ နောက်ကျနေလို့ ခြံစည်းရိုးကို ဖြတ်ပြီးဝင်လာတယ်၊ သူခိုးမဟုတ်ဘူး" ပြောကာ မိမိအိမ်သို့ပို့ရန် ပြောရာ ပန်ချာပီ ကုလားများကလည်း မိမိတို့ လက်လွန်ပြီ ထင်သောကြောင့် ဂါတ်တဲကိုခေါ်လျှင် မိမိ တို့မှာ ဝန်လေးဖို့သာရှိသည်ဟု တွေးထင်ကြလျက် အိမ်ကို သယ်ယူပို့ကြလေ၏။

ထိုအတွင်း မြင်းရထား ကုလားတစ်ယောက်အား ရီရီက ဆရာဝန်တစ်ယောက်ယောက်ကို သွား၍ခေါ်ခဲ့လျှင် ငွေငါးကျပ် ပေးမည်ဟု ပြောလေရာ မြင်းရထားတစ်စင်းသည် လျင်မြန်စွာ မောင်းနှင်၍သွားလေ၏။

ထို့နောက် ရီရီသည် အိမ်သို့အမြန်သွားလေရာ မောင်နေဝင်းကို ထမ်းသော ပန်ချာပီ ကုလားများသည် နောက်က လိုက်ကြလေ၏။

အိမ်ပေါ်သို့ရောက်၍ ဓာတ်မီးရောင်၌ အသေကောင်ကဲ့သို့ နေသောသူကို အစန့်သား ချထားသောအခါ ရီရီသည် မျက်နှာကို သေချာစွာကြည့်လေ၏။ ထို့နောက် မျက်လုံးများ ပြူး၍လာပြီးလျှင် မောင်နေဝင်း အပါးသို့ ပြေးလာကာ မောင်နေဝင်းမျက်နှာ၌ ဖုံး၍နေသော ဆံပင်များကို ဖယ်၍ သေချာစွာ ကြည့်လေ၏။

ထို့နောက် "ကိုနေဝင်း ... ကိုနေဝင်း" ဟု နှစ်ခွန်းတည်းမျှ ခေါ်ကာ ဒူးထောက်လျက် မြော်မေ့ကာ မောင်နေဝင်းကို ပွေ့ဖက်လျက် မျက်နှာချင်းကပ်၍နေလေ၏။

နောက်အတန်ကြာသောအခါ "ကိုနေဝင်း ကိုနေဝင်း" ဟု ညည်းညူကာခေါ်လျက် မျက်နှာကိုခွာပြီးလျှင် မျက်ရည်ပေါက်ကြီးများနှင့် မောင်နေဝင်း၏ ဖြူဖျော့သော မျက်နှာကို စိုက်ကြည့်ကာ ရင်ကိုထုပြီးလျှင် "ကိုနေဝင်း ... ရီရီ ရှိပါတယ်၊ မသေပါနဲ့ဦး၊ ရီရီ့ဆီကို ဘာဖြစ်လို့ ချက်ချင်း မလာသလဲ၊ ရီရီ မျှော်နေပါတယ်၊ ကိုနေဝင်း ရီရီ ခေါ်တာကို ပြန်ပြီးထူးပါဦး" ဟု ငိုရှိုက်ကာ ပုဆစ်ဒူးတုပ်ပြီးလျှင် မောင်နေဝင်းကို မ ယူကာ ရင်ခွင်၌



ပွေ့ပြီးနောက် "ကိုနေဝင်းရဲ့ ... မျက်လုံးကလေးတွေကို ဖွင့်ပြီး ရီရီကို ကြည့်ပါဦး ကိုနေဝင်းရဲ့၊ ရီရီ အသည်းနာလှချေရဲ့၊ အမယ်လေး သူ့ကိုယ်က အေးလို့ပါကလားတော်၊ ရေနွေးများ ကျိုကြပါဦး" ဟု ပြောကာ မျက်ရည်တွေ ပြိုင်ပြိုင်စီးလျက် မျက်နှာချင်းကပ်၍ ထားလေ၏။

မိန်းကလေးများသည်လည်း ရေနွေးများကို ကျိုကြလေ၏။

ထိုအတွင်းတွင် နံနက်က လာသော အိမ်နီးချင်း ဘိုကြီးသည် တက်၍လာပြီး ခဏကလေး ကြည့်ကာ ပန်ချာပီများအား မိမိအိမ်၌ ဘရန်ဒီများ သွားတောင်းရန် ပြောလေ၏။ မကြာမီ ဘရန်ဒီအရက် ရောက်လာပြီးလျှင် မောင်နေဝင်း၏ ခံတွင်းသို့ လောင်း၍ထည့်လေရာ အတန်ကလေး ကြာသောအခါ ဦးခေါင်းကို ခါလာလေ၏။ ထိုအခါ ရီရီသည် "ကိုနေဝင်း ... ကိုနေဝင်း ရီရီလေ ရီရီ ရှိပါတယ်၊ ကိုနေဝင်း ရီရီ့အိမ်ပေါ်ရောက်နေပြီ သတိထားပါ" ဟု ပြောလေရာ မောင်နေဝင်းသည် မျက်လုံးများကိုဖွင့်၍ ကြည့်လေ၏။

ထိုအခါ ရီရီသည် မောင်နေဝင်းကို သာ၍ တင်းစွာ နွေးလောက်အောင် ဖက်ပြီးလျှင် မောင်နေဝင်း၏ ရင်ခွင်၌ မိမိ၏ ဦးခေါင်းကိုချကာ စိတ်ချလက်ချ ရှိုက်ငင်ကာ ငိုရှာလေ၏။

ထိုအခါ မောင်နေဝင်းသည် မိမိ၏ လက်တစ်ဖက်ကို သယ်ယူကာ ရီရီ၏ ဦးခေါင်းပေါ်သို့တင်လျက် ရီရီဟု လေသံနှင့်ခေါ်လေရာ၊ ရီရီသည် မျက်နှာကို မော်ပြီးလျှင် သူငယ်မကလေးများ ယူလာသော ခေါင်းအုံးပေါ်တွင် မောင်နေဝင်း ဦးခေါင်းကို ချထားပြီးနောက် "ကိုနေဝင်း သတိရပါပြီလား" ဟု မေးလေရာ .. မောင်နေဝင်းက "ဟုတ်ကဲ့ ရီရီ ... သတိရပါပြီ" ဟု ပြောကာ အိပ်ရာမှ ကြိုးစား၍ ထမည်ပြုလေရာ ရီရီက "မထနဲ့ဦး မူးသွားပါလိမ့်မယ်၊ ကိုနေဝင်း ဘာပြုလို့ အခုမှ လာသလဲ၊ ရီရီ မျှော်နေတယ်ဆိုတာကို မသိဘူးလား၊ ကိုနေဝင်းအတွက် ရီရီ ဘယ်လောက် ဒုက္ခရောက်ရသလဲ" ဟု ပြောလေ၏။

ထိုအတွင်း ဘရန်ဒီတိုက်သော ဘိုကြီးသည် ဘရန်ဒီပုလင်းကို ထားခဲ့၍ ပန်ချာပီ ကုလားများအား "ဟေ့ … ဂျောင်း … ဂျောင်း" ဟု ပြောကာ ပြုံးရယ်လျက် စိတ်ချသော အမူအရာနှင့် အိမ်ပေါ်မှ ဆင်းသွားလေ၏။

မောင်နေဝင်းက "ရီရီ ကျုပ် လာပါတယ်၊ မင်း မြို့အုပ်နဲ့အတူတူ နေတာ မြင်ရလို့ ကျုပ် တစ်မျိုးထင်ပြီး မင့်ကို ဟောဟို ပြတင်းပေါက်ဘက်က နေ့တိုင်းပဲ ကြည့်ပြီး ပြန်ရပါတယ်" ဟု ပြောလေရာ ရီရီသည် နေရာမှ ထပြီးလျှင် အိမ်နံ့ရံကို ခေါင်းစိုက်ကာ မျက်နှာကို လက်ဝါးနှင့် အုပ်လျက် ငိုသံပါပါနှင့် ရှိုက်ကာ ရှိုက်ကာ "သူ့အတွက် ရီရီက နေ့တိုင်း စိတ်ပူနေရပါတယ်၊ သူကတော့ မမေးမမြန်းဘဲ တစ်မျိုးထင်ပြီး တမင်ရှောင်နေတယ်၊ မမေးဘဲနဲ့ ဒုက္ခပေးတာ ဘာကောင်းသလဲ၊ ရီရီကတော့ မျှော်လိုက်ရတာ၊ သူကတော့ ရီရီကို မကောင်းထင်ပြီး မယုံကြည်လို့ ချောင်းမြောင်းကြည့်နေတာ ဘာလဲ၊ တော်ပါပေရဲ့၊ ရီရီကို ဒုက္ခပေးတတ်ပါပေရဲ့၊ သူတော်ကောင်းကို မကောင်းထင်လို့ ဘေးတွေ့တာပါ၊ ရီရီ ချစ်သလို သူ ချစ်မှာလည်း မဟုတ်ပါဘူး၊ ဘယ်သူက‚ မလာနဲ့ဆိုလို့ ချောင်းမြောင်းနေရတာလဲ၊ တကယ်ချစ်ရင် သည်လိုနေနိုင်ပါ့မလား၊ တကယ်ဆိုတော့ ရန်ကုန်ကို ရောက်စကတည်းက ရီရီ့ဆီ လာဖို့တော်ပါတယ်၊ အခုတော့ကာ တခြားမှာ ပျော်ပါးပြီး လူပုံမလှ ဓမ္မဖြစ်မှ ရီရီဆီကို လာတာပါ၊ ရီရီက ဒါတွေ အကုန်သိပါတယ်" .. စသည်ဖြင့် ရှိုက်ကာ ပြော၍နေရာ မောင်နေဝင်းသည် အိပ်ရာမှ ကြိုးစားလာပြီးလျှင် နောက်ကနေ၍ ရီရီကို ဆွဲယူကာ မိမိ၏ ရင်ခွင်သို့ကပ်ပြီးလျှင် "ရီရီ ကျုပ်ကို အခွင့်ပေးပါ၊ ကျုပ် အထင်လွဲမိတာဟာ အကြောင်းရှိပါတယ်၊ ကျုပ် ခံစားရတဲ့ ဒုက္ခတွေကို ရီရီ သိရင် ရီရီ ကျုပ်ကို အပြစ်တင်မှာ မဟုတ်ပါ" ဟု ပြောကာ ရီရီ၏ကျောကိုသပ်ကာ ကုလားထိုင်တန်းလျားရှိရာသို့ တွဲ၍သွားပြီးလျှင် အတူတကွ ထိုင်ကာ အဖြစ်အပျက်တွေကို ပြော၍ပြလေ၏။ ထိုအခါ ရီရီသည် မောင်နေဝင်း၏ မျက်နှာကို တစ်ချက်မှမခွာဘဲ ကြည့်ကာ၊ စုတ်သပ်ကာ၊ ပင့်သက်ရှူကာ၊



အမယ်လေးတကာ၊ ရင်ကိုမကာ၊ မောင်နေဝင်း၏ လက်များကို ကိုင်ဖြစ်ကာ၊ မျက်နှာကလေးကိုမော့ကာ၊ မျက်ရည်ကလေးလည်ကာ၊ မျက်လုံးကလေးများ မှေးကာ၊ မျက်လုံးများကျယ်ကာ၊ ရှိုက်ကာ ရှိုက်ကာ မငြိမ်းနိုင်ဘဲ နားထောင်၍နေရှာလေ၏။

အတန်ကြာသောအခါ ဆရာဝန် ရောက်လာပြီးလျှင် ကြည့်ရှုစမ်းသပ် ဆေးဝါးများပေးပြီး "အအေးမမိစေနဲ့၊ ကိစ္စမရှိပါဘူး၊ နို့များများသောက်ပါ၊ ဥကို များများစားနိုင်တယ်" ဟု အမိန့်ချကာ ငွေဆယ့်ငါးကျပ်ယူ၍ သွားလေ၏။

နောက်တစ်လလောက် ကြာသောအခါ မမလေးနှင့် မမကြီးမှာ ပြစ်မှု မထင်ရှား၍ လွတ်သွားကြလေ၏။ မြို့အုပ်မှာ ထောင်ငါးနှစ်ကျသွားလေ၏။ အဆိပ်ဆေးမှာ ဓာတုဗေဒဆရာ၏ သက်သေခံချက်အရ လွန်စွာကြောက်မယ်ဖွယ်ကောင်းသော အဆုတ်နာပိုးများပါကြောင်း သိရလေ၏။

ထိုအခါ၌ ပန်းထိမ်ဆရာကြီး ဦးကင်းသည် တစ်နေ့သ၌ ပုတီးစိပ်ရင်း မိမိ၏ မိန်းမအား "အခုနေများ ငွေ ငါးရာလောက်ရရင် လှည့်ကာ ပဲ့ကာ ကြံစည်အသက်မွေးပြီး စိတ်အေးဖို့ ရှိတာပဲ" ဟု ပြောလေ၏။

မရွှေက "ငါးရာ မပြောနဲ့ရှင်၊ ငါးကျပ်တောင်ရဖို့ ခက်နေတာပါပဲ၊ ကိုယ့်မှာရှိတုန်းက ယုံကြည်လို့ ပေးလိုက် ကမ်းလိုက်တာတွေထဲက သုံးပုံတစ်ပုံလောက် ပြန်ရရင် ကျွန်မတို့ မနည်းချောင်မှာပဲ" ဟု ပြောလေ၏။ အကြောင်းမူကား ဦးဘိုးကင်းနှင့် မရွှေသည် လူလိမ်လူကောက်များကြောင့် ပျက်စီးလျက် လွန်စွာ ဆင်းရဲ၍ နေကြလေ၏။

ဤကဲ့သို့ နေခိုက်တွင် စာပို့ကုလားတစ်ယောက်သည် ရေစစ္စရီလုပ်သော စာအိတ်တစ်အိတ်ကို လာ၍ပေးလေရာ ဦးဘိုးကင်းက "အထက်နတ်များ သိကြားများမလို့ ကြွေးတောင်း နို့တစ်များ မဟုတ်ပါစေနဲ့ဗျာ" ဟု ပြောကာ စာကို လက်မှတ်ထိုး၍ ယူပြီးလျှင် တုန်လှုပ်သော လက်များနှင့် ရင်ထဲမှာလေးကာ စာအိတ်ကို ဖောက်လေရာ၊ ချက်တစ်ခုနှင့် စာတစ်ခုကို

တွေ့ရလေ၏။ ၎င်းချက်ကို ကြည့်လိုက်သောအခါ ငွေနှစ်သောင်းဟု ပါရသဖြင့် မွှန်သွားပြီးလျှင် "ဟော့ မရွှေ မရွှေရေ လာပါဦးဟဲ့ ... လာပါဦး" ဟု ခေါ်လေရာ မရွှေသည် ပြေး၍လာလေ၏။ ၎င်းတို့၏ ဝမ်းမြောက်ခြင်းကို စာရေး၍ မပြနိုင်အောင် ကြီးမားလေ၏။ နောက်တစ်နေ့ ၎င်းတို့ လင်မယားနှစ်ယောက်သည် မောင်နေဝင်းနှင့် ရီရီတို့ထံသို့ ရောက်လာကြသောအခါ မောင်နေဝင်းကို လင်မယား နှစ်ယောက်စလုံး ဖက်ကာငိုကြလေ၏။

ထို့နောက် မောင်နေဝင်းသည် မိမိ၏ အဖြစ်အပျက်တွေကို အကုန်အစင် ပြန်၍ ပြောသောအခါ မောင်နေဝင်းအပေါ်၌ သံသယရှိသမျှ ပြေပျောက်၍ မောင်နေဝင်း၏ ကျေးဇူးကြောင့် ဆင်းရဲဘဝမှ နာလန်ထကြရတော့မည်ဟု အားကိုးကြီးစွာ ဝမ်းမြောက်ကြလေ၏။

ထိုအတွင်းတွင် ရဟန်းတော်တစ်ပါး ရောက်၍လာလေရာ ရီရီသည် ထိုရဟန်းပျိုကို မြင်ဖူးသလိုလို မှတ်ထင်၍ အံ့အားသင့်နေလေ၏။ နောက်ဆုံး၌ ညဉ့်တစ်ညဉ့်တွင် စားမြောင်နှင့်လာပြီး မိမိကို သေဘေးမှကယ်သောသူ ဖြစ်ကြောင်းကို သိရသဖြင့် "ကိုနေဝင်း ... ကိုနေဝင်း ... ကျွန်မ၏ ဒုတိယအသက်သခင် ကိုယ်တော်ကလေးပါပဲ" ဟု ပြောလေရာ၊ မောင်နေဝင်းသည် ရဟန်းတော်ကိုကြည့်ကာ အံ့အားသင့်ပြီး "ဘကျော် ... ဘကျော်" ဟု ခေါ်ကာ ဝင်၍ လက်ကိုဆွဲလေ၏။

ထိုအခါ ရဟန်းတော်က "ဒကာကြီး ကိုနေဝင်း... ကျုပ် ဘဝကူးပြီး ဘကျော်ဆိုတဲ့ လူပေက ရဟန်းတော် ဦးကလျာဏ ဆိုတဲ့ ဘဝကို ရောက်ခဲ့ပါပြီ၊ ဒကာ ဒကာမကြီးတို့ သံတင်းကို ကြားတာနဲ့ မျက်နှာပြဖို့ လာခဲ့တာပါပဲ" ဟု ပြောလေရာ အားရဝမ်းသာ စကားပြောကြပြီးလျှင် ကိုယ်တော်ကိုကပ်ရန် ဆွမ်းဘောဇဉ်များကို ချက်ပြုတ်ဖို့ စီမံကြလေ၏။

ထိုနေ့ ညနေ၌ နေ့လယ်သာသာမှာ မောင်နေဝင်းနှင့် ရီရီတို့သည် ပန်းခြံထဲမှ အနောက်ဘက် နေမင်းကို ကြည့်မျှော်ကာ ရီရီက "ကိုနေဝင်း ဟောဟိုနေမင်းကြီးဟာ တစ်နေ့လုံး တိမ်ပုတ်တွေအထဲမှာ တိုးဝှေ့၍လာပြီး



အခုမှ ရီရီကလေး လင်းရပါတယ်၊ ကျွန်မတို့ တွေ့ခဲ့ရတဲ့ ဒုက္ခတွေနဲ့ အခုခံစားရတဲ့ သုခဟာ သည်နေနှင့် မတူဘူးလား" ဟု မောင်နေဝင်း၏ ပခုံးကို လက်တစ်ဖက်နှင့်ကိုင်ကာ ပြောလေရာ မောင်နေဝင်းက ရီရီကို ပွေ့ယူကာ ရီရီ၏ မော့သော မျက်နှာကလေးပေါ်သို့ စိုက်ကာကြည့်ရင်း "ရီရီပြောတဲ့ စကားဟာ လွန်စွာမှ မှန်ပါတယ်၊ ကျုပ်နာမည်ကလည်း နေဝင်း၊ မင်းနာမည်ကလည်း ရီရီ၊ သည်ဘဝမှာ အေးချမ်းသာယာတဲ့ အထိမ်းအမှတ်ကို အစွဲပြုပြီး မင်းနဲ့ ကျုပ်အကြောင်းကို 'နေရီရီ' ဆိုတဲ့ ဝတ္ထုကြီးဖြစ်အောင် ပညာအလင်းက ဆရာပိုက်ဆံကြီးထံ သွား၍ပြောပြီး တောင်းပန်ကြရလျှင် မကောင်းဘူးလား" ဟု ပြောကာ ရီရီ၏ မျက်နှာကလေးကို မိမိ၏မျက်နှာသို့ ရောက်အောင် ရီရီကို ပွေ့ယူကာ ကပ်လိုက်ရာတွင် တိမ်ပြာကြီးတစ်ခုသည် နေမင်းကို လွှမ်းအုပ်၍ အလင်းရောင်ချုပ်ကာ မှောင်စွာနှင့် သွားကြလေ၏။

ယင်းကဲ့သို့ သွားကြလေရာ၊ မိမိတို့ မိုးခိုသော သစ်ပင်ကြီးအောက်သို့ ရောက်သောအခါ မောင်နေဝင်းက "မင်္ဂလာရှိသော သစ်ပင်မြင်းမိုရ်မေယု အခြေပြုတဲ့ သပြုသပြေပင်ကြီး၊ ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံသော သစ်ပင်၊ အသင်၌ရှိသော နတ်ကောင်းနတ်မြတ် ရက္ခဒေဝါ နတ်မင်းများကို ကျွန်ုပ်နှင့်တကွ ကျွန်ုပ်မယားသည် ဘယ်အခါမှ မမေ့နိုင်ဘဲ အမြဲကျေးဇူးတင်ကာ နှစ်စဉ်လာ၍ အရိုအသေပြုနိုင်ရန် အခွင့်ကိုပေးပါ၊ ကမ္ဘာပေါ်၌ အသင်သည်သာလျှင် အကျွန်ုပ်တို့နှင့် အချစ်ဆုံးသော အဆွေခင်ပွန်း ဖြစ်ပါ၏" ဟု ပြောကာ သစ်ပင်ခြေရင်းသို့ ပြေးဝင်ကာ ဦးသုံးကြိမ်ချလေ၏။

ထိုအခါ ရီရီက "ကိုနေဝင်း ဘာတွေ လုပ်နေသလဲ၊ ဟိုရှေ့က တဲကလေးကို ရီရီ ရောက်ချင်လှပါပြီ၊ လာပါ မြန်မြန်လာပါ" ဟု ပြောလေရာ၊ မောင်နေဝင်းသည် ထ၍လာပြီးလျှင် တဲကလေးရှိရာသို့ နှစ်ယောက်သား ခြေကိုမှ လှမ်းရမှန်းမသိဘဲ သုတ်သုတ်တကြီး သွားကြပြီးလျှင် အတန်ကလေး နီးသောအခါ မောင်နေဝင်းက "ရီရီ အရင်သွားပါ၊ ကျုပ်

တော်တော်ကြာမှ ဝင်လာမယ်" ဟု ပြောပြီး သစ်ပင်ကွယ် တစ်ခုမှာ ရပ်၍ နေရစ်ခဲ့လေ၏။

ရီရီသည် တဲကလေးထဲသို့ ဝင်သွားသောအခါ တံငါသည် လင်မယားသည် ဝမ်းမြောက်ဝမ်းသာ ထ၍ လာကြလေ၏။ တံငါသည် မိန်းမကြီးသည် "သြော် တူမကြီးပါလား၊ ဘယ်တုံးက ရောက်လာသလဲ၊ နေပါဦး ဒါထက် တွေ့ကြပလား" ဟု မေးလေရာ၊ ရီရီက "ဘယ်သူ့ကို တွေ့ရမှာလဲ အဒေါ်ရဲ့၊ အဒေါ်ကို ချစ်လို့လာတာပါ၊ ဘယ်သူ့ကိုမှ တွေ့ချင်လို့လာတာ မဟုတ်ပါဘူး" ဟု ပြောလေရာ၊ တံငါသည် မိန်းမကြီးက မျက်နှာပျက်သွားပြီးလျှင် "အေးလေ ဟုတ်သားပဲ၊ သည်နောက် ဘာသံကိုမျှ မကြားရဘူး၊ သူလည်း အင်မတန်- ဒုက္ခတွေများတယ်၊ တူမကြီး ကြားရလျှင် ဘယ့်နှယ်နေမလဲ မသိဘူး" ဟု ပြောလေရာ၊ ရီရီက "မပြောပါနဲ့ အဒေါ်ရယ် ကျွန်မ စိတ်နာလွန်းလို့ပါ၊ သူ့အကြောင်းကို မကြားချင်ပါဘူး" ဟု ပြောလေ၏။ တံငါသည်မကြီးက "တူမကြီး မကြိုက်ရင် မပြောပါဘူး၊ ဒါထက် တိုက်သူကြီး သမီးများနဲ့ မြို့အုပ်အကြောင်း ဘာလိုလို ကြားတယ်၊ ရန်ကုန် ဘယ်လမ်းမှာဆိုလား မိန်းမတစ်ယောက်ကို မေ့ဆေးတွေပေးပြီး မော်တော်ကားတင်ကြရာမှာ မမလေးတို့ မမကြီးတို့လည်း ကြံဖော်ကြံဖက်ရယ်လို့ ချုပ်ထားပါကလား၊ လွတ်လာတာတောင် မကြားသေးဘူး၊ ငွေဖြင့် အတော်ကုန်သွားကြရော့မယ်၊ မြို့အုပ်တော့ ထောင်ငါးနှစ် ကျသွားတယ်လို့ ကြားရတယ်၊ တူမကြီးတော့ ကောင်းကောင်းသိမှာပဲ၊ အဒေါ်တို့မှာတော့ နားစွန်နားဖျား ကြားရတယ်" ဟု ပြောသည်ကို ရီရီက "မှန်ပါတယ်၊ ကျွန်မ သည်အကြောင်းကို နောက်မှ ပြောပါမယ်၊ ဒါထက် နေပါဦး၊ ကိုနေဝင်း သည်မှာ ဘယ်လောက်ကြာကြာ နေသလဲ" ဟု မေးလေ၏။ တံငါသည်မကြီးက "မကြာပါဘူး၊ ခဏပဲနေပြီး တူမကြီး ရန်ကုန်မှာ ရှိကြောင်းကို အဒေါ်က ပြောလိုက်တော့ ချက်ချင်း ပြန်သွားတာပဲ၊ အခု ဘယ်မှာများ နေပါလိမ့်မလဲ" ဟု ပြောနေခိုက်တွင် မောင်နေဝင်းသည် တဲထဲသို့ ရုတ်တရက် ဝင်လာလေရာ တံငါသည် လင်မယားသည် အံ့အား



သင့်၍နေကြလေ၏။ ထိုအတွင်း မောင်နေဝင်းက ရီရီ၏လက်ကိုဆွဲကာ "ရီရီ ပြန်ကြစို့ရဲ့" ဟု ပြောလေရာ၊ တံငါသည်မကြီးက အားရဝမ်းသာစွာနှင့် ရယ်မောပြီး ... "အဒေါ့်တူ တကယ်နောက်တာကိုး၊ တူမကြီးကလည်း ဘာလိုလို ညာလိုလိုနဲ့ တကတည်း အဒေါ့်မှာ မနည်း စိတ်ပူသွားတာပဲ၊ ကောင်းပါလေရဲ့၊ ကောင်းပါလေရဲ့၊ တော်လှပြီ ... တော်လှပြီ၊ အခုမှ အေးတော့တာပဲ" ဟု ပြောလေရာ တံငါသည်ကြီးက စကားမပြောဘဲ ဆေးတံကိုကိုက်ကာ လွန်စွာ စိတ်ကျေနပ်သော လက္ခဏာဖြင့် အရိပ်တကြည့်ကြည့် နေရှာလေ၏။

ထိုနောက် မောင်နေဝင်းက "အဒေါ် ကျွန်တော့်ဥစ္စာဘဏ္ဍာ ရတနာပစ္စည်းများဟာ ကောင်းကောင်းမွန်မွန် ရှိပါသေးရဲ့လား" ဟု ပြောလေရာ ရီရီသည် အခန်းထဲသို့ ပြေးဝင်သွားပြီးလျှင် မွှေးကြိုင်သော ဖာကလေးကို ချစ်ခင်စွာ ပွေ့ယူ၍လာပြီး ဖျာပေါ်တွင် ပုဆစ်တုပ်ကာ မောင်နေဝင်းနှင့် ယှဉ်၍ထိုင်ပြီးလျှင် ဖာကလေး၏ ရာဇဝင် အတ္တုပ္ပတ္တိနှင့် ဖာ၌ရှိသော လက်ကိုင်ပဝါ၏အကြောင်း၊ သကြားလုံးအကြောင်းကို ပြောပြလေရာ တံငါသည် လင်မယားသည် မငြီးဘဲ နားစိုက်ကာ ထောင်ကြလေ၏။

ထို့နောက် ရီရီသည် တံငါသည်အလုပ် မကောင်းကြောင်း၊ ငရဲကြီးကြောင်းများကို ဆက်လက်ပြောဟောလေရာ တံငါသည်လင်မယားသည် မိမိတို့၏ ကြမ်းတမ်းသော အသက်မွေးမှုကို စွန့်ပစ်ရန် အကြံပြုကြပြီးလျှင် ဥပုသ်သီတင်း ဆောက်တည်ကာ ရီရီတို့နဲ့ လိုက်၍ နေပါတော့မည်ဟု ဝန်ခံချက် ပေးကြလေ၏။

နောက်တစ်နေ့တွင် ဖာကလေးနှင့်တကွ တံငါသည်လင်မယားပါ ရန်ကုန်မြို့သို့ ရောက်လာကြပြီးလျှင် ရီရီတို့ကို သစ္စာရှိသော ဆွေမျိုးညာတိကဲ့သို့ ချစ်ခင်ကြလျက် အမြဲ စောင့်ရှောက်ကာနေကြလေ၏။

**ပီမိုးနှင်း**